www.burmeseclassic.com

အင်ပါယာစာပေ

# ကိုစစ

## ရင်တွင်းစည်းခြား

ဒီဇိုင်း မင်းမြင့်နိုင်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၂၈၇/၂၀၀၁ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၂၇/၂၀၀၁ (၅)

ထုတ်ဝေသူ
ဦးတင့်လှိုင် (သော်ကာစာပေ)၊ (မြ - ၀၈၈၆)
၆၀၅၊ သုဓမ္မာလမ်း၊ ၅ - ရပ်ကွက်၊ မြောက်ဥက္ကလာပ။

အတွင်း၊ မျက်နှာဖုံးပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကပိရတနာပုံနှိပ်စက်)
(မြ - ၁၂၃၅၁)၊ ၂၈၄၊ လမ်း - ၃၀၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၁၊ ဇွန်လ
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၂၃၀ ကျပ်

ဖြန့်ချိရေး
ကိုမိုး၊ မင်းဝါဖြိုးလွင်၊ မြန်းဝန်းနိုင်


BURMESE CLASSIC

ကိုဇဇ

# ရင်တွင်းစည်းခြား

www.burmeseclassic.com

www.burmeseclassic.com



# ကိုစံ

# " ရင်တွင်းစည်းခြား "

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

### (၁)

မျက်လုံးအစုံကိုပိတ်လိုက်သည်နှင့်ဤမြင်ကွင်းကအဆီးအတားမဲ့ဝင်ရောက်လာသည်ချည်း ဖြစ်သည်။

ကျယ်လောင်ပြင်းထန်သည့်မြည်ဟည်းသံနှင့်အတူ ကား၏ရှေ့မှန်သည် တစ်စစီကွဲကြေ၍ လွင့်စင်လာ၏။ သူ၏မျက်နှာပေါ်သို့နက်မှောင်သွယ်ပျောင်းသော ဆံနွယ်စများက ဖုံးလွှမ်းပြီး တစ်ကိုယ်လုံးနာကျဉ်ခြင်းများနှင့် တုန်ခါသွားသည်။

အသိစိတ်ထဲတွင် သူမ၏နာမည်ကိုငယ်သံပါအောင်အော်ဟစ်၍ ခေါ်လိုက်မိသည်။ သူမြတ်နိုးစွာချစ်ရသော"သန္တာ"။ ဤနာမည်ကိုပဲ ထပ်ခါတလဲလဲ အော်ဟစ်နေမိသည်ထင်၏။

အရာအားလုံးသည် နောက်ကျခဲ့ပြီ။

သေခြင်းတရားသည် သူမကို ဆောင်ယူပြီး အဝေးဆီသို့



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခွါသွားခဲ့ပြီ။ သူလိုက်၍ မမီနိုင်သောအရပ်ဆီသို့ ဖြစ်သည်။

မနက်ဖြန်ဆိုလျှင် သူသည် အပြစ်ဒဏ်ကျခံနေရသော အကျဉ်းထောင်မှ လွတ်မြောက်ရမည့်နေ့ဖြစ်သော်လည်း ရင်ထဲတွင် ပျော်ရွှင်ဝမ်းသာခြင်း မရှိချေ။

*********

(၂)

နံနက်အိပ်ရာမှထကတည်းက ပုလဲဖြူသည် ဒေါ်လေးအား ကြိုတင် ပြောထားပြီးဖြစ်သည်။ ဤနေ့သည် သူမ၏အစ်မဖြစ်သူ သန္တာဖြူ၏ မွေးနေ့ဖြစ်သည်။ သန္တာဖြူသည် လွန်ခဲ့သည့် သုံးနှစ်ကျော်ကပင် ယာဉ်တိုက်မှုတစ်ခုကြောင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်သော်လည်း သူမကတော့ မနေ့ကလို အမှတ်ရနေသေးသည်။

သန္တာဖြူသည် သူမ၏ဘဝအတွက် အတွယ်တာဆုံး အားကိုးမှီတွယ်ရာဖြစ်ခဲ့၏။ ဤလောကတွင် ညီအစ်မ နှစ်ယောက်တည်း အချိန်ကာလကြာမြင့်စွာ ရုန်းကန်ရှင်သန်ခဲ့ရ၏။ သူမ၏ မိဘနှစ်ပါးကတော့ သူမ မမှတ်မိတတ်သည့် အရွယ်ကပင် နာမကျန်း ရောဂါတို့ကြောင့် မျက်ကွယ်ပြုကာ ကျောခိုင်း၍ ထွက်ခွါသွားခဲ့ကြသည်။





ထို့ကြောင့် သူမ အနေနှင့် မိဘနှစ်ပါးကို စိတ်တွင်မှန်းဆပြီး အောက်မေ့သတိရရုံသာတတ်နိုင်ခဲ့သည်။

သို့ရာတွင် မမသန္တာကတော့ ဖြေမဆည်နိုင်သေးသည့် အဖြစ်ဆိုး တစ်ခုကြောင့် ရုတ်တရက်ခွဲခွါသွားခြင်းဖြစ်သဖြင့် ယနေ့တိုင် သူမ၏ မျက်ရည်တို့သည် မခမ်းခြောက်နိုင်သေးချေ။

ဤနေ့တွင် ရွှေတိဂုံဘုရားသို့သွား၍ အစ်မဖြစ်သူအတွက် ပန်း၊ ရေ ချမ်းကပ်လှူပူဇော်၍ ကောင်းမှုကုသိုလ်လုပ်ရန်အတွက် ဒေါ်လေးထံမှ ခွင့်တောင်းခဲ့လိုက်သည်။ ဒေါ်လေးသည် စိတ်မကောင်းသည့်မျက်နှာဖြင့် "အေး ... သွားပေါ့ကွယ်" ဟုခွင့်ပြုလိုက်ပြီးနောက်၊

"ပုလဲ..ဘယ်အချိန်သွားမှာလဲ"ဟု တစ်ဆက်တည်း မေးသည်။

" ညနေမှသွားမှာပါဒေါ်လေး၊ မြေနီကုန်းမှာ ကျူရှင်သွားတက်ပြီးမှ ဘုရားကိုသွားမှာပါ။ တင်ထွန်းအောင်ကိုလိုက်ပို့ပေးဖို့လဲ ပြောထားပါတယ်။ ပုလဲ နောက်ကျပြီးမိုးနည်းနည်းချုပ်သွားရင်လည်း ဒေါ်လေး စိတ်မပူပါနဲ့ .. "

" ပုလဲနဲ့အတူ ဒေါ်လေးတို့လည်းဘုရားကိုလိုက်ချင်ပါတယ်၊ ဒါပေမယ့် ဒီနေ့က ရုံးပိတ်ရက်မဟုတ်တော့ ဒေါ်လေးတို့ မအားကြဘူးလေ"

" အဲဒါကြောင့် ပုလဲက တင်ထွန်းအောင်ကိုကြိုမှာထားတာပါ ဒေါ်လေး "


www.burmeseclassic.com

www.burmeseclassic.com

" ဒေါ်လေးလည်းပုလဲကိုတင်ထွန်းအောင်နဲ့သွားဖို့ပြောမလို့ပါဘဲ"

ဒေါ်လေးသည် အိပ်ခန်းထဲပြန်လှည့်ဝင်သွားသည်။ အိပ်ခန်းထဲမှာဒေါ်လေး၏ကလေးနှစ်ယောက်ကကျောင်းသွားဖို့ ပြင်ဆင်ဝတ်စားနေကြသည်။

ပုလဲဖြူ၏တာဝန်ကတော့ထိုကလေးနှစ်ယောက် ကျောင်းသို့ယူသွားရန် ထမင်းချိုင့်နှင့် တခြားစားသောက်စရာများ ပြင်ဆင်ပေးရခြင်း ဖြစ်သည်။ ထို့အပြင်ဦးလေး ရုံးသွားခါနီး ထမင်းစားသွားနိုင်ရန် အဆင်သင့် ချက်ပြုတ်ပေးရသေးသည်။ ဤအလုပ်များသည် ပုလဲဖြူအတွက် ပင်ပမ်းသည့် အလုပ်များ မဟုတ်ပါချေ။ ဤအိမ်တွင် ပုလဲဖြူနေထိုင်ခွင့် ရနေခြင်းကပင် ဒေါ်လေးတို့၏ ကျေးဇူးကကြီးမားလွန်းနေပြီဖြစ်သည်။

ပုလဲဖြူသည် ကလေးများနှင့်အတူ တိုက်အောက်သို့ ဆင်းရန် ပြင်ဆင်နေချိန်တွင် တင်ထွန်းအောင်ရောက်လာသည်။

ထမင်းချိုင့်ထည့်ထားသည့်ခြင်းနှင့်လွယ်အိတ်များကိုဆွဲကိုင်ထားသည့်သူမကိုတစ်ချက်လှမ်းကြည့်ပြီး

" ကလေးတွေကို ကျောင်းကားပေါ်တင်ပေးမလို့လား "

"အင်း.."ဟု သူမခေါင်းညိတ်လိုက်သည်။ တင်ထွန်းအောင်က သူမ၏လက်ထဲ မှခြင်းများကိုလှမ်းဆွဲယူရင်း "တို့လိုက်ပို့မယ် " ဟု ပြောသည်။





သူမကခြင်းကိုလွှတ်မပေးဘဲ " ရပါတယ် တင်ထွန်းအောင်ရယ် အိမ်မှာဘဲဒေါ်လေး တို့နဲ့ စကားပြောပြီးနေခဲ့စမ်းပါ.. "ဟု ပြန်ပြောလိုက် သည်။

" ငါကဒေါ်လေးတို့ဆီကိုလာတာမဟုတ်ဘူး ... နင့်ဆီကိုလာတာ "ဟု ရယ်ပြုံးပြီး ရွှတ်နောက်နောက်ပြောသည်။

ထိုသို့တင်ထွန်းအောင်ပြောလိုက်သည့်စကားသံကို ဒေါ်လေးကကြားသွားပြီး အိပ်ခန်းထဲမှထွက်လာသည်။

" ဒေါ်လေးတို့လည်း ကိုယ့်တူအကြောင်းသဘောပေါက်ပြီးသားပါ၊ တစ်နေရာရာကိုသွားစရာရှိလို့ဒေါ်လေးတို့ခေါ်ထားရင် ငါ့တူကရောက်ချင်မှရောက်မယ်။ ပုလဲကခေါ်ထားရင်တော့ မနက်အစောကြီးတောင် ကြိုပြီးရောက်နေပြီမဟုတ်လား "

ဒေါ်လေးကကျီစယ်သည့်သဘောနှင့်လှမ်းပြောသည့်အခါ နှစ်ယောက်သား ရယ်မိကြသည်။

ဤကိစ္စနှင့် ပတ်သက်၍သူမ၏စိတ်ထဲတွင်မည်သို့မျှတုန်လှုပ်ခံစားရခြင်းမရှိချေ။ အမြဲတမ်းစွတ်စွဲပြောဆိုနေကျဖြစ်သဖြင့် အရေထူကာ ရိုးနေခဲ့ပါပြီ။

"နင်တို့ကလေးတွေကိုလည်း ဒီလိုပဲကျောင်းကြိုကျောင်းပို့လုပ်ရမှာမို့အခုကတည်းက လေ့ကျင့်ထားပြီးသားဖြစ်တာပေါ့ ၊ ကဲ.. သွားကြ "

ပုလဲဖြူနှင့်တင်ထွန်းအောင်တို့သည် ကလေးတစ်ယောက်စီ


www.burmeseclassic.com

www.burmeseclassic.com

ကို လက်များဆွဲခေါ်၍ လှေကားအတိုင်းဆင်းခဲ့ကြသည်။

* * * * * * * * *

(၃)

ကျောင်းကြို/ပို့ကားသည် ပုံမှန်အချိန်အတိုင်းရောက်လာ၏။ ကလေးနှစ်ယောက်ကို ကျောင်းကားပေါ်သို့တင်ပေးပြီးနောက် မိမိ၏ ကိုက်တန်းများရှိရာဘက်သို့ ပြန်လှည့်လိုက်ကြသည်။

"နှင်ကိုငါမေးရဦးမယ်၊ သူများတွေကတော့ ကွယ်လွန်သွားကြတဲ့သူတွေအတွက် ကောင်းမှုကုသိုလ်လုပ်မယ်ဆိုရင် အဲ့ဒီလူ ကွယ်လွန်တဲ့နေ့ရဲ့ နှစ်ပတ်လည်တွေမှာ လုပ်ကြတယ်၊ နှင့်ကျတော့ အဲ့ဒီလူရဲ့ မွေးနေ့မှာဘဲ ကုသိုလ်လုပ်တယ်၊ အဲ့ဒါ. . ဘာကြောင့်လဲ "ဟု တင်ထွန်းအောင်က မရှင်းလင်းသည့်အချက်ကို မေးခွန်းထုတ်လာသည်။

"သူများတွေနဲ့မတူချင်လို့တော့ မဟုတ်ပါဘူး–တင်ထွန်းအောင်၊ တိုက မမသန္တာဆုံးတဲ့နေ့ကို အမှတ်တရနဲ့ သတိမရချင်လို့ပါ။ တို့ မမသန္တာအပေါ်ဘယ်လောက်တွယ်တာတယ်ဆိုတာ နင်သိမှာတော့ မဟုတ်ဘူး။ တိုက ငယ်ငယ်ကတည်းက အဖေ၊ အမေ မရှိကြတော့ မမသန္တာအပေါ်မှာ အစ်မတစ်ယောက်လို ချစ်တာထက် အမေ





တစ်ယောက်လို အားကိုးမှီခိုပြီး လူလားမြောက်ခဲ့ရတယ်။ အဲ့ဒါကြောင့် မမသန္တာနဲ့ ပတ်သက်ပြီး ဘယ်အကြောင်းအရာကိုမှ မေ့လို့မရဘူး။ အဲ့ဒါ မမကြိုက်တတ်တဲ့သီချင်း၊ အဲ့ဒါမမကြိုက်တတ်တဲ့ဟင်းဆိုပြီး၊ နေ့စဉ်နေ့တိုင်းသတိရနေတတ်တယ်။ တကယ့် အသေးအဖွဲကိစ္စလေးတွေတောင် အမှတ်ရနေတတ်တယ်. ."

" တို့လည်း မမသန္တာကို မြင်သာမြင်ဖူးလိုက်တယ်၊ သိပ်ပြီး မခင်မင်ဖူးလိုက်ပါဘူး။ အဲ့ဒီတုန်းက တို့ဆယ်တန်းလောက်ပဲရှိဦးမှာထင်တယ်"

" မမသန္တာဆုံးတုန်းက တို့လည်း ဆယ်တန်းပဲရှိပါသေးတယ် "

" ဒေါ်လေး ပြောတာ တစ်ခုတော့ရှိတယ်၊ နင်ကစာသိပ်တော်တယ်တဲ့၊ အဲဒီပြဿနာ မဖြစ်ခဲ့ရင် ဆယ်တန်းမှာ အမှတ်ကောင်းကောင်းနဲ့ အောင်နိုင်တယ်တဲ့၊ နင်စိတ်ထိခိုက်ပြီး စာမေးပွဲတောင် မဖြေတော့ဘူး လုပ်နေလို့အတင်းဖျောင်းဖျ ပြောဆိုရတယ်လို့ဒေါ်လေး ပြောပြသေးတယ်. ."

ပုလဲဖြူသည်ခါးသီးသည့်နေ့ရက်များဆီ အမှတ်ရသွားသည့်အသွင် ဖြင့် မျက်နှာညိုရီသွား၏။

"တို့အဲ့ဒီတုန်းကသေတောင်သေပစ်လိုက်ချင်တာ"

"အဲ့ဒီတုန်းကနင်ဒီရန်ကုန်မှာမဟုတ်ဘူးနော်. . "

"ဟုတ်တယ်၊နယ်ကဦးလေးတို့ဆီမှာနေတယ်၊ ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီးတော့မှဒေါ်လေးတို့လာခေါ်ကြလို့ရန်ကုန်ကိုရောက်လာခဲ့တာ"

"ဘာပဲဖြစ်ဖြစ် ဒီမှာတော့ကျောင်းပညာရေးရော၊ တခြားအလုပ်အကိုင်အခွင့်အလမ်းတွေရော ကောင်းတယ်လေ၊ ငါတို့နဲ့လိုက်ပြီးသီချင်းလိုက်ဆိုရင်တောင် ပိုက်ဆံရနေတာပဲ၊ နင်အဆိုတော်ဖြစ်ချင်စိတ်ရှိရင် ငါကူညီမယ်"

တင်ထွန်းအောင်၏စကားကြောင့် သူမ သဘောကျစွာရယ်မောလိုက် ပြီး။

"ဒေါ်လေးတို့အိမ်မှာ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တို့သီချင်းဆိုနေတာပါ၊ ဒေါ်လေးတို့က ဘာမှမပြောကြပေမယ့် လူပိုတစ်ယောက်ကို တင်ကျွေးထားရုံတင်မကဘူး၊ စာလည်းသင်ပေးရသေးတယ်ဆိုတော့ မလွယ်ဘူးလေ၊ တို့ရဲ့မမသာဆိုရင်တော့ တစ်မျိုး ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ မမက အလုပ်လုပ်ပြီး တို့ကိုထောက်ပံ့ကျွေးမွေးမှာသေချာပါတယ်"

သူမသည် တင်ထွန်းအောင်တို့နှင့်လိုက်ပြီးစားသောက်ဆိုင်ကြီးတစ်ခုတွင်သီချင်းဆိုနေသည်။၎င်းသည်မှာတင်ထွန်းအောင်ကြောင့်ဖြစ်သည်။တင်ထွန်းအောင်သည် တူရိယာပစ္စည်း တီးခတ်ဖျော်ဖြေခြင်း၌ ဝါသနာထုံ၏။

အချိန်ကာလစောစောကပင် သူငယ်ချင်း၊ အပေါင်းအသင်းများနှင့်စားသောက်ဆိုင်၊ဟိုတယ်တို့တွင်လှည့်လည်တီးခတ်ဖျော်ဖြေနေခဲ့သူ





ဖြစ်သည်။ သူမ ရန်ကုန်မြို့သို့ရောက်သည်နှင့် ပထမဦးဆုံး ခင်မင်သိကျွမ်းရသူမှာ တင်ထွန်းအောင်ဖြစ်သည်။

ယခုအချိန်မှာတော့ တင်ထွန်းအောင်ဘက်ကရော၊ ဒေါ်လေးတို့ဘက်ကရော သူငယ်ချင်းတစ်ယောက်ထက်ပိုမိုသည့် သဘောထားဆန္ဒများ ရှိနေကြကြောင်းကို သူမ ရိပ်စားမိသည်။ သူမအနေဖြင့် ခါးသီးစွာငြင်းပယ်နိုင်စရာအကြောင်းတော့မရှိပါ၊ သို့သော်သူမအနေဖြင့် နလုံးသားရေးရာ၊ အချစ်နှင့်ပတ်သက်စဉ်းစားလိုစိတ်မရှိချေ။ မဖြစ်မနေစဉ်းစားရမည့် အခြေအနေတစ်ရပ်မဟုတ်သေး၍အေးဆေးစွာနေနိုင်ခြင်းလည်းဖြစ်ပါလိမ့်မည်။

********

(၄)

လူ့ဘဝအတွက် ပျော်စရာအကောင်းဆုံး နေ့ရက်များထဲတွင် ထောင်မှလွတ်သည့်ရက်လည်းအပါအဝင်ဖြစ်သည်။ ရှေးတုန်းက ပညာရှိတို့၏စကား၌ ပါဝင်သော "ရှင်လိမ်ပြန်သည့်နေ့" ကိုတော့ သိဖော်မင်းမတွေ့ကြုံမခံစားဖူးသော်လည်း "ထောင်ကလွတ်သည့်နေ့" ကိုတော့ကိုယ်တိုင်တွေ့ကြုံ နေရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောကိုယ်ပါလွတ်လပ်ခွင့်ကိုရရှိသည့်အခိုက်အတန့်ရင်ထဲတွင် ပျော်ရွှင်ကြည်နူးခြင်းဖြစ်နေသင့်သည်။သူ၏မျက်နှာတွင်ဝမ်းသာအပြုံးများ နှင့်ရှိနေသင့်သည်။လှမ်းရသောခြေလှမ်းများသည်ပေါ့ပါးလန်းဆန်း၍နေ သင့်သည်။ သို့သော်ထိုအရာအားလုံးသည်သူ့ထံတွင်ရှိမနေပါ။

လာရောက်ကြိုဆိုနေကြသည့်အဖေ၊အမေနှင့်အကိုကြီးတို့ လင်မယားနှစ်ယောက်ကိုမပီသသည့် ခပ်ယဲ့ယဲ့အပြုံးသာ ပြုံးပြသည်။ အဖေကဝမ်းသာသည့်စိတ်ကို ထိန်းချုပ်နိုင်လင့်ကစား မေမေကတော့ ဣန္ဒြေမဆယ်နိုင်ဘဲ "သား" ဟုအော်ခေါ်၍သူ့ကိုပွေ့ဖက်ပါသည်။

မရွှင်မလန်းဖြစ်နေသော သူ့မျက်နှာကိုငေးစိုက်ကြည့်ပြီး

"သား..နေကောင်းရဲ့လား" ဟုစိုးရိမ်ပူပန်စွာမေး၏။

"ကျွန်တော်နေ ကောင်းပါတယ်မေမေ၊ဘာမှမဖြစ်ပါဘူး"

"သားအသားတွေညှိုပြီးပိန်သွားတယ်"

"နည်းနည်းတော့ပင်ပမ်းတာပေါ့၊ ဒါပေမယ့်ကျွန်တော် နေထိုင် မကောင်းမဖြစ်ခဲ့ပါဘူး ဖေဖေ၊မေမေတို့နဲ့အခုလိုတွေ့ရတာ ကျွန် တော် ဝမ်းသာပါတယ်..."

ဖေဖေကသူ့ပခုံးအားကြင်နာစွာခပ်ဖွဖွဖြစ် ညှစ်လိုက်ပြီး

"ကဲ–သား ဒီမှာရပ်ပြီးစကားပြောနေရင်စိတ်ညစ်နေရဦးမယ် အိမ်ရောက်တော့မှ တစ်ဝကြီးပြောကြတာပေါ့၊ သားစားချင်တာစား၊ သွားသွားချင်တာသွား၊ လွတ်လွတ်လပ်လပ်သွားလို့ရပြီပဲသွားကြရ အောင်"





ဟုပြောတော့မှ ရပ်ထားသည့် ကားများဆီသို့ သူတို့လျှောက် လာခဲ့ကြသည်။

ထိုကားများထဲတွင် မိမိမောင်းနှင်ခဲ့သောကားက မပါတော့။ ကားတိုက်မှုဖြစ်ပြီးသည့်နောက် ရောင်းပစ်လိုက်ပြီဟုသိရှိရသည်။

ဖေဖေ၊မေမေတို့၏ကားပေါ်သို့ သူ တက်ထိုင်လိုက်သည်။ အကိုကြီးတို့ လင်မယားကတော့ သူတို့ကားနှင့်သူတို့ဖြစ်သည်။

*********

(၅)

သူသည် ကား၏နောက်ခန်း၌ ထိုင်နေရာမှ ကားမောင်းနေသည့် ဖေဖေ့အနီးသို့ ကိုယ်ကို ကိုင်းညွတ်ပြီး

"ဖေဖေ... အခုကျွန်တော်တို့အိမ်ကို တိုက်ရိုက်မောင်းနေတာ မဟုတ်လား"

"ဟုတ်တယ်လေသား၊ ဘာဖြစ်လို့လဲ"

"ကားကို ရွှေတိဂုံဘုရားဘက် လှည့်မောင်းပေးပါလား"

"ဘုရားပေါ်တက်ဖူးချင်လို့လား"

"ဟုတ်တယ်ဖေဖေ၊ ကျွန်တော် ဘုရားပေါ်တက်ပြီး ကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တစ်ခုခု လုပ်ချင်တယ်၊ ဘုရားကို ဆီမီး၊ ရေချမ်းနဲ့ ပန်းတွေကပ် လှူချင်တယ် . . ."

"သိပ်ကောင်းတာပေါ့၊ ကိုယ် မကြံစည်ရပေမယ့် ဖြစ်တတ်တဲ့ ကံအကြောင်းကြောင့် အချုပ်အနှောင်ကျခဲ့ရတာပဲ၊ အချုပ်အနှောင်က လွတ်လွတ်ချင်း ဘုရားကို အောက်မေ့ပြီး ပူဇော်သက္ကာရပြုတာ အရမ်းကောင်းတယ်"

ဖေဖေ၏ ထင်မြင်ချက်နှင့် သူ၏စိတ်ကူးတို့သည် တခြားစီဖြစ်နေသောကြောင့် ဖေ့ဖေ့ကို အားတုံ့အားနာဖြစ်မိသည်။ သို့ရာတွင် သူ့အလိုက်သင့်ငြိမ်ဆိတ်မနေနိုင်ပါ။

"ကျွန်တော် အချုပ်အနှောင်က လွတ်မြောက်လာလို့ သတိသံဝေဂနဲ့ ဘုရားကိုဝင်ဖူးဖို့ရည်ရွယ်တာမဟုတ်ပါဘူး၊ ဖေဖေအဲဒီလိုပြောတော့မှ အဲဒီအဓိပ္ပါယ်သက်ရောက်နေတယ်ဆိုတာတွေးမိပါတယ်..."

"ဒီအပြင်တခြားဘာအကြောင်းရှိသေးလို့လဲ.."

" ဒီနေ့ဟာ သန္တာရဲ့မွေးနေ့ပဲ ဖေဖေ "

ထိုအခါမှ ဖေဖေသည်နားလည်သဘောပေါက်သွားပြီး၊

" အော်.. " ဟုရေရွတ်သည်။ မေမေက အမှတ်သည်းခြေကြီးလှသည့် သူ့ကို ကရုဏာသက်သည့်အကြည့်ဖြင့် လှည့်ကြည့်သည်။

" သန္တာရဲ့ မွေးနေ့မှာပဲကျွန်တော်ထောင်ကလွတ်လာတာ တကယ့်တိုက်ဆိုင်မှုတစ်ခုပါပဲ၊ ဟိုအရင် ကျွန်တော်တို့ ချစ်သူ





ဖြစ်ကြတုန်းက သန္တာရဲ့မွေးနေ့တွေမှာအတူတူဘုရားသွားပြီး ပန်းရေချမ်းကပ်လှူဖူးခဲ့ကြပါတယ်၊ အခုလည်း

သန္တာကို အမှတ်တရ ကျွန်တော် သူ့ကိုယ်စားကုသိုလ် လုပ်ပေးချင်တယ်၊ သန္တာကသူ့မွေးနေ့ကိုသူ မလုပ်နိုင်တာဒီအကြိမ်နဲ့ဆို လေးနှစ်ရှိရောပေါ့.. ဖေဖေ "

ဖေဖေသည် နားလည်စာနာသည့်သဘောဖြင့်ခေါင်းညိတ်ပြသည်။

" ဖေဖေတို့ဘုရားကိုသွားကြတာပေါ့ ..."

ဖေဖေသည် ယာဉ်ကြောပြောင်းကာ ဘုရားဆီသို့ ဦးတည်၍ မောင်းနှင်လိုက်၏။

* * * * * * * * *

(၆)

ဘုရားစောင်းတန်းထဲ ဝင်လိုက်သည်နှင့် စိတန်းလျက် တွေ့မြင်ရသော ဈေးဆိုင်တန်းများထဲမှ ပန်းဆိုင်တစ်ဆိုင်၏ရှေ့တွင် တင်သွန်းအောင်က ရပ်တန့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



" ပုလဲ ဘာယူချင်သလဲ ၊ကြိုက်တာရွေးပြီးယူလေ .. "ဟု လှည့် ပြောသည်။ သူမကရောင်စုံပန်းပွင့်များကို ကြည့်လိုက်သည်။ ထို့နောက် နှင်းဆီနှင့်ဂန္ဓမာပန်းများကို ဈေးမေးကြည့်လေ၏။ ဈေးရောင်းသည့် အမျိုးသမီး က

" ယတြာချေမှာလား .. ၊ ဘယ်နှစ်ပွင့်ယူမှာလဲ "

ဟုပြန်မေးသည်။

" ငါးပွင့်ထဲယူမှာ "ဟုသူမပြောလိုက်သည်။

ထိုအခါတွင် တင်ထွန်းအောင်က

" တစ်မျိုးကို ငါးပွင့်ဆီထုတ်လိုက် "

ဟုဝင်ပြောသည်။အမွှေးတိုင်နှင့်ဖယောင်းတိုင်ဝယ်သည်။ ထို့နောက် တံခွန်တိုင်ကုက္ကား ၊ ထီးစသည်တို့ကိုလည်းဝယ်သည်။

အားလုံးယူပြီးသည့်နောက် တင်ထွန်းအောင်ကလျှင်မြန်စွာ ငွေထုတ်ပေးလိုက်၏။ သူမကပန်းစည်းကိုင်ထားရင်း ပိုက်ဆံအိတ်ကို ဖွင့်ဖို့ကြိုးစားနေသည်။

" အဲဒီပိုက်ဆံတွေကို တို့ပေးမယ်လေ .. "

" နေပါစေ.. ပုလဲရယ်၊ တို့ပေးလိုက်တာလဲအတူတူပဲပေါ့ "

"မဖြစ်ဘူးထင်တယ် .. တင်ထွန်းအောင်၊ ဒါတွေကို မမ အတွက် ရည်စူးပြီးလှူမှာဆိုတော့ သူများပိုက်ဆံနဲ့ဝယ်တာ ဘယ်ကောင်း ပါမလဲ "

" တို့ကုသိုလ်ရသွားမှာကို နင်စိုးရိမ်နေတယ်ထင်တယ် "





" တို့ကိုဘုရားလိုက်ပို့ပေးပြီး ကူညီနေတာက နင်ကုသိုလ် ရနေ ပါပြီ၊ ဒီပန်းဖိုးကတော့တို့ပိုက်ဆံနဲ့တို့ဝယ်ပြီးလှူမှ ကောင်းမှာပေါ့"

" ကဲ ဒါဖြင့်ရင်လည်းဘုရားပေါ်ရောက်တော့မှ ပေးတော့.. ပုလဲ "

" ဘုရားပေါ်ရောက်ရင် နင်စိတ်မပြောင်းသွားရဘူးနော် .. "

" စိတ်ချပါ ..ပုလဲရယ်.. "

ထို့နောက် သူမတို့သည် စောင်းတန်းအတိုင်းတက်လာခဲ့ကြ သည်။

**********

(၇)

ပန်းဆီမီး၊ အမွှေးတိုင်ဝယ်မည်ဟုစိတ်ကူးနှင့် ပန်းဆိုင်တစ်ဆိုင် ရှေ့တွင်ညီဇော်မင်းရပ်တန့်လိုက်သည်။

မေမေကသူ၏စိတ်ဆန္ဒကိုသိမြင်သဘောပေါက်ပြီး

" သားကြိုက်တာယူလေ ၊ ဒါမှမဟုတ်မေမေရွေးပေးရ မလား.. "



www.burmeseclassic.com

www.burmeseclassic.com



ဟုဝင်ရောက်၍မေးလိုက်သည်။ သူခေါင်းတစ်ချက်ညိတ်ပြီး

" နှင်းဆီပန်းငါးပွင့်ထည့်ယူပေးပါမေမေ၊ သန္တာကသူမွေးနေ့တိုင်း အဲဒီလိုငါးပွင့်စီလှူနေကြမို့ပါ ..၊ သူကနှင်းဆီကို သဘောကျတယ်.. "

မေမေက ဘာမှပြန်မပြောတော့ဘဲ နှင်းဆီပွင့်အပါအဝင် တခြားပန်းများနှင့် သပြေကိုပါတွဲဖက်၍ ယူပေးသည်။

"ဖယောင်းတိုင်နဲ့အမွှေးတိုင်လဲဝယ်ပါအုံး "

ဟု သူကထပ်ပြောသည်။

အားလုံးဝယ်ယူပြီးသည့်နောက်ဘုရားပေါ်သို့ တက်လာခဲ့ကြသည်။

ဘုရားကျောင်းကန်တို့တွင် ရှိနေမြဲဖြစ်သော ကြည်နူးအေးချမ်းမှုကို ခံစားရသည်။

ဟိုယခင်တချိန်တုန်းကဆိုလျှင် သန္တာဖြူသည်ပန်းစည်းကို တစ်ဖက်ကကိုင်၍ ကျွန်လက်တစ်ဖက်နှင့်သူ၏လက်ကိုဆွဲကိုင်ကာ ဤစောင်းတန်း လှေကားအတိုင်းရယ်ရယ်မောမော တက်ခဲ့ကြဖူးသည်။

ယခုတော့ သူမ၏အရိပ်အယောင်များသာ မျက်လုံးထဲတွင် ပုံရိပ်အဖြစ် ကျန်နေရစ်ပါပြီ။

ရင်ပြင်ပေါ်ရောက်သည်နှင့် သူ၏ဦးတည်ရာသည် ဗုဒ္ဓဟူးထောင့်ဖက်သို့ဖြစ်သည်။ သန္တာဖြူသည် ဗုဒ္ဓဟူးသမီး ဖြစ်သည်။

ကျနေ၏အရောင်သည် ရွှေရောင်ကဲ့သို့ ဝင်းနေသည်။





ကောင်းကင်သည် တိမ်ဆိုင်တိမ်လိပ်တို့နှင့် ပြည့်နှက်နေသောကြောင့် မပူပြင်း ဟု ထင်သည်။

ဗုဒ္ဓဟူးထောင့်ရောက်သည့်အခါတွင် နောက်မှလိုက်ပါလာကြသော ဖေဖေ၊ မေမေတို့ကို သူ စကားလှည့်ပြောရတော့သည်။

"ကျွန်တော့်ကို စောင့်ကြည့်မနေကြပါနဲ့ ၊ဖေဖေတို့လည်း ဘုရားပတ်ပြီးဖူးကြအုံးလေ၊ နောက်နာရီဝက်ဆိုရင် ပြန်ဆုံကြတာပေါ့"

"သားစိတ်အေးလက်အေးလုပ်ပါ၊ ဖေဖေတို့ဘုရား တစ်ပတ်ပတ်ပြီး ဗိုဟန်းမုဒ်ကစောင့်နေမယ်၊ သားအဲဒီကို လာခဲ့ပါ"

ထိုသို့ပြောဆိုမှာကြားပြီးထွက်သွားတော့မှ ဗုဒ္ဓဟူးထောင့်၏ ပတ်ဝန်းကျင်ကို သူ တစ်ချက်လှမ်းကြည့်မိသည် ။

ဆီမီးနှင့်အမွှေးတိုင်ထွန်းညှိနေသူကနှစ်ယောက်သာရှိပြီး၊ ကျန်နေသည့်လူဆယ်ဦးခန့်မှာ ဘုရားရှိခိုးနေကြသူတွေ၊ ပုတီးစိပ်နေကြသူတွေဖြစ်၏။

ပထမဦးဆုံး ပန်းအိုးတွင်ပန်းများကိုထိုးစိုက်ကပ်လှူလိုက်ပြီး၊ ဆီမီးနှင့်အမွှေးတိုင်ထွန်းညှိရန် ပြင်ဆင်လိုက်၏။ ထိုအချိန်ကျမှ မီမိတွင် မီးခြစ်မပါလာကြောင်းကို သတိထားမိသည်။ သို့သော်လည်း သူ၏ နံဘေး၌မီးထွန်းညှိပူဇော်နေသူ တစ်ဦးရှိနေသဖြင့် ထိုသူ့ထံမှမီးညှိယူရန် စဉ်းစားလိုက်သည်။

ငဲ့စောင်းအကြည့်တွင် ထိုမိန်းကလေးသည် မိမိထက် အသက် ငယ်ရွယ် မည့်သူဟုသိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် သူစိတ်ထဲတွင် ထိုမိန်းကလေးအား မြင်တွေ့ဖူး သကဲ့သို့ ခံစားလိုက်ရသည်။ ဤမျက်နှာသည် သူ့အတွက် အစိမ်း သက်သက် မဟုတ်ဟုထင်မြင်မိသော်လည်း မည့်သည့်နေရာ၊ မည်သည့်အကြောင်းနှင့်ဆုံတွေ့မှတ်မိဖူးခြင်းကိုမူ စဉ်းစား၍မရချေ။

သူမသည် အမှတ်တမဲ့နှင့်ဖြတ်ကနဲမော့ကြည့်လာသည်။ သူ၏အကြည့်ကိုသတိထားမိဟန်တူသော်လည်း သူမ၏ မျက်ဝန်း ထဲတွင် မှတ်မိသိကျွမ်းသည့်အရိပ်အယောင်မျိုးမရှိချေ။

သူမတစ်မျိုးထင်မြင်ယူဆသွားမှာကိုစိုးရိမ်မိပြီးပြာပြာသလဲနှင့် ပြောဆိုရှင်းပြလိုက်သည်။

" ဒီမယ်..တို့ဘုရားကိုဆီမီးပူဇော်ချင်လို့ မင်းဆီက မီးညှိပါ ရစေ.. "

"အိုး.. မဖြစ်ပါဘူး "ဟုရေရွတ်ပြီး တွန့်ကနဲဖြစ်သွားသည်။ သူနားမလည်နိုင်အောင်ဖြစ်ကာ၊

"ဘာဖြစ်လို့လဲ" ဟုမေးမိသည်။

" မီးမပေးချင်လို့ပြောတာမဟုတ်ဘူးနော်၊ သူများထွန်းညှိ ထားတဲ့မီးတိုင်ကမီးယူရင်သူများရဲ့အပူကိုကိုယ်ကယူလိုက်သလိုဖြစ် လိမ့်မယ်။ သူများကရိုးရိုးသားသားမဟုတ်ပဲ သောကအပူနဲ့မီးလှူတာ ဖြစ်ချင်ဖြစ်နိုင်တယ်လေ..၊ ဒါကြောင့်တစ်ခြားကမီးယူပါလို့ပြောချင် တာ.."

သူမ၏ထင်မြင်ယူဆချက်မှာသည်၊ မှန်သည်ကိုဤနေရာ





၌မငြင်းဆိုချင်ပါ။ တစ်ပါးသူတစ်ယောက်၏စိတ်ကွက်မည်အလုပ်ကို တော့ သူ အတင်းအဓမ္မမလုပ်ကိုင်ချင်ပါ။ ထို့ကြောင့်ဘာလုပ်ရမှန်း မသိအောင်ဖြစ်သွားသည်။

သူမသည်သူ၏အခက်အခဲကိုနားလည်သဘောပေါက်ပြီး၊

"တင်ထွန်းအောင်.. ဒီကအစ်ကို့ကို မီးခြစ်ခဏပေးလိုက် စမ်းပါ" ဟု နောက်တွင်ရပ်ကြည့်နေသော လူရွယ်တစ်ယောက်ကို လှည့်ပြောလိုက်သည်။

ထိုလူရွယ်က ကပြာကယာ မီးခြစ်ထုတ်ပေးလာသဖြင့်

" ကျေးဇူးပါပဲ " ဟုပြောကာလှမ်းယူလိုက်သည်။

ထို့နောက် ဆီးမီးနှင့်အမွှေးတိုင်ကိုထွန်းညှိပြီး မီးခြစ်ကိုပြန်ပေး လိုက်သည်။ သူမကတော့ ခပ်လှမ်းလှမ်းတွင် ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ပြီး ဘုရားရှိခိုးဆုတောင်းနေချေပြီ။

သူလည်းလွတ်လောက်သည့်တစ်နေရာတွင် ထိုင်ချပြီး ဘုရား ရှိခိုး၍ ဤကုသိုလ်ကောင်းမှုအစုစုတို့ကို သူချစ်ရသော သန္တာဖြူ အတွက် အမျှအတန်းပေးဝေမိသည်။ ထိုအခိုက်အတန့်၌ သူ့စိတ်နှလုံး တို့သည် နာကျဉ်ကျေကွဲမှုများနှင့်ဆို့နင့်နေသည်။ မိမိအနီး ပတ်ဝန်းကျင် ကို သတိ မထားမိတော့။ စိတ်အစဉ်တို့သည် အတိတ်ဖြစ်ရပ်များဆီသို့ လျှင်မြန်စွာ ပြေးထွက်သွားခဲ့လေပြီ။

* * * * * * * * *


www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၂)

(၁)

ဤဇာတ်လမ်း၏အစကို မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် စတင်ခဲ့ပါသော်လည်း၊ ဇာတ်လမ်း၏ အဆုံးကိုမူ မမြင်ရသောကံကြမ္မာ တစ်ခုက အနားသတ်ဇာတ်သိမ်းပေးလိမ့်မည်ဟု အမှန်တကယ်မသိမြင် ခဲ့ပါ။

**အင်ပါယာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



သန္တာဖြူနှင့် စတင် ဆုံတွေ့ခဲ့ရသည့်နေ့မှာ ဤသို့သော မွေးနေ့ရက်တစ်ရက်၌ ဖြစ်သည်။ မှတ်မှတ်ရရ လွန်ခဲ့သော လေးနှစ်က ဖြစ်သည်။

ရုံးဆင်းချိန်ဖြစ်သဖြင့် လူနှင့်ကားများရှုတ်ထွေးနေသော မြို့လယ်လမ်းတွင် စိတ်မရှည်နိုင်လောက်အောင် ကားကိုကွေ့ပတ်မောင်းနှင်နေရင်းက လူတစ်ယောက်လက်ပြတားလိုက်သည်ကို သူမြင်တွေ့လိုက်သည်။ သူငယ်ချင်းဖြစ်သည့် ကျော်လွင်မှန်း ချက်ချင်းသိလိုက်ပြီး ကားထိုးရပ်ပေးလိုက်သည်။

"ကားအားလား ညီဇော်မင်း" ဟု ကျော်လွင်က အငှားကားကို မေးသကဲ့သို့ မေးလိုက်သည့်အတွက် သူသဘောကျစွာပြုံးရယ်ပြီး၊

"အားတော့အားပါတယ်၊ ဒါပေမယ့် အစ်ကိုတို့က ဘယ်သွားမလို့လဲ"

အငှားကားသမားတို့ မေးနေကျအတိုင်း မေးလိုက်သည်။ ထိုအခါမှ စကားအများကို တမင်နှင်းလိုက်သည်ဟု ကျော်လွင် ရိပ်မိပြီး၊

"ဒုက္ခပဲ မင်းကလုပ်တော့မယ်" ဟု မကျေမနပ်နှင့် ရေရွတ်လိုက်သည်။

"ငါတို့ရွှေတိဂုံဘုရား သွားမလို့ကွ၊ မင်းအဆင်ပြေရင် လိုက်ပို့ပေးပါလား ညီဇော်မင်း ဒီအချိန် လိုင်းကားစီးရတာ မလွယ်ဘူးဆိုတာ မင်းသိပါတယ်။ ပြီးတော့ ငါတစ်ယောက်တည်း မဟုတ်ဘူးကွ"

ကျော်လွင်က သူ့နောက်ကျောဘက်ကိုမသိမသာ လှမ်းပြသည်။ ဆင်တူယူနီဖောင်းဝတ်ထားသော မိန်းကလေးနှစ်ယောက်ကို





တွေ့လိုက်သည်။ ရုံးဝန်ထမ်းတော့မဟုတ်ချေ။ အပြင်ကုမ္ပဏီတစ်ခုခုမှ ဝန်ထမ်းများဖြစ်လိမ့်မည်။

"အေးလေ..နောင်အခါတို့တွေ ချစ်ခြင်းကို မင်းကြောင့် ကွဲရတာဆိုပြီး တရားခံအဖြစ်မခံနိုင်ဘူး၊ ငါကူညီရမှာပေါ့.."

ကျော်လွင် က မိန်းကလေးနှစ်ယောက်ကို လှမ်းခေါ်ပြီး ကားပေါ်တက်သည်။ ကားထွက်လာပြီး လမ်းပေါ်ရောက်တော့မှ သူနှင့်မိတ်ဆက်ပေးသည်။ ထိုထဲမှတစ်ယောက်သည် သူ၏ချစ်သူဖြစ်လာမည့် သန္တာဖြူ ဖြစ်၏။

"ဒီနေ့ဟာသန္တာဖြူရဲ့မွေးနေ့ပဲ၊ အဲဒါသူတို့ ဘုရားသွားချင်တယ်ဆိုလို့ လိုက်ပို့ရတာ"

ရုံးဆင်းချိန်တွင်ယာဉ်ကြောပိတ်ဆို့နေရသည့်ကြားက စည်းကမ်းမဲ့စွာ အလုအယက်မောင်းနှင်တတ်သည့်ကားတစ်ချို့ကြောင့် သူ စိတ်တိုလာပြီး ကားများကြားမှ အတင်းတိုးထွက်လာသည်။

သန္တာဖြူသည် ကြောက်တတ်စိုးရိမ်တတ်သူတစ်ဦး ဖြစ်သည်။ ကားချင်း ထိသွားမတတ် ဖြစ်သွားချိန်များတွင် ..

"အမလေး....ဘုရား၊ ဘုရား.."

ဟုရေရွတ်ကာ ရင်ဘတ်ကို လက်နှင့် ဖိထားတတ်သည်။

ကျော်လွင်ကတော့ သူ၌ ဤသို့ကားမောင်းတတ်သည့် အကျင့်ရှိ သည်ကို သိထားပြီသူဖြစ်ပေမဲ့တစ်ခါတစ်ရံ သတိပေးသည့် အကြည့်ဖြင့် လှည့်ကြည့်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူလည်း ဘုရားပေါ်သို့ လိုက်ပါသွားခဲ့သည်။

ကျော်လွင်က သူ့အနီးချဉ်းကပ်ပြီးခပ်တိုးတိုးသတိပေးသည်။

" ဒီဘက်ကဟာ ငါ့ကောင်မလေးနော် ညီဇော်မင်း ၊ ဟိုဘက်က သန္တာကိုတော့ မင်းစိတ်ကူးနိုင်တယ်၊ မင်းမှားသွားမှာစိုးလို့ ငါသတိပေး တာ "

" ငါအစကတည်းကရိပ်မိပါတယ်ကွာ၊ ငါစိတ်ဝင်စားမိတာ အဲဒီ သန္တာဖြူပဲ၊ ဘုရားကဆင်းရင် တစ်ခုခုစားကြသောက်ကြရအောင် မင်းကြိဖန် ပေးစမ်းပါ .. "

" အဲဒါတော့ စိတ်ချ၊ ငါနဲ့မပတ်သက်ရင် အစအဆုံးကူညီမယ်"

*********

(၂)

ခင်မင်ရင်းနှီးမှုတို့ဖြင့် လေး၊ ငါး လအချိန်ကြာမြင့်သည့်တိုင် သန္တာထံမှတိကျသောအဖြေစကားကိုသူမကြားရချေ။ သို့ပေမဲ့ ချစ်ခြင်း၏ ဟိမ်းညွှတ်မှုအရိပ်အယောင်များ ကိုတော့မြင်တွေ့နေရပါသည်။

" သန္တာ အချိန်အကြာကြီးဆွဲထားဖို့ ရည်ရွယ်ချက်လည်း မရှိပါဘူး ..ကိုညီဇော်မင်း ဒါပေမယ့် အဖြေပေးဖို့လည်းမဖြစ်သေးဘူး





သန္တာမှာ တာဝန်တစ်ခုကရှိနေတယ်၊ အဲဒီတာဝန်ပြီးဆုံးအောင် သန္တာ ထမ်းဆောင်ရအုံးမှာ .. "

" သန္တာ ဒီစကားကိုမကြာခဏ ပြော ပြောနေတာပဲ၊ အဲဒီ တာဝန်က ဘာလဲဆိုတာတို့သိပါရစေ၊ တို့ဖြေရှင်းပေးနိုင်မယ်ဆိုရင် ဖြေရှင်းပေးချင်လို့ပါ၊ အဲဒါက တို့သန္တာအပေါ် ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ အကူအညီပေးချင်လို့ပဲ .. "

" သန္တာ ပြောပြပါ့မယ်၊ သန္တာ မှာညီမလေး တစ်ယောက်ရှိတယ်၊ သူ့နာမည်က ပုလဲဖြူတဲ့ ၊ အခုဆယ်တန်းတက်နေတယ်၊ သူ့ အတွက် သန္တာမှာတာဝန်ရှိတယ်၊ သူဘွဲ့တွေဘာတွေရ၊ အလုပ်အကိုင် နဲ့ ကိုယ့်ကိုယ်ကို ရပ်တည်နိုင်တဲ့အထိ သန္တာ လုပ်ပေးချင်တယ်"

" သန္တာ ပြောပြလို့ မိဘတွေမရှိကြတော့ဘူးဆိုတာ တို့သိပြီး သားပါ။ ဒီ ညီအမနှစ်ယောက်တည်း ဆွေမျိုးတွေကို မှီခိုအားပြုပြီး နေ ရတယ်ဆိုတာလည်း တို့သိပါတယ်။ ကိုယ့်ညီမကို ကိုယ်ပြုစု မျိုးထောင် ပေးသင့်တယ်၊ သန္တာရဲ့ စိတ်ကူးကမှန်ပါတယ်၊ တို့အားလဲပေးတယ် သဘောလဲကျတယ်၊ ဒါပေမဲ့တို့အချစ်ကအဲဒီကြားထဲမှာ အနှောက် အယှက် တစ်ခု၊ အတားအဆီးတစ်ခုဖြစ်လာလိမ့်မယ်လို့ သန္တာ ထင်နေ တာလား၊ ဒါကြောင့် သန္တာ တို့ကိုအဖြေမပေးတဲ့နေတာလား .. "

" ရှင်းရှင်းပဲပြောရရင် ဟုတ်ပါတယ် ကိုညီဇော်မင်း ၊ သန္တာက ညီမလေးအတွက် အလုပ်တစ်ခုခုလုပ်မယ်ဆိုပြီး ဒီက ဒေါ်လေးတို့ အိမ်မှာလာနေတာ၊ သူတို့တွေလည်း အားလုံးသိကြတယ် ဒီလို



www.burmeseclassic.com

www.burmeseclassic.com


ပြောဆိုထားတဲ့ကြားထဲက သန္တာက ရည်းစားတွေ ဘာတွေ ထားမယ်ဆိုတော့ သူတို့ ဘယ်လိုထင်ကြမလဲ"

သူနားလည်စွာနှင့် အကြည့်ဖြင့် ကြည့်နေပါသည်။ သန္တာဖြူ၏ နှလုံးသားသည် ဘဝ၏တာဝန်ဝတ္တရား နှင့်အချစ်တို့၏ အကြားတွင် ခက်ခဲပင်ပန်းစွာ ရပ်တည်နေရဟန်တူသည်။

" သန္တာရဲ့ ညီမလေးနဲ့ပတ်သက်ပြီး တို့အားလုံးတာဝန်ယူတယ်"

" သန္တာ ခွင့်မပြုနိုင်ဘူး၊ သန္တာ တို့က ဒီအသက်အရွယ်ထိ သူများ ကို မှီခိုပြီး သူများရဲ့မျက်နှာကြည့်ပြီး ကြီးပြင်းလာရတာပါ။ အဲဒီစိတ်ဒုက္ခ ဘယ်လောက်ကြီးတယ်ဆိုတာ ကိုညီဇော်မင်း မသိနိုင်ပါဘူး၊ ပုလဲဖြူ ကိုလည်း တခြားတစ်ယောက်ရဲ့မျက်နှာကြည့်ပြီး နေထိုင်ရမဲ့ အဖြစ် မျိုး ထပ်ပြီးမဖြစ်စေချင်ဘူး "

" ကောင်းပြီ၊ ပုလဲဖြူကို သန္တာကပဲ ကျောင်းပြီးအောင် အလုပ်အကိုင်ရအောင်စောင့်ရှောက်ပါ။ အခု ပုလဲက ဆယ်တန်းဆိုတော့ နောက်လေးငါးနှစ်မှာ ဘွဲ့တစ်ခုခုရမယ်၊ တို့နောက်ထပ် ငါးနှစ်တိတိစောင့်မယ်၊ တို့ရဲ့အချစ်က တစ်ဘဝလုံးအတွက် ရည်ရွယ်ထားတာမို့ ဆယ်သက်ဆယ်ကမ္ဘာထက်စာရင် ဒီလေးငါးနှစ်ကိုတော့ တို့စောင့်နိုင်ပါတယ်.. သန္တာ. ."

" သန္တာ ယုံချင်ပါတယ် ညီဇော်မင်း "

" ကိုယ့်ဘက်ကလည်း သန္တာ့ကိုယုံကြည်ချင်တယ်ဒါကြောင့် အခု ချစ်တယ်လို့အဖြေပေးပါလား၊ စိတ်ထဲကသိတယ်ဆိုပေမဲ့ ရေရေရာရာ မဟုတ်ဘူးထင်တယ် "

" နောက်တစ်ချက်ရှိသေးတယ်၊ သန္တာကဒေါ်လေးတို့နဲ့နေရတာဆိုတော့ ဒေါ်လေးတို့ရဲ့အုပ်ချုပ်မှုနဲ့မကင်းဘူးလေ၊ တော်ကြာ ဒေါ်လေးတို့က သန္တာ ကိုရန်ကုန်မှာ ရည်းစားထားပြီး လျှောက်သွားနေတယ်လို့ ပြောချင်ပြောနိုင်သေးတယ် "

" ဒါဖြင့်ရင် သန္တာရဲ့ ဒေါ်လေးနဲ့ ..တို့တွေ့မယ်၊ တို့အပေါ် လက်ခံ ယုံကြည် လာအောင်ကြိုးစားပါ့မယ်"

သန္တာသည်သူ့ကိုအားတုံ့အားနာနှင့် ငဲ့ကြည့်သည်။

" ကိုညီဇော်မင်း ဒေါ်လေးတို့နဲ့ လိုက်ပြီးမတွေ့ပါနဲ့၊ ကိုညီဇော်မင်း တို့အကြားပြဿနာတစ်ခုခုဖြစ်သွားမှာ သန္တာ စိုးရိမ်တယ်၊ သန္တာ ကြောက်တယ်"

" ဘာမှမဖြစ်စေရပါဘူး၊ တို့သည်းခံနိုင်ပါတယ် "

သူမသည် ပြာပြာသလဲလက်ကာပြပြီး

"ကိုညီဇော်မင်း လိုက်မတွေ့စမ်းပါနဲ့၊ သန္တာ တောင်းပန်ပါတယ်၊ တဖြည်းဖြည်းမှ ဒေါ်လေးတို့နားလည်အောင် သန္တာ ကြိုးစားပါ့မယ် "

သူသည် စိတ်မရှည်နိုင်တော့ဘဲ သူမ၏လက်ကိုဖမ်းဆုပ်ကိုင်လိုက်တော့သည်။

သူမရုန်းဖယ်ရန်ကြိုးစားသည်။

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com

" တို့ ခေါင်းရှုပ်လာပြီ .. သန္တာ၊ ဒီတော့ ဒီအချိန်ကစပြီး သန္တာ့ကို ပြန်မလွှတ်တော့ဘူး၊ တစ်ခါတည်း အပြီးအပိုင် သိမ်းပိုက်လိုက်ပြီ၊ တို့ဆုံးဖြတ်ချက်နဲ့ဘဲ တို့လုပ်တော့မယ် "

" မလုပ်ပါနဲ့ .. ကိုညီဇော်မင်း ရယ် .. "

" တကယ်ပြောတာ၊ သန္တာ ကိုတို့ပြန်မလွှတ်တော့ဘူး "

" အို .. ဘယ်ဖြစ်မလဲ .. "

" ဖြစ်ချင်တာဖြစ်ပါစေ .. "

သူသည်သန္တာ၏လက်ကိုမလွှတ်တော့ဘဲ ထိုင်နေရာမှ ထရပ်လိုက်သည်။ ထို့နောက်ရပ်ထားသောကားဆီသို့ အတူတူလျှောက်လာခဲ့သည်။ လမ်းလျှောက်နေစဉ် သန္တာက "လွှတ်ပါ .. မကောင်းပါဘူး" "မှန်းလိုက်မယ်" စသည်ဖြင့်အမျိုးမျိုး ချော့တစ်ခါ၊ ခြောက်တစ်လှည့် ပြောပေမဲ့၊ သူဘာမှပြန်မပြောတော့ဘဲ မသိကျိုးကျွံပြုထားလိုက်၏။

သန္တာသည် ကားပေါ်သို့လုံးဝမတက်ရဲဘဲ၊ ပေကပ်ကပ်လုပ်နေပြီးမှ

" သန္တာငိုမိတော့မယ်၊ လက်ကိုလွှတ်ပါတော့ .. "

သူခေါင်းကိုသာ ခါယမ်းပြလိုက်သည်။ နောက်ဆုံးတွင် သူမ အမှန်တကယ်စိုးရိမ်ကြောက်ရွံ့လာပြီးငိုချင်သောမျက်နှာလေးနှင့်

" သန္တာအဖြေပေးပါတော့မယ်၊ သန္တာ့ကိုအိမ်ကိုပြန်ပို့ပါ "

" ဒါဖြင့်ပြောလေ .. သန္တာ .. "

" သန္တာ .. ချစ်ပါတယ် "





ဟု တုန်ရီလှိုက်မောစွာ အဖြေပေးတော့သည်။

ထိုစကားသံကို ယနေ့ထက်တိုင်ကြားယောင်နေမိသည်။ ထိုစဉ်က မြင်လိုက်ရသော သန္တာဖြူ၏ မျက်နှာလေးကိုလည်း အစဉ်သဖြင့် မြင်ယောင်မိသည်။ အချစ်သည် သူတို့နှစ်ယောက်ကြား၌ အတားအဆီးမရှိ စီးဆင်းခဲ့ပြီဖြစ်သည်။

သူသည် သူမ၏လက်ကို လွှတ်ပေးပြီး

" သိပ်ကြောက်သွားသလား .. သန္တာရယ် .. တို့က တမင်ချိန်းခြောက်ကြည့်တာပါ " ဟု ပြောကာ ရယ်မောလိုက်သည့် အခါ သူမသည် ရှက်ရွံ့သောအမူအရာဖြင့် လက်မောင်းကို တဒုံးဒုံး ထုရိုက်လေတော့သည်။

* * * * * * * * *

(၃)

ချစ်ရသော သန္တာဖြူသည် ကိုယ်တိုင်မာနတရားရှိသော်လည်း သူနှင့် ပတ်သက်လျှင် တင်းမာခက်ထန်မှုမရှိခဲ့ချေ။ အစဉ်သဖြင့် ပျော့ပြောင်း ညင်သာစွာ ပြောဆိုတတ်သည်။ ချစ်သူ၏ ...လှုပ်မှုတို့သည် သူ့အတွက် တော့ လှပသော ကဗျာတစ်ပုဒ်ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

သူသတိထားမိသည်မှာ သန္တာဖြူသည် ညီမဖြစ်သူအပေါ်၌ အလွန်တစ်ရာ ချစ်ခင်တွယ်တာလွန်းခြင်းပင်ဖြစ်သည်။ ညီမဖြစ်သူနှင့် ပတ်သက် သော့ကိစ္စရပ်တိုင်းသည် သူမအဖို့ အရေးကြီးသည်သာ ဖြစ်၏။

" သန္တာဆီကို ညီမလေးက ဓါတ်ပုံရိုက်ပြီးပို့လိုက်တယ် ..မောင်"

သူလက်ထဲသို့ ဓါတ်ပုံတစ်ပုံကို လှမ်းပေးသည်။ သူကြည့်လိုက်၏။ ကိုယ်တစ်ပိုင်းဖြတ် ရိုက်ထားသည့်ပုံ၊ မျက်နှာအသွင်အပြင်ကို ထင်ရှားစွာမြင်ရ၏။ ငယ်ရွယ်နုပျိုသည့် အသွင်နှင့် ကောင်မလေး တစ်ယောက် ..

" နောက်မှာ ပုလဲက စာရေးပေးထားသေးတယ် "

ဟု သတိပေးသည့်အတွက် သူလှန်ကြည့်လိုက်သည်။

'ဒီနှစ်ဆယ်တန်းအောင်ပြီးရင်
အတူတူနေကြမယ် ဆိုတဲ့စကားကို
မမသန္တာ မမေ့ပါနဲ့နော်
ချစ်သောညီမငယ်
ပုလဲဖြူ'

အောက်ဖက်တွင် နေ့စွဲရေးထားသည်။

အင်ပါယာစာပေ



ပုလဲဖြူ၏ပြင်းပြသောဆန္ဒကိုသူသတိထားမိလိုက်သည်။ ပုလဲဖြူရောက်လာလျှင်သူ့မှာပို၍ကျဉ်းကျပ်လာလိမ့်မည်ထင်သည်။ သနုပင်သန္တာဖြူ၏ ဒေါ်လေးတို့မသိအောင် ပုန်းလျှိုးကွယ်လျှိုး ဆုံတွေ့ နေရသည်မဟုတ်ပါလား။ '

" ဒီနှစ်ဆယ်တန်းအောင်ပြီးရင်တော့သန္တာဆီကိုခေါ်ထားတော့ မယ်၊ တစ်နှစ်တစ်ခါသွားသွားပြီးတွေ့နေရတာစိတ်ပျက်လှပြီ၊ သူကလည်း သန္တာနဲ့အမြန်ဆုံးတွေ့နိုင်ဖို့စာကြိုးစားနေပါတယ်တဲ့၊ သူ့ကို ဆယ်တန်းအောင်ရင်ခေါ်ထားမယ်လို့သန္တာက ကတိပေးထားတယ်လေ .. "

"ဒီညီမလေးအပေါ်သန္တာဘယ်လောက်ချစ်တယ်ဆိုတာ တို့သဘော ပေါက်ပါတယ်၊ သန္တာရဲ့ညီမဟာတို့ရဲ့ညီမပဲပေါ့၊ ပုလဲဖြူရန်ကုန် ရောက်လာ ခဲ့ရင်ကျောင်းကိစ္စပဲဖြစ်ဖြစ်၊ အလုပ်ကိစ္စပဲ ဖြစ်ဖြစ်၊ အခြား ဘာကိစ္စပဲဖြစ်ဖြစ် တို့အတတ်နိုင်ဆုံးကူညီစောင့်ရှောက်ပေးသွားမှာပါ .."

"ဘာလဲ၊ ပုလဲဖြူ ကျောင်းမြန်မြန်ပြီးလို့အလုပ်မြန်မြန်ရရင် သန္တာနဲ့အမြန်ဆုံး၊ နိုးစပ်မယ်ဆိုတဲ့သဘောလား .. "

ဟု ..သန္တာက ရယ်ရယ်မောမောနှင့် လှမ်း၍နောက်သည်။

* * * * * * * * * *

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

လက်ဖက်ရည်ဆိုင်ထိုင်ခါစက ကြည်လင်သာယာနေသော ကောင်းကင်သည် ယခုတော့ မိုးသားတိမ်ညိုအုပ်ဆိုင်းလာသဖြင့် ဝန်းကျင် တဝိုက် မှောင်ရီသွားသည်။

သူတို့ထိုင်နေသည့် လက်ဖက်ရည်ဆိုင်က ရန်ကုန်မြို့ထဲတွင် မဟုတ်ပါ။ မြို့မှအထွက် ပဲခူးအသွားကားလမ်းမ၏ နံဘေးတွင် ဖြစ်သည်။ ဤနေရာသည် အေးဆေးငြိမ်သက်ပြီး၊ လယ်ကွင်းများကို လှမ်းမြင်ရသည့် နေရာဖြစ်သည်။ အသိမိတ်ဆွေများနှင့် မထင်မှတ်ဘဲ မဆုံတွေ့နိုင်သော ဤနေရာသို့ သူ တကူးတက ရွေးချယ်ပြီးသန္တာအား အတင်း ခေါ်ဆောင်လာခဲ့ သည်မှာ ပထမဦးဆုံး အကြိမ်ဖြစ်သည်။

ထို့အပြင် ပထမဦးဆုံးအကြိမ်အဖြစ် ဒေါ်လေးတို့နှင့် ပြဿနာတက်ရသည့်အကြောင်းကို သန္တာ ပြောပြသည့် နေ့လည်းဖြစ်သည်။

" မောင်နဲ့သန္တာတို့ ချစ်နေကြတဲ့အကြောင်းကို ဒေါ်လေးတို့ သိသွားကြတယ်၊ ပိုဆိုးတာက မောင့်အကြောင်း မဟုတ်တာတွေကို သိသွားကြတာပဲ "

" ဘယ်ကနေတစ်ဆင့် သူတို့သိသွားကြတာလဲ "





" အဲဒါ သန္တာလည်းမပြောတတ်ဘူး၊ ဒါပေမယ့် အဲဒီလူဟာ မောင်နဲ့ပတ်သတ်ပြီး အကောင်းမမြင်တာကတော့ သေချာတယ်၊ သူပြောတာက မောင်ဟာ ပြဿနာကောင်တဲ့၊ စားသောက်ဆိုင်တွေမှာ သောက်စားမူးယစ်ပြီး မကြာခဏ ရန်ဖြစ်တတ်တဲ့လူတဲ့၊ မောင်ဟာ သစ္စာမရှိ၊ ကတိမတည်တဲ့ လူတစ်ယောက်တဲ့၊ မောင်တို့တစ်မိသားစုလုံး ကလည်း ကိုယ့်ဘက်ကိုယ်ကြည့်တတ်တဲ့ အတ္တသမားတွေချည်းပဲတဲ့"

" အင်း .. ဒုက္ခပါပဲ၊ ဘယ်သူကများ ဒီစကားတွေကို ပြောတာ ပါလိမ့် ၊ကိုယ်မိသားစုကိုတော့ သန္တာတွေ့ဖူး မြင်ဖူးသားပဲ "

" သန္တာနားလည်ပါတယ်၊ ဒါပေမယ် မောင့်ကို လူရမ်းကား တစ်ယောက်အနေနဲ့ ဒေါ်လေးတို့က သိသွားတော့ သန္တာ့ကို ဆူကြတာပေါ့၊ အစကတည်းက မောင်နဲ့ချစ်နေတဲ့အကြောင်းတွေကို သန္တာ အသိမပေးမိတာလဲ သန္တာ့ အမှားပဲ၊ ဒေါ်လေးတို့က သူတို့ကို ဘာကြောင့် ကြိုတင်အသိမပေးတာလဲ၊ သူတို့နဲ့မတိုင်ပင်ဘဲ ခိုးကြောင်ခိုးဝှက်လုပ်ရမလား၊ အဲဒီလို သန္တာအသိမပေးရဲတာကို ဒေါ်လေးတို့က တစ်မျိုးထင်သွားကြတယ်၊ မောင်ဟာ လူကောင်း တစ်ယောက်မဟုတ်လို့၊ သူတို့သဘောမကျနိုင်တဲ့ လူတစ်ယောက် ဖြစ်နေလို့ အသိမပေးတာတဲ့ "

ဖြစ်တည်လာသည့် ဒေါသစိတ်ကို ကြိတ်မှိတ်မြိုချပြီး၊

" တို့ .. ပြောသားပဲ၊ တို့ .. သန္တာရဲ့ဒေါ်လေးတို့မိသားစုနဲ့ တွေ့ပါ့ မယ်လို့လေ၊ အခုတော့ သူများဆီက စကားဦးသွားခဲ့ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုကြိုတင်ပြီး မျက်မှန်စိမ်းနဲ့ မြင်နေတော့မယ် .. "

"ဟုတ်တယ်နော် .. သန္တာလည်း အဲ့ဒီလိုဖြစ်လာလိမ့်မယ်လို့ မထင်ဘူး "

" ကဲ .. သန္တာ.. ဘာဆက်လုပ်မှာလဲ၊ ဒီစကားတွေ မဟုတ်မမှန်ပါဘူးလို့ တို့ လိုက်ပြီးရှင်းပြပေးရမှာလား "

" အခုလောလောဆယ်ဆယ်တော့ လိုက်ပြီး မရှင်းပြပါနဲ့ဦး၊ တော်ကြာ မောင်စိတ်မရှည်နိုင်ဘဲ တစ်ခုခုဖြစ်သွားမှာကို သန္တာ စိုးရိမ်တယ် .. "

သူသက်ပြင်းကိုသာ မှုတ်ထုတ်လိုက်ရသည်။

" မောင်ဘာမှ မလုပ်ပါဘူး .. သန္တာရယ်၊ စိတ်ချပါ "

" ခဏတော့သည်းခံပြီး စောင့်ပါဦး၊ သန္တာလည်း အတတ်နိုင်ဆုံးရှင်းပြပါမယ်၊ အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်လာမှာပါ..မောင်"

" အမှန်တရား နောက်ကျသွားမှာလည်း စိုးရိမ်ရတယ် "

" မောင် သန္တာ့ကိုတော့ ယုံကြည်ပါ၊ သန္တာ မောင်ကလွဲပြီး ဘယ်သူ့ကိုမှလည်း မချစ်ပါဘူး၊ ဘယ်သူ့ကို မှလည်း လက်မထပ်ပါဘူး ၊ သန္တာ ကတိပေးပါတယ် "

သူစိတ်မကောင်းစွာဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး၊ " သန္တာ့ကို တို့ယုံပါတယ်၊ တို့ သန္တာ တစ်ယောက်ထဲကိုပဲ ချစ်ခဲ့တာပါ " ဟု ပြောလိုက်သည်။





သန္တာသည် မိုးသားတိမ်တိုက်တို့ကြောင့် ညှိုမှိုင်းသွားသည့်ကောင်းကင်ကို ယခုမှ သတိထားမိဟန် လှည့်ပတ်ကြည့်ရှုလိုက်ပြီးနောက် အိမ်အပြန်နောက်ကျမည့် အရေးကို စိုးရိမ်မှုပန်သွားသည့်အသွင်ဖြင့် လက်မှနာရီကို ဖြတ်ကနဲ ငုံကြည့်လိုက်သည်။

ထို့နောက်

" သန္တာတို့ပြန်ကြရအောင်၊ ရုံးဆင်းချိန် ရောက်တော့မယ်.."

သူကခေါင်းညိတ်လိုက်ပြီး

" ခဏလေး၊ သန္တာ့ကို မောင်စကားပြောစရာရှိသေးတယ် "

" ကားပေါ်ရောက်မှ ပြောပါလားမောင်ရယ်၊ အိမ်ပြန်သိပ်နောက်ကျလိမ့်မယ်၊ ခါတိုင်းနေ့တွေ အိမ်အပြန်နောက်ကျတာအကြောင်း မဟုတ်ပေမယ့်၊ အခုလို ဒေါ်လေးတို့သိသွားတဲ့ အချိန်မှာနောက်ကျလို့ မကောင်းဘူး၊ တော်ကြာ တစ်မျိုးထင်ကြလိမ့်မယ်၊ သန္တာက ဒေါ်လေး တို့ မျက်နှာကို ကြည့်ပြီးနေရတဲ့လူပါ .. "

"စိတ်ချပါ၊ သန္တာ့ကိုမိနစ်နှစ်ဆယ်အတွင်း အိမ်ကိုအရောက်ပေးပါ့မယ်၊ တို့ခုချက်ချင်း သိချင်နေတဲ့ မေးခွန်းကို မေးပါရစေဦး "

" မြန်မြန်မေးပါ မောင်ရယ် "ဟု သန္တာဖြူက စိတ်ဂဏှာငြိမ်သည့် အမူအရာနှင့် လှုပ်လှုပ်ရှားရှားပြောလိုက်သည်။

" သန္တာရဲ့ ဒေါ်လေးတို့က တို့နဲ့ မတွေ့ရတော့ဘူးဆိုရင် ဘယ်နဲ့ လုပ်မလဲ "

" အခုလိုပဲခိုးတွေ့နေမှာပေါ့ "



www.burmeseclassic.com

www.burmeseclassic.com



" အဲဒီလိုခိုးတွေ့နေမယ်ဆိုရင် သန္တာ့ကို သူတို့အိမ်မှ မထားနိုင်ဘူး၊ သန္တာတို့ညီအစ်မနဲ့ပတ်သက်ပြီး တာဝန်မယူတော့ပါဘူး လို့ ပြောခဲ့ရင်ကော ဘယ့်နှယ်လုပ်မလဲ "

သူမငြိမ်ဆိတ်သွားသည်။ ရှေ့ဆက်ပြီး ဖြစ်လာနိုင်သည့် အခြေ အနေများကို ကြောက်ရွံ့ပူပန်စွာတွေးတောနေဟန်တူသည်။ ပြီးမှ အလွန်တိုးတိတ်သောလေသံနှင့် ။

" ညီမလေးအတွက်စဉ်းစားရမယ် " ဟု သူ့ကိုမကြည့်ဘဲ ပြောလိုက်သည်။

သူမသည်နှလုံးသားကိုစတေး၍ ညီမဖြစ်သူအတွက် ရပ်တည်လိမ့်မည်မှာအသေအချာပင်။ ချစ်ရသူကိုအပြစ်မတင်ရက်ပဲ ဤပြဿနာ၏ ရင်းမြစ်ဖြစ်သော သူမ၏ဒေါ်လေးတို့နှင့် သူ ရင်ဆိုင် ဖြေရှင်းရမည့်အချိန်ဖြစ်လာပေလိမ့်မည်။

" ညီမလေးအတွက်စဉ်းစားရမယ် ဆိုတဲ့ သန္တာရဲ့စကား တို့ သဘောကျတယ်။ သန္တာလိမ်ညာမပြောဘူး။ ရင်ထဲကရှိတဲ့အတိုင်း ပြော လိုက်တဲ့စကားပဲ။ အဲဒီလိုရိုးသားတဲ့ချစ်သူကို တို့ပိုပြီးချစ်တယ် ပိုပြီးမြတ်နိုးပါတယ်။ သန္တာသာ ဒီကမ္ဘာလောကမှာ သက်ရှိထင်ရှား ရှိနေမယ်ဆိုရင် တို့မရ ရအောင် တိုက်ခိုက်ရယူဖို့ အဆင်သင့်ပဲဆိုတာ ယုံကြည်ထားပါ။ ဘယ်သူတွေဘယ်လိုပဲတားဆီးပါစေ..တို့ဂရုမစိုက် ပါဘူး၊ သန္တာရဲ့ဒေါ်လေးတို့လည်းတစ်နေ့နေ့မှာတို့ရဲ့နှလုံးသား ကိုသိမြင်ရပါလိမ့်မယ် "





ဟုပြောပြီး၊ သူ ထရပ်လိုက်သည်။ နာရီကို တစ်ချက် ငုံ့ကြည့်ပြီး၊ " အချိန်မီပါသေးတယ်၊ တို့တွေပြန်ကြရအောင် .. " ဟု ပြောလိုက်သည်။ ထိုအခါ သူမသည် သွက်လက်မြန်ဆန်စွာဖြင့် သူ၏ နောက်မှလိုက်ပါလာခဲ့၏။

* * * * * * * * * *

(၅)

လောကဓံ့သာမာန်လူတို့သည် မည်သည်ကလာခဲ့သည်။ မည်သည့်ဆီသို့သွားမည်။ မည်သည့်အချိန်သွားမည်ဟု မသိကြသည့် အကြောင်းအချက်သုံးခုရှိသည်ဟူ၍ ဆိုမိန့်စကားရှိလေ၏။

အိပ်မက်ဆိုးတစ်ခု၏အစသည် မည်သည့်နိမိတ် အရိပ် အယောင်မျှ မယှက်သန်းပါပဲ ရုတ်တရက်ရောက်လာခဲ့သည်။ ထိုနေ့က သူတို့ကားမောင်း၍ပြန်လာကြသည့်အချိန်တွင် မိုးသည် ရွာ မယောင်ဟန်နှင့် မဲမှောင်လျက်ရှိသည်။ သူသည် ကားကို အရှိန်နှုန်း မြင့်ကာ မောင်းနှင်နေသည်။ သူ့စိတ်ထဲတွင် သန္တာဖြူအား အိမ်အပြန် နောက်မကျ စေချင်သည့်အတွေးက ကြီးစိုးနေသည်။

အချိန် သိပ်မကြာမီ ဖြည်းညှင်းစွာမောင်းနေကြသော



www.burmeseclassic.com

www.burmeseclassic.com



ကုန်တင် ကားတန်းတစ်ခု၏ နောက်သို့ရောက်လာ၏။ သတိထားကြည့်လိုက်သည့်အခါ ကုန်တင်ကားသုံးစီးဖြစ်၏။ တစ်ဖက်မှယာဉ်ကြောအရှင်းကိုကြည့်ရင်း လမ်းတောင်းလိုက်သည်။ ကုန်တင်ကားများဆီမှ တုန့်ပြန် အချက်ပြမှုမရှိပဲ အေးဆေးစွာမောင်းနှင်နေကြသည်။ ကားကိုကပ်လိုက် ရင်း စောင့်ကြည့်သေးသည်။

သို့ရာတွင် လမ်းဖြတ်သုံးလေးခုလွန်လာသည့်တိုင် ဤပုံစံအတိုင်း မပျက်ယွင်းဘဲရှေ့ကပိတ်ဆီးထားကြသည်။ ထို့ကြောင့် သူစိတ်မရှည်နိုင်လောက်အောင်ဖြစ်လာပြီး တစ်ဖက်ယာဉ်ကြောရှင်းသည့်အချိန်တွင် ရှတ်ခြည်းအမြန်နှုန်းမြှင့်တင်ပြီး ထိုကားကြီးများကို ကျော်တက်လိုက်သည်။

သန္တာဖြူက ရုတ်တရက်စိုးရိမ်စိတ်နှင့် " မောင် " ဟု လှမ်းအော်သည်။ တစ်ဖက်ယာဉ်ကြောမှကားများ ဆက်တိုက် တွေ့လိုက်ရသည်။ ထိုကားများထဲမှ ကားကြီးတစ်စီးက နံဘေးသို့ တိုးထွက်လာသည်။

ရုတ်တရက်ကျဉ်းမြောင်းသွားသည့်ထွက်ပေါက်၊သူ၏စိတ်မှန်းနှင့်ဆိုလျှင် သေချာပေါက်လွတ်နိုင်သည်ဟုသိ၏။ ထို့ကြောင့် အရှိန်ထပ်မြှင့်ပြီး ကားနှစ်စီးကြားထဲမှ ဖြတ်ထွက်ရန် ဦးတိုးဝင်လိုက်သည်။

" အမလေး " ဟု အော်ဟစ်သံနှင့်အတူ သန္တာဖြူသည် ကြောက်လန့်တကြားဖြင့် သူကိုပွေ့ဖက်လိုက်သည်။ သူလုံးဝမျှော်လင့်





မထားသည့် အပြုအမူ ဖြစ်သည်။ ထိုအပြင်သူမ၏ ရှည်လျားသောဆံနွယ်စများက သူ့မျက်နှာပေါ် လွင့်ကနဲကျရောက်လာပြီးရုတ်တရက်မြင်ကွင်းပျောက် သွားသည်။

ဤသည်မှာအမှားအယွင်းတစ်ခုဖြစ်သဖြင့် သူအစွမ်းကုန်အော်ဟစ်၍ သတိပေးရန် ကြိုးစားလိုက်၏။

" မလုပ်နဲ့သန္တာ မလုပ်နဲ့ " ဟုအော်ဟစ်ရင်း ကားကို လွတ်မြောက်ရန် တစ်ဖက်သို့ကွေ့ချလိုက်သော်လည်း နောက်ကျသွားပြီ။

" ဒုန်း " ဟု မြည်ဟီးသံနှင့် အတူ ကြီးမားလှသည့် အားအင်တစ်ရပ်က သူ၏ကိုယ်ခန္ဓာအား ခါယမ်းလိုက်သကဲ့သို့ ခံစားလိုက်ရ၏။ ကားတိုက်မိပြီဟူသောအသိက ရင်ခေါင်းထဲသို့ လှိုက်တက်လာသကဲ့သို့ ခံစားထင်မြင်လိုက်သည်။ ကား၏ရှေ့မှန်သည်ကွဲအက်၍တစ်စစီ လွင့်ကျလာ၏။

* * * * * * * * *

(၆)

ထိုအချိန်က သူသည် သန္တာဖြူနှင့်အတူ တစ်ခါတည်း



www.burmeseclassic.com

www.burmeseclassic.com


သေသွားသင့်ပါသည်။ သို့မဟုတ် ပြင်းထန်သည့်ဒဏ်ရာဒဏ်ချက်များနှင့်အတူ မေ့မျောသွားသင့်သည်။ ထို့နောက်ခြေလက်တို့ တစ်ခုခုကျိုးပဲ့ပြီး မသန်မစွမ်း ဒုက္ခိတတစ်ယောက် ဖြစ်သွားသင့်သည်။ သို့ရာတွင် သူ့၌ ပွန်းပဲ့ နာကျင်သည့်ဒဏ်ရာမှလွဲ၍ ဘာမှမဖြစ်ခဲ့ပါ။

သူ၏အမှတ်သညာတို့သည် တစ်ခဏသာ ပြာဝေမှုန်မှိုင်းသွားပြီး တောက်လျှောက်ကောင်းမွန်နေခဲ့၏။ အားလုံးကိုသူမြင်သိ၍ မှတ်မိနေသည်။ ကံကောင်းထောက်မစွာဖြင့် မည်သို့မျှမထိခိုက်ခဲ့ခြင်းသည် အမှန်တကယ်မူ သူ့အတွက် ကံဆိုးခြင်းဖြစ်ခဲ့ရသည်။

ကြောက်လန့်တကြားပွေ့ဖက်လိုက်သော သန္တာဖြူ ၏ ကိုယ်ခန္ဓာက သူ့အား အကာအကွယ်ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။ သူ မည်သို့မျှ ဖြေမဆည်နိုင်တော့ပါ။ တကယ်တော့ သူ့ဖက်က အထိအခိုက်အများဆုံး ဖြစ်သည်။ သန္တာဖြူ သာ သူမထိုင်နေခဲ့သော ခုံတွင် ရှိနေမည် ဆိုပါက ယခုကဲ့သို့ သေဆုံးသွားလိမ့်မည်မထင်ပါ။ အကယ်၍ သူမ ကြောက်လန့်တကြားနှင့် သူ့အား မပွေ့ဖက်ခဲ့လျှင် သူမ၏ဆံနွယ်စများက သူ့မျက်နှာပေါ် ဖုံးအုပ်လာမည် မဟုတ်သောကြောင့် ထိုကားများကြားမှ သူတို့ အသေအချာ လွတ်မြောက်အောင် မောင်းထွက်နိုင်ပေလိမ့်မည်။ ယခုတော့ ကံတရားက ပြောင်းလဲသွားခဲ့ပြီ။

မှားယွင်းသည့်ကံတရားနှင့်အတူ သူ့အပေါ်သို့ မှားယွင်းသည့် ထင်မြင်ယူဆချက်များက အသည်းခိုက်အောင် နာကျဥ်စေသည့် မြားချက်များနည်းတူ တရစပ် စိုက်ဝင်လာခဲ့ကြသည်။

"သန္တာဖြူကို သူသတ်ပစ်လိုက်တာ" တဲ့။

*********

(၇)

"အဲဒီအမှားဟာ ကျွန်တော့်ကြောင့် ဖြစ်ရတာပါ။ ကျွန်တော်
ယ်လိုမှ စိတ်ဖြေပြီးတွေးလို့မရဘူး။ ကျွန်တော့်အတွက် ဖေဖေတို့
ာမှ မကြိုးစားကြပါနဲ့။ ဒီအပြစ်ဒဏ်ကို ကျွန်တော်လုံးဝမငြင်းဆန်ပဲ
ခံပါ့မယ်။ ကျွန်တော့်ကိုဘာမှ မပြောပါနဲ့တော့"

ဟု သူ နာကျည်းဆို့နင့်စွာ ပြောနေမိသည်။ အေးစက်မာကျော
ည့် သံတိုင်များကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။

သန္တာဖြူ၏နောက်ဆုံးခရီးကိုသူလိုက်ပါ၍ မပို့ဆောင်နိုင်ခဲ့
မှောင်မည်းမည်းအခန်းကျဉ်းထဲမှာ သူငေးငိုင်၍ထိုင်နေသည်။

"ဖေဖေတို့အတတ်နိုင်ဆုံးတော့ ကြိုးစားမှာပါ..သား။ ဒါပေမဲ့
န္တာဖြူ ရဲ့ဒေါ်လေးတို့ကတော့ ဖေဖေတို့ကို ခါးခါး သီးသီး ငြင်းဆန်ပြီး
ခွဲနေကြတာပဲ။ ဖေဖေတို့က သူ့ရဲ့ဈာပန ကိစ္စအဝဝ ကိုတာဝန်



www.burmeseclassic.com

www.burmeseclassic.com

ယူမယ်။လိုအပ်တဲ့ငွေကြေးကိုစိုက်ထုတ်ပြီးပေးပါ့မယ်။ သေဆုံးသွားသ
ရဲ့ညီမဖြစ်တဲ့ကလေးမကိုလည်း ဖေဖေတို့မွေးစားပါ့မယ်လို့ ပြော
ပါတယ်။အဲဒီမှာသူတို့ကဖေဖေတို့ကိုတစ်မျိုး ထင်မြင်သွားကြတ
ကွယ်။ဒီအမှုပေါ်သွားအောင်၊ ကျေအေးခွင့်ရအောင်ငွေတတ်နိုင်တဲ့လူ
တွေမို့ လို့ ငွေစကားပြောတယ်လို့ ထင်ကြတယ်။ သန္တာဖြူ ကို သာ
သတ်ပစ်လိုက်တယ်လို့ စွပ်စွဲကြတယ်၊ သားက ကားမောင်းရတဲ့
ဖြစ်လို့တိုက်တော့ မဲ့အချိန် မှာ ကိုယ့်ဘက်ကိုအတိုက်မခံဘဲ သူ့ဘက်
ပေးတိုက်ပစ်တာလို့ ပြောကြတယ်။ သန္တာက သေဆုံးသွားပေမယ့်
သားကဘာမှမဖြစ်တာကို ကြည့်စမ်းပါတဲ့ .. ”

သူ့အနေနဲ့ တုန့်ပြန်ဖြေရှင်းလိုစိတ်မရှိတော့။ ကံကြော
ထောက်မစွာ လွတ်မြောက်လာခြင်းကပင် အပြစ်တစ်ခုဖြစ်နေပြီထ
သည်။ တကယ်တော့လည်း သူ၏စိတ်မရှည်နိုင်မှုက သူမအား ကံကြ
ဆိုးနှင့် ကြုံတွေ့စေခဲ့၏။ သူနှုတ်ခမ်းကို တင်းတင်းဖိပိတ်၍ အံကြိ
ထားမိသည်။ ချစ်သူရှိမနေတော့မှ လွတ်လပ်သည့် အချိန်ကာလ
လည်း သူ မလိုချင်တော့ပါ။

“ဖေဖေ ကြိုးစားလည်း အပိုပဲဖြစ်ပါလိမ့်မယ်။ ကျွန်တော်ဒီအ
ချိန်မှာ အရာအားလုံးကို ခေါင်းငုံ့ခံဖို့ ဆုံးဖြတ်ပြီးပါပြီ။ သူ့အတွက်
ကျွန်တော် တစ်ခုခု ပေးဆပ်ရမှ ကျေနပ်နိုင်မယ်။ ကျွန်တော် အဲ့ဒီအချိ
ထဲက တစ်ခုခု ဖြစ်ခဲ့ရမှာ၊ ဒါတွေဟာ ကျွန်တော့အပြစ်ကြောင့်ပဲ ..”

မျက်ဝန်းတွင် ပိတ်ဆီးလာသော မျက်ရည်များကို သူ ဖယ်





ထုတ်ရန် မကြိုးစားပါ။ အားအင်များ ကုန်ခမ်းသွားသကဲ့သို့ ခံစားရပြီး
ဆုတ် နံရံကို ကျောမှီထားလိုက်ပါသည်။

*********


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

### (၁)

သူ အိမ်ပြန်ရောက်သည့် ပထမဆုံးနေ့ဖြစ်သဖြင့် ဖေဖေ၊ မေမေတို့က စားသောက်စရာအစုံအလင်၊ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားကြသည်။ ရေခဲသေတ္တာထဲတွင် သူသောက်တတ်သည့် ဘီယာဗူးများကိုပင် ကြိုတင်၍ ထည့်ပေးထားကြသည်ကို သူ မြင်ရသည်။

" သား .. ကြိုက်သလို လွတ်လွတ်လပ်လပ်နေပါ၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အားမနာပါနဲ့၊ သား စားချင်တာရှိရင် ဖေဖေတို့ကိုပြောပေါ့၊ အားလုံးစီစဉ် ပေးမယ် "

ဖေဖေတို့သည် ဘိုယာတို့၊ အရက်တို့ အိမ်တွင်သောက်ခြင်းကို မည်သည့်အခါကမျှ ခွင့်ပြုခဲ့ခြင်း မရှိချေ။ ယခုလည်း သူကြိုက်သလို သောက်နိုင်သည်ဟု တိုက်ရိုက်မပြောပါ။ " အားမနာနဲ့ " ဟုသာ အရိပ်အခြ မြွက်ပြောသည်။

ယခင်အချိန်တုန်းတော့ သူသည် အပေါင်းအသင်းမိတ်ဆွေ များနှင့်ကြုံလျှင် အပြင်၌ သောက်စားပြီး တစ်နေရာရာ၌အိပ်ကာ မနက်မိုးလင်းတော့မှ အိမ်ပြန်တတ်သည်။ ယခုလည်း ဖေဖေ၊ မေမေတို့ ရှေ့တွင် သူ သောက်ဖို့ စိတ်မကူးပါ။

တစ်ကယ်တော့ သူ အရက်သောက်ခြင်းကို စွန့်လွှတ်ဖို့ ဆုံးဖြတ် ထားတာပါ။

လောလောဆယ်တွင် သူသည် သန္တာဖြူတို့နှင့် အတူ ကုမ္ပဏီ တစ်ခုထဲ၌ အလုပ်လုပ်သော ကျော်လွင့်ကို တွေ့ချင်သည်။ ထို့ကြောင့် ကျော်လွင်၏ ဖုန်းနံပါတ်ကို ပြန်ရှာပြီး လှမ်း၍ဆက်လိုက်သည်။

တစ်ဖက်မှဖုန်းကိုင်သည့်လူက ကျော်လွင်အားခေါ်ပေးမည်၊ ခဏ .. ကိုင်ထားပါ ဟုပြန်ပြောသည်။ ဖုန်းကိုင်ထားပြီး စောင့်နေ သည်ကို ဖေဖေတို့ တစေ့တစောင်းအကဲခတ်စောင့်ကြည့်နေသည်။

ခဏအကြာတွင် ကျော်လွင်ရောက်၍ဖုန်းကိုင်သည်။

" ငါ ညီဇော်မင်းပါကွ .. မင်းအခုဘာလုပ်နေလဲ .. "





" အခုက ရုံးချိန်ဆိုတော့ နည်းနည်းပါးပါး အလုပ်လုပ်နေတာ ပေါ့၊ ဒါနဲ့ မင်းဘယ်နေရာက ဆက်နေတာလဲ .. "

" ငါ့အိမ်ကနေ ဆက်နေတာပါ .. "

" မင်းပြန်လွတ်လာပြီလား၊ ဘယ်နေ့ကပြန်လွတ်လာတာ လဲ .. ညီဇော်မင်း "

" ငါ ဒီနေ့ပဲပြန်လွတ်လာတာပါ၊ လောလောဆယ်ငါမင်းနဲ့ တွေ့ချင်တယ်၊ မင်းအလုပ်ပြီးရင် ငါနဲ့တွေ့နိုင်မလား၊ ငါမင်းကိုပြောစရာ စကားတွေရှိတယ် .. "

" ရုံးဆင်းရင်တော့ တွေ့လို့ရပါတယ်၊ ငါမင်းရဲ့အိမ်ကိုလာခဲ့ရ မလား "

" မင်းအဆင်ပြေမယ်ဆိုရင် အိမ်ကိုပဲလာခဲ့စေချင်တယ် .. မင်းရောက်တော့မှ အပြင်ထွက်ပြီးစကားပြောကြတာပေါ့၊ ငါစိတ်ချပြီး စောင့်နေမယ်၊ ဒါပါပဲ "ဟုပြောကာ ဖုန်းပြန်ချလိုက်သည်။

သူဖုန်းဆက်နေသည့် တစ်ချိန်လုံး စောင့်ကြည့်နေသည့် မေမေကအပြင်ထွက်မှာကို စိုးရိမ်ကြောင့်ကြစွာဖြင့် လှမ်း၍ မေး သည်။

" သားရဲ့သူငယ်ချင်းနဲ့ အိမ်မှာပဲ စကားပြောဆိုကြပါလား၊ ဘာဖြစ်လို့အပြင်ထွက်ချင်ရတာလဲ၊ ကိုယ်က ဒီကနေ့ပဲလွတ် လာတာ၊ အိမ်မှာနေပြီးအနားယူပါလားကွယ်၊ သားတို့စားသောက်ချင်တာ မေမေ စီစဉ်ပေးပါမယ် "

" ကျွန်တော် အပြင်ထွက်ပြီး သောက်စားမှာမဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီသောက်စားတာကို ဖြတ်ပစ်လိုက်ဖို့ ဟိုမှာကတည်းက
သန္နိဋ္ဌာန်ချထားပြီးသားပါ၊ ဘယ်လိုအကြောင်းနဲ့မှ ကျွန်တော်ပြန်မ
သောက်တော့ဘူး၊ ကျွန်တော့်ကို စိတ်ချပါ .. မေမေ "

" .. သား .. တကယ်ပြောနေတာလား "

" တကယ်ပြောတာပါ၊ ဟိုတုန်းကသောက်စားခဲ့တာတွေမှာ
ကျွန်တော့်ရဲ့စိတ်မရှည်နိုင်တာ၊ သည်းမခံနိုင်တာတွေကြောင့် တစ်ခ
တစ်လေ ပြဿနာဖြစ်ရတယ်၊ ရန်ဖြစ်ရတယ်၊ ပြဿနာတွေက မကြ
ကျယ်ခဲ့ပေမယ့် ကျွန်တော့်ကို မလိုလားတဲ့လူတွေအတွက် ပြောစ
ဖြစ်ခဲ့တယ်၊ ကျွန်တော့်ကို လူရမ်းကားတစ်ယောက်၊ လူဆိုး တ
ယောက်လို ပြောကြတယ် "

" အင်း .. သားက စိတ်တိုတတ်တာမဟုတ်လား၊ အဲဒီ
စိတ်တိုတတ်တဲ့ လူတွေက မသောက်တာ အကောင်းဆုံးပဲ .. "

" အဲဒီကိစ္စတွေကြောင့် သန္တာရဲ့ဒေါ်လေးတို့က ကျွန်တေ
ကို သဘောမတူတာ၊ အဲဒီတုန်းကတော့ ကြားထဲကဝင်ပြီး အ
အထောင်လုပ်တဲ့လူတွေကို ကျွန်တော်မုန်းခဲ့တယ်၊ သူတို့နဲ့ ဘာ
လိုလဲ၊ ကျွန်တော်ဟာ လူမိုက်တစ်ယောက် မဟုတ်ဘူးဆိုပြီး စိတ်ဆ
တယ်၊ ဒါပေမယ့်ဟိုအထဲရောက်တော့မှ ကျွန်တော်ပြန်စဉ်းစားကြည့်
ကျွန်တော့်ရဲ့အမှားပါလို့ ကျွန်တော်ပြန်မြင်လာတယ်၊ သောက်
မူးယစ်ပြီး ရန်ဖြစ်တာကို ဘယ်သူက အကောင်းပြောနိုင်ပါမ
မကောင်းဘဲ ပြောတော့တာပေါ့ "





" သားတကယ်ပဲ စွန့်လွှတ်တယ်ဆိုရင် မေမေ သာဓုခေါ်ပါ
တယ်၊ ဒီအချိန်မှာ သားသောက်စားပြီး ရန်ဖြစ်ရင် ပိုပြီးပြောစရာ ဖြစ်လိမ့်
မယ်၊ ထောင်ထွက်လူမိုက်ဆိုတဲ့ တံဆိပ်ကြီးကြောင့် ဘယ်သူမှားမှား
သား မှားတယ်ဆိုပြီး သားအပေါ်ပဲ အပြစ်ဖို့ကြမှာပဲ .. "

" အဲဒါကို ကျွန်တော်လည်း သိပါတယ် .. မေမေ့ တစ်ခါသေဖူး
လို့ ကျွန်တော် ပျဉ်ဖိုးကို နားလည်သွားပါပြီ .. "

မေမေသည် ခေါင်းတစ်ဆတ်ဆတ်ညိတ်ပြီး ဧည့်ခန်းထဲမှ
ထွက်သွားသည်။ သူကတော့ ဆိုဖာဆက်တီခုံတွင် ခြေပစ်လက်ပစ်ထိုင်
ချလိုက်သည်။ ထို့နောက် လက်နှစ်ဖက်ကို တင်းတင်းကျစ်ကျစ်
ဆုပ်ကိုင် ထားလိုက်မိ၏။

**********

(၂)

ဖုန်းဆက်၍ခေါ်ထားသည့်အတိုင်း ကျော်လွင်သည် ရုံးဆင်း
သည်နှင့် တစ်ပြိုင်နက် သူ့အိမ်သို့ အပြေး ပေါက်ချလာသည်။

အချိန်ကာလများစွာ ကွဲကွာနေရသည့် သူငယ်ချင်းများ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့လျှင် ငယ်ကျိုးငယ်နာများကို ဖေါ်ထုတ်၍ နောက်ပြောက်ကျီစယ်တတ်ကြပေမယ့် ယခုကွဲကွာနေခြင်းက ကောင်းသောကွဲကာနေခြင်းမဟုတ်သဖြင့် ဝမ်းသာရုံမှအပ ရုတ်တရက် ဘာစကားပြောရမှန်း မသိအောင် ဖြစ်မိပါသည်။

" မင်းနေကောင်းတယ်နော် .. " ဟု ကျော်လွင်က မေးသည့်အခါ သူခေါင်းညိတ်လိုက်သည်။

"မင်းဆီကို ငါတစ်ခေါက်မှ လာမတွေ့မိတာခွင့်လွှတ်ပါ .. " ဟု တောင်းပန်သည်။ သူနားလည် လက်ခံနိုင်ပါသည်။

" မင်း ကူညီတာတွေကို ငါက ကျေးဇူးတင်ရမှာပါ .. ကျော်လွင်၊ ထောင်ထဲမှာ ရှိနေတုန်းက မင်းမရောက်ဖြစ်တာ ငါနားလည်ပါတယ်၊ ငါက ပျော်ပွဲစားထွက်နေတာမှမဟုတ်ဘဲ၊အဖေနဲ့အမေကိုတောင် လာမတွေ့ကြဖို့ ပြောပါသေးတယ်၊ အဲဒီအချိန်တုန်းက ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ အရာအားလုံးနဲ့ လုံးဝ အဆက်အသွယ်ဖြတ်တောက် ထားချင်စိတ်ဖြစ်နေ တယ် "

ကျော်လွင်သည် ကိုယ်ချင်းစာနားလည်စိတ်နှင့် အလိုက်သင့်ပြောသည်။

" အဲဒီအဖြစ်တွေ မေ့ထားလိုက်ကြတာ အကောင်းဆုံးပဲ၊ ပြန်တွေးမိရင် အဲနာဟောင်းကို တုတ်နဲ့ဆွမိသလို ဖြစ်နေလိမ့်မယ်၊ ဒီအချိန်မှာ စိတ်သစ်လူသစ်နဲ့ ဘဝကို တည်ဆောက်သင့်တယ် .."

" ဘဝဟောင်းကျ တည်ဆောက်လို့မှ မရတော့ဘဲ၊ ဒီအချိန်မှာ





ဘဝသစ်ကို တည်ဆောက်မယ်လို့ပဲ ပြောရတော့မှာပေါ့ .. "

" မင်း မေ့လို့မရသေးဘူးထင်တယ်၊ ညီဇော်မင်း "

" ငါသူကို မမေ့ပါဘူးကွာ၊ သူ့ကို မေ့ပျောက်ထားလို့ ရမယ်လို့လဲ ငါ မယုံကြည်ဘူး၊ နေ့လည်က ရွှေတိဂုံဘုရားကို ငါရောက်ခဲ့သေးတယ်၊ ဒီနေ့ဟာ သူ့ရဲ့မွေးနေ့လေ၊ ဒါကြောင့် ဘုရားမှာ ကုသိုလ်ကောင်းမှုတောင် လုပ်ခဲ့ပါသေးတယ် "

"ငါတို့လင်မယားနှစ်ယောက်ကလည်း ဒီအကြောင်းကို ပြောဖြစ်ကြသေးတယ်၊ ငါ့မိန်းမက သန္တာရဲ့သူငယ်ချင်းဆိုတာ မင်းသိပါတယ် နော် "

" အော် .. မင်းတို့တောင် ယူဖြစ်သွားကြပြီကိုး .. " ဟု သူ တီးတိုးရေရွတ်လိုက်ပါသည်။

" ကလေးတောင်တစ်ယောက်ရနေပြီ၊ အခုတော့ ငါလည်း မိသားစုအတွက် ရှန်းကန်လှုပ်ရှားနေရပြီလေ "

" တစ်ခြား အကြောင်းတွေလည်း ပြောစရာရှိသေးတယ်၊ အိမ်မှာတော့ မပြောချင်ဘူး၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားပြောကြရအောင် "

ဟု သူပြောလိုက်သဖြင့် ကျော်လွင် ထိုင်ရာမှ ထရပ်လိုက်သည်။ မေမေက နောက်ဖေးခန်းက ထွက်လာပြီး ကျော်လွင်အားနှုတ်ဆက်စကား ပြော၏။ ထို့နောက် သူတို့နှစ်ယောက် အိမ်မှ ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

သူထိုင်နေကျ လက်ဖက်ရည်ဆိုင်၏ ပတ်ဝန်းကျင်မြင်ကွင်းသည် ယခင်မြင်ကွင်းနှင့်မတူတော့ဘဲ ပြောင်းလဲသွားပြီဖြစ်သည်။ အသစ်ဆောက်လုပ်ထားသည့် တိုက်တာအိမ်ခြေများနှင့် ဈေးဆိုင်ခန်းအသစ်များကို မြင်တွေ့နေရသည်။

ပြောင်းလဲခြင်းနှင့် ထပ်တူလိုက်ပါနိုင်ခဲ့လျှင် ဤမျှသိသိသာသာသတိပြုနိုင်မည်မဟုတ်ပါ။ ယခုတော့ လုံးဝပြတ်တောက်သွားခြင်းကြောင့် အရာအားလုံးသည် အသစ်အဆန်းကဲ့သို့ ဖြစ်နေသည်။

စားပွဲပေါ်လာချပေးသည့် လက်ဖက်ရည်ခွက်ကို ကော်ကိုင်ပြီး၊ "သန္တာဖြူမှာ ညီမတစ်ယောက်ရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

ဟုမေးလိုက်သည့်အခါ ကျော်လွင်ကအထူးအဆန်းသဖွယ်ဆတ်ကနဲ လှမ်းကြည့်သည်။ ထို့နောက် ခေါင်းကိုညိတ်ပြသည်။

"အခုအဲ့ဒီကောင်မလေး ဘယ်မှာရှိနေတယ်ဆိုတာ မင်းသိလား"

"သန္တာရဲ့ညီမအကြောင်းကို မင်းဘာကြောင့်မေးရတာလဲ.. ညီဇော်မင်း"





" သူနဲ့ပတ်သက်ပြီး ငါ့မှာတာဝန်မကင်းဘူးလို့ ခံစားရတယ်၊ သူ့ ညီမကို သူဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်၊ သူ့ဘဝတစ်ခုလုံးကို ရင်းပြီး သူ့ညီမ လူလားမြောက်ချိန်ထိ စောင့်ရှောက်သွားဖို့ ဆန္ဒရှိခဲ့တယ်၊ ဒါပေမယ့် ကံဆိုးချင်တော့ ငါ့ကြောင့် သူ့ဆန္ဒ ပျက်သွားပြီလေ၊ သူ့ရဲ့ သဘောထားဆန္ဒတွေကို သိရှိနေခဲ့တဲ့ငါဟာ အဲ့ဒီဆန္ဒတွေကို ဖြည့်ဆည်းပေးချင်တယ် "

ကျော်လွင်သည် စိတ်မသက်မသာနှင့် သက်ပြင်းချလိုက်သည်။

" မဖြစ်နိုင်ဘူးထင်တယ်.. ညီဇော်မင်း၊ သန္တာဆုံးတဲ့အချိန်တုန်းကတည်းက မင်းရဲ့စေခိုင်းချက်ကြောင့် မင်းအဖေတို့က ရှေ့နေ၊ တရားသူကြီးတွေနဲ့ စာချုပ်စာတမ်း ခိုင်ခိုင်မာမာပြုလုပ်ပြီး၊ သန္တာရဲ့ညီမကို မွေးစားဖို့ခွင့်တောင်းခဲ့ကြသေးတာပဲ၊ အဲ့ဒီအချိန်တုန်းက ငါကိုယ်တိုင် လည်းရှိနေခဲ့တယ်၊ ဒါပေမဲ့ သူတို့က ခွင့်ပြုဖို့နေနေသာသာ မင်းဟိုကို ခါးခါး သီးသီး မုန်းနေကြပြီ "

" ငါသိပါတယ်၊ အခု ငါသိချင်နေတာက သူဘယ်မှာရှိနေတယ်ဆိုတာလောက်ပဲ၊ ငါသူ့ကို တစ်ခုခုကူအညီပေးနိုင်မလားလို့ပါ.."

" ငါလည်း မင်းတို့ပြဿနာဖြစ်ပြီးကတည်းက အဲ့ဒီအိမ်နဲ့ အဆက်အသွယ်ပြတ်သွားတယ်၊ သူတို့က ငါ့ကိုလည်း အမြင်ကြည်လင်ကြတာ မဟုတ်ဘူး၊ မင်းတို့နှစ်ယောက် ချစ်သူဖြစ်သွားကြတာ ငါ့ကြောင့်ပဲ လို့ သူတို့ ထင်ကြတယ် "


www.burmeseclassic.com

www.burmeseclassic.com



" ဒါပေမယ့်တစ်နည်းနည်းနဲ့တော့ စုံစမ်းပေးမါ၊ မင်းရဲ့မိန်းမက သိချင် သိလိမ့်မယ် "

" အေးလေ .. ငါအတတ်နိုင်ဆုံး စုံစမ်းပေးပါမယ် "

" ကျေးဇူးပဲကွာ၊ ငါလည်းတစ်ဖက်က စုံစမ်းဦးမှာပါ၊ ဒါပေမယ့် ငါ့ဘက်က ခရီးရောက်လိမ့်မယ် မထင်ဘူး "

လောလောဆယ် သန္တာရဲ့ညီမနှင့်ပတ်သက်၍ မည်သည့် အစီအစဉ်မှ ရှိမနေပါ။ သူမနေထိုင်နေသည့် နေရာကိုသာ သိချင်နေခြင်းဖြစ်သည်။

ကျော်လွင်ကတော့ ဤကိစ္စကို သဘောတူလိုသည့် အသွင်အပြင်မရှိပါ။ ပြီးခဲ့သည့်အဖြစ်အပျက်များကို မေ့ဖျောက်ပြီး ကိုယ့်လမ်းကိုသွားခြင်းက အကောင်းဆုံးဖြစ်လိမ့်မည်ဟု ထင်မှတ်ထားပုံရသည်။

သို့ရာတွင် ဤနေ့မှ လွတ်မြောက်လာသည့် သူငယ်ချင်းတစ်ယောက်၏ မျှော်လင့်ချက်ကို မတားဆီးမပိတ်ပင်ချင်သောကြောင့် ခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရသည်ထင်၏။

* * * * * * * * * *

(၄)

ပုလဲဖြူတို့ သီချင်းဆိုသည့် စားသောက်ဆိုင်သည် ခြံဝန်း





ကျယ်ကြီးများရှိသော ရပ်ကွက်တစ်ခုထဲတွင်ရှိပြီး တောင်ပူစာကဲ့သို့ ရှိသည့် ကုန်းမြင့်မြင့် တစ်ခု၏အထက်တွင်တည်ဆောက်ထားပါသည်။

ညအမှောင်ရိပ်၏အောက်တွင် ရောင်စုံမီးများကို သစ်ပင်များ၌ ချိတ်သန်း၍ အလှဆင်ထားပါသည်။ လမ်း၏ဝဲယာတွင် မြက်ခင်းများကို ပျိုးထား၏။ သူမတို့ စီးနင်းလိုက်ပါလာသည့် ကားသည် ထိုလမ်းအတိုင်း မောင်းတက်လာပြီး စားသောက်ဆိုင်၏ နောက်ဘက်နားတွင် ရပ်တန့်လိုက်သည်။

သူမတို့ မိန်းကလေးခြောက်ယောက်နှင့် တီးဝိုင်းအဖွဲ့သားယောက်ျားလေး နှစ်ယောက် လိုက်ပါလာသည်။ တီးဝိုင်းအဖွဲ့ထဲမှ တစ်ယောက်သည် တင်ထွန်းအောင်ဖြစ်သည်။ ဤကဲ့သို့ သီချင်း ဆိုဖြစ်ခြင်းမှာ တင်ထွန်းအောင်၏ကူညီ မှုကြောင့်ပင် ဖြစ်သည်။

အသွားအပြန်ခရီးနှင့် အစစအရာရာအတွက် တင်ထွန်းအောင်ကိုပဲ သူမ အားကိုးရသည်။ တစ်ပတ်တွင်သုံးရက်သာ ဖျော်ဖြေပြီး သောကြာ၊ စနေ၊ တနင်္ဂနွေ နေ့များဖြစ်သည်။ တင်ထွန်းအောင်နှင့် ကျန်သည့်လူများကတော့ နောက်ထပ်သုံးရက်ကို တခြား စားသောက်ဆိုင်တစ်ခု၌ သွားရောက်၍ဖျော်ဖြေကြသည်။ အားလုံး စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင်နှင့် ပေါင်းသင်းကြသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

သီးသန့်ပေးထားသည့်အခန်းထဲတွင် သူမရောက်ရှိပြီး အချိန်သိပ်မကြာမီ စတင်ဖျော်ဖြေရ၏။ ပထမဦးဆုံးစင်ပေါ်တက်ရသူက သူမကိုယ်တိုင်ပဲဖြစ်ပါသည်။ စားသောက်ဆိုင်၏ မန်နေဂျာက သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ပွဲဦးထွက်ဖျော်ဖြေပေးရန် ညွှန်ကြားထားသည်မဟုတ်လား ။

သူမသည် ဤဆိုင်၏နာမည်နှင့်တွဲ၍ လူသိများထင်ရှားနေပြ
ဟု တင်ထွန်းအောင်ကပြောဖူးသည်။ သူမကတော့ဤသို့ ထင်ပေါ်မှု
ကို စိတ်မဝင်စားပါ။ ဒေါ်လေးတို့အိမ်အတွက် တစ်ဖက်တစ်လမ်းမှ
ထောက်ပံ့ကူညီနိုင်ခြင်းကိုပင် သူမကျေနပ်နေမိသည်။ မည်သူ့
အတွက်မှ ဝန်ထုပ်ဝန်ပိုးတစ်ခုမဖြစ်စေချင်သည်မှာ သူမ၏ စိတ်ဆန္
ဖြစ်ပါသည်။

သူမ် နှစ်သက်သော" ထွန်းအိမ္ဗြာဗို "၏ သီချင်းများထဲက
' မချစ် ရင်မနေနိုင်တာကလွဲလို့ ' ဟူသော သီချင်းကို
ဆိုလိုက်သည်။

ရောင်စုံမီးရောင်များ၏အောက်တွင်တင်ထွန်းအောင်သည်
ကီးဘုတ်ကို တီးခတ်ရင်း သူမကို လှမ်းကြည့်နေသည်။

သီချင်းဆိုနေသည့်ကြားထဲမှ ကြိုတင်ကြံစည်တွေးတောထာ
ခြင်း မရှိပါပဲနှင့် ဘုရားပေါ်တွင် တွေ့ဆုံခဲ့ရသောလူဆီ စိတ်ကရောက်
သွားသည်။ ထိုလူက သူမဆီမှ မီးထွန်းညှိဖို့ ခွင့်တောင်းခဲ့သည်။

ထိုသူ၏မျက်နှာအသေးစိတ်ကို သူမ မှတ်မိနေသည်။ ထိုသူ
ဘုရားဝတ်ပြုနေသည့်အချိန်တွင် သူမ ရပ်စောင့်ကြည့်နေဖို့ သူမ
စိတ်ကူး ပေါ်ခဲ့သည်။ သို့ရာတွင် တင်ထွန်းအောင်က ဘုရားကိုတစ်ပတ်
ပတ်ရန် ခေါ်သဖြင့် လှည့်ထွက်ခဲ့ရ၏။

မည်သူမည်ဝါဟု မသိရသည့်သူတစ်ယောက်အပေါ်အဘယ်





ကြောင့်သူမစိတ်က ငြိတွယ်နေရသည်မသိပါ။ ထိုလူနှင့် နောင်တစ်ချိန်
ပြန်ဆုံတွေ့ရလိမ့်မည်ဟုလည်း မျှော်လင့်ချက် ရှိသည်မဟုတ်ပါ။
သို့သော် သတိရအောက်မေ့ခြင်းကိုမူ တားဆီး၍မရပေ။

* * * * * * * * *

(၅)

သူမြင်လိုက်ရသည်က ဆောက်လက်စ တိုက်တာအဆောက်
အဦးများ ဖြစ်နေသည်။ သန္တာဖြူ၏ ဒေါ်လေးတို့နေခဲ့သည့် အိမ်မြေ
နေရာသည် မရှိတော့။ ဤနေရာသည် လမ်းသွယ်၊ ဤနေရာသည်
အိမ်များဟူ၍သာ မှန်းဆကြည့်ရတော့သည်။

ရပ်ကွက်တစ်ခု၌ စုံစမ်းမေးမြန်းရလွယ်ကူသည့် နေရာမှာ
ဆေးလိပ်၊ ကွမ်းယာဆိုင်များပင် ဖြစ်သည်။ ဆောက်လက်စ တိုက်တာ
များနှင့် မနီးမဝေးတွင်ရှိနေသည့် ကွမ်းယာဆိုင်တွင် သူစုံစမ်းကြည့်
သည်။

" ကျွန်တော်တို့က ဆိုင်အသစ်၊ နဂိုရပ်ကွက်ကဆိုင်အဟောင်း
တွေက ပြောင်းကုန်ကြပြီ၊ ကျွန်တော်တို့က ဒီမှာလုပ်နေတဲ့ အလုပ်
သမား မိသားစုထဲကနေပြီး ဆိုင်လေးဖွင့်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



သူစကားကြားလိုက်သည်နှင့် အခြေအနေက မကောင်းမှန်း ရိပ် မိလိုက်သည်။

" အဆောက်အဦးတွေက မပြီးသေးတော့ ရပ်ကွက်ကလူ ဟောင်းတွေ ဘယ်ရောက်လာဦးမလဲ၊ ခင်ဗျား စုံစမ်းလို့ရမယ်မထင်ဘူး"

" ကျေးဇူးပဲဗျာ၊ ကျွန်တော်ပြန်ဦးမယ် "

ဟု ပြောပြီး လှည့်ထွက်ခဲ့သည်။

နံနက်စောစော အိမ်မှစထွက်လျှင်ထွက်ချင်း သူမ နေခဲ့သည့် နေရာသို့ သူအရောက်လာခဲ့ခြင်းဖြစ်သည်။ သူမ၏အဒေါ်တို့ရှိနေလျှင် ဝင်၍တွေ့ရန် စိတ်မကူးဖြစ်သေးပါ။ အခြေအနေကို စုံစမ်းမေးမြန်း ကြည့်ရုံသာ ဖြစ်သည်။

ယခုတော့ သူဘာဆက်လုပ်ရမှန်းမသိတော့။ ဤအနီးအနား တွင် အိမ်ငှားပြီး နေထိုင်ပါသည် ဟု သိလျှင်ပင်ခက်ခက်ခဲခဲ စုံစမ်းရပေ လိမ့်မည်။ ယခုတော့ ဤရန်ကုန်မြို့၌ပင် ရှိပါလေစဟူ၍ တွေးမိပါ တော့သည်။

သူ အိမ်ကိုမပြန်ချင်သေးသဖြင့် မြို့ထဲဖက်သို့ ခရီးဆက်ခဲ့ သည်။ မည်သူ့ဆီသွားမည်ဟူ၍ ရည်ရွယ်ချက် မရှိပါ။

**********





(၆)

ပုလဲဖြူသည် ယူဆောင်သွားရမည့် စာအုပ်များကို ...ာပိုးအိပ် ထဲထည့်ပြီး ပခုံး၌ သိုင်း၍လွယ်လိုက်သည်။ ထို့နောက် ...ခန်း၏ထောင့်စွန်းတွင် မီးပူတိုက်နေသော ဒေါ်လေး ဒေါ်အေးအေး ...ကို လှမ်းကြည့် လိုက်ပြီး၊

" ဒေါ်လေး .. ပုလဲကျူရှင်သွားတော့မယ် " ဟု လှမ်းအော် ...လိုက်သည်။

ဒေါ်အေးအေးမြင့်သည် ခေါင်းငုံ့ထားရာမှ မော့ကြည့်ပြီး

" ပုလဲ .. တစ်ယောက်ထဲ သွားမလို့လား၊ တင်ထွန်းအောင်ကို ...ောင့်တော့ဘူးလား "

" ဟင်အင်း .. မစောင့်တော့ဘူး .. ဒေါ်လေး .. ကျူရှင် ...နီးနေပြီ .."

ဒေါ်အေးအေးမြင့်သည် နံရံပေါ်မှ နာရီကို လှမ်းကြည့်သည်။ ...သွားနေကြအချိန်ထက် အနည်းငယ် စောနေသည်ကို သတိ ပြုမိ ...သည်။

" နည်းနည်းလေးစောင့်လိုက်ပါဦးလား .. ပုလဲရယ်၊ တင်ထွန်း ...င်က ဝင်မခေါ်ဘဲနေတာမှမဟုတ်တာ၊ အမြဲဝင်ခေါ်နေကြပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အချိန်ရှိသေးတာပဲ . . ”

ဒေါ်အေးအေးမြင့်ပြောသည့်စကားကမှန်ပါသည်။ တင်ထွ... အောင်သည် ကျူရှင်သွားသည့်အခါတိုင်း အမြဲ ဝင်ခေါ်နေကြ ဖြ... သည်။ သို့ရာတွင် နေ့စဉ်နေ့တိုင်း တင်ထွန်းအောင်၏ကားကို စောင့်... မစီးချင်ပါ။

မိမိအပေါ်တွင် စေတနာထားလွန်းခြင်းအား အခွင့်အရေးတ... ရပ်အဖြစ် မယူဆချင်ပါ။ အခါအခွင့် ကြုံဆုံသည့် သဘောဖြင့်သ... လက်ခံချင်သည်။ သူတစ်ပါးကို အစဉ်သဖြင့် အားကိုးနေသည်ဟု... လည်း အထင် မခံနိုင်ပါ။

“ ပုလဲ မစောင့်တော့ဘူး . . ဒေါ်လေး၊ တော်ကြာ သူအလ... များပြီး မလာဖြစ်ရင် ကျူရှင်ပျက်သွားလိမ့်မယ်၊ ပုလဲ လိုင်းကားနဲ့ပဲသွ... တော့မယ် ”

“ တင်ထွန်းအောင် တစ်ခါမှပျက်ကွက်ခဲ့ဖူးတာမှ မဟုတ်ဘဲ...

“ နေပါစေ၊ သူ့ကားကိုလည်း ပုလဲ အမြဲတမ်း စောင့်မစီးချင်... ဘူး၊ သူမှာ ပုလဲကိုဝင်ခေါ်ရတဲ့အတွက် တာဝန်တစ်ရပ်လိုဖြစ်နေ... မလိုလား ပါဘူး ”

ဒေါ်အေးအေးမြင့်သည် သူမကို အကဲခတ်သလိုကြည့်ပြီး

“ ကောင်းပြီလေ၊ တင်ထွန်းအောင်ရဲ့ကားကို အမြဲတ... စောင့်ပြီးမစီးချင်ပါဘူးဆိုတဲ့ အကြောင်းပြချက် မှန်မယ်ဆိုရင်တော... သွားပါ၊ ဒေါ်လေး မတားတော့ပါဘူး၊ ဒါပေမယ့် အဲဒီအကြောင်...





...ဟုတ်ဘဲ တခြားအကြောင်းတွေရှိနေတယ်ဆိုရင်တော့ ဒေါ်လေး ...က်မခံနိုင်ဘူး နော်၊ ဒီနေရာက ပုလဲ နေခဲ့ဖူးတဲ့နယ်မြို့လေးမဟုတ်ဘူး၊ ... ရန်ကုန်မြို့ တစ်ယောက်အကြောင်း တစ်ယောက်မသိနိုင်တဲ့မြို့၊ ...နေရာမသိဘဲနဲ့ တော့ ချစ်သူရည်းစားထားဖို့တော့ စိတ်မကူးနဲ့၊ ...တော်ကြာ သန္တာလို ဒုက္ခ ရောက်လိမ့်မယ် . . ”

တင်ထွန်းအောင်ကို မစောင့်ဆိုင်းချင်သည့် ကိစ္စအပေါ် ...ဒေါ်လေး ပွါယ် တစ်မျိုးတစ် ထင် မှတ် သွားဟန် တူ သည်။ သူမတွင် ...တင်ထွန်းအောင်အပြင် နောက်ထပ် တစ်ယောက်ရှိနေသဖြင့် အသည်း... ...သန် တစ်ယောက်တည်းသွားချင်နေသည်ဟုထင်နေသည်။

“ ပုလဲ ဒီသဘောနဲ့ တစ်ယောက်တည်း ကြိုပြီးသွားချင်တာ ...ဟုတ်ပါဘူး၊ ပုလဲ မှာ ချစ်သူရည်းစားလည်းမရှိပါဘူး၊ ချစ်သူရည်းစား ...ထားဖို့လည်း စိတ်ကူးမရှိပါဘူး၊ ပုလဲ ကိုယ့်ဘဝကို ကိုယ်နားလည်ပါ ...တယ် ”

“ တို့တွေကတော့ တင်ထွန်းအောင်ကိုပဲ သဘောကျတယ်ဆို... ...ကြိုပြောထားပြီးသားနော်၊ ကိုယ့်ယောက်ျားဘက်ကတော်ရတဲ့ ...မျိုးမို့ တမင်မျက်နှာလိုက်ပြီး ပြောနေတာ မဟုတ်ဘူး။ သူ့လို ...သားတဲ့ လူငယ်မျိုးကရှားတယ်၊ ပုလဲရဲ့အပေါ်မှာလည်း တစ်ကယ့် ...ရင်းနဲ့ ချစ်နေတယ်ဆိုတာ ဒေါ်လေးတို့ သိတယ်၊ သူ့ဘက်က ...ရေးရော၊ စီးပွားရေးရော ဘာမှ ပြောစရာမရှိဘူး ”

“ ပုလဲ . . ဒါတွေ နားလည်ပါတယ်၊ ဒေါ်လေး ”



www.burmeseclassic.com

www.burmeseclassic.com



"အေး.. မမှားသင့်တာ မမှားရအောင် ဒေါ်လေးတို့က ပုလဲကို ပြောနေတာပါ၊ ဒေါ်လေးတို့စကားကို နားထောင်စမ်းပါကွယ်.."

သူမအနေနှင့် ပြောစရာစကားမရှိသဖြင့် "ဟုတ်ကဲ့"ဟုသာ ဖြေလိုက်ရသည်။

"ကဲ.. ကျူရှင်နောက်ကျမယ်ထင်ရင် သွားလိုက်တော့ တင်ထွန်းအောင် ရောက်လာရင်လည်း ဒေါ်လေးပြောပြလိုက်ပါမယ်"

ဟု ခွင့်ပြုချက်ရတော့မှ သူမ သက်ပြင်းချပြီး လှည့်ထွက်သည်။

တိုက်ခန်းအပြင်သို့ထွက်ပြီး တံခါးကိုပြန်ပိတ်လိုက်သည်။ ထို့နောက် လှေခါးထစ်များအတိုင်း သူမ ဆင်းလာခဲ့သည်။

*********

(၇)

(၄၅) လိုင်းကားသည် မြို့တော်ခန်းမနံဘေးတွင် ဂိတ်ဆုံးသည်။ ထိုနေရာမှတစ်ဆင့် ကျူရှင်ရှိသောလမ်းအထိ သူမ လမ်းလျှောက်လာ၏။

သူမ ရောက်သွားသည့်အခါ ရှေ့တန်းခွဲသည် မပြီးသေးချေ အချိန်အနည်းငယ် စောင့်ရဦးမည်ဖြစ်သဖြင့် နီးရာပလက်ဖောင်း





ပ်နေလိုက်၏။ သူမကဲ့သို့ ရပ်စောင့်နေကြသော အတန်းဖော်များကို ည်း ဟိုတစ်စု ဒီတစ်စု တွေ့နေရပါသည်။

ဒေါ်လေး ပြောလိုက်သည့် စကားများကို ပြန်လည်စဉ်းစား နေမိသည်။ ဒေါ်လေးတို့ကတော့ သူမ အတွက်အကောင်းဆုံးကို ည်မှန်း ထားကြခြင်းဖြစ်သည်။ တင်ထွန်းအောင်၌ အပြစ်တင်စရာ အချက်အလက်များ မရှိပါ။ ဒေါ်လေးတို့ပြောသည့်အတိုင်း စာရိတ္တ ိုင်းဆိုင်ရာ အားလုံးကောင်းပါသည်။

ရေကန်အသင့် ကြာအတင့် ဆိုသည့် စကားရပ်အတိုင်း တစ်နေ့နေ့တွင် တင်ထွန်းအောင်ကို လက်ထပ်ယူပြီး ဘဝခရီးကို ဆက် လျှောက်ရလိမ့်ဟု ထင်ပါသည်။

သူမသည် ပလက်ဖောင်းကို အကြောင်းမဲ့ ငေးစိုက်ကြည့်ရင်း စဉ်းစားနေစဉ် 'တီ' ကနဲ ကားဟွန်းတီးသံက အလွန်နီးကပ်စွာ မြည်လိုက်သောကြောင့် လန့်ဖျန့်သွားသည်။ သူမကြည့်လိုက်သည့် အခါ တင်ထွန်းအောင်၏ကားဖြစ်နေသည်။

တင်ထွန်းအောင် သည် ကားပေါ်မှ မကြည်သာသည့်မျက်နှာ နှင့် ဆင်းလာပြီး

"ဘယ်လိုလဲ...ပုလဲရယ်၊ တို့ခါတိုင်းထက်နောက်မကျပါဘူး၊ ဘာဖြစ်လို့စောပြီးထွက်သွားရတာလဲ၊ အခုကြည့်စမ်း ၊ ရှေ့ ကတန်း ခွဲတောင်မလွှတ်သေးဘူး မဟုတ်လား ..,"

"နင့်မှာ တာဝန်ကြီးတစ်ရပ်လို နေ့တိုင်း ဝင်ခေါ်နေရတာ



www.burmeseclassic.com

www.burmeseclassic.com

ပါအားနာလို့ပါ"

တင်ထွန်းအောင်သည်ထူးဆန်းသောစကားကိုကြားလိုက်ရသ
အံ့အားသင့်သွားပြီး။

"ငါတို့ရဲ့ကြားမှာ အဲဒီအားနာတယ်ဆိုတာမရှိဘူးထင်တယ်
အားနာတယ်ဆိုတဲ့စကားဟာသူစိမ်းတရံဆံတွေနဲ့သုံးရတဲ့စကားပါ"

"အဲဒီရည်ရွယ်ချက်မျိုးနဲ့ပြောတာမဟုတ်ပါဘူး၊ နင့်မှာလည်
တခြားကိစ္စတွေရှိတဲ့အခါ တစ်နေရာရာကိုရောက်နေပေမဲ့ ငါစောင့်
မယ် ဆိုတဲ့ အသိကြီးနဲ့ပြန်လာပြီး ခေါ်ရမယ်၊ ငါကလည်းနင်မလာမချ
စောင့် နေရမယ်၊ ငါ့ကြောင့်နင်လည်းလွတ်လွတ်လပ်လပ်သွားချင်တ
သွားလို့ မရဘူးပေါ့"

"ငါ့မှာ နင့်ထက်အရေးကြီးတာဘာမှမရှိဘူး၊ နင့်အတွ
ဆိုရင် ပင်ပန်းတယ်လို့လဲမအောင့်မေ့ဘူး၊ ဒီတာဝန်မျိုးကို တစ်သက်လ
ယူသွားချင်တယ်ဆိုတာ နင်သိပါတယ်"

သူမ မည်သို့မျှမတုန့်ပြန်တော့ဘဲငေးကြည့်နေမိသည်။

"ငါ နင့်ကိုချစ်တယ်လို့ဖွင့်ပြောခဲ့တာကြာပါပြီ၊ သူများတွေ
ထက်နောက်ကျသွားမှာစိုးလို့ ရင်ထဲမှာခံစားရတာနဲ့ တစ်ခါတည်
ဖွင့်ပြောခဲ့တာပါ။ ဒါပေမဲ့ ..နင့်ဆီက အဖြေစကားကိုတော့ ခုချိန်အထ
အတင်း အကျပ် မတောင်းဆိုသေးပါဘူး။ နင့်ရဲ့ရင်ထဲက အမှန်တကယ
ပွင့်ကျလာမယ့်အချိန်အထိ စောင့်မျှော်နေတာပါ။ ဒါပေမဲ့ဒီကြားထဲမှ
တခြားတစ်ယောက်ယောက် ဝင်လာရင်တော့ ဒီလိုစောင့်နေနိုင်မှ





ဟုတ်ဘူး"

သူမသဘောကျစွာပြုံးရယ်လိုက်ပြီး။

"တို့ဆီကိုဘယ်သူမှဝင်လာမှာမဟုတ်ဘူးဆိုတာ စိတ်ချထား
မ်းပါ တင်ထွန်းအောင်ရယ်၊ ငါက အချစ်ကိစ္စကို စိတ်မဝင်စားသေး
ပါဘူး"

"ငါ့ကို ယုံအောင်တော့ပြောပေါ့"

ဟု ခနဲ့လိုက်သည်။

"နင်မယုံရင်နေလေ၊ ငါနဲ့ပတ်သက်ပြီး နင်ဘာသတင်းများ
ကြားဘူးလို့လဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့သတင်းကြားရရင် ငါ့ရင်ကွဲ
ပြီပေါ့၊ ငါ့ကိုအခုကတည်းက အဖြေပေးထားပါတော့လား၊ ငါစိတ်ချထား
ချင်တယ်"

"ငါ့ကိုယ်ကိုယ်ကိုလိမ်ညာပြီး အဖြေမပေးချင်ဘူး၊ ငါ့ရင်ထဲ
ကကယ်ခံစားရတဲ့အခါမှ အဖြေပေးချင်တယ်။ လောလောဆယ်တော့
နင်ဟာ ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းတစ်ယောက်ပါဘဲ"

"အင်း .. နင့်အဖြေက ထုံးစံအတိုင်းပါဘဲလား ပုလဲ ရယ်"
ဟု တင်ထွန်းအောင် စိတ်ပျက်လက်ပျက်နှင့် ညည်းတွားမိသည်။

*********


www.burmeseclassic.com

www.burmeseclassic.com

(၈)

နေဝင်စအမှောင်ရိပ်များယှက်သန်းလာသည့်အချိန်အထိ ညီဇော်မင်းသည် အိမ်မပြန်နိုင်သေးဘဲ၊ လူစည်ကား၍ နေရာအကွက် အကွင်းကျသည့် စူပါမားကတ်တစ်ခု၏အောက် တယ်လီဖုန်း ရုံးထဲတွ ရောက်နေသည်။

ဘာသတင်းထူးများကြားရမည်လဲ ဟူသည့်အတွေးနှ ကျော်လွင်ဆီသို့ သူလှမ်း၍ ဖုန်းဆက်မေးမြန်းနေခြင်းဖြစ်သည်။

" မင်းဘယ်နေရာက ဖုန်းဆက်နေတာလဲ .. ညီဇော်မင်း "

" ငါ .. စူပါမားကတ်တစ်ခုကနေပြီးဆက်နေတာ၊ ငါဒီနေ့ တစ်နေ့လုံး လျှောက်သွားပြီးစုံစမ်းကြည့်တယ်၊ ဘာမှမသိရဘူး၊ အဲ မင်းဆီက သန္တာရဲ့ အဒေါ်တို့နဲ့ပတ်သက်ပြီး သိရမလားလို့ ဖုန်းဆက် တာ "

" ငါလည်းအတတ်နိုင်ဆုံး စုံစမ်းနေပါတယ်။ သူတို့အရင် နေရာက ပြောင်းသွားကြပြီဆိုတာတော့ မင်းသိလောက်ပြီထင်တယ် "

" ငါ .. သူတို့နေတဲ့ရပ်ကွက်ကိုရောက်သွားသေးတယ်၊ ရပ်ကွက်တစ်ခုလုံးမရှိတော့ဘူး။ အဲဒီနေရာမှာ ဆောက်လက်စ တိုက် တွေပဲတွေ့ခဲ့ရတယ် "





" ဟုတ်တယ်၊ ကမာရွတ်မြို့နယ်ထဲပြောင်းသွားတယ်လို့တော့ သတင်းရတယ်။ ဒါပေမဲ့လိပ်စာအတိအကျတော့ မသိရသေးဘူး။ ဆက်ပြီး စုံစမ်းဆဲပဲ .. "

" အော် .. ဒီ ရန်ကုန်မှာပဲရှိသေးတယ်ပေါ့ "

ရန်ကုန်မှာပဲရှိနေသေးသည် ဟူသောသတင်းကြောင့် သူ အံ့ဩဝမ်းသာသွားသည်။ မည်သည့်အတွက်ကြောင့်ဝမ်းသာမိသည်ကို ကိုယ့်ဘာသာ နားမလည်နိုင်ပါ။

" သူတို့လိပ်စာကို ဆက်စုံစမ်းပေးစမ်းပါ .. ကျော်လွင် "

" ငါစုံစမ်းပေးပါ့မယ်၊ ဒါနဲ့မင်းအခုအချိန်အထိ အိမ်ကိုပြန် မရောက်သေးဘူးလား၊ မင်းဘယ်သွားအုံးမလို့လဲ "

ဟု စိုးရိမ်ပူပန်စွာ မေးသည်။

" ငါဘယ်မှမသွားပါဘူး၊ ကျေးဇူးပဲ "

ဟု စကားဖြတ်ကာ ဖုန်းကိုချလိုက်သည်။ ထို့နောက်ကျသင့် သည့် ဖုန်းဖိုးငွေကို ရှင်းပေးလိုက်ပြီး သူထွက်လာခဲ့သည်။

*********

(၉)

ကျူရှင်အသွားတုန်းက တစ်ကွဲတပြားစီဖြစ်သော်လည်း


www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်မှ အပြန်တွင် ပုလဲဖြူသည် တင်ထွန်းအောင်၏ ကားနှင့်အတူတူ ပြန်ခဲ့သည်။ တော်ကြာ တစ်ယောက်တည်းပြန်သွားလျှင် ဒေါ်လေးတို့က ဆူကြမှာ သေချာသည်။

ညနေခြောက်နာရီခန့်ရှိနေပြီဖြစ်သဖြင့်မြို့ပြဝန်းကျင်သည် မှောင်ရီရီဖြစ်၍ နေပေပြီ။ ဟိုးအဝေးကောင်းကင် မှာတော့ နေရောင်အကြွင်း အကျန်က ရှိနေသေး၏။

တင်ထွန်းအောင်သည် ကားမောင်းနေရာမှ သူမဘက်သို့ လှည့် ကြည့်ပြီး

" တို့အိမ်ကမှာလိုက်တဲ့ပစ္စည်းတစ်ချို့ဝယ်စရာရှိလို့စူပါမားကတ်ကို ခဏဝင်မယ်နော်၊ ပုလဲ အချိန်ရတယ်မဟုတ်လား "

" တို့ဘာမှ လုပ်စရာမရှိပါဘူး၊ ဒါပေမယ့် အချိန်သိပ်ကြာလို့တော့မဖြစ်ဘူးနော်၊ တော်ကြာဒေါ်လေးတို့က စိတ်ပူနေလိမ့်မယ် "

" ဒေါ်လေးတို့ကို ရှင်းပြပေးပါ့မယ်၊ ငါနဲ့အတူသွားတာလာတာဆိုရင် ဒေါ်လေးတို့က စိတ်ချပါတယ် "

တင်ထွန်းအောင်၏စကားက သူမတစ်ယောက်တည်းသွားတာ ကိုစိတ်မချဟူသော အဓိပ္ပါယ်သက်ရောက်နေ၏။ ဒီနေ့တစ်နေ့လုံး တင်ထွန်းအောင် စိတ်အလိုမကျနိုင်ဘဲ ဂျီတိုက်နေသည်။ သူ့ကို မစောင့်ဘဲ ကျူရှင် သွားသည်ကိုပင်ရေးကြီးခွင် ကျယ်လုပ်နေသဖြင့် သူမ စိတ်တိုနေပြီ ၊ ထို့ကြောင့်

" ဟုတ်တယ် ဒေါ်လေးတို့က နင်နဲ့ယူရင်စိတ်ချတယ်၊





သဘော တူတယ်လို့ ဆက်ပြီးပြောအုံးလေ"ဟု ငေါ့ပစ်လိုက်သည်။ ထိုအခါတွင် တင်ထွန်းအောင်သည် သဘောကျစွာ တဟားဟား .. ရယ်ပြီး

" သူတော်ကောင်းလေး၊ လူလိမ္မာလေးတစ်ယောက်ဖြစ်လို့ သဘောတူတာ စိတ်ကူးနဲ့ပွဲစမ်းပါနဲ့ တော်ကြာ မဟုတ်တရုတ် တွေနဲ့ ညားသွားရင် ဒူးနဲ့မျက်ရည်သုတ်နေရလိမ့်မယ်..."

သူမ မကျေမနပ်နှင့် မျက်စောင်းထိုးလိုက်သည်။

**********

(၁၀)

တင်ထွန်းအောင်သည် သူ၏အိမ်ကမှာလိုက်သည့် ပစ္စည်းများကိုဝယ်ယူပြီး သည့်နောက် သူမ .. ကြိုက်တာ တစ်ခုခုလက်ဆောင်ပေးချင်သည် ဟု ပြောသည်။

" မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေတော့ ငါနားမလည်ဘူး၊ နင့်မှာလိုအပ်တဲ့ မိတ်ကပ်ဘူးဖြစ်ဖြစ်၊ ရေမွှေးဖြစ်ဖြစ်ရွေးချယ်ပြီး ယူစမ်းပါ၊ ဘာပဲဖြစ်ဖြစ် အမှတ်တရလက်ဆောင်ပေးတယ်လို့ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားပေါ့..."

"ငါဘာမှမယူချင်ပါဘူး၊ နင်အတင်းခေါ်လို့သာတက်ကြည့်ရတာ၊ နင်ဝယ်ချင်တဲ့ပစ္စည်းတွေစုံပြီဆိုရင်ပြန်ကြရအောင်၊ အချိန်ကသိပ်ကြာနေပြီ "

ပုလဲဖြူသည် နာရီကိုသတိထားချ်ကြည့်လိုက်မိသည်။

"နင်က အလကားနေရင်းဂဂျီဂျောင်လုပ်နေတာဘဲ၊ ငါကိုယ်တိုင်လိုက်ပို့ရင် ဒေါ်လေးတို့က ဘာမှပြောမှာ မဟုတ်ပါဘူး "

"ဘာမှမပြောပဲ စိတ်ထဲတစ်မျိုးထင်သွားမှာ စိုးလို့ပြောနေရတာ"

"သူတို့ ထင်သွားရင်လည်း ခေါင်းညိတ်လိုက်ပေါ့၊ သူတို့ဝမ်းတောင်သာနေအုံးမယ်"

"ပေါက်ကရတွေမပြောစမ်းပါနဲ့၊ တင်ထွန်းအောင်ရယ် ငါကသူများရဲ့ အိမ်မှာနေရတဲ့လူပါ၊ နင့်လို ကိုယ့်အိမ်နဲ့ကိုယ့်မိဘနဲ့နေတဲ့လူမဟုတ်ပါဘူး မြန်မြန်ပြန်ကြရအောင်၊ နင်ဝယ်စရာစုံပြီမဟုတ်လား"

" ငါအဲဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး၊ ငါတောင်းပန်ပါတယ် "

"နင် နောက်တာကိုငါနားလည်ပါတယ် "

" ကဲ ... နင် မြန်မြန်ပြန်ချင်ရင်လဲပြန်ကြတာပေါ့ "

တင့်ထွန်းအောင်သည် လက်နှစ်ဖက်နှင့်အထုပ်အပိုးများ ဆွဲယူလာသည်။ သူမကအထုပ်တစ်ထုပ်ပေးပါဟု တောင်းသော်လည်း





မပေးချေ။ နင်က "ငါပင်ပန်းတာမကြည့်ရက်ဘူးထင်တယ် .." ဟုနောက်နေသေးသည်။

တံခါးပေါက်ကြီးမှထွက်၍ လှေကားအတိုင်းဆင်းလာသည့်အချိန်တွင်တင်ထွန်းအောင်က တစ်စုံတစ်ခုသတိရသွားသည့်အသွင်ဖြင့်

" ငါ့ရဲ့ ဇစ်ပိုမီးခြစ်မေ့ကျန်ခဲ့ပြီ ..ပုလဲဖြူ၊ ငါ့အထင်တော့ နောက်ဆုံးဝယ်တဲ့ကောင်တာမှာကျန်ရစ်ခဲ့တာဖြစ်လိမ့်မယ်၊ နင် ဒီမှာပဲခဏစောင့်နေနော်၊ ငါပြန်ယူလိုက်အုံးမယ်၊ ဇစ်ပိုမီးခြစ်ကဈေး ကြီးတယ်ဟ၊ ပျောက်သွားရင်မလွယ်ဘူး "

သူမသည် ခြေစုံရပ်တန့်လိုက်ပြီး

" အဲဒါ ငါ့ကိုနင်နောက်ပြောင် နေလို့ဖြစ်တာ၊ သူတော်ကောင်းကို စော်ကားရင်ချက်ချင်း ဘေးထိ တတ် တယ်တဲ့၊ ကဲ .. မြန်မြန်ပြန်သွားယူ၊ ငါကားနားကပဲ စောင့်နေမယ် "

ဟု ဝမ်းသာအားရပြောချလိုက်သည်။ တင်ထွန်းအောင်က အောင် ... သက်သက်နှင့် " ခဏလေးပါ၊ ဘာမှမကြာစေရဘူး "ဟု ပြော ပြီး အပြေးတစ်ပိုင်းနှင့် ပြန်ဝင်သွားသည်။ သူမလည်း လှေကားမှဆင်းပြီး ကားရပ်ထားသည့်နေရာသို့ လျှောက်လာခဲ့သည်။

တင်ထွန်းအောင်နှင့် စိတ်လွတ်ကိုယ်လွတ် လျှောက်သွားရသည် ကို ပျော်ပါသည်။ သို့သော်လည်း ဒေါ်လေးတို့က စိတ်မျက်ငြိုစွမှာကိုတော့ စိုးရိမ်မိ၏။ အိမ် တာဝန်ကို အလေးမထားသူ၊ အခွင့်အရေးရလျှင် ထွက်ပေါက်ရှာနေတတ်သည့်သူ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စား



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မစဉ်းစားဘူး ဟုတော့ အပြောအဆိုမခံချင်ပါ။

အစဉ်သဖြင့် သူမများ၏စိတ်နှင့်ချည်းနေထိုင်ပြုမူနေရသဖြင့် ကိုယ့်ကိုယ်ကိုစက်ရုပ်တစ်ရုပ်သဖွယ် ဖြစ်၍နေသည်။ လွတ်လပ်ခြင်းဟူသောကောင်းကင်ဆီ ဘယ်သောအခါမှ ပျံသန်းရလိမ့်မည်နည်း။ သူမ တောင့်တမိသည်။

အတွေးထဲတွင် ခဏတာနစ်မွန်းနေခဲ့သဖြင့် အနီးအပါးသို့ လူနှစ်ယောက်ချဉ်းကပ်၍ ရောက်ရှိလာခြင်းကိုပင် သတိမထားမိပါ။ သူမ သတိဝင်သည့်အချိန်တွင် ထိုလူနှစ်ယောက်က သူမကိုပြုံးရယ်ပြပြီး

" မင်းတစ်ယောက်တည်းလား ... ပုလဲဖြူ.. "

ရုတ်တရက်သူမ ကြောင်သွားပြီး ခေါင်းကိုခါယမ်းပြမိသည်။

" တို့ကိုတော့ မင်းမှတ်မိမယ်ထင်တယ်၊ မင်းတို့ရဲ့ စားသောက်ဆိုင်မှာ တို့တွေက အမြဲတမ်းအားပေးနေကျပဲ၊ အဲဒီကို ရောက်တိုင်းလဲ မင်းကို ပန်းကုံး စွပ်တယ်လေ "

ထိုလူနှစ်ယောက်ကို သူမအမှန်တကယ် မမှတ်မိပါ။ စားသောက် ဆိုင်၌သီချင်းဆိုပေမဲ့ ဘယ်သူ့ကိုမှ မျက်နှာကိုစေ့စေ့ မကြည့်ဘူးပါ။

" ကျွန်မတကယ်မမှတ်မိပါဘူးရှင် "

" တို့ကိုမမှတ်မိစရာ အကြောင်းမရှိပါဘူး၊ ပန်းကုံးစွပ်တဲ့အခါ တိုင်း သိပ်ချစ်တယ်လို့ အမြဲပြောခဲ့တာပဲ၊ မမှတ်မိ ချင်ယောင်ဆောင် နေရင်လဲ ရပါတယ်၊ တို့မင်းနဲ့ဆုံတွေ့ ချင်လို့လိုက်ပြီးစုံစမ်းနေတာ၊





ကံကောင်းချင်တော့ အခုလိုတန်းပြီး တွေ့ရတာပဲ၊ တို့နဲ့ တစ်ခုခု လိုက်စားပါလား၊ တွေ့တုန်း ဆုံတုန်း ခင်မင်မှု အနေနဲ့ လိုက်ခဲ့စမ်းပါ "

" ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မသူငယ်ချင်းတစ်ယောက်ကို စောင့်ရအုံးမယ်၊ သူ စူပါမားကတ်ထဲခဏဝင်သွားလို့ပါ .. "

" ပုလဲဖြူမှာသူငယ်ချင်းပါလာလို့လား၊ ဒါဆိုရင်တော့ အဆင်ပြေ တာပေါ့၊ ပုလဲဖြူတို့ကလည်းနှစ်ယောက်၊ တို့တွေကလည်း နှစ်ယောက် "

သူမရိုးရိုးသားသားပြန်ပြောနေခြင်းဖြစ်ပေမဲ့ သူတို့၏စကား များက ဆန်းပြားကာအခြေအနေမကောင်းတော့ပါ။ သူမ သတိတမူဖြင့် ဘေးဘီဝဲယာကိုကြည့်လိုက်မိသည်။

ကားများရပ်တန့်ထားသည့်နေရာက လူပြတ်နေပြီး မီးအလင်း ရောင်က သူမတို့ရှိနေသည့်နေရာတွင်ခပ်မှိန်မှိန်ဖြစ်နေသည်။ သူမ အနေဖြင့် စိုးရိမ်ကြောက်ရွံ့မှု မရှိလှသော်လည်း တစ်စုံတစ်ခု ကိုယ်ကိုကားယား ဖြစ်သွားမှာကိုတော့ သဘောမကျချေ။

" ခနေစမ်းပါအုံး၊ ရှင်တို့ကဘာသဘောနဲ့ဒီစကားပြောရ တာလဲ"

"မင်း သဘောပေါက်ပါတယ်..."

" ကျွန်မကရှင်တို့ထင်သလို ဟိုလိုဒီလိုလူ မဟုတ်ဘူးနော်၊ ဒီနေရာမှာ ကျွမပြဿနာမဖြစ်ချင်ဘူး၊ အေးအေးဆေးဆေးပဲပြန်ကြပါ.. "



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည်အနည်းငယ်မျှတွန့်ဆုတ်သွားခြင်းမရှိဘဲ

" ဘယ်သူမှမသိစေရပါဘူး၊ တို့တွေက နားလည်မှုရှိတဲ့သူတွေပါ. မင်းသီချင်းဆိုနေတဲ့ဆိုင်ကိုလည်းအသိမပေးပါဘူး၊ တကယ့်ကို အေးအေးဆေးဆေးဖြစ်စေရမယ်လို့ တို့ ကတိပေးပါတယ်.."

"ရှင်တို့စကားတွေကသိပ်လွန်လာပြီနော်..၊ ကျွန်မဒီနေရာက အော်ပစ်လိုက်ရင်ရှင်တို့ဘာဖြစ်သွားမယ်ထင်လဲ.."

မင်းအော်လိုက်ရင် တို့တွေကလည်း မင်းတို့စားသောက်ဆိုင်မှာ လာပြီးသတင်းဖွမယ်၊ မင်းတစ်ခါတည်းအလုပ်ပြုတ်သွားစေရမယ်၊

သူတို့ကခြိမ်းခြောက်အကျပ်ကိုင်လာသည်။ သူတို့ပြောသည့်အတိုင်းလုပ်ကြမည်ဆိုလျှင် ပထမဦးဆုံးသူမ နာမည်ပျက်တော့မည်။ နောက်မှအမှန်တရားကပေါ်လွင်လာမည်ဖြစ်သော်လည်း ထိုအချိန်ကာလ၌သူမ မည်သို့နေထိုင်ရမည်နည်း။

ယခုအချိန်ထိပြန်ရောက်မလာသေးသော တင်ထွန်းအောင်ကို သူမ လွန်စွာ တောင့်တမိတော့သည်။

" တို့တွေက လူကြမ်းတွေတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းကကြမ်းမယ်ဆိုရင်တော့ တို့တွေကလည်း ညာတာမှာ မဟုတ်ဘူးနော် .."

ထိုစဉ်သူမ၏မျက်လုံးထဲသို့ လူရိပ်တစ်ခု ဖျတ်ကနဲ ဝင်လာသည်။ ထို့ကြောင့် ရမိရရာကောက်ရိုးတစ် မျှင်သဘောနှင့် အားကိုးတကြီး လှမ်း ကြည့်လိုက်မိသည်။ အလင်းရောင်မှိန်မှိန် အောက် မှာပင်





ထိုလူသည် သူမတို့နှင့် ဘုရား ပေါ်တွင် တွေ့ဆုံခဲ့သည့် လူဟု မှတ်မိလိုက်သည်။ ဤမျက်နှာသွင်ပြင်ကို သူမ မကြာခဏ သတိရမိသည်ပဲ။

သူမဘာကိုမှအမှုမထားတော့ပဲ။ ဒီမယ်အကိုကြီးဟုလှမ်းခေါ်လိုက်သည်။ ထိုလူကသူမတို့ကို ဆတ်ကနဲလှည့်ကြည့်ပြီး ရပ်တန့်လိုက်၏။ ထို့နောက်သူမကိုလည်း မှတ်မိသွားသည့် အသွင်ဖြင့် "အော်..." ဟု ရေရွတ်သည်။

ဘုရားပေါ်တွင်ခရီးသွားဟန်လွှဲ ကြုံကြိုက်ခဲ့ရသည်မို့ အမှန်တကယ်မမှတ်မိနိုင်သည့် အခြေအနေမျိုးဖြစ်သော်လည်း သူမကစတင်မှတ်မိလိုက်သလို သူကလည်းမှတ်မိနေပါသည်။ ဤသည်မှာ သူမအတွက် အံ့ဩစရာကောင်းသည့် အဖြစ်တစ်ခုဖြစ်သည်။

"ကျွန်မကိုကူညီကြပါအုံးရှင်၊ ဒီမှာလိုက်နှောက်ယှက်နေကြလို့"

သူသည် သူမ၏အခြေအနေကို အကဲခတ်သလိုတစ်ချက်ကြည့်လိုက်ပြီး၊ သဘောပေါက်သည့်အပြုံးပြုံးကာ၊ " ကဲ သူငယ်ချင်းတို့.. မင်းတို့ဘာပြဿနာဖြစ်နေကြတာလည်း " ဟု လှမ်းမေးသည်။

ထိုအခါသူမ၏အနီးတွင် ရပ်နေကြသည့်လူနှစ်ယောက်က ခုန်ကုတ်ကုတ်နှင့်ပြန်ကြည့်ပြီး၊

" မင်းနဲ့မဆိုင်ရင် ဝင်မပါစမ်းနဲ့၊ ကိုယ့်လမ်းကိုကိုယ် သွားစမ်းပါ။ သူဘယ်သူလဲဆိုတာ မင်းမသိပါဘူး၊ သဘောပေါက်တယ်နော်"

သူမအား ကြေးတန်းစားတစ်ယောက်ဟုရည်ရွယ်ပြီး သုံးနှုန်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့်သူမ ပြာပြာသလဲရှင်းပြရန်ပြင်ဆ
လိုက်သည်။

"မဟုတ်ဘူးအစ်ကိုကြီး၊ ကျွန်မဲကို သက်သက်စွပ်စွဲနေတာ
ကျွန်မ .."

သူမဆက်ပြောမည့်စကားကို လက်ကာပြီး ဟန့်တားလို
သည်။ ထို့နောက်ထိုလူနှစ်ယောက်ကို ခပ်စူးစူးစိုက်ကြည့်လိုက်ပြီး

"မင်းတို့နှစ်ယောက်ကိုငါသဘောမကျဘူး၊ မင်းတို့ဟ
လူမိုက်တွေဆိုရင်ငါမျက်နှာကိုပိတ်ပြီးထိုးလိုက်ကြတော့၊ လုပ်ကြ
မင်းတို့သွေးရဲတယ်ဆိုရင် ထိုးလိုက်ကြလေ.." ဟုကျားဟိန်းသက်
ဟိန်းလိုက်သည်။ သူသည် စကားကိုရှည်ရှည်ဝေးဝေး လှည့်ပတ်
ပြောဆိုမနေပါ။ ပြဿနာကိုငြိမ်းချမ်းစွာဖြေရှင်းရန်မကြိုးစားပ
အမှန်တကယ်သတ်ပုတ်ရဲသည့် လူတစ်ယောက်ကဲ့သို့ စိန်ခေါ်လို
ခြင်း ဖြစ်သည်။

သူမ၏ မျက်စိရှေ့တွင်ထိုးကြကြိတ်ကြတော့မည့် ရန်ပွဲတ
ပွဲတော့ ဖြစ်ပါပြီဟုအောက်မေ့မိသည်။

ထိုလူနှစ်ယောက်သည် အမှန်တကယ်မိုက်မဲသည့် လူတ
ယောက်နှင့် ရင်ဆိုင်လိုက်ရသဖြင့် သွေးကြောင်သွားပြီး ရုတ်ခြ
နောက်ဆုတ်သွားကြသည်။ တစ်ယောက်က

"တောက်.. ကိုယ်နဲ့မဆိုင်ပဲ ဝင်ပါချင်တဲ့ အကောင်"
မြည်တွန်သည်။ နောက်တစ်ယောက်က " မလုပ်စမ်းပါနဲ့ကွာ၊ ဒါတ





တန်ပါဘူး" ဟု ဖြောင်းဖြသည်။

သူကတော့ဘာကိုမျှ ဂရုမစိုက်သည့်အသွင်ဖြင့် တစ်လှမ်းချင်း
ရှေ့သို့ တိုးလိုက်သည်။ ထိုလူနှစ်ယောက်သည် အခြေအနေမဟန်မှန်း
သိမြင်သဘောပေါက်ကာ တရွေ့ရွေ့နှင့်နောက်ဆုတ်သွားကြပြီး
အဝေးသို့ရောက်သည့်အခါ မကြားဝံ့မနာသာ ဆဲဆို၍ ထွက်သွားကြ
တော့သည်။

ယခုမှ သူမလည်း သက်ပြင်းချသွားပြီး၊

"ကျေးဇူးတင်ပါတယ် အစ်ကို" ဟု ပြောလိုက်သည်။ သူက
ရယ်မပြုံးနှင့်လှည့်ကြည့်ပြီး၊

"မင်းကဒီနေရာမှာဘာလုပ်နေတာလဲ"

"ကျွန်မသူငယ်ချင်းတစ်ယောက်နှင့်အတူဈေးလာဝယ်တာပါ။"
ဒါပစ္စည်းမေ့ကျန်ခဲ့လို့ အထဲပြန်ဝင်သွားတယ်။ အဲဒါကြောင့်
နေရာမှာ ကျွန်မရပ်စောင့်နေတုန်း သူတို့ရောက်လာကြပြီး နားရှက်စရာ
တွေ လာပြောကြတယ်။ ကျွန်မက သူတို့ထင်သလိုမဟုတ်ပါဘူး။
ကျွန်မ မိကောင်း ဖခင်သားသမီးတစ်ယောက်ပါ။"

" ဘာပဲဖြစ်ဖြစ်နောက်ဆိုရင်တော့ သတိထားပေါ့ကွာ၊
ဘော်စရာရှိရင်အော်သာအော်ပစ်လိုက်ပါ။ ဒါဟာရှက်စရာမဟုတ်ဘူး၊
ကိုယ့်အတွက်အန္တရာယ်မဖြစ်ဖို့အရေးကြီးတယ်"

"ဟုတ်ကဲ့ကျွန်မနားလည်ပါပြီ"

ထိုအချိန်မှ ကိုယ်တော်ချော တင်ထွန်းအောင် သည်သူမအသို



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ် ရောက်လာသည်။ သူမကလက်ညှိုးထိုးပြပြီး

" အဲဒါကျွန်မသူငယ်ချင်းပဲ၊ သူ့ကိုစောင့်နေတာ "

" အဲဒါဆိုရင်မင်းအဆင်ပြေသွားပြီပေါ့၊ တို့သွားတော့မယ်

" နေပါအုံး၊ကျွန်မ ကျေးဇူးတင်စကားပြောပါရစေ၊ ပြီးတော့ ကျွန်မတို့အချင်းချင်း သိကျွမ်းရင်းနှီးအောင် မိတ်ဆက်ပါရစေ "

သူမ၏စကားကိုသဘောကျသည့်အနေဖြင့် သူတစ်ချက် ပြုံးလိုက်သည်။

" ကျေးဇူးတင်လောက်စရာကိစ္စမဟုတ်ပါဘူး၊ ဒါကြော တို့က မင်းရဲ့ကျေးဇူးရှင်လည်းမလုပ်ချင်ပါဘူး၊ မင်းမေ့လိုက်ပါကွာ

သူသည် သူမ၏စကားကိုစောင့်ပြီးနားထောင်မနေတော့ လှည့်ထွက်သွားသည်။ တင်ထွန်းအောင်က သူမ၏နံဘေးတွင်ရပ် "ဘာဖြစ်တာလဲဟု မေးသည်။ နားစွန်နားဖျားကြားလိုက်ရသဖြင့် မလည်တလည်ဖြစ်နေ၏။

" နင့်ကိုတော့ မပြောလိုက်ချင်ဘူး၊ ကဲ...ကားပေါ်တက် တို့မြန်မြန်ပြန်ရအောင်၊ ဖြစ်သမျှအကြောင်းကိုကားပေါ်မှာပဲပါရ မယ်၊အိမ်ပြန်တာအချိန်သိပ်နောက်ကျနေပြီ..တင်ထွန်းအောင်"

သူမသည်ကားတံခါးကိုစိတ်ဆိုးစွာပြင့်ဆောင့်၍ဖွင့်လိုက်သ

*********





(၁၀)

" သား .. ဒီနေ့ဘယ်တွေလျှောက်သွားနေတာလဲ အိမ်ကို လေးတောင် ပြန်မဆက်တော့ မေမေတို့စိတ်ပူနေရတယ် "

အိမ်ပြန်ရောက်လျှင်ရောက်ချင်းမေမေကဆီးကြို၍ပြောလိုက်သည့် ကားဖြစ်သည်။ ထိုအခါမှတစ်မိသားစုလုံးကပူပန်စွာဖြင့် သူ့ကို င့်ကြိုနေကြကြောင်း ညီဇော်မင်း သတိထားမိတော့သည်။

" ကျွန်တော် သူငယ်ချင်းအပေါင်းအသင်းတွေဆီ လျှောက် သွားနေတာပါ၊ အိမ်ကိုဖုန်းပြန်ဆက်ဖို့ကိုတော့ကျွန်တော်မေ့သွားတယ်"

" နောက်ဆိုရင် သားဘယ်နေရာပဲရောက်နေပါစေ၊ အိမ်ကို တော့ အသိပေးပါအုံး၊ သားကလွတ်လာတာမကြာသေးတော့ တစ်ခုခု ဖြစ်မှာ စိုးရိမ်တယ်.."

" ဟုတ်ကဲ့၊ နောက်ဆိုရင်ကျွန်တော်အသိပေးပါ့မယ်.."

ဟုပြောကာ မိမိ၏အခန်းထဲသို့ဝင်ပြီး အဝတ်အစားများ လဲကာ ရေချိုးဖို့ပြင်ဆင်နေမိသည်။

ကံကောင်းထောက်မ၍ ဤနေ့တွင်ရန်ပွဲတစ်ပွဲ မဖြစ်ခဲ့ခြင်း ဖြစ်သည်။ တစ်ဖက်ကလူများက သတ္တိရှိကြလျှင် သေချာပေါက် ဖြစ်နိုင်ပါသည်။ ထောင်မှလွတ်လာသည်မှာ သိပ်မကြာမြင့်သေးသ



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြ သည် ဟု ကြားလျှင် မေမေ နှလုံးရောဂါ ရသွားနိုင်ပါသည်။

မိမိ၏အကြောင်းနှင့်ပတ်သက်ပြီး သည်းခံနိုင်ဖို့ကြိုးစားခဲ့ပေမဲ့ သူတစ်ပါးအစော်ကားခံနေရသည်ကို မြင်တော့စိတ်ကို မထိန်းချုပ်နိုင်တော့။ သူ့အနေဖြင့်ဝင်ရောက်ပြီးကူညီရန် ဆုံးဖြတ်မိသည်။ မည်သို့ပင်ဖြစ်စေ သူ၏ကူညီမှုကြောင့် တစ်ပါးသူအကျိုးခံစား ရသည် ဆိုလျှင် ကျေနပ်ပါသည်။

ထိုမိန်းကလေးကို ဘုရားပေါ်တွင် ဆုံတွေ့ခဲ့ဖူးသည်ဟု သေသေချာချာမှတ်မိပါသည်။ ဤကူညီမှုကြောင့် ရင်းနှီးသိကျွမ်းရန် မကြိုးစားချင်ပါ။ ခရီးသွားဟန်လွှဲ အဖြစ်အပျက်ဟုယူဆကာ သူမေ့ပစ်လိုက်သည်။

*********

(၁၂)

အမည်မသိရသေးသောထိုလူ၏ ပုံရိပ်သည် နောက်တစ်နေ့ ထိ ပုလဲဖြူ၏ စိတ်အာရုံထဲတွင်စိုးမိုးနေရာယူဆဲ ဖြစ်ပါသည်။ စွဲလမ်းခြင်းသည် အမှတ်သညာနှင့်မသက်ဆိုင်ချေ။ ခံစားတတ်သည့် နှလုံးသား နှင့် သာဆိုင်သည်ဟုထင်၏။





မည်သူ၊ မည်ဝါ၊ မည်သည့် ဇာနကမှန်း မသိရှိရသေးပေမဲ့ ထိုလူနှင့်ပတ်သက်၍စိတ်ဝင်စားမှုဖြစ်နေခြင်းမှာ ထူးဆန်းသည် ဟု ထင်သည်။ တစ်နေရာရာတွင်ထပ်မံဆုံတွေ့လိမ့်မည်ဟုလည်း သူမ မျှော်ကြည့် နေသည်။

သူမသည် အိမ်ရှေ့ဝရံတာတွင် ထွက်ရပ်ပြီး စားသောက်ဆိုင်မှ ကြိုပုံ့ကားကို စောင့်မျှော်နေသည်။

သူမ၏နောက်ကျောဘက်မှ ဒေါ်လေးဒေါ်အေးအေးမြင့် ရောက်လာပြီး

"သတိဝီရိယနဲ့သွားနော်၊ တင်ထွန်းအောင်နဲ့တကွဲတပြားစီ နေနဲ့၊ အတူတူ နေကြ၊ ဘယ်ကိစ္စပဲဖြစ်ဖြစ်ဒေါ်လေးတို့ကို အသိပေးပါ၊ ဒါမှ ဒေါ်လေးတို့ လည်း ပုလဲရဲ့အခက်အခဲကို နားလည်မှာပေါ့ ..."

ဟု ပူပန်ကြောင့်ကြစကားပြောသည်။ မနေ့က အဖြစ်အား သူမ မပြောခဲ့ပေမဲ့ တင်ထွန်းအောင်ကတော့ ဒေါ်လေးတို့ကို ပြောပြခဲ့ သည်။ ထို့ကြောင့် ဒေါ်လေးတို့ကစိုးရိမ်နေခြင်း ဖြစ်သည်။

"အဲဒါတင်ထွန်းအောင်ကြောင့်ဖြစ်ရတာသူ့ပစ္စည်း မေ့ကျန်ခဲ့ တယ်ဆိုပြီး ပုလဲကိုတစ်ယောက်တည်းထားခဲ့ရစ်တယ် " ဟုအပြစ် တင်လိုက်မိသည်။

"သူလဲအမှတ်တမဲ့ဆိုတော့ သတိမထားမိတာဖြစ်ပါ လိမ့် မယ်။ဒီလိုနေရာမျိုးမှာ ဒီလိုဖြစ်လိမ့်မယ်လို့ သူတယ်ထင်နိုင်ပါ့မလဲ..."

" လေးလေးကတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com


ဒေသးလဲ..ဒေါ်လေး "

" ကိုမျိုးကတော့ ပုလဲ ဒီလိုသိချင်းဆိုတာကို သူမတိုက်တွန်းခဲ့ပါဘူးတဲ့၊ ပုလဲ ကလည်းတစ်ဖက်တလမ်းကဝင်ငွေရအောင် အလုပ်လုပ်နေတာ သူနားလည်တာယ်လေ၊ ဒါပေမဲ့ ပုလဲ စိတ်ညစ်ခံပြီးတော့ မလုပ်စေ ချင်ဘူးတဲ့၊ ပုလဲ သွားပြီးမဆိုချင်ရင်လည်း နေပါစေလို့ ပြောတယ် "

ဒေါ်လေးက ကိုမျိုးဟုခေါ်ဝေါ်သည့်သူမှာ သူမ၏ခင်ပွန်း ဦးမျိုးအောင်ဖြစ်ပါသည်။ ဦးမျိုးအောင်သည် ဧည့်ခန်းထဲတွင် တီဗွီ ထိုင်ကြည့်နေသည်ကို လှမ်းမြင်ရ၏။

"အခုပုလဲတို့သွားဆိုနေတဲ့ဆိုင်ကစည်းကမ်းကောင်းပါတယ်။ ဘာမှရှုပ်ရှုပ်ယှက်ယှက် မရှိပါဘူး ဒေါ်လေး။ ဒီပြဿနာဖြစ်လို့ ပုလဲ အလုပ်မလုပ်ချင်တဲ့စိတ်လည်း မဖြစ်ပါဘူး။ "

" အေးကွယ်.. အန္တာရာယ်ကိုကြည့်ပြီးရှောင်ပေါ့၊ ဒီလိုလူမျိုးတွေက အနည်းအကျဉ်းရှိတတ်ပါတယ်။ "

သူမတို့စကားပြောနေစဉ် အောက်ထပ်မှ ဘဲလ်ကြိုး လှမ်းဆွဲသံကိုကြားရသည်။ ဝရံတာမှငုံ့ကြည့်လိုက်သည့်အခါ တိုက်အောက်တွင် ကြို့မို့ကားရောက်နေခြင်းကိုမြင်ရ၏။ တင်ထွန်းအောင်က အပေါ်သို့ လက်လှမ်းပြ နေသည်။

"ကားရောက်နေပြီ ဒေါ်လေး၊ ပုလဲ သွားတော့မယ် "

ဟု ပြောကာ ကျောပိုးအိတ်ကိုကောက်ကိုင်ပြီး ကိုယ့်ကို

ကြည့်လိုက်သည်။

သူမ၏စိတ်တွင် အနည်းငယ်မျှ စိုးရွံ့စိတ်မရှိချေ။

*********

(၁၃)

" ဟော့ကောင် ညီဇော်မင်း " ဟုခေါ်သံနှင့်အတူကိုယ်ပိုင်ကားငယ်တစ်စီးသည် သူ၏အနီး၌ထိုးရပ်လာသည်။ ငဲ့ကြည့်လိုက်တော့ သူ၏ သူငယ်ချင်းတစ်ယောက်ဖြစ်သည့် စောထွန်းအား တွေ့လိုက်ရသည်။

" မင်းပြန်လွတ်လာပြီဆိုတာ ကျော်လွင်ပြောပြလို့ ငါ သိရတယ်၊ ငါလည်းအလုပ်တွေ များနေတာနဲ့မလာအားဘူး.. "

" ရပါတယ်ကွာ၊ ငါ ..နားလည်ပါတယ် "

" ဒါနဲ့အခုမင်းဘယ်သွားမလို့လဲ ညီဇော်မင်း "

" လက်ဖက်ရည်ဆိုင်ထိုင်မလားဆိုပြီး အိမ်ကထွက်လာခဲ့တာ ဒီနားရောက်တော့ တစ်ယောက်တည်းဆိုင်မထိုင်ချင်တာနဲ့ ဘာလုပ်ရမလဲ ဆိုပြီးစဉ်းစားနေတာ "



www.burmeseclassic.com

www.burmeseclassic.com



" မင်းမှာကိစ္စမရှိဘူးဆိုရင်၊ ငါနဲ့လိုက်ခဲ့လေကွာ... "

ဟုပြောရင်း ကားတံခါးကိုအဆင်သင့်ဖွင့်ပေးသည်။ ကားပေါ်သို့သူမတက်သေးဘဲ

" နေစမ်းပါအုံး၊ မင်းကဘယ်သွားမလို့လဲစောထွန်း "

" မေးမနေစမ်းပါနဲ့၊ ကားပေါ်ရောက်တော့မှ ငါပြောပြမယ်၊ မင်းတက်မှာသာတက်စမ်းပါ.. "

ချီတုံချတုံဖြစ်နေသည့်သူ့ကို စောထွန်းကစိတ်မရှည်တော့ဘဲ ကားပေါ်မှဆင်းလာပြီး သူ့လက်မောင်းကိုဆွဲခေါ်သည်။

" မင်းဘယ်ကို သွားမယ်ဆိုတာပြောအုံးလေ "ဟု သူမေးသည်။

စောထွန်းဆိုသည့်သူကသိပ်ပြီးယုံကြည်ရသူမဟုတ်ပါ။ ခဏလေးဆိုပြီးပဲရှုးမြို့ထိရောက်ချင်ရောက်သွားတတ်သည်။ ဟိုယခင်အချိန်များက သူနှင့် စိတ်တူကိုယ်တူသောက်ဖော်စားဖက်တစ်ယောက်ဖြစ်ပြီးတစ်နေ့ ကုန်တစ်နေ့ခန်း အပျော်လွန်တတ်သူ ဖြစ်သည်။

"ဟော့ကောင် .. အပိုတွေမေးမနေနဲ့၊ ဘယ်နိုင်ငံခြားကိုမှရောက်မှာ မဟုတ်ဘူး၊ စိတ်ချ၊ ဒီမြန်မာနိုင်ငံထဲတင်ဘဲသွားမှာ"

ထပ်၍မေးနေလည်း အဖြေကရမည်မဟုတ်ပါ။ စောထွန်းသည် စိတ်ဦးတည်ရာ သွားတတ်သည့်သူဖြစ်၏။ လည်ပင်း ဖက်ပေါင်းသင်း ခဲ့ရသူ ဖြစ်သဖြင့် မငြင်းဆန်ချင်တော့ဘဲ ကားပေါ်သို့ သူတက်လိုက်သည်။ ထိုတော့မှ စောထွန်းသည် တဟဲဟဲရယ်ပြီး ကားကို





မောင်းထွက် လေသည်။

* * * * * * * * *

(၁၄)

တွေရာလေးပါးစကားတွေပြောရင်း အတော်လေးခရီးရောက်တော့မှ စောထွန်းသည်သူ၏ အကြံအစည်ကိုပြောပြ တော့သည်။

"ဝင်းသိန်းဦးကသူ့ဦးလေးစားသောက်ဆိုင်မှာမန်နေဂျာဖြစ်နေတယ်ကွ "

ဤအကြောင်းကို သူမသိသေးပါ။ သူလွတ်လာကတည်းက သူငယ်ချင်းများအကြောင်းကို စုံစမ်းမေးမြန်းဖို့ မေ့နေခဲ့သည်။ သူ့အာရုံစိုက်ပြီး စုံစမ်းနေသည်က သန္တာဖြူ၏ညီမ အကြောင်းပင်ဖြစ်၏။

" ဝင်းသိန်းဦးက တို့အုပ်စုကိုဘယ်လောက်ကြောက်တယ်ဆိုတာ မင်းသိပါတယ်၊ တို့တွေအရက်သောက်ဖို့ လူစုတာနဲ့ ဒီကောင်ရှောင် ပြေးတော့တာဘဲ၊ တစ်ခါက "ဝင်း"စားသောက်ဆိုင်မှာ တို့တွေပြဿနာတက်ပြီး ရန်ဖြစ်ကြတုန်းက ဒီကောင်ဗိုနပ်တောင် မပါဘဲပြေးလိုက်တာအံ့ရော .."

သူကောင်းစွာမှတ်မိနေပါသည်။ ဝင်းသိန်းဦးသည် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်အောင်နေတတ်သည့် လူအေးတစ်ယောက်ဖြစ်သည်။ သူတို့သောက်စားကြလျှင်နံဘေးနားမှထိုင်ပြီး တောင်းပန်တတ်သူ ဖြစ်သည်။

ဤသို့စိုးရိမ်ကြီးတတ်မှုကိုပင် သူတို့ကရယ်စရာဟုထင်ပြီး တမင်နှောက်ပြောင်ခဲ့ကြသည်။

" ငါမှတ်မိပါတယ်စောထွန်း၊ ဟိုတစ်ခါတုန်းက မင်းနဲ့ငါထိုင်ဖင်ထားပြီး ဝင်းသိန်းဦးရှေ့မှာတို့နှစ်ယောက်ထိုးကြ ကြိတ်ကြမယ်လုပ်တုန်းက ဒီကောင်မျက်နှာငယ်လေးနဲ့ ငိုသံကြီးနဲ့ တောင်းပန်တာ ငါမှတ်မိသေး တယ်"

"အဲဒါကြောင့် ဒီကောင်စားသောက်ဆိုင်မန်နေဂျာဖြစ်တာကို ငါအံ့သြတာပေါ့ "

" ဒီကောင်သတ္တိရှိလာပြီ ထင်တယ် "

" ဘယ်ကလာ သတ္တိရှိရမှာလဲ၊ အရင်အတိုင်းဘဲ ပုံစံ မပြောင်းသေးဘူး "

"ဒီလိုဆိုရင် အဲဒီအလုပ်နဲ့ ဝင်းသိန်းဦး က မကိုက်ညီပါဘူး၊ စားသောက်ဆိုင်ဆိုတာက အရက်လဲပါတယ်၊ ဒီတော့ စားကြ၊ သောက်ကြရင်း မူးပြီးပြဿနာဖြစ်မှာဘဲ၊ မန်နေဂျာကပြဿနာကြီး မသွားအောင် ရန်မဖြစ်အောင် ကြားက ဝင်ထိန်းပေးရမှာ "

အဲဒါအံ့သြစရာပေါ့၊ သူ မန်နေဂျာလုပ်တယ်ဆိုတာ သူငယ်ချင်းတွေကို အသိမပေးရဲဘူးကွ၊ သူငယ်ချင်းတွေသိသွားရင် သူ့ဆိုင်ကိုလာပြီး ရစ်ကြမှာ စိုးရိမ်နေတယ်။ သူငယ်ချင်းတွေထဲမှာ





အထူးသဖြင့် မင်းနဲ့ငါကို အသိမပေးပါနဲ့လို့ နှုတ်ပိတ်ထားတယ်။ ဒီကောင်တွေက ငမွှကြီးတွေတဲ့၊ ပြဿနာကိုမီးခွက်ထွန်းပြီးရှာတဲ့ အကောင်တွေလို့ သူပြောတာ ငါတစ်ဆင့် ကြားရတယ်။

သူသဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး

"ဒါနဲ့မင်းကဘယ်ကိုသွားမလို့လဲစောထွန်း"

"ဝင်းသိန်းဦး ရဲ့ဆိုင်ကိုသွားမှာ"

" မလုပ်ပါနဲ့ကွာ၊ ငါကမင်းထင်သလို အရက်မသောက်တော့ဘူး၊ တစ်သက်လုံးအတွက်စွန့်လွှတ်လိုက်ပြီ"

စောထွန်းသည်မိုးပြိုကျသည်ဟူသော စကားကို ကြားလိုက်ရသကဲ့သို့ မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။

" မင်းတကယ်ပြောနေတာလား ညီဇော်မင်း "

" တကယ်ပြောနေတာ "

" ဘာကြောင့် ဒီလိုစွန့်လွှတ်ဖို့ မင်းဆုံးဖြတ်လိုက်ရတာလဲ "

" ငါ့အဖေ၊ အမေတွေတိုက်တွန်းလို့မဟုတ်ပါဘူး၊ ငါ့သဘောနဲ့ငါ ဆုံးဖြတ်လိုက်တာပါကွာ၊ ဟိုအရင်တုံးက အရက်သောက်ရင်အဖေ၊ အမေ တို့မနှစ်သက်ကြရုံပဲဖြစ်မယ်၊ အခုပြန်လွှတ်လာပြီးမှ သောက်ရင် အဖေ၊ အမေတို့ စိတ်ညစ်ကြလိမ့်မယ်၊ ငါကလည်း နဂိုကတည်းက သည်းမခံနိုင်တဲ့လူဆိုတော့ရန်မီးများတယ်၊ ငါ့ကြောင့် အမေတို့ စိတ်ဆင်းရဲခဲ့ပြီးပြီ၊ အခုအချိန်မှာသူတို့ကိုစိတ်မဆင်းရဲစေချင်တော့ဘူး၊ ဒါကြောင့်အရက် မသောက်တော့ဖို့ဆုံးဖြတ်လိုက်တာဘဲ ...


www.burmeseclassic.com

www.burmeseclassic.com



" အင်း.... မင်းဆုံးဖြတ်တာကောင်းပါတယ်၊ ဒီအချိန်မှာ ဆိုးမိုက်နေရင်လည်း မကောင်းတော့ပါဘူး၊ ဒါပေမဲ့ ငါ့အတွက်တော့ အဖော်တစ်ယောက် လျော့သွားသလို ခံစားရတယ် "

" မင်း ဝင်းသိန်းဦး ဆီသွားချင်တယ်ဆိုရင်လည်း တစ်ယောက်တည်းပဲ သွားပါတော့၊ ငါဒီနေရာမှာပဲဆင်းနေရစ်ခဲ့ပါရစေ .."

ဟု သူ ပြောလိုက်သည်။

" မင်းကိုငါ အတင်းမတိုက်တွန်းပါဘူး၊ ဒါပေမဲ့ မင်း မသောက်ပေမယ့် လိုက်တော့လိုက်ခဲ့စမ်းပါကွာ " ဝင်းသိန်းဦးကို တို့တွေ စကြရအောင်၊ မင်းကိုယ့်စိတ်ကို ကိုယ်ပိုင်တယ်ဆိုရင်တော့ လိုက်ခဲ့စမ်းပါကွာ"

"ငါ့စိတ်ကိုငါနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ်က မသောက်တော့ အရက်သောက်တဲ့လူတွေကြားမှာ မနေချင်ဘူးကွ၊ အရက်သောက်ရင် ဘယ်လိုရစ်တတ်တယ်ဆိုတာ ငါအသိဆုံးပဲ၊ ငါကိုယ်တိုင်လည်း ရစ်ခဲ့ဖူးတာပဲ .. "

" စိတ်ချပါမင်းကိုငါမရစ်ပါဘူး၊ ဝင်းသိန်းဦးကို တမင်နောက်ချင်လို့ပါ၊ တို့သူငယ်ချင်းတွေ ကိုယ့်အလုပ်နဲ့ကို ရှုပ်နေကြလို့ ဒီလိုပျော်ပျော် ပါးပါး မဆုံဖြစ်တာကြာပါပြီ .. "

ခင်မင်ရင်းနှီးစွာ တတွဲတွဲနေခဲ့ဘူးသောသူငယ်ချင်း တစ်ယောက်၏ဆန္ဒကို သူပြတ်သားစွာငြင်းပယ်ပြီး ဥပက္ခာမပြုချင်ပါ။ ထို့အပြင် ကန္တာရတစ်ခုလို ခြောက်သွေ့အထီးကျန်နေခဲ့သော မိမိ၏





ဘဝကြောင့် ပျော်ရွှင်ခြင်းမိုးစက်ပွင့်များကို ငတ်မွတ်တောင့်တမိသည်။

မည်သို့ပင်ဖြစ်စေ ဝင်းသိန်းဦးတို့နှင့် ပြန်လည်ဆုံတွေ့ရလျှင် အထီးကျန်အနာရောဂါများ သက်သာပျောက်ကင်းလာလိမ့်မည်ဟု ထင်သည်။

ထို့သို့စဉ်းစားမိပြီး၊ " ငါ မငြင်းတော့ပါဘူး၊ ငါလည်းကိုယ့်သူငယ်ချင်းတွေနဲ့ တွေ့ချင်နေတာပဲ၊ ကဲ .. သွားပါ .. " ဟုပြောလိုက်မိသည်။

**********

(၁၅)

စားသောက်ဆိုင်သို့ ညိဇော်မင်းတို့ရောက်ရှိသွားချိန်တွင် မှောင်ရီနေပြီဖြစ်သဖြင့် ရောင်စုံမီးများ ထွန်းညှိထားသည်ကိုတွေ့ရ၏။ ဆိုင်အတွင်း၌လည်း စားသောက်သူအချို့ရောက်ရှိနေသည်ကိုမြင်တွေ့ရသည်။

ညည့်ကြိုကောင်လေးက သူတို့ကိုစားပွဲဝိုင်းတစ်ခုတွင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ချပေးသည်။ စောထွန်းကထိုင်ခုံတွင်ဝင်ထိုင်ရင်း

" ညီလေး .. မင်းတို့ဆိုင်ကမန်နေဂျာက ဘယ်သူလဲ .. "

"မန်နေဂျာက ဦးဝင်းသိန်းဦးပါ .. အစ်ကို"

" အဲဒါ အစ်ကိုတို့ရဲ့ အမှုသည်တစ်ယောက်ပဲ၊ သူ့အမှ

လိုက်ပေးနေတဲ့ ရှေ့နေ နှစ်ယောက်ရောက်နေတယ် လို့ပြော

စမ်းပါ .."

"ဟုတ်ကဲ့ပါ ခင်ဗျာ" ဟုရိုသေလေးစားစွာဖြင့်ပြောပြီး လှ

ထွက်သွားသည်။

သူတို့စားပွဲသို့ရောက်လာသည့် စားပွဲထိုးလူငယ်အား

" ဘာတွေရနိုင်သလဲ " ဟုမေးလိုက်သည်။

ဘီယာအမျိုးစုံရနိုင်သည့် အကြောင်း ပြောသည်။

" ကိုယ်တို့ကဘီယာမကြိုက်ဘူးကွ၊ ဘီယာဆိုရင်

လောက်ပဲ သဘောထားတယ်၊ ဒီတော့ဂျော်နီဝါကား တစ်ပုလင်း

ချပေး ..၊ ရက်လေဘယ် ဖြစ်ပါစေ .."

" ဟေ့ကောင် .. မင်းတစ်ယောက်တည်းတစ်ပုလင်းဆို

မများဘူးလား " ဟု သူ မနေနိုင်တော့ဘဲ ဝင်ပြောမိသည်။

" တစ်ပုလင်းလုံး ငါဘယ်သောက်နိုင်ပါမလဲ ..၊ ဒါ

ဝင်းသိန်းဦး လာရင် ဖြုံသွားအောင် တမင်ထောင်ထားမှာ "

သူ ဘာမှမပြောတော့ဘဲ ကြည့်နေလိုက်သည်။ စောထွ

ကစားသောက်စရာများကိုရွေးချယ်၍ မှာယူနေသည်။ ထိုစဉ်ဆိုင်ထဲ





သိန်းဦး လှမ်းဝင်လာသည်ကိုမြင်လိုက်ရ၏။ စောထွန်းက " ဟေ့ ..

တ် .. "ဟု အော်ကာ လက်နှင့် လှမ်းခေါ်သည်။ ထိုအခါမှ သူတို့

ယောက်ကို ဝင်းသိန်းဦး မြင်တွေ့သွားသည်။

အနီးတွင်ရပ်နေသည့် စားပွဲထိုးလူငယ်က စိုးရိမ်သည့် အမူ

ဖြင့် ခပ်တိုးတိုးသတိပေးစကားပြော၏။

" အဲဒါ ကျွန်တော်တို့လိုစားပွဲထိုးမဟုတ်ဘူး... အကို၊ သူက

င်ရဲ့ မန်နေဂျာပါ .."

" ဟုတ်လား၊ ငါကသန့်ရှင်းရေးအလုပ်သမားထင်လို့ ခေါ်

တော့ .. "

စားပွဲထိုးလူငယ်က ဘာမှမပြောတော့ဘဲခေါင်းကုပ်နေ

သည်။

ဝင်းသိန်းဦးသည် အဝတ်အစားကို အလွန်သပ်ယပ်စွာ

ဆင်ထားခြင်း ဖြစ်သည်။ ရွှေကိုင်းမျက်မှန်ကြောင့် ပို၍ ခန့်ငြား

သို့ ထင်ရပါသော်လည်းအန္တရာယ်၏ အရိပ်အယောင်ကို

င်မြင်ပြီး ခြောက်ခြားနေသည့် အသွင်ပေါက်နေသည်။

ဂျော်နီဝါကားပုလင်းကြီးတစ်လုံးထောင်၍ထိုင်နေကြသော

နှစ်ယောက်ကိုမြင်သည်နှင့် ကြောက်လန့်တကြား " ဟာ .." ဟု

တ်ပြီး ပါးစပ်ဟောင်းလောင်းဖြစ်သွားသည်။ ထို့နောက် သူတို့၏

ဆီသို့ အပြေးအလွှားရောက်လာပြီး

" ငါ့ကိုတွေ့ချင်လို့ ရှေ့နေနှစ်ယောက် ရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လက်စသတ်တော့မင်းတို့ပါလား၊ ငါထင်တော့အထင်သား၊
အမှုအခင်းမှ မရှိဘဲ ..."

"အခုမရှိပေမဲ့ မကြာခင်အမှုရှိလာမှာပါ၊ ဝင်းသိန်းဦး"

ဟုစောထွန်းကရယ်ကျဲကျဲနှင့်ပြောလိုက်သည်။ ထိုအခါ
ဝင်းသိန်းဦးက နားလည်သဘောပေါက်သွားပြီး

" ဒီမနက်ကပဲ ငါမျက်ခုံးတွေအလကားနေရင်း လှုပ်
ပါတယ်လို့ ထင်တော့အထင်သား၊ အခုတော့ငါအတွက်မကောင်
နိမိတ်ဆိုတာ သေချာသွားပါပြီ၊ ငါဦးလေးရဲ့ဆိုင်ကဒီနေ့ပဲငါထွက်
ရတော့မယ်ထင်ပါတယ် "

" မင်းကငါတို့ကိုမကောင်းဆိုးဝါးလို့ထင်နေတာလား "

" အဲဒီလိုငါမထင်ရဲပါဘူး၊ မင်းတို့က ငါ့ရဲ့သူငယ်ချင်းတွေပ

" သူငယ်ချင်းဆိုရင်ကောင်းကောင်းမွန်မွန်ဆက်ဆံပါလာ

" ငါမှားသွားပါတယ်၊ သူငယ်ချင်းတို့ခွင့်လွှတ်ကြ
ဒီနေ့မင်းတို့စားသောက်တာကို ငါမယူပါဘူး၊ ငါကျွေးမွေးဧည့်ခံပါမ

" မင်းကငါတို့ကိုမလိမ့်တပတ်နဲ့မိုက်ကြေးခွဲတဲ့ အကောင်
လို သဘောထားလိုက်တာမဟုတ်လား၊ ဒီလိုပုံစံမျိုး ရှိုးနေပါပြ
ဝင်းသိန်းဦး"

"ငါတို့ပိုက်ဆံနဲ့ငါတို့စားမှာပါ၊ မင်းလူလည်မကျစမ်းပါနဲ့"

" ဒုက္ခပါဘဲကွာ..၊ ဘာမှမသောက်ရသေးဘဲနဲ့ ဒီလော
တောင်ရစ်နေကြရင်သောက်စားပြီးတဲ့အခါ ပိုဆိုးတော့မှာ ဘဲ"





င်းသိန်းဦးသည် စိတ်ပျက်လက်ပျက်နှင့်ညည်းညူလိုက်သည်။
ို့နောက် သူဘက်မျက်နှာလှည့်လာပြီး

" ဒီကောင်ဝင်နောက်နေတာနဲ့ ကိုယ့်ရဲ့သူငယ်ချင်းကိုတောင်
တ် မဆက်ရသေးဘူး၊ မင်းဘယ်နေ့ကလွတ်လာတာလဲ၊ ညီဇော်မင်း"

ဟုမေးသဖြင့်သူပြုံးရယ်ရင်း "သိပ်မကြာသေးပါဘူး သုံး၊ လေး၊
ရက်လောက်တော့ရှိပါပြီ " ဟု အဖြေပေးလိုက်သည်။ ထုံးစံအတိုင်း
ရ မရောက်ဖြစ်သည့် အကြောင်းကို တောင်းပန်စကား ပြောသည်။

" တို့တွေပြန်လည်ဆုံစည်းကြတဲ့အထိမ်းအမှတ်အနေနဲ့
ြက် သလောက်သောက်စမ်းပါ ညီဇော်မင်း၊ ဒီနေ့အတွက် ငါ တာဝန်
ါမယ်၊ သူငယ်ချင်းအချင်းချင်းဘာမှ ပြောစရာမရှိပါဘူး.. "

သူကစီးကရက်တစ်လိပ်ထုတ်ယူ၍မီးညှိလိုက်သည်။
ာထွန်းက နည်းနည်းဂျိုကျပေးရန်မျက်နှာရိပ်မျက်နှာကဲနှင့် အချက်
သည်။ ယခင်အချိန်ကလို သူတစ်ပါးစိတ်ညစ်အောင် စချင်နောက်ချင်
တ်မရှိတော့။ ထိုကဲ့သို့သော ပျော်ရွှင်မှုမျိုးကို ရင်ထဲက ခံစား၍
ရတော့ပါ။

ထို့ကြောင့် သူသည် အေးဆေးသောအမူအရာဖြင့်

" ငါအရက် မသောက်တော့ဘူး၊ ငါထောင်ကျသွားကတည်း
 အရက်သောက်တာကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ချက်ချထားတယ်။
ခုလည်း စောထွန်း ခေါ်လာလို့ ငါလိုက်လာခဲ့ရတာ။ ငါဒီနေရာတွေကို
သွားချင်တော့ဘူး " ဟု အမှန်အတိုင်းဖွင့်ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားသမျှ ပျက်သွားသောကြောင့် စောထွန်း က

" သွားပါပြီ " ဟု ရေရွတ်သည်။

ဝင်းသိန်းဦးသည် သူ့ပခုံးကို ဖြစ်ညှစ်ပြီး

" မင်းရဲ့ကောင်မလေးကို ငါမမြင်ဖူးလိုက်ပါဘူး၊ မင်းက သူငယ်ချင်းတွေကို အသိမပေးဘဲ တိတ်တိတ်ကလေး တွဲခဲ့တာ မဟုတ်လား၊ ဒါပေမဲ့ အဲဒီကောင်မလေးကို မင်းဘယ်လောက် ချစ်ခဲ့တယ်ဆိုတာတော့ ငါသိခဲ့ရ ပါတယ်"

သန္တာဖြူအား ဝင်းသိန်းဦးနှင့် စောထွန်းတို့ မမြင်တွေ့ဖူးကြ။ ချေးကုန်ကုန်ပြောရလျှင် သူ၏မိဘတို့လည်း မမြင်ဖူး ကြပါ။ အချိန်မတန်မီ မည်သူ့ကို မှ အသိမပေးချင်သော သန္တာဖြူ၏ဆန္ဒကို သူ တိကျစွာ လိုက်နာခဲ့ပါ သည်။ ယခုတော့ သန္တာဖြူ သည် သူကိုယ်တိုင် မမြင်တွေ့ နိုင်သော အရပ်ဆီသို့ ရောက် သွား ခဲ့ပါ ပြီ။

" သူ့သဘောဆန္ဒအတိုင်း ငါလိုက်လျောခဲ့တာပါ... ဝင်းသိန်းဦး၊ သူငယ်ချင်းတွေကို လစ်လျူရှုခဲ့တာမဟုတ်ပါဘူး သူကငါ့ကိုအဖြေပေးဖို့ တောင်အစီအစဉ်မရှိခဲ့ပါဘူး "

" မင်းတို့အကြောင်းတွေကို ငါတိတိကျကျမသိခဲ့ပါဘူး ငါစကားပြောမှားသွားရင်ခွင့်လွှတ်ပါသူငယ်ချင်း"

သူခေါင်းကိုခါယမ်းလိုက်ပြီး

" အဲဒီစကားပြောစရာမလိုပါဘူး၊ ငါကိုယ်နှိုက်က ဒီအကြောင်း တွေပြောပြချင်စိတ်မရှိသေးဘူး၊ တစ်နေ့နေ့တော့ မင်းတို့ကို





ငါ ပြောပြနိုင် လိမ့်မယ်ထင်တယ် " ဟု တိုးတိတ် စွာ ပြောလိုက်သည်။

ထို့နောက် သူဘယ်သွားနေပါလိမ့်ဟု စိတ်ပူစွာ တွေးနေကြမည့် အဖေနှင့် အမေတို့ကို သတိရလိုက်သည်။ ယခုလောလောဆယ် အချိန်တွင် အိမ်ကသူ့ကိုမျက်စိဒေါက်ထောက်၍ သတိထား စောင့်ကြည့်နေကြသည်။ ဤနေရာသို့ရောက်ရှိနေသည့်အကြောင်း ဖုန်းဆက်ပြီး အသိပေးရမည်ဟု တွေးကာထရပ်လိုက်၏။

စောထွန်းက သူ့ကိုဖြတ်ကနဲလှမ်းကြည့်ပြီး

" မင်းဘယ်သွားမလို့လဲ ညီဇော်မင်း "

" ငါ အိမ်ကိုဖုန်းဆက်ပြီး အသိပေးရအုံးမယ်ကွာ၊ နို့မဟုတ်ရင် မေမေတို့စိတ်ပူနေကြလိမ့်မယ်၊ ငါဒီကိုထွက်လာတာ မေမေတို့မသိကြဘူး"

ကြားထဲမှနားထောင်နေရသော ဝင်းသိန်းဦး က

" မင်းအိမ်ကို ဖုန်းဆက်ချင်တယ်ဆိုရင် ငါ့အခန်း ထဲက ဆက်ပါ"

" ကောင်တာမှာဖုန်းရှိနေတာဘဲ"

" အဲဒီဖုန်းကဆိုင်ထဲကအသံတွေကြောင့်နားထောင်ရခက်ပါတယ်၊ ငါ့အခန်းထဲမှာဆိုရင် မင်းအေးအေးဆေးဆေးပြောလို့ရတယ်"

ဝင်းသိန်းဦး၏စကားကိုသူငြင်းမနေတော့ဘဲ ခေါင်းညိတ် လိုက်သည်။ ထို့နောက် ဝင်းသိန်းဦး၏နောက်သို့သူလိုက်လာခဲ့သည်။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

ဝင်းသိန်းဦး၏မန်နေဂျာအခန်းသည် စားသောက်ဆိုင်၏ နောက်ကျော ဘက်တွင်ရှိနေပြီး အဆင့်အတန်းမြင့်မြင့် သပ်သပ်ရပ်ရပ် ဖွဲ့စည်းပြင်ဆင် ထားသည်။ အခန်း၏ပတ်လည်အား မှန်ချပ်များ တပ်ဆင်ထားသဖြင့် အပြင်ဖက်ကိုလှမ်းမြင်ရ၏။ လိုအပ်လျှင်မမြင်ရ အောင်ခန်းဆီး ချထား နိုင်သည်။

ဖုန်းပြောနေစဉ်တောင်းအော့(စ်)ကားတစ်စီးဝင်ရောက်လာပြီး လှေကားအနီးတွင်ရပ်တန့်လိုက်သည်။ ထို့နောက်မိန်းကလေး ခုနစ် ယောက်၊ ရှစ်ယောက်ခန့်ဆင်းလာသည်။ ယောကျာ်းလေးက နှစ်ယောက် ပါသည်။ အားလုံးငယ်ရွယ်ကြသည့်သူများဖြစ်သည်။

" အဲဒါ ငါ့ဆိုင်ကသီချင်းဆိုတဲ့ကောင်လေး၊ ကောင်မလေး တွေပါ .. ညီဇော်မင်း "

ဝင်းသိန်းဦးကလှမ်းကြည့်နေသောသူကိုရှင်းပြသည်။

ထိုလူစုထဲမှ တစ်ယောက်သောသူကို ကွက်ကနဲ လှမ်းမြင်မိ သည်။ ဘုရားပေါ်တွင်ဆုံတွေ့ခဲ့သည့်မိန်းကလေး၊ ဟိုတစ်နေ့က ရုပ် မားကတ်၏အောက်တွင်သူ့အကူအညီပေးခဲ့သည့် မိန်းကလေး ဖြစ် သည်။





ကောင်လေးတစ်ယောက်က အခန်းပေါက်ဝတွင်ရပ်ပြီး

" အားလုံးပါတယ် ပျက်ကွက်တဲ့လူမရှိဘူး…ဆရာ "ဟု သိန်းဦးအား လှမ်းအော်ပြောသည်။

ဝင်းသိန်းဦးက နာရီကိုတစ်ချက်လှည့်ကြည့်လိုက်ပြီး

" အချိန်နည်းနည်းတော့လိုပါသေးတယ်၊ ခဏတစ်ဖြုတ် နေ လိုက်ကြအုံး၊ အချိန်တိတိကျကျနဲ့စပြီးဆိုကြမယ်"

ဟုပြောလိုက်သည့်အခါထိုလူငယ်က "ဟုတ်ကဲ့၊ ကျွန်တော် ပြင်ဆင်လိုက်အုံးမယ်..ဆရာ "

ဟု ဆိုကာ ထွက်သွားသည်။

သူကတော့အမှတ်မထင်လှည့်ကြည့်သွားသော မိန်းကလေး ၏ မျက်လုံးထဲတွင် မှတ်မိခြင်းနှင့်အတူ အံ့ဩဝမ်းသာခြင်းကိုပါ မြင်တွေ့ လိုက်ရသည်။ တစ်စုံတစ်ခုကိုပြောလိုသည့်ဟန်ဖြင့် တခဏ ပ်တန့်လိုက် သေးသည်။ ထို့နောက်သူတို့၏အုပ်စုနောက်သို့ ခပ်သွက် သွက် လိုက်ပါ သွားသည်။

" အော် . . .သူကဒီဆိုင်မှာသီချင်းဆိုတဲ့သူထင်ပါတယ် " ဟု စိတ်ထဲကတွေးလိုက်မိသည်။

*********



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

မိမိစိတ်ဝင်စားသော လူတစ်ယောက်နှင့် ဤသို့သော[...]တွင်ဤသို့သောတွေ့ဆုံကြခြင်းကို ပုလဲဖြူ၏စိတ်ထဲက နှစ်သ[...]သဘော ကျခြင်း မရှိချေ။ မည်သည့်နည်းနဲ့မှ လက်မခံနိုင်ပါ။

သူမချောင်းကြည့်လိုက်သည့်အခါ သူသည် မန်နေဂျာ[...]အတူ စားသောက်ခန်းမအတွင်းသို့ ဝင်သွားသည်ကို မြင်လိုက်ရ[...]သူသည် တစ်ခုသောစားပွဲတွင်သောက်စားနေမည်မှာ သေချာပါသည်[...]ရောင်စုံ မီးရောင်များကူးယှက်ပြေးလွှားနေသည့် ခန်းမထဲတ[...]သူ့ကိုရှာဖွေ၍ တွေ့ရှိဖို့က မလွယ်ကူပါ။ သူမသည် သီချင်းသီ[...]နေရင်းက မဝံ့မရဲနှင့် ရှာဖွေ၍ကြည့်မိပါသည်။

ယခင်နေ့များက သူမသည်သီချင်းဆိုသည့်အချိန်များ၌ [...]ဘီဝဲယာကိုမကြည့်ဘဲ အစဉ်သဖြင့် မျက်လုံးကို အောက်သို့စိုက်ချ[...]တတ်ပါသည်။ အဓိက သူမအာရုံဝင်စားထားသည်မှာ သီချင်း[...]အပေါ်၌သာဖြစ်၏။ ယခုတော့ သူမ၏စိတ်အာရုံတို့သည် သူ့အပေါ်[...]ရောက်ရှိနေ သည်။

သူမသည် စားသောက်ကြသူများကို သီချင်းနှင့် ဖျော်ဖြေ[...]ပေးနေ ရသူဖြစ်ပြီး သူကတော့ရီဝေမူးယစ်မျော်ရွှင်ရှုံ့သက်သ[...]





နားဆင်နေသူ ဖြစ်ပါသည်။ ဤနေရာသည် တစ်ခဏတာ စိတ်အပန်းပြေသည့်နေရာဖြစ်သည်။ လေးလေးနက်နက်ခံစားနားလည်ရန် မလိုအပ်သည့်နေရာဖြစ် သည်။

ပုလဲဖြူ၏ရင်ထဲတွင် အားငယ်ဝမ်းနည်းစိတ်များဖြင့် တုန်ရီလိုက် မောနေသည်။ အရာအားလုံးကိုမေ့ပစ်ချင်နေသည်။ ဤနေရာကို အမြန် ဆုံးကျောခိုင်း၍ စွန့်ခွါရမည့်အချိန်ကို တောင့်တမိသည်။

တစ်ယောက်ပြီးတစ်ယောက် စင်မြင့်ပေါ်တက်လာပြီး သူမ၏ လည်တိုင်ကို ပန်းကုံးများစွပ်ပေးနေကြခြင်းကို သူမ၏ စိတ်ထဲ၌ ကြိုးတစ်ချောင်းပြီးတစ်ချောင်း စွပ်နှောင်ခံရသကဲ့သို့ထင်မြင်ယူဆမိသည်။ ထိုလူများထဲတွင် သူ မပါ, ပါစေနှင့်စိတ်ထဲက ရေရွတ်တောင့် တမိသည်။

သူမတောင့်တသည့်အတိုင်း သူရောက်မလာခဲ့သည့်အတွက် ဘာကြောင့်မှန်းမသိ စိတ်ထဲကပေါ့ပါးသွားသလို ခံစားရပါသည်။

*********

(၁၈)

ဆိုင်ပိတ်ချိန်သည် ညဆယ့်တစ်နာရီဖြစ်သည်။ သူမတို့၏


www.burmeseclassic.com

www.burmeseclassic.com



သီချင်းချော်ချော်မြူးမှုကတော့ထိုအချိန်ထက် နာရီဝက်စောၡပြီးဆုံးပါသည်။ ညဦးနက်စာအဖြစ် ကော်ဖီ (သို့မဟုတ်) အအေးနှင့်ကြိုက်နှစ်သက်ရာ အစားအသောက်တစ်ခုခုကျွေးမွေးပါသည်။

ထို့နောက် သူမတို့ပြန်ချိန်ရောက်ပြီဖြစ်သဖြင့် အထုပ်အပိုး ကိုယ်စီဆွဲပြီး ကြိုပို့ပေးမည့်ကားပေါ်သို့တက်ကြသည်။ ထိုအချိန်တွင် သူမတို့၏ ကားနှင့်မလှမ်းမကမ်းတွင် ဤဆိုင်၏မန်နေဂျာဖြစ်သည့် ဝင်းသိန်းဦးနှင့် သူမကို အကူအညီပေးခဲ့သော အမည်မသိထိုလူတို့ အချီအချစကားပြော နေကြသည်။

"စောထွန်းတော့အရမ်းမူးနေပြီ၊ အဲဒါတောင် ကားမောင်းပြန်မယ်ဆိုပြီး ဂျီကျနေလို့ သူ့ကားသော့ကိုဖြုတ်ယူလာခဲ့ရတယ်၊ ဒီကောင်ဘယ်နည်းနဲ့မှကားမောင်းလို့မဖြစ်ဘူး၊ လမ်းမှာတစ်ခုခု ဖြစ်မှာသေချာတယ်ဝင်းသိန်းဦး"

"မင်းဝင်ပြန်လည်တာဘဲ၊ အရင်တုန်းကမင်းလဲမူးရင်ဂျီကျခဲ့ တာဘဲ၊ အခုမင်းအရက်မသောက်တော့ဘူး၊ မင်းဖြတ်ပစ်လိုက်ပြီ ဆိုတော့ အရက်သောက်တဲ့အပေါင်းအသင်းတွေရဲဒဏ်ကို ပြန်ခံရ တာပေါ့၊ ရှေလျှောက်မင်းလဲဒီလိုပဲခံစားရအုံးမှာသေချာတယ်။"

မန်နေဂျာ၏စကားကြောင့် သူအရက်မသောက်ခဲ့ခြင်းကို သူမ သိရှိလိုက်ရသည်။ သူ့ပုံစံသည် အနည်းငယ်မျှ ပျက်ယွင်းခြင်း မရှိပါ။ သာမာန်လူတစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ်ရှိ၏။

သူမတွေးထင်ထားသကဲ့သို့ သူသောက်စားပြီးမူးယစ်ရီဝေ





နေခြင်း မဟုတ်သောကြောင့်အနည်းငယ်ကျေနပ်ဝမ်းသာသွားမိသည်။

"ကိုယ်ကမသောက်တော့ သူများရစ်တာသိပ်ပြီးမခံစား နိုင်ဘူးကွ"

"မင်း ကိုယ်ချင်းစာတတ်ပြီမဟုတ်လား"

သူကရက်ရွှသည့်အပြုံးနှင့်

"မင်း ပြောသလို ငါဝင့်လိုက်နေပြီထင်ပါရဲ့ကွာ၊ ဒါပေမဲ့ ဒီကောင့်ကို အိမ်ပြန်ပို့ဖို့က အရေးကြီးတယ်"

"မင်းပဲကားမောင်းပြီး ပြန်ပို့ပေးလိုက်ပါလား"

သူမျက်နှာပေါ်မှအရယ်အပြုံးတို့သည်ချက်ချင်းပျောက်ကွယ် သွားပြီး တစ်ချက်ငေးငိုင်သွားသည်။ ထို့နောက် လေးပင်စွာခေါင်းကို ခါယမ်းပြီး

"အခုလောလောဆယ်ကားပြန်မောင်းချင်စိတ်လုံးဝမရှိဘူး၊ ဒီတစ်သက်ကားမမောင်းတော့ပါဘူးလို့ သန္နိဋ္ဌာန်တော့မချထားပေမဲ့ ငါ့စိတ်ထဲမှာ ကြောက်စိတ်မကုန်သေးတာတော့အမှန်ပဲ၊ အဲဒီအဖြစ်ဆိုး ကိုငါမေ့ဖျောက်ပစ်လို့မရသေးဘူး၊ ဒါကြောင့် မင်းလိုက်ပြီး မောင်းပေး စမ်းပါကွာ..."

"ငါမောင်းပေးချင်ပါတယ်၊ ဒါပေမယ့် ဆိုင်မှာက စားသောက် နေတဲ့ လူတွေရှိနေသေးတယ်၊ ဆိုင်တံခါးပိတ်တာတောင်မပြန်သေးပဲ ဆက်ပြီး ထိုင်နေတတ်တယ်၊ ငါက သူတို့ကို ဆိုင်ပိတ်ပြီဆိုပြီး ဘယ်မောင်းထုတ်လို့ဖြစ်မလဲ၊ သူတို့က ငါ့ရဲဖောက်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား၊ သူတို့ပြန်တဲ့အချိန်ထိ သည်းညည်းခံပြီး စောင့်ပေး
အုံးမယ်"

" ဒီလိုဆိုရင်ဘယ်လိုလုပ်မလဲ..ဝင်းသိန်းဦး ၊ စောထွန်း
ကိုအချိန်အကြာကြီးဆွဲထားလို့မဖြစ်ဘူးနော်၊ တော်ကြာ ထ
သောက်ချင်နေအုံးမယ်၊ အခုချက်ချင်းပြန်ပို့ဖို့က အရေးကြီးတယ်
အဲဒီတော့ မင်းတို့ဆိုင်က ကားမောင်းတတ်တဲ့ လူတစ်ယောက်
ခေါ်ပေးစမ်းပါ..."

" ဆိုင်မှာကားမောင်းတတ်တဲ့လူ တစ်ယောက်ပဲရှိတယ်
အဲဒါက ဒီကားကိုမောင်းတဲ့သူပဲ " ဟုဆိုကာ သူမတို့၏ကြိုပို့ကားက
လက်ညှိုးထိုးပြသည်။ ထို့နောက် ဝင်းသိန်းဦးက စဉ်းစားချိန်ဆသည့်
အနေဖြင့်

" သူ့ကိုလိုက်ပို့ခိုင်းရင် ဒီကလေးမတွေက အကြာကြီး
စောင့်ပေးနေရလိမ့်မယ်၊ ငါက သူတို့ကို အချိန်မှန် အိမ်ပြန်ပို့ပေးနေကြ
ဖြစ်တယ်၊ အချိန်နည်းနည်းနောက်ကျရင်သူတို့အိမ်က စိတ်ပူကြလိမ့်
မယ် .. ခက်တာပဲ ..."

သူက ကားဆီသို့တစ်ချက်လှမ်းကြည့်ပြီး

"သူတို့ကိုတော့မစောင့်ခိုင်းပါနဲ့ကွာ သူတို့ဘာသာ ပြန်ကြ
စေ" ဟုစေတနာ နှင့်ပြောသည်။

ဝင်းသိန်းဦးသည် ခေါင်းကုပ်စဉ်းစားရင်းက သတိရသွားက
ကားပေါ်တွင် တက်ထိုင်နေသော တင်ထွန်းအောင်ကိုလှမ်းကြည့်၍





"မင်းကကားမောင်းတတ်တယ်မဟုတ်လားတင်ထွန်းအောင်၊
င်းအတွက် အပန်းမကြီးဘူးဆိုရင် ဆရာရဲ့သူငယ်ချင်းတွေကို အကူ
ညီပေးစမ်းပါကွာ"

တင်ထွန်းအောင်သည် ငြင်းရခက်သွားပြီး

" ဟုတ်ကဲ့ဆရာ " ဟုပြောကာ ကားပေါ်မှ ဆင်းရတော့
သည်။ ကားပေါ်မှမဆင်းမီ သူမရှိရာဖက်သို့ လှည့်

"နင်လိုက်သွားလို့ဖြစ်တယ်နော်.."ဟုမေးသည်။

"ငါ ပြန်လို့ဖြစ်ပါတယ်၊တင်ထွန်းအောင်"ဟု သူမ အဖြေ
ပေးလိုက်သည်။ တင်ထွန်းအောင်က သူမအား စိတ်မချနိုင်သည့်
သဘောနှင့်

"ငါ လိုက်ပို့ပြီးရင် နင့်အိမ်ကို တစ်ခေါက် ပြန်လာကြည့်အုံး
မှာပါ၊ နင်အဆွေသအချာ အိမ်ပြန်ရောက်တယ်ဆိုတာ ငါသိရမှ
ဖြစ်မယ်.."

ဟု အမှာစကားပြောပြီးသည့်နောက် ထိုလူဆီသို့
လျှောက်သွား သည်။

ထိုလူက ဝမ်းသာအားရဟန်ဖြင့် တင်ထွန်းအောင်၏လက်ကို
ဆုံးကြို၍ ဆွဲကိုင်နှုတ်ဆက်ရင်း၊

"ကျေးဇူးပဲ..ညီလေး"ဟုပြောသည်။ ထို့နောက်
ဦးဝင်းသိန်းဦးအား နှုတ်ဆက်ကာ နှစ်ယောက်သား ထွက်သွားကြတော့
သည်။


www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းမှသူတို့ ပျောက်ကွယ်သွားသည်နှင့် တစ်ချိန်တည်းတွင် သူမတို့၏ ကြိုပို့ကားသည် ခြံဝန်းထဲမှမောင်းထွက်ခဲ့လေသည်။

**********

(၁၉)

ပုလဲဖြူအိမ်ပြန်ရောက်ပြီး သိပ်မကြာမီဘဲလ်မြည်သံကြားရသည်။ ဒေါ်အေးအေးမြင့်ကတံခါးကိုသွားဖွင့်ပေးသည်၊၊ သူမ၏စိတ်ထဲက တင်ထွန်းအောင်ပဲဖြစ်လိမ့်မည်ဟုထင်ထားသည်၊၊သူမထင်မှတ်ထားသည့်အတိုင်း တင်ထွန်းအောင်ရောက်နေကြောင်း ဒေါ်အေးအေးမြင့်က လှမ်းအော်၍ပြောသည်။ သူမ တံခါးဆီသို့ လျှောက်သွားသည်။ တင်ထွန်းအောင်သည် သံဘာဂျာတံခါးအပြင်ဘက်တွင် ရပ်နေပြီ၊

" တံခါးဖွင့်မနေနဲ့တော့ ..ပုလဲ ၊ တို့ အိမ်ထဲ မဝင်တော့ဘူး၊ တို့က ပုလဲ အိမ်ပြန်ရောက် မရောက်လာကြည့်တာ "

" ငါ ကလေးမှ မဟုတ်တာ၊ ပြီးတော့ ငါတစ်ယောက်တည်းပြန်ရတာလဲမဟုတ်ဘူး၊ လူတွေအများကြီးပြန်ရတာ၊ အိမ်ပြန်မရောက်ဘဲ နေပါ့မလား.."





" ငါက နင့်အတွက်ဆိုရင် အမြဲစိတ်ပူတတ်တဲ့ လူပါ "

" နင် အလကားပင်ပန်းပါတယ်၊ တင်ထွန်းအောင်ရယ် .."

" နင်နဲ့ပတ်သက်ရင် ငါ့မှာ ပင်ပန်းတယ်ဆိုတာ မရှိဘူး.."

အရေးထဲ စကားလုံးများနှင့် ကြင်နာပြနေသော တင်ထွန်းအောင် ကို သူမ စိတ်တိုချင်မိသည်။ ထို့ကြောင့်

" အပြင်ကနေ ချွဲပြမနေပါနဲ့၊ အိမ်ထဲမဝင်တော့ဘူးဆိုရင်လဲ ပြန်တော့၊ ဒီမှာ သူများတွေ အိပ်ချိန်ဖြစ်နေပြီ.."

တင်ထွန်းအောင် သူမ၏ နှုတ်ခမ်းစူခြင်းကို ကြည့်ကာ သဘော ကျ၍ ရယ်လိုက်သည်။

" အချစ်ရှိနေတဲ့ နှလုံးသားဟာ ဘယ်တော့မှ အိပ်စက်ခြင်း မရှိဘူးတဲ့၊ အဲဒီစကားကို နင်ကြားဖူးတယ် မဟုတ်လား..၊ ငါ့ရဲ့နှလုံးသားဟာနေ့တွေ ညတွေကိုတောင်မှမသိဘူး .."

" အဲဒါမီးပျက်နေလို့ဖြစ်မယ်၊ လိုင်းမကောင်းတဲ့ သဘောပေါ့"

ဟုခပ်ငေါ့ငေါ့ပြောလိုက်သည်။ထို့နောက် တင်ထွန်းအောင်ဆီမှ သူ့အကြောင်း တစွန်းတစသိရနိုးနိုး မေးကြည့်ရန်စိတ်ကူးရမိပါသည်။ အနည်းဆုံးအနေ နှင့်သူ၏နာမည်ကိုသိချင်သည်။

" နင့်ကိုမေးရအုံးမယ်၊ ဒီလူတွေကို နင်လိုက်ပို့ရတာ အဆင်ပြေရဲ့ လား "

" အင်း...အိမ်တော့ပြန်ရောက်သွားပါပြီ၊ တလမ်းလုံး ဂျီကျပြီး ထိုးမယ်ကြိတ်မယ်လုပ်နေလို့ ငါစိတ်ညစ်မိတယ်၊ သူ့ အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com

က တော်တော်ကိုသည်းညည်းခံရှာပါတယ်။ "

" သူကဘယ်သူလဲ...တင်ထွန်းအောင် "

" စောထွန်း... တော်တော်ဂျီကျတဲ့သူပဲ"

" နေစမ်းပါအုံး နင်ကဘယ်သူ့ကိုပြောနေတာလဲ "

" ငါကမူးနေတဲ့သူကိုပြောတာလေ "

သူမ ကိုယ်နှဖူးကိုကိုယ် ရိုက်ပစ်ချင်လောက်အောင် စိတ်ညစ်သွားသည်။ သူမ မေးနေသည်က နောက်တစ်ယောက်ဖြစ်သည်။

"ကဲထားပါတော့ နောက်တစ်ယောက်ဘယ်သူလဲ၊ သူ့အရက်သောက်မထားတာတော့သေချာတယ်..."

"အဲဒီအစ်ကိုက အခုငါနဲ့ပါလာတယ်၊ သူဒီတိုက်အောက်မှာစောင့်နေတယ် သူ့နာမည်တော့ငါသေသေချာချာမသိဘူး၊ ငါ့ကိုတော့ သူ့နာမည်ပြောပြပါသေးတယ်၊ ဒါပေမဲ့ ဟိုအမူးသမားကဝင်ရှုပ်နေလို့ ငါမမှတ်မိလိုက်ဘူး..."

သူမထပ်ပြီးမေးရန်စိတ်မကူးတော့၊ တော်ကြာ တင်ထွန်းအောင် သံသယဝင်သွားမှာကိုစိုးရိမ်မိသည်။

"ကဲငါသွားတော့မယ် ပုလဲ "

" ကောင်းပြီလေ "

တင်ထွန်းအောင် လှေကားအတိုင်းပြန်ဆင်းသွားသည်နှင့် သူမ တံခါးပိတ်လိုက်ပြီး ဤတိုက်၏ အောက်တွင်ရှိနေသည့် သူ့ကို တွေ့လိုတွေ့ငြား ကြည့်ရန်ဝရံတာသို့ အပြေးလာခဲ့မိပါသည်။





တိုက်ရှေ့တွင်အငှားကားတစ်စီး ရပ်တန့်ထားသည်။ ထိုကား အနီးပလက်ဖောင်းထက်တွင်သူရပ်နေ၏။ အမှတ်တမဲ့သူက တိုက်သို့ခေါင်းမော်ကြည့်နေစဉ် သူမနှင့်တည့်တည့် တန်းတိုး လေသည်။

ရင်ထဲတွင် လှပ်ကနဲ တုန်ခါသွားပြီး မျက်နှာတစ်ခုလုံး ...န်းပိန်း ဖြစ်သွားသည်။ ဤခံစားမှု သည် တစ်စုံတစ်ခု အား သေချာ ...ကြောင်း သက်သေ ပြလိုက် ခြင်းဖြစ်၏။ ထိုတစ်စုံတစ်ခုသည် အချစ် ဖြစ်ပါလိမ့်မည်။ အမှန်တကယ်ပင် သူ့ကို သူမ စွဲလန်းစွာ ချစ်နေမိ ...ထင်ပါသည်။

တင်ထွန်းအောင် တိုက်အောက်မှ ထွက်လာ သည့်အချိန် ...င် သူမ ပုန်းလျှိုးကွယ်ဝှက်၍ နေလိုက်သည်။ မည်သည့် အကြောင်း ...ဖြစ်စေ တင်ထွန်းအောင်မြင် သိမသွားစေချင်ပါ။

သူတို့နှစ် ယောက်တကက္ကစီပေါ် တက်၍မောင်း ထွက်သွား ...ည်ကို သူမ မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။ တဖြတ်ဖြတ်နင့် ...ခုန် နေခြင်းသည်ချက်ချင်း ပြေပျောက်သွားခြင်း မရှိပါ။

********

(၂၀)

ဤနေ့နံနက်တွင် ဖေဖေသည် သူ့ကိုခေါ်ယူ၍ အလုပ်ခြင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်စေချင်သည့်အကြောင်းပြောသည်။ ဖေဖေသည် စိတ်အတည်
နိုင်သေးသည့်သူ့ပုံစံကို အချိန်ယူ၍ စောင့်ကြည့်နေခဲ့ပုံရသည်။

" လူတိုင်းမှာ ကိုယ်စီပူပင်ရသောကရှိတာချည်းပဲ၊ သားသ
သေကြတယ်၊ ဇနီးမယားသေကြတယ်၊ မိဘတွေသေကြတ
သေခြင်းတရားကို ဘယ်သူမှရှောင်လွှဲလို့ရကြတာမဟုတ်ပါ
ဖြစ်လာလျှင် ပျက်စီးတဲ့သဘောပါလာပြီးသားပဲ၊ အဲဒါ
သတိတရားလေးနဲ့ရင်ဆိုင်နိုင်ရမယ်၊ သတိလက်လွတ်ဖြစ်ချင်ရာ
ခံစားနေရမယ်ဆိုရင် ကိုယ့်ကို ကိုယ် ဒုက္ခပေးသလိုဖြစ်နေလိမ့်မ
မင်းရဲ့ချစ်သူအတွက်မင်း ပူဆွေးသောကရောက်ပြီး ခံစားရတ
အဲဒါကိုမခံစားရဘူးလို့ ဖေဖေ မပြောပါဘူး၊ ဖေဖေလုံးဝမတားမြစ်
လူပဲနဲ့လုံးသားရှိကြတာပဲ၊ ဖေဖေ ကိုယ်ချင်းစာပါတယ်၊ ဒါပေ
မင်းရဲ့ဘဝရပ်တည်ရေးအတွက် အလုပ်ပြန်လုပ်သင့်တယ်၊ အဲဒီအ
က မင်းရဲ့စိတ်တည်ငြိမ်မှုကို ပေးလိမ့်မယ်၊ ပြီးတော့ မင်းရဲ့ခံစာ
တွေကိုသက်သာလျော့ပါးသွားလိမ့်မယ်လို့ ဖေဖေထင်ပါတယ်"

" ဖေဖေပြောတာတွေကိုကျွန်တော်နားလည်ပါတယ်၊ ကျွ
တော် ဟိုအထဲမှာကတည်းကအစွမ်းကုန်ခံစားခဲ့ပြီးပါပြီ၊ ကျွန်တေ
ဒီထက်ပိုပြီးသူ့အတွက်ဘာမှလုပ်မပေးနိုင်တော့ပါဘူး၊ ကျွန်တေ
ဒီအတိုင်းထိုင်ပြီး သူ့ကိုသတိရနေလို့မဖြစ်ဘူးဆိုတာ ကျွန်တော်သ
တယ် ကျွန်တော့်ရဲ့အသက်ရှင်ရပ်တည်မှုအတွက် အလုပ်လုပ်မှာ
သူ့ကို သတိရရင်လည်းပဲ အလုပ် လုပ်ရင်းကပဲ သတိရပါတေ





ယ်.... "

" ဖေဖေဆိုလိုချင်တဲ့အဓိပ္ပါယ်ကအဲဒါပါပဲ၊ ကဲ ဘာလုပ်ချင်
သလဲ၊ ဖေဖေ့ကိုပြောပါ "

"ကျွန်တော်အရင်ကအလုပ်ပဲပြန်လုပ်ချင်ပါတယ်"

" အော် ,, ကိုဖေခင်တို့ဆီမှာပြန်လုပ်ချင်တာလား၊ ကောင်းပါ
တယ်၊ သားသူ့ကိုဆက်သွယ်ကြည့်ပေါ့၊ အဆင်ပြေလိမ့်မယ် ထင်ပါ
တယ်"

ကိုဖေခင်ဟုဖေဖေပြောသောသူသည် ဖေဖေ၏မိတ်ဆွေ
သူငယ်ချင်းတစ်ယောက်ဖြစ်ပြီး လျှပ်စစ်စက်ပစ္စည်းနှင့် ပတ်သက်၍
ကျွမ်းကျင်သူအင်ဂျင်နီယာတစ်ယောက်ဖြစ်သည်။ ဦးဖေခင် တည်ထောင်
ထားသည့် အလုပ်ရုံတွင် သူဘွဲ့ရပြီးကတည်းက တစိုက်မတ်မတ်
င်လုပ်ခဲ့ပါသည်။ ယခုတော့ နှစ်ကာလအတန်ကြာ အဆက်အသွယ်
ပြတ်တောက်ခဲ့ရသည်။

" ကျွန်တော်သူ့အလုပ်ရုံကိုဖုန်းဆက်ပြီး မေးကြည့်အုံးမယ်...
ဖေဖေ "

ဖေဖေကသူ့အားခေါင်းညိတ်ပြသည်။

သူသည်ဖုန်းရှိရာသို့သွားပြီးကောက်ကိုင်လိုက်၏။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ဦးဖေခင်သည် သူ့အားဝမ်းမြောက်ဝမ်းသာနှင့်ပင် ဖိတ်ခေါ်၍ အလုပ်ကိုပြန်ပေးသည်။ ယခုချက်ချင်းသူ၏အလုပ်ရုံသို့ လာရောက်ရန် ပြောဆိုသည်။ ထို့ကြောင့်နှစ်အတန်ကြာကင်းကွာနေခဲ့ရသည့် နေရာသို့ပြန်လည်ရောက်ရှိ လာခဲ့သည်။

လူသစ်အချို့က သူ့ကို မသိကြသော်လည်း၊ လူဟောင်းများကတော့ ခင်မင် ရင်းနှီး စွာလာရောက် ၍နှုတ်ဆက်ကြ သည်။ သူတို့ ကြားသိခဲ့ရသည့် သတင်းဆိုး ကိုလည်းမေးမြန်းကြသည်။

ဦးဖေခင်ကတော့ သူ့အဖြစ် ကို

"ကံအကြောင်းမလှလို့ ဖြစ်ရတာ၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာမရှိဘူး၊ ကိုယ့်ကိုယ်ကို လည်း အပြစ်မတင်နဲ့" ဟုနှစ်သိမ့်စကားပြောသည်။ ထို့နောက် အချိန်နှင့်အမျှပြောင်းလဲနေသည့် နည်းပညာကြောင့် အသစ်ရောက်ရှိလာသည့်ပစ္စည်းများကို နားလည်ဖို့ ကြိုးစားရလိမ့်မည် ဟု ရှင်းပြ သည်။

စားပွဲပေါ်ရောက်ရှိနေသည့် နောက်ဆုံးပေါ် ကွန်ပျူတာတစ်လုံး ကိုစတင်၍ ပြင်ဆင်ရန်သူကြိုးစားနေမိသည်။

* * * * * * * * * *





(၂၂)

ပထမဆုံး ခံစားခွင့်ရသည့် တနင်္ဂနွေ အားလပ်ရက် တွင် အလုပ် နှင့်ပတ်သက်သည့် စာအုပ် စာတမ်းတချို့ဝယ် ယူရန် မြို့ထဲသို့ ထွက် လာခဲ့သည်။ သူ သည် ယခင် ကလို ဦး တည်ရာမဲ့နေ သည့်သူတစ် ယောက်မဟုတ်တော့။ အလုပ် နှင့်ပတ်သက်ပြီး သူ့ တွင် တွေးတော စဉ်းစားနေရပြီ ဖြစ် သည်။

သို့ရာတွင် သန္တာဖြူ ၏အကြောင်းကိုတော့ မမေ့ ဖျောက်၍ ရပါ။ အထူး သဖြင့်ညီမ ဖြစ်သူ အ ပေါ် တွင် ထားရှိခဲ့သည့် သန္တာဖြူ ၏ စိတ် ဆန္ဒ ကို သံ မှို နှင့်ရိုက် စွဲ ထားသကဲ့ သို့အမှတ် ရနေပြီး ထိုတာဝန်ကိုတစ်နည်းနည်းနှင့်ကျေပွန်အောင် ထမ်းရွက် ချင် နေ သည်။ သို့သော်လည်း သန္တာဖြူ ၏ ညီမသည် မည်သည့်အရပ်တွင် နေထိုင်ပြီး မည်ကဲ့ သို့ဖြစ်နေသည် ကိုမှ မသိရသေးချေ။ ဤ အချက်က သူ ၏ ရင် တွင် ဆူးစူး နေ သကဲ့သို့ ခံ စားရ ၏။

ကျော် လွင် ဆီ ဖုန်းဆက် ၍ မေးမြန်း ကြည့်ပေမယ့်မည်သည့် သတင်း မျှ မရပါ။ ကောက်ရိုးပုံထဲ ကျ ပျောက် သွားတဲ့ အပ်ကို ရှာဖွေနေသကဲ့သို့ ဖြစ်နေသည်။ လောလောဆယ်တွင် သူလည်းမည်သို့မျှ တတ်နိုင်ပါ။ သတင်းတစ်စွန်းတစ်စ ကြားရ နိုး နိုးစောင့်ကြည့် နေရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

လိုအပ်သည့်စာအုပ်အချို့ဝယ်ယူပြီးသည့်နောက် အိမ်ကိုလည်း မပြန်ချင်သေးသဖြင့်အေးအေးဆေးဆေးထိုင်၍ ကောင်းမည့်ကော်ဖီဆိုင် ဖွယ်တစ်ဆိုင်ဆီသို့ ခြေဦးလှည့်လိုက်သည်။

အတွင်းဖက်ကျကျစားပွဲတွင်နေရာယူပြီး လက်ဖက်ရည်တစ်ခွက်မှာယူထားလိုက်သည်။ထို့နောက်ဆိုင်အတွင်းရှိလူများကိုတစ်ချက်မျက်စိကစားကြည့်ရှုလိုက်ပြီး ဆိုင်၏ဝင်ပေါက်ဖက်သို့ပြန်၍မျက်နှာမူလိုက်သည်။

ကျောပိုးအိတ်ကိုလွယ်ထားသည့် မိန်းကလေး တစ်ယောက်သည်ဆိုင်ထဲသို့ဝင်ရောက်လာပြီး တစ်ခဏရပ်တန့်ကာ ထိုင်နေကြသည့် လူများကိုဝေ့၍ကြည့်သည်။ သူမသည် သူနှင့်စူပါမားကတ်တစ်ခု၏ အောက်တွင် တွေ့ဆုံခဲ့ဖူးသည့်မိန်းခလေးဖြစ်နေသည်။

ဝင်းသိန်းဦး ၏စားသောက်ဆိုင်တွင် တစ်ခါထပ်ပြီးတွေ့ခဲ့သေးသည်။ သူမသည်သီချင်းဆိုကောင်းသည့် မိန်းကလေး တစ်ယောက် ဟု အသိအမှတ်ပြုခဲ့မိပါသည်။

အကြည့်ကိုလွှဲဖယ်ဖို့ကြိုးစားစဉ် သူမသည် သူ့ကိုမြင်တွေ့သွားကာ သူ၏စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူမ၏ မျက်နှာတွင်အရယ်အပြုံးမရှိပေမဲ့ ခင်မင်ရင်းနှီးသည့်အသွင်မျိုးရှိနေသည်။ အနည်းငယ်မျှတွန့်ဆုတ်တွေဝေနေခြင်း မရှိဘဲ သူ၏ရှေ့တွင် ရပ်တန့်လိုက်သည်။ ထို့နောက်





" ဒီနေရာလူရှိလား၊ လူမရှိဘူးဆိုရင် ကျွန်မ ထိုင်မယ်...."

ဟုပြောလာသဖြင့် သူယောင်ယမ်း၍ခေါင်းညိတ် ပြလိုက်သည်။ သူမသည်ကျောပိုးအိတ်ကိုချွတ်ပြီးစားပွဲပေါ်တင်လိုက်သည်။

" အစ်ကိုက ဆရာ ဦးဝင်းသိန်းဦးရဲ့ သူငယ်ချင်းတစ်ယောက်၊ ...တော့ တစ်နေ့တုန်းကစူပါမားကတ်အောက်မှာ ကျွန်မကို အကူအညီ ...ခဲ့ဘူး ပါတယ်၊ ကျွန်မကိုမသိဘူးလို့တော့ အစ်ကို မငြင်းနဲ့နော် ..."

တကယ့်ကို တိတိကျကျပြောဆိုနေခြင်းဖြစ်သည်။ တဆက် ...သီးပင် သူမကိုမသိချင်ဟန်ဆောင်မနေဖို့သတိပေးနေသဖြင့် သူမ ...အပြောအဆိုနှင့် အမူအရာကိုသူသဘောကျပြီး မပြုံးဘဲ မနေနိုင် ...အောင် ဖြစ်မိသည်။

" နေစမ်းပါအုံး၊ မင်းကဘာကြောင့်ဒီစကားပြောရတာလဲ"

" ဟိုတစ်နေ့ကကျွန်မတို့စားသောက်ဆိုင်မှာတွေ့ကြပါ ...သေးတယ်၊ အဲဒီတုန်းက အစ်ကို့ကို ကျေးဇူးတင်စကားပြောမလို့ ...ည်ရွယ်ခဲ့သေးတယ်၊ ဒါပေမဲ့ အစ်ကိုကမသိသလိုနဲ့ နှုတ်ဆက်ရယ်ပြုံး ...ါ တောင်မရပါဘူး "

"မင်းထင်သလိုမဟုတ်ပါဘူးကွာ၊ ငါမင်းကိုသိပါတယ်၊ ...ပေမဲ့ မင်းတို့ကသူငယ်ချင်းအုပ်စုတွေနဲ့မဟုတ်လား၊ ပြီးတော့အလှမ်း ...လည်းဝေးလွန်းနေတယ်၊ အဲဒါကြောင့် လှမ်းပြီးနှုတ်မဆက် ဖြစ် ...ပါ" ဟု သူကဖြေရှင်းချက်ပေးလိုက်သည်။ သူမကတော့ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

လက်ခံနိုင်ပုံမရပါ။

" မိန်းကလေးတွေနဲ့ပတ်သက်ရင် တမင်သွေးကြီးနေ
မဟုတ်ပါဘူးနော်..."

" အဲဒီစိတ်တော့တို့မှာမရှိပါဘူး၊ ဒါပေမဲ့တစ်ခါကူညီပေး
တစ်သက်လုံးကျေးဇူးတင်မခံချင်ပါဘူး.."

"ကျွမ တစ်ကြိမ်တစ်ခါမှ ကျေးဇူးတင်စကားတောင် ရေ
ရာရာမပြောရသေးပါဘူး၊ သူတစ်ဖက်သားကို ကျေးဇူးကန်းတတ်
သူလို ဆက်ဆံတာတော့ ကျွမ မကြိုက်ဘူး"

" အဲဒီလိုအစိပ္ပါယ်သက်ရောက်သွားတယ်ဆိုရင်တေ
တို့တောင်းပန်တယ်၊ ကဲ ...မင်းကျေးဇူးတင်တဲ့စကားပြောချင်ပြေ
တော့ တို့နားထောင်ပေးမယ် "

သူမကျေနပ်အောင် ပြေရာပြေကြောင်း လိုက်လျှောလို
တော့မှ မကျေမနပ်နှင့်နှုတ်ခမ်းကိုယောင်ယောင်လေးစူပုတ်ပြီး

"ဟင့်အင်း., ဘာမှမပြောတော့ဘူး" ဟုတုံးတိတိကြီးပြေ
တော့သည်။

သူမသည်ရိုးသားပွင့်လင်းမှုရှိသည်။ ထို့အပြင်ဟိုးအ
ကတည်းက ခင်မင်ရင်းနှီးသူတစ်ယောက်ကဲ့သို့ပြောဆိုဆက်ဆံ
သည်။ ဤသည်မှာတစ်စုံတစ်ခုသောအကြောင်းကြောင့် သူ့အပေါ်တွ
စိတ်ချ ယုံကြည်မှုရှိခြင်းကိုပြသနေပါသည်။

သူကိုယ်နှိုက်ကလည်း သူမစိတ်ဆိုးပြီး ဘုတောလိုက်ခြ





အပေါ်တွင်နားကျင်ထိခိုက်မှုအလျှင်းမရှိဘဲနှစ်သက် သဘောကျ၍ပင်
ရယ်ပြုံးမိသည်။

စားပွဲထိုးရောက်လာသဖြင့် "ဘာသောက်မလဲ"ဟုသူက
မေးလိုက်သည်။သူမက "ကော်ဖီမစ်တစ်ခွက်"ဟု အဖြေပေးသည်။
ထို့နောက်သူမသည်ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး ဆေး သောက်ရန်
ပြင်ဆင်သည်။လေးလုံးတစ်တွဲပါသည့် အဖေ့အားမိနှာစေး ပျောက်ဆေး
ဖြစ်သည်။

သူမသည် သူ့အကြည့်ကိုသတိထားမိဟန်ဖြင့်ရှင်းပြသည်။

"မနက်ဖက်ကရေချိုးမှားသွားတယ်ထင်တယ်၊ ကျူရှင်
တက်ဖို့ ကားစီးလာရင်း တစ်လမ်းလုံးနှာမွန်လာခဲ့တာ ဒီရောက်တော့
ဆေးဝယ်ပြီး ကော်ဖီပူပူလေးနဲ့သောက်ရအောင် ဒီဆိုင်ထဲ ဝင်လာ
ခဲ့တာပါ၊ အမြဲတမ်းတော့ ကော်ဖီသောက်လေ့မရှိပါဘူး၊ သူငယ်ချင်းတွေ
နဲ့ တစ်ခါတစ်လေတော့ ဒီဆိုင်မှာဝင်ထိုင်ဖြစ်ပါတယ် "

"မင်းရဲ့ကျူရှင်က ဒီအနီးအနားမှာလား"

" ဟုတ်တယ်၊ ကျွန်မတို့ကျူရှင်ကဒီလမ်းရဲ့တစ်ဖက်မှာပဲ၊
ကျွန်မက အဝေးသင်တတိယနှစ်တက်နေတာပါ၊ ကျူရှင်ကတစ်ပတ်ကို
သုံးရက် တက်ရတယ်"

"တစ်ဖက်ကကျောင်းတက်ရင်း၊ တစ်ဖက်ကလည်း ကိုယ်
ဝါသနာပါတဲ့ အလုပ်ဖြစ်တဲ့သီချင်းဆိုပြီးကြိုးစားနေတာ တို့ချီးကျူးပါ
တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ကျမလိမ်ပြောနေတာမဟုတ်ဘူးနော်....."

"တို့ဘယ်သူ့ကိုမှ အထင်မသေးတတ်ပါဘူး၊ အဲဒီလိုပဲ ဘယ်သူ့ ကိုမှလည်းလွယ်လွယ်နဲ့အထင်မကြီးတတ်ပါဘူး"

"လွယ်လွယ်နဲ့ ကျေးဇူးအတင်မခံတတ်ဘူး ဆိုတာလဲ ထည့်ပြောအုံးလေ"

သူမပြောသည့်အတိုင်း ဟုတ်မှန်နေသဖြင့်ရှက်ပြုံးပြုံးလိုက်ပါ သည်။

"တို့မငြင်းပါဘူး"ဟုဝန်ခံလိုက်သည်။

ဤမိန်းကလေးနှင့်စကားပြောဆိုရခြင်းကြောင့် သူ့စိတ်ထဲတွင် တင်းကျပ်ဖိစီးမှုကိုမခံစားရချေ။ သူမသည် ခင်မင်ရင်းနှီး အောင်ပြောဆိုနေခြင်းဖြစ်သည်ဟုမယူဆမိပါ။ သူမ၏စိတ်အရင်းခံကို နားလည်မိသကဲ့ ထင်မြင်မိသည်။

"အစ်ကိုဘက်က ရင်းနှီးခင်မင်ချင်စိတ်ရှိချင်မှရှိမှာပါ၊ ဒီကောင်မလေးကို နောက်လမ်းမှာတွေ့ရင် မမြင်ချင်ယောင်ဆောင် ချင်လည်း ဆောင်နိုင်ပါတယ်၊ ကျွန်မဘယ်သူပါဆိုတာအစ်ကိုမမေးပေမဲ့ ကိုယ့်ဘာသာ ပဲပြောပါမယ်၊ နားထောင်ပြီးရင်မေ့ချင်လဲမေ့ပစ်လိုက်ပေါ့၊ ကျွန်မကတော့ ကိုယ့်အပေါ်ကူညီခဲ့တဲ့လူတစ်ယောက်အနေနဲ့ မိတ်ဆက်ပြီးပြောပြရမဲ့တာဝန်ဝတ္တရားရှိတယ်လို့ထင်ပါတယ်၊ ကျွန်မရဲ့ နာမည်ကပုလဲဖြူပါ၊-အမေ မွေးကတည်းက ဒီနာမည်တစ်ခုတည်း ရှိပါတယ်၊ ကျွန်မပြောတာကို အစ်ကိုကြားပါတယ်နော်..."





သူ့အသေအချာကြားလိုက်ရပါသည်။ သူမ၏နာမည် သည် သူ၏ချစ်သူ သန္တာဖြူ၏ညီမနာမည်နှင့်တူနေ၏။ ပုလဲဖြူတဲ့လား။

*********

(၂၃)

တချိန်တုန်းက သန္တာဖြူပြသခဲ့ဘူးသည့်ဓါတ်ပုံထဲမှ သူမ၏ ညီမရုပ်သွင်ကိုသူသေချာစွာ မမှတ်မိတော့ပါ။ မှတ်မိခဲ့ပါလျှင်လည်း ဓါတ်ပုံထဲကရုပ်သွင်နှင့်တူ၊ မတူ မှန်းဆရခက်ပါလိမ့်မည်။

ကြာမြင့်ခဲ့သောအချိန်ကာလနှင့်အတူမျက်နှာအနေထားက ပြောင်းလဲနေမည်မှာ သေချာပါသည်။ သို့ရာတွင် သူမသည် သူ မှတ်သားထားခဲ့သည့် သန္တာဖြူ၏ မျက်နှာသွင်ပြင်နှင့် ဆင်တူ သယောင်ရှိနေသဖြင့်၊ ဘုရားပေါ်တွင်အမှတ်မထင် ဆုံတွေ့ခဲ့သည့် နေ့ကပင် စိတ်ထဲ၌ ဤမျက်နှာမျိုးကိုမြင်ဖူးသယောင် ထင်မိခဲ့သေး သည်။

သို့ရာတွင် လူ့လောက၌ နာမည်တူများ၊ လူတူများရှိ တတ် သည်။ သန္တာဖြူ၏ညီမဟု တပ်အပ်ပြောဆို၍ မဖြစ်သေးပါ။သူမ၏ ဘဝအကြောင်းကို မေးမြန်းကြည့်မှ အဖြေမှန်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူ၏ရင်ထဲမှာတော့ အသေအချာတုန်လှုပ်နေပါပြီ။ သူ မြေလှန်ပြီးရှာဖွေနေသည့်သူသည် ဘွားကနဲ ရှေ့တည့်တည့်တွင် ရောက်နေပြီထင်သည်။ သူသည် စေးကပ်ခြောက်သွေ့သွားသော နှုတ်ခမ်းများကို အားစိုက်၍ ဖွင့်ဟပြီးမေးလိုက်တော့သည်။

" မင်းရဲ့ နာမည်က ပုလဲဖြူ ဟုတ်လား "

" ဟုတ်ပါတယ် ဘာလဲ .. နာမည်ကြားတာနဲ့ အစ်ကိုက ကြောက်သွား လို့ လား၊ ကျွန်မရဲ့မှတ်ပုံတင်တွေ ကျောင်းသားကဒ်တွေ ယူကြည့်အုံးမလို့ လား "

သူ လျှင်မြန်စွာ ခေါင်း ခါယမ်းလိုက်ပြီး၊

" မင်းကိုမယုံကြည်လို့မဟုတ်ဘူး၊ ဒီနာမည်ကို တို့ ကြားဘူးသလို ရှိနေလို့ပါ။ တို့ကိုမေးမြန်းစပ်စုတတ်တဲ့လူလို့တော့ မထင်စေချင်ဘူး တို့သိချင်တာလေး ရှိလို့ မေးပါရစေ .. ပုလဲဖြူ "

" အစ်ကိုသိချင်တာရှိရင်မေးပါ။ ဒါပေမဲ့ တစ်ဖက်သတ် အင်တာဗျူး လုပ်သလိုတော့မမေးရဘူး၊ တစ်ယောက်တစ်လှည့်ပဲ ကျွန်မ သိချင်တာရှိရင်လည်းမေးမှာပဲ " ဟု သူမက ရယ်ရယ်မောမော နှင့် ပြန်ပြော သည်။ သူမရယ်နိုင်ပါ။ သူ့ရင်ထဲတွင် စိုးရိမ်စိတ်ကြောင့် တဒိတ်ဒိတ် လှုပ်ရှားနေသည်။

" ပုလဲဖြူက မိဘတွေနဲ့ အတူနေတာလား .. "

" ဟင့်အင်း .. ကျွန်မက ဒေါ်လေးတို့နဲ့နေတယ် "

" ပုလဲဖြူရဲ့ မိဘတွေက ဘယ်မှာနေကြတာလဲ .. "





" ကျွန်မရဲ့မိဘတွေက ကျွန်မငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြပါပြီ၊ ကျွန်မသေသေချာချာတောင်မမှတ်မိတော့ပါဘူး .. "

" ညီအစ်ကိုမောင်နှမတွေကောမရှိဘူးလား "

" ဟင့်အင်း .. ၊ လောလောဆယ်ဒီလောကထဲမှာ ပုလဲ တစ်ယောက်တည်းပဲ ရှိတယ် "

သူမကိုယ်သူမ ပုလဲဟုသုံးနှုန်းလိုက်ခြင်းကိုသတိထားမိသည်။ အချက်အလက်များကတော့ သူရှာဖွေနေသည့် မိန်းကလေးနှင့်အလွန်နီးစပ်နေပြီဖြစ်သည်။ သူ့အနေနှင့်အရေးအကြီးဆုံး အချက် တစ်ခုကိုသာ မေးရန်ကျန်တော့သည်။ သွယ်ဝိုက်၍မေးရန် မကြိုးစား တော့ပဲ ဒိုး မေးချလိုက်သည်။

" ပုလဲမှာ အစ်မတစ်ယောက်ရှိခဲ့ဘူးသလား "

သူမသည် အံ့အားတသင့်နှင့် " ရှင် .. " ဟုရေရွတ်လိုက်သည်။ သူမမျက်နှာသည် ညှို့ရီဝေသွားသည်ဟုထင်၏။

" တို့မေးတာက ပုလဲမှာ လွန်ခဲ့တဲ့ သုံး လေးနှစ်လောက်က အစ်မ တစ်ယောက် ရှိခဲ့ဖူးသလားဆိုတာပါ "

သူ၏အမေးကို ချက်ချင်းအဖြေမပေးပဲဇဝေဇဝါနှင့် ကြည့်နေသည်။ အနည်းငယ်သံသယဝင်နေဟန်တူသည်။ သူမတို့နှင့် တစ်နည်းနည်းဖြင့်ပတ်သက်နေသူ ဖြစ်လိမ့်မည်ဟု တွေးနေဟန် တူသည်။

" အစ်ကိုက ပုလဲရဲ့ အစ်မကိုသိနေလို့လား .. "

" နာမည်သိရင်တော့ တို့ပြောပြနိုင်လိမ့်မယ် ထင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" မမရဲ့နာမည်က သန္တာဖြူပါ အစ်ကို "

ဤနာမည်ကိုကြားသည်နှင့် မျက်နှာပျက်ယွင်းမသွားအောင်
ကြိုးစား၍ထိန်းသိမ်းပါသော်လည်း အောင်မြင်လိမ့်မည်ဟုမထင်ပါ
ရင်အစုံသည် အံ့ဩခြင်းနှင့်အတူ တစ်စစီပေါက်ကွဲသွားပြီထင်၏။

သန္တာဖြူသိပ်ချစ်ခဲ့သောညီမကို သူ မျက်နှာချင်း တွေ့ နေ
ရပါပြီ။ ဤသည်မှာ သူ့အတွက် ဝမ်းသာကျေနပ်စရာဖြစ်သည်။

" အစ်ကိုက ပုလဲရဲ့မမကိုသိတယ် မဟုတ်လား၊ ဒါနဲ့အစ်ကိုက
ဘယ်သူလဲ ၊ မမရဲ့ သူငယ်ချင်းတစ်ယောက်ပဲလား "

ဟု သူမက သိချင်ဇောနှင့် အသည်းအသန် မေးသည်။

ဟုတ်ပါသည်။ သူသည် ပုလဲဖြူမမ၏သူငယ်ချင်း တစ်
ယောက်ပါဟု ပြောချင်သည်။ သူ၏နာမည်ကိုလည်း ကျော်လွင်
ဖြစ်သည်ဟု လိမ်ညာပြီးပြောချင်သည်။ သို့ပေမဲ့ သူ၏နှုတ်ခမ်းများ
သည် စေးကပ်ပြီး ပိတ်ဆို့နေသည်။

ပုလဲတစ်လုံးလိုဖြူစင်သည့်သူမကိုသူလိမ်ညာပြီးပြောသင့်
သလား။ အတိတ်ကစွန်းထင်းခဲ့သည့် အမည်းစက်သည်သူ့အာ
ခြောက်လှန့် ၍နေသည်။ သူ့အနေနှင့်စက္ကန့်ပိုင်းအတွင်း လျှင်မြန်
ဆုံးဖြတ်ချက် ချလိုက်ရတော့မည်။

သူသည် လူသတ်သမားတစ်ယောက်၊ သူ့ကြောင့်သန္တာဖြူ
သေဆုံးခဲ့ရသည်ဟု သူမ၏မိသားစုအသိုင်းအဝိုင်း က ခိုင်မာစွာယူ
ထားခဲ့သည်။ ထို့ကြောင့် အလွန်နာကျည်းမုန်းတီး ခဲ့သည်။ ထိုအထဲတွ





အထိခိုက် ခံစားရဆုံးသည်သန္တာဖြူ၏ညီမပဲ ဖြစ်ပါလိမ့်မည်။

သူ မည်သူမည်ဝါဖြစ်ပါသည်ဟုပြောပြလိုက်သည်နှင့် ပုလဲဖြူ
ထံမှ ခါးသီးပြင်းထန်လှသော အမုန်းအမျက်များကို ရင်ဆိုင်ရလိမ့်မည်
ထင်သည်။ နောက်တစ်နည်းအားဖြင့် သူ၏နာမည်မှန်ကို မပြောဆိုဘဲ
သူမ၏ခင်မင်ရင်းနှီးမှုကိုရအောင်ယူနိုင်ပါသည်။ ခင်မင်မှု ကာလရှည်
ကြာအောင် ကြိုးစားရင်းတစ်ဖက်တစ်လမ်းက သူမကိုအကူအညီများ
ပေးရင်းကျေးဇူးတင်ရမည့်လူတစ်ဦးအဖြစ်သို့ ရယူနိုင်ပါသည်။ကျေးဇူး
တရားများနှင့်အခိုင်အမာနှောင်ဖွဲ့ ပြီးတော့မှ တစ်နေ့နေ့တွင်
မမျှော်လင့်ဘဲ သူ၏ဘဝမှန်ကို သိရှိသွားကာ အမုန်းရခက်ပြီး
တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်သွားကြသတည်းဟူသော
လှပသည့်ဇာတ်လမ်းတစ် ပုဒ်ကို ဖန်တီးနိုင်ပါသည်။

သို့သော်ငြားလည်း ထိုကဲ့သို့ ဟန်ဆောင်လိမ်ညာရန်
ရည်ရွယ်ချက် မရှိခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ မရည်ရွယ်ခဲ့သော်
လည်း ကံကြမ္မာကသူ့အားလူလိမ်လူညာ တစ်ယောက်အဖြစ်တံဆိပ်
ကပ်ပါဟု မပြောနိုင်ချေ။ လောကသည် ကြံစည်တိုင်းဖြစ်တတ်သည့်
လောကမဟုတ်။ မကြံစည်ဘဲနှင့် ဖြစ်ချင်တတ်သည့် လောက
ဖြစ်သည်။ သို့ရာတွင် အမှန်တရားဟူသည် တစ်နေ့တစ်ရက်၌
ပေါ်လာရစမြဲဟု ယုံကြည်ပါသည်။ ထိုနေ့သည် မည်သည့်နေ့ဖြစ်မည်
ကို၍တော့ သူမသိပါ။

တစ်ကမ္ဘာခြားလျှင်လည်း ခြားပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူတွေးတောနေ စဉ်၊

" ပုလဲကိုမေးတုန်းကမေးပြီး ကိုယ့်အလှည့်ကျတော့မပြောချင်တော့ဘူးလား၊ ပုလဲရဲ့မမနှင့်အစ်ကိုက ဘယ်လိုသိခဲ့ကြတာလည်း၊ အစ်ကိုတို့ အကြောင်းတွေကို ပုလဲကို ပြန်ပြောပြပါလား၊ ပုလဲသိချင်လို့ပါ"

ဟု သူမက စိတ်မရှည်နိုင်သည့်အမူအရာဖြင့် မေးလိုက်သည်။ သူသည် သူမ၏ မျက်နှာကိုမကြည့်တော့ဘဲ စားပွဲကို ငေးစိုက်ကြည့်ရင်း ..

" တို့မင်းကိုမလိမ်ညာချင်ပါဘူး၊ ပုလဲရဲ့မမကို တို့ရင်းရင်းနှီးနှီးသိကျွမ်းခဲ့ဘူးပါတယ်။ ဒါပေမဲ့ ပုလဲကို တစ်ခုခုတော့ကြိုတင်ပြီး ရှင်းပြထားချင်ပါတယ် "

" ဘာများရှင်းပြထားစရာ ရှိသေးလို့လဲ "

" တကယ်ရှိလို့ပါ၊ ပုလဲဟာ အချစ်အကြောင်းကို နားလည်ချင်မှ နားလည်လိမ့်မယ်၊ နားလည်တယ်ဆိုရင်တော့ တို့ပြောတာကို သဘော ပေါက်မှာပါ၊ အမှန်တကယ်အချစ်စစ်နဲ့ ချစ်ကြတဲ့ချစ်သူချင်း တစ်ယောက်အပေါ်တစ်ယောက် ဘယ်တော့မှ အန္တရာယ်မပေးကြပါဘူး။ အန္တရာယ်လဲမကျရောက်စေချင်ကြပါဘူး။ ကိုယ်ချစ်ရတဲ့သူ ခလုတ်မထိဆူးမငြိမှာကိုပဲ တောင့်တတတ်ကြပါတယ်။ တို့ရဲ့အချစ်ဟာ အဲဒီလောက်အထိတော့ ရှိခဲ့ပါတယ်။ တို့ရဲ့အချစ်ကို ဝန္တဝင်မြောက် အချစ်တစ်ခုလို့တော့ အမွှန်းမတင်ချင်ပါဘူး "





သူမသည်မျက်မှောင်အနည်းကျုံ့ထားပြီး ..

" အစ်ကိုပြောနေတာတွေ ပုလဲနားမလည်ဘူး "

ဟုပြောသည်။

" တို့ရဲ့အချစ်ဟာ ဒဏ္ဍာရီ၊ ပုံပြင်တွေထဲက အချစ်တွေလောက်ကြီးကျယ်၊ မခမ်းနားပေမဲ့ သိပ်ပြီးမနိမ့်ကျဘူးဆိုတာ ပြောပြနေတာ ဘာကြောင့်လဲဆိုတော့ တို့ဟာ ပုလဲရဲ့မမသန္တာဖြူရဲ့ချစ်သူဖြစ်ခဲ့ပါ"

သူမ လုံးဝဟန်မဆောင်နိုင်တော့ပဲ အံ့အားသင့်စွာဖြင့်

" ရှင် .. " ဟု ရေရွတ်လိုက်သည်။

" တို့ရဲ့နာမည်က ညီဇော်မင်းပါ .. ပုလဲ "

* * * * * * * * * *

(၂၄)

ပုလဲဖြူသည်မိမိ၏အိပ်ခန်းကုတင်ပေါ်တွင်လဲလျောင်းနေသည်။ ...ရာတွင်ငြိမ်သက်နေနိုင်ခြင်းမရှိနိုင်ဘဲဘယ်ညာလူးလိမ့်နေသည်။ သူမ မည်သို့မျှမမျှော်လင့်ထားခဲ့သည့် အဖြစ်အပျက်၊ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

တွင် အပူပြင်းဆုံး မီးတောက်များက လောင်ကျွမ်းနေသကဲ့
အခံရခက်လှ သည်။

ကျူရှင်မတက်ဖြစ်တော့ပဲ တက္ကစီငှားကာအိမ်သို့တန်းပြ
သဖြင့် ဒေါ်လေးဖြစ်သူဒေါ်အေးအေးမြင့် ကစိုးရိမ်ပူပင်စွာဖြင့်
ကြို၍ မေးသည်။ သူမသည် အဖြစ်မှန်ကိုမပြောချင်ပဲခေါင်းမူး
ပြန်လာခြင်း ဖြစ်ကြောင်းလိမ်ညာ၍ဖြေလိုက်သည်။ ထိုအခါတွ
ဒေါ်အေးအေးမြင့် ပြာပြာသလဲဖြစ်သွားပြီး " ဆေးခန်းသွားကြ
ကောင်းမယ်၊ ဒေါ်လေးလည်း ဘာမှမလုပ် တတ်ဘူး၊ တော်ကြာမူး
သွားရင်ခက်လိမ့်မယ် .. "

"ဆေးခန်းသွားပြစရာတော့မလိုပါဘူး၊ ဗိုက်ထဲမှာ အစ
မကြေလို့ လေဖြစ်ပြီးမူးတာပဲဖြစ်မယ်၊ ခဏတဖြုတ်လှဲနေလိုက်
ကောင်းသွားမှာ ပါ။"

" ပုလဲသဘောပဲလေ၊ ခေါင်းကအရမ်းမူးတာမဟုတ်
ဆိုရင်တော့ အစာကျေဆေးစားပြီး၊ ပရုပ်ဆီလိမ်းလိုက်ပေါ့၊ ခဏ
တဖြုတ် အိပ်ယာထဲလှဲနေလို့အသက်သာရင်တော့ ဒေါ်လေးကို သတ
ပေးနော်၊"

ဒေါ်အေးအေးမြင့်၏ အစီအစဉ်ကိုတော့ သူမ .. ငြင်းဆန်
မဖြစ်ပါ။ မည်သည့်ဆေးမှ မသောက်ပဲနေရင်တော့ မယုံသင်္ကာဖြစ်
ပါသည်။ ထို့ကြောင့် ဒေါ်အေးအေးမြင့် လုပ်ကိုင်ပေး ခြင်းကိုငြိမ်
နေလိုက်သည်။ အိပ်ယာတွင် လဲလျောင်းရင်း ခဏတဖြုတ် မှိန်းနေ





ိုက်ရသည်။

ဒေါ်အေးအေးမြင့် အခန်းပြင်သို့ထွက်သွားတော့မှ သူမ၏
ျက်ဝန်းအစုံတွင် ပူလောင်သည့်မျက်ရည်စများ ရစ်ဝိုင်း၍လာပါ
သည်။

" တို့ရဲ့နာမည်က ညီဇော်မင်းပါ.. ပုလဲ "

ဟူ သည့်စကားက သူမ၏ နားစည်ထဲတွင် မိုးကြိုး ပစ်ချခံရ
သကဲ့သို့ မြည်းဟည်းတုန်ခါသွားသည်။

ထိုအခိုက်အတန့်၌ သူမ၏ အမြင်အာရုံတို့သည်လည်းမှိုးမှောင်
ကျသကဲ့သို့ မှုန်ဝါးသွားသည်။ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင်
ဖြစ် သွားသည်။

သူမ၏ရှေ့တည့်တည့်တွင် ရှိနေသည့် လူကို သူမအမုန်းတီး
းလူတစ်ယောက်ဖြစ်သည့် ညီဇော်မင်း ဟု ယုံကြည်လက်ခံ၍မရနိုင်
အောင် ဖြစ်နေမိသည်။ သူမသည် ညီဇော်မင်းဆိုသည့်နာမည်ကို
ကြားဖူး ပါသည်။ လူကိုတော့တစ်ခါမှ မတွေ့ မြင်ဘူးချေ။

'မမသေဆုံးစဉ်ကာလက သူမမြင်မက်ခဲ့သည့် ခြောက်ခြားဖွယ်
ိပ်မက်များထဲမှ လူပုံသဏ္ဌာန်သည် ဤပုံစံမျိုးတော့မဟုတ်ပါ။
ကယ်ကိုကောက်ကျစ်စဉ်းလဲသည့်မျက်နှာမျိုးဖြစ်သည်။
ပ်ရှင်ဗီဒီယိုထဲက လူကြမ်းတစ်ယောက်၏ အသွင်အပြင်မျိုး ဖြစ်
သည်။

ပြီးတော့ ဤသို့သောလူတစ်ယောက်နှင့်ဒီတစ်သက်တွင်


www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံရလိမ့်မည်ဟုလည်း မယုံကြည်ခဲ့ပါ။ ထိုလူကိုမြင်တွေ့လိုစိတ် လုံးဝ ကင်းမဲ့နေခဲ့ပါသည်။ ကိုယ့်ဘဝခရီးလမ်းကို ကိုယ့်ဖါသာ လျှောက်လှမ်းရင်း အေးချမ်း စွာကုန်ဆုံးသွားမည်ဟု ယူဆထားခဲ့သည်။

ယခုတော့ထိုလူနှင့် ပြန်တွေ့ရရုံသာမက ထိုလူသည် မိမိ၏ နှလုံးသားထဲအထိဝင်ရောက်၍ ရင်ခုန်ခြင်းကို စိုးမိုးနေသူဖြစ်နေခြင်း မှာ အံ့သြတုန်လှုပ်ဖို့ကောင်းတော့သည်။

သူမသည် ယုံကြည်လက်ခံရန်ခက်ခဲနေသည့်အတွက် သေချာ အောင် ထပ်မေးမိသည်။

" အမှန်တကယ်ပြောနေတာလား ဒါမှမဟုတ် ကျွန်မရဲ့ အကြောင်းတွေကိုသိထားလို့ တမင်နောက်ပြောင်ပြီးပြောလိုက် တာလား၊ ကျွန်မကတော့ ဘယ်လိုမှ လက်ခံယုံကြည်လို့မရတော့ဘူး"

" တို့ ပုလဲ နဲ့ ဒီလိုမမျှော်လင့်ပဲ တွေ့လိမ့်မယ်လို့မထင်ခဲ့ဘူး ပုလဲကိုတို့အသည်းအသန်လိုက်ပြီး ရှာရလိမ့်မယ်လို့ထင်ထားခဲ့တယ်"

" ရှင်က ကျွန်မကိုလိုက်ရှာနေတယ် ဟုတ်လား . . "

သူမပြောနေသည့်နာမ်စားများ အသုံးအနှုန်းပြောင်းလဲ သွားသည်။ သူမကိုသူမပုလဲဟုမပြောဆိုတော့၊သူ့ကိုလည်းရှင်ဟုရည် ညွှန်းပြော ဆိုလိုက်သည်။

"ဟုတ်တယ် . .၊ တို့ထောင်ကလွတ်တာနဲ့ပထမဦးဆုံးပုလဲ ကိုလိုက်ရှာခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ တို့နှစ်ယောက်ရဲ့ အကြောင်း တွေကိုပုလဲနားလည်အောင်ရှင်းပြချင်လို့ဘဲ၊ ပြီးတော့ပုလဲ





အပေါ် သူဘယ်လိုဆန္ဒတွေရှိခဲ့တယ်ဆိုတာပြောပြချင်တယ် . . "

သူမသည်သည်းမခံတော့ဘဲထိုင်နေရာမှဝုန်းကနဲထရပ်လိုက်သည်။

" ဒီမယ် ကိုညီဇော်မင်း ဒီအကြောင်းတွေကို ကျွန်မကြားလဲ မကြားချင်ဘူး၊ သိလည်းမသိချင်ဘူး၊ အစောကြီးထဲကရှင်ဟာ ညီဇော်မင်းပါလို့ ကျွန်မသိခဲ့ရင် ရှင်ရဲ့အကူအညီကို လုံးဝမယူခဲ့ပါဘူး၊ ရှင့်ကိုလည်း ကျေးဇူးတင်နေမှာမဟုတ်ဘူး၊ အခုလိုအသိအကျွမ်းဖွဲ့ဖို့ ဆိုတာတော့ ဝေလာဝေးပဲ "

" ပုလဲကြိုက်သလို ပြောဆိုနိုင်ပါတယ်၊ တို့ လုံးဝမငြင်းဆန်ဘဲ နားထောင်ပေးပါမယ်၊ ဒီလိုပဲ တို့ရှင်းပြတာကိုလည်း ပုလဲ နည်းနည်း သည်းခံပြီး နားထောင်ပေးပါလို့ အနူးအညွတ်တောင်းပန်ပါရစေ . . "

" ဟင့်အင်း၊ရှင်လိုလူမျိုးကို ကျွန်မဘာမှပြောစရာစကားမရှိဘူး၊ ကိုယ့်ပါးစပ်ကိုတောင်သနားတယ် "

သူမကျောပိုးအိတ်ကိုဆွဲယူလိုက်စဉ် သူထ၍ရပ်လိုက်သည်။ သူမ၏ နောက်သို့လိုက်လာမည့်ဟန်ပန်ကို မြင်လိုက်ရသဖြင့်

" ဒါကဘာသဘောလည်း၊ ကျွန်မနောက်ကိုလိုက်မလို့လား၊ ဒါမှမဟုတ်တားဆီးမလို့လား၊ ရှင်သတ္တိရှိရင်လိုက်ခဲ့လေ " ဟု အော်ငေါက်လိုက်မိသည်။ ဤနေရာသည် လူသူမရှိသည့်နေရာ တစ်ခုမဟုတ်ပါ။ အနီးဝန်းကျင်စားပွဲတို့၌ စားသောက်နေသူများ ရှိနေသည့် ကော်ဖီဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

ထိုကဲ့သို့သောနေရာမျိုးတွင် သူ့အနေနှင့်မည်သို့မျှ ရန်းရင်း



www.burmeseclassic.com

www.burmeseclassic.com

ဆန်ခတ်လုပ်ရှားလိမ့်မည်ဟုမထင်ပါ။ သူမကိုအတင်းအဓမ္မတားဆီး၍မဖြစ်နိုင်ပါ။ ယခုပင်အချို့သောစားပွဲဝိုင်းများက သူမတို့ကိုမသိမသာအကဲခတ်၍ကြည့်နေကြပြီဖြစ်သည်။

" တို့တကယ်တောင်းပန်နေတာပါ"

" ရှင့်ရဲ့တောင်းပန်မှုကိုကျွန်မ မလိုချင်တော့ဘူး၊ ရှင်ဟာ မမကိုသတ်ပစ်ခဲ့တဲ့လူတစ်ယောက်ပဲ၊ ဒီထက်ပိုပြီး ဘာမှ မသိချင်ဘူး၊ ကျွန်မကို တားဆီးဖို့ကြိုးစားရင် ကျွန်မ အော်ပစ်လိုက်မယ်..၊ ရှင်သတ္တိရှိရင် စမ်းကြည့်လေ.."

ထိုသို့ပြောဆိုပြီးသည့်နောက် ဆိုင်အပြင်ဘက်သို့ အလျင်မြန်ဆုံး ပြေးထွက်ခဲ့သည်။ နောက်ဖက်သို့ စိုးရိမ်မှုနှင့် လှည့်ကြည့်မိသည့်အခါ သူ၏ အရိပ်အယောင်ကိုပင်မတွေ့ရချေ။ သို့ရာတွင် သူမသည် စိတ်မအေးနိုင်ဘဲ အိမ်ကိုအမြန်ဆုံးပြန်ဖို့ စဉ်းစားလိုက်သည်။ ကျူရှင်ကို မတက်ချင်တော့။

ထို့ကြောင့် သူမတစ်ကြိမ်တစ်ခါမျှ ငှားမစီးခဲ့ဘူးသည့် တက္ကစီတစ်စီးကို လက်ပြ၍တားလိုက်သည်။ ထို့နောက် ကားသမားပြောသည့် ဈေးနှုန်းအတိုင်း ခေါင်းညိတ်သဘောတူလိုက်ပြီး အိမ်ပြန်ခဲ့ပါသည်။

ယခုအချိန်တွင် အိပ်ရာပေါ်လဲလျောင်း၍ သူ့အကြောင်းများကိုတစ်စိမ့်စိမ့်တွေးတောရင်း ကျောရိုးစိမ့်အောင် ကြောက်လန့်လာပါသည်။





သူသည် ထောင်ထွက်တစ်ယောက်ဖြစ်ပြီး၊ ရုပ်ပါမားကတ်အောက်မှာတုန်းက လူနှစ်ယောက်ကို တစ်ယောက်တည်းနှင့် စိန်ခေါ်ခဲ့ဘူးသည်။ ထိုစဉ်ကတော့ အနည်းငယ်မျှကြောက်ရွံ့ခြင်းမရှိသည့်သူ့ပုံစံကိုကြည့်ပြီး သူမအမှန်တကယ်ပင် အထင်ကြီးမိပါသည်။

နောက်တစ်ကြိမ် သူမ သီချင်းဆိုနေသည့်စားသောက်ဆိုင်တွင်တွေ့တုန်းကလည်း အရက်မသောက်သူတစ်ယောက်အဖြစ် လေးစားမိခဲ့သည်။ ယခုတော့ သူ့အပေါ်တွင် အထင်ကြီးလေးစားခဲ့သမျှသည် လေထုထဲတွင် ပျောက်သွားသည့် မီးခိုးကဲ့သို့ ပျောက်ဆုံးခဲ့ပါပြီ။

ထိုသို့တွေးတောနေသည့်အခိုက်အတန့်တွင် တံခါးဘဲလ်မြည်သံကိုကြားလိုက်သည်။ ခဏအကြာတွင် တံခါးဖွင့်ပေးသည့်အသံကိုကြားရသည်။ ညီဇော်မင်းသည် သူမနေထိုင်သည့် တိုက်ခန်းကိုသိရှိပြီး နောက်မှလိုက်လာ ခြင်းဟုတွေးကာ ကြောက်ရွံ့ခြင်းနှင့်အတူရင်ခုန်သွားသည်။ သူမ ပုန်းရှောင်နေရမည်လားဟုစဉ်းစားသည်။ ထို့ကြောင့် အိပ်နေရာမှ လူးလဲ၍ ထထိုင် လိုက်၏။

သို့ရာတွင် ဧည့်ခန်းဘက်မှ ကြားရသည့်စကားသံများကြောင့် သူမ စိတ်သက်သာရာရသွားသည်။

" ဒေါ်လေး.. ပုလဲရော ဘယ်မှာလဲ၊ ကျွန်တော်ကျူရှင်မှာ မတွေ့ခဲ့ဘူး"

" အမလေး .. မင်းဟာလည်း မောကြီးပန်းကြီးနဲ့၊ ဖြေးဖြေးသက်သာ လေး မေးလဲရပါတွယ် .. တင်ထွန်းအောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



" ပုလဲအိမ်မှာမရှိဘူးလား၊ သူပြန်မရောက်သေးဘူးပေါ့ .."

"ကဲ .. အိမ်ထဲလည်းဝင်ပါအုံး၊ ပုလဲအိမ်ပြန်ရောက်နေပြီကွ

"တကယ်အိမ်ပြန်ရောက်နေပြီနော်၊ .. ဒေါ်လေး"

" မင်းကဒေါ်လေးကို မယုံတော့ဘူးလား ၊ ဒေါ်လေးမင် ဘယ်နှစ်ခါများ လိမ်ပြောဖူးလို့လဲ၊ ပုလဲအိမ်ပြန်ရောက်နေပါပြီ .."

ဟူးကနဲ သက်ပြင်းချသံကို အတိုင်းသား ကြားရသည်။

" ကျူရှင်မှာ ပုလဲကိုမတွေ့တာနဲ့ ဘာများဖြစ်ပြီလဲလို့ ကျ တော် စိုးရိမ်ပူပန်သွားမိတယ်၊ ကျွန်တော်ကို မစောင့်ဘဲ လိုင်းကာ သွားရင် တစ်နေရာမှာ တိုက်ခိုက်မိပြီးဆေးရုံ၊ ဆေးခန်းများရောက်သွ ပြီလား၊ ဒါမှမဟုတ် ကားပေါ်မှာမူးမေ့ပြီး လဲကျသွားသလား၊ ကား ဖြတ်ကူးရင်း အက်ဆီးဒင့်ဖြစ်သွားလား အဲ့ဒီလိုတွေးပူပြီး ကျ တောင် မတက်နိုင်ဘဲ ချက်ချင်းအိမ်ကိုလာကြည့်တာ .. " ဟု နေသည့် တင်ထွန်းအောင်၏အသံကို သူမ ကြားလိုက်ရသ တစ်ဆက်တည်းပင် ဒေါ်အေးအေးမြင့် ပြန်ပြော သံကို ကြားရသ

" ပုလဲ ဘာမှမဖြစ်ပါဘူး၊ လမ်းမှာခေါင်းမူးလို့ဆိုပြီးတက ငှားပြီးအိမ်ပြန်လာတယ်၊ အခုတော့ သူ့အခန်းထဲမှာ အိပ်နေတယ်

" တော်သေးတာပေါ့ .. ဒေါ်လေးရယ်၊ သူခေါင်းမူးတယ်ဆိ ကျူရှင်မှာ ကျွန်တော့ကို စောင့်နေလို့ရတာပဲ၊ ကျွန်တော် ကားနဲ့လို ပေးမှာပေါ့၊ အခုတော့ ခေါင်းမူးနေရင်းက ကားငှားစီးရင်း ရောက်လို့ဘယ်ပေါက်မှန်း သူ သတိထားနိုင်ပါ့မလား၊ တော်





မရိုးသားတဲ့ ကားသမားနဲ့ဆိုရင် ဒုက္ခရောက်လိမ့်မယ်၊ ဒီမိန်းကလေး တစ်ခုခု မူးယစ်သောက်စားလာတယ်လို့ထင်ရင်ဘယ်နှယ်လုပ်မလဲ .."

" အမယ်လေး .. မင်းစိုးရိမ်တာက များလိုက်တာကွယ်၊ အမျိုးစုံ နေတာပဲ၊ ဒေါ်လေးတောင် မစဉ်းစားမိဘူး .."

ထိုအခါ တင်ထွန်းအောင် ရှက်ရှက်နှင့်ရယ်သံကြားရသည်။

" မတော်တဆတစ်ခုခုဖြစ်လာရင် ဘယ်နေရာကစပြေးလိုက်ရှာ ရမယ်ဆိုတာ ကျွန်တော်စဉ်းစားကြည့်တာပေါ့ .. ဒေါ်လေး "

"အေး .. မင်းပြောချင်တယ်ဆိုရင် ပုလဲနိုးလာတော့မှ သူ့ကို ပြောတော့၊ အခုတော့ သူ ခဏ နားနားနေနေ အိပ်ပါစေကွယ် .. "

" ဟုတ်ကဲ့၊ သူ့ကိုမနှိုးပါနဲ့တော့၊ သူအိမ်ပြန်ရောက်တယ်ဆိုတာ သိရရင် ပြီးပါပြီ၊ နောက်ဆိုရင် ဒေါ်လေးရဲ့တူမကို ဒေါ်လေး ဆုံးမစမ်းပါ၊ ဒီလို တစ်ယောက်တည်းသွားတာ အန္တရာယ်များလွန်း ပါတယ် .. "

" မင်းကပုလဲတစ်ယောက်တည်းကိုပဲ စိုးရိမ်နေတာပါ၊ ရန်ကုန်မှာ မိန်းကလေးတွေ ဒီလိုပဲတစ်ယောက်တည်းသွားလာနေ ကြပဲ၊ သူတို့ကို လက်ဆွဲပြီး လိုက်ပို့ရမယ့်အရွယ်မှ မဟုတ်တော့တာ၊ ကိုယ့်အလုပ်ကိစ္စ၊ ကိုယ့်ကျောင်းကိစ္စဆိုရင် ကိုယ့်ဘာသာကိုယ် သွားနေကြပဲ .."

တင်ထွန်းအောင်၏ တဟဲဟဲရယ်သံကိုသာ ကြားရသည်။

" မင်း ကျူရှင်ပြန်မသွားတော့ဘူးလား .. တင်ထွန်းအောင် "



www.burmeseclassic.com

www.burmeseclassic.com



" အချိန်မမှီတော့ပါဘူး .. ဒေါ်လေး၊ ကျွန်တော်ပြန်မသွားတော့ဘူး၊ ပုလဲနီးတဲ့အထိ ဒီမှာ ကျွန်တော် ထိုင်စောင့်နေတော့မယ်.."

" ဒါဖြင့်ထိုင်စောင့်နေဦး၊ ဒေါ်လေး အဝတ်လျှော်စရာတွေ သွားလျှော်လိုက်ဦးမယ် " ဟုပြောကာ စကားသံများရပ်တန့်ပျောက်ကွယ်သွားသည်။

ခဏအကြာတွင် တင်ထွန်းအောင် ကက်ဆက်ဖွင့်သံကို ကြားသည်။ထွန်းအိန္ဒြာဗိုသီဆိုသည့် 'မချစ်ရင်မနေနိုင်တာကလွဲလို့' သီချင်းကထွက်ပေါ် လာသည်။ ဤသီချင်းသည် စားသောက်ဆိုင်၌ သူမအမြဲသီဆိုတတ်သည့် သီချင်းဖြစ်သည်။ ဟိုယခင်ကတော့ သီချင်းကို သီဆို၍ကောင်း သဖြင့် သီဆိုခဲ့ခြင်းဖြစ်သည်။ ယခုတော့ သီချင်း၏ အနက်အဓိပ္ပါယ်ကို သူမ၏ရင်ထဲက ခံစားနေရပြီဖြစ်သည်။

* * * * * * * * * * *





BURMESE CLASSIC

## အခန်း (၄)

(၁)

သူမသောက်သွားခဲ့သည့် ကော်ဖီခွက်ကို သူငေးစိုက်၍ကြည့်နေပါသည်။ အချိန်ကာလကို သူမေ့နေသည်။ ယခုအချိန်ထိ ကော်ဖီဆိုင်ထဲ တွင်သူရှိနေဆဲဖြစ်၏။

သို့ရာတွင် သူ၏စိတ်ကတော့ သူမ၏ပြေးလမ်းများနောက်သို့ ခြေရာခံပြီးလိုက်လျက်ရှိသည်။ သူမ မည်သည့်နေရာတွင်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



မည်သူတွေနှင့်နေထိုင်သည်ကို သူစုံစမ်းမေးမြန်းလိုက်ရုံနှင့်သိရပေလိမ့်မည်။

သူမ သိချင်းဆိုနေသည့်စားသောက်ဆိုင်၏ မန်နေဂျာမှာ သူ၏ သူငယ်ချင်း ဝင်းသိန်းဦး ဖြစ်သည်။ ဝင်းသိန်းဦးကတော့ သူမ၏ လိပ်စာ ကို သေချာပေါက် သိရှိနိုင်ပါသည်။ ထိုထက်ပို၍ သူမ၏ အကြောင်းများ ကိုလည်း သိချင်သိနိုင်ပါသေးသည်။

ထိုအကြောင်းများကြောင့် ယခုချက်ချင်း သူမ၏နောက်သို့ပြေးလိုက်ရန်မလိုအပ်ခြင်း ဖြစ်ပါသည်။

ဤတစ်နေ့ ဤတစ်ရက်ထဲနှင့် သူမနားလည် လက်ခံလာအောင် သူရှင်းပြနိုင်လိမ့်မည် မဟုတ်ပါ။ အတင်းဇွတ်ထိုးပြီး ရှင်းပြပါက အခြေအနေ ပိုကောင်းမလာသည့်အပြင် ပို၍ဆိုးသွားနိုင်ပါသည်။ သူမသည် သူ့ကို မမြင်တွေ့မီကတည်းက မုန်းနေခဲ့ပါသည်။

ယခုမျက်နှာချင်းဆိုင်တွေ့လိုက်ရသည့်အခါ သူမ ပို၍ကြောက်လန့် သွားဟန်တူသည်။ ညီဇော်မင်းသည် သူပါပဲဟုရုတ်တရက် သိလိုက်ရခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သူမသည် သူ့ကို ခင်မင်မိတ်ဖွဲ့ဝင်လာခြင်းဖြစ်သည်။ အစကတော့ ရယ်စရာတွေပင် ပြောနေခဲ့သေးသည်။

သူမသည် အမှန်တကယ် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု သူထင်မြင်မိပါသည်။ သန္တာဖြူ၏ ညီမမဟုတ်ဘဲ တစ်ခြားတစ်ယောက်ဆိုလျှင် ယခုအချိန်၌ အခင်မင်မိတ်ဆွေများဖြစ်သွားနိုင်ပါသည်။





ယခုတော့ သူမက သူ့ကို ရန်သူတစ်ယောက်အဖြစ် သိရှိသွားလေပြီ။ လိမ်ညာ၍ မပြောလိုက်ခြင်းအတွက် သူနောင်တမရပါ။ သူနှင့်ပြောလိုက်လျှင် အခြေအနေဆိုးဝါးသွားမည်ကို သူ သိပါသည်။ သို့ရာတွင် ပထမဦးဆုံး လိမ်ညာခြင်းသည် တစ်သက်တာ ယုံကြည်မှုကို ဖျက်ယွင်းစေသည် ဟု ယုံကြည်ပါသည်။ ဘယ်အခါမှ ယုံကြည်တော့မည်မဟုတ်ပါ။

ထပြန်ရန်စိတ်ကူးလိုက်ပြီး သူပိုက်ဆံရှင်းလိုက်သည်။ သူမ သောက်သွားခဲ့သည့် ကော်ဖီဖိုးပါပေးခဲ့သည်။

*********

(၂)

ဝင်းသိန်းဦးသည် ချက်..ဆိုလျှင် နားခွက်က မီးတောက်သကဲ့သို့ ချက်ချင်း နားလည်သဘောပေါက်သွားသည့်အသွင်ဖြင့် စပ်ဖြဲဖြဲရယ်ပြုံး ပြီး၊

“ မင်းဘာအတွက်ကြောင့် ဒီကောင်မလေးအကြောင်းကို သိချင်နေရတာလဲ – ညီဇော်မင်း ” ဟုပြန်လည်၍ မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကမပြုံးမ ရယ်နိုင်ဘဲ ခပ်တည်တည်ပင်ပြန်ကြည့်မိ သည်။

"ငါနဲ့ပတ်သက်နေတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ"

ဝင်းသိန်းဦးက နှလုံးသားတည်ရှိရာ ရင်ဘတ်ကို ပုတ်ပြရင်း

"ဒီကိစ္စလား" ဟု လှမ်းပြောသည်။

"မင်းထင်သလို မဟုတ်ပါဘူးကွာ၊ တစ်ခြားကိစ္စတစ်ခုပါ၊ လော လောဆယ်တော့ အဲဒီအကြောင်းကို ပြောမပြချင်သေးဘူး၊ အချိန် ကျရင်တော့မင်းကို အားလုံးရှင်းပြပါမယ် .."

သူ၏ချစ်သူ သန္တာဖြူနှင့်ပတ်သက်နေသည့် ကိစ္စဖြစ်သဖြင့် ထိန်ချန်ထားမိသည်။ ပြောပြလိုက်လျှင် ဝင်းသိန်းဦးမှတစ်ဆင့် သူငယ်ချင်းတွေဆီ၍သတင်းရောက်သွားနိုင်သည်။ ထိုမှတစ်ဆင့် ထပ်ပြီး၊ မလိုလားအပ်သော သူများဆီသို့ ရောက်ချင်ရောက်သွား နိုင်ပါသည်။

"ဒီလိုရှိတယ် .. ညီဇော်မင်း၊ ဒီဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတွေရဲ့ အမည်နဲ့ လိပ်စာကို မပြောပြရဘူးလို့ ဦးလေးက စည်းကမ်းထုတ်ထားတယ်၊ သူတို့သီချင်းဆိုရင် သူတို့ပေးတဲ့နာမည်နဲ့ ကြေညာပေးရတယ်၊ ဒါကလည်း လုံလောက်တဲ့ကြောင်းတရားတွေ ရှိပါတယ်၊ တစ်ချို့လူတွေက ရိုးရိုးသီချင်းလိုလာမေးကြတာမဟုတ်ဘူး တစ်ခြား ရည်ရွယ်ချက်တွေ ရှိကြတယ်၊ မင်းလည်းသိပါတယ်၊ တစ်ချို့ ဆိုင်တွေမှာ လူမှုရေးအရှုပ်အရှင်းတွေ မကြာခဏဖြစ်တတ်တယ်၊ ရိုးရိုးသားသားသီချင်းဆိုတဲ့ မိန်းကလေးတွေမှာလည်း ငါးခုံး





တစ်ကောင်ကြောင့် တစ်လှေလုံးပုပ် .. ဆိုတာလို နာမည်ပျက်ကြ ရတာပါ၊ ဒီအထဲမှာ တို့ဆိုင်ကလူတွေလည်း ကြားထဲကပါဝင်နေတယ်၊ တို့ဘက်ကရိုးရိုး သားသား နာမည်နဲ့လိပ်စာကို ပြောပြလိုက်တာပဲ၊ ဒါပေမယ့် နာမည်ထွက်လာတော့ တို့ကကြားထဲက အဆက်အသွယ် လုပ်ပေးသလို အပြောခံရတယ်၊ အဲဒါကြောင့် ဒီစည်းကမ်းကို အတင်းအကျပ် ကျင့်သုံး နေရတယ်"

"ငါမှာ အဲဒီလိုရည်ရွယ်ချက် ရှိတယ်လို့ မင်းထင်တာလား"

"မဟုတ်ပါဘူး" ဟု ဝင်းသိန်းဦးက ပြာပြာသလဲနှင့် ငြင်းဆို သည်။

"ငါ့အတွက် တစ်ကယ်အရေးကြီးလို့ပါ၊ မင်းသိထားသလောက် ပြောပြမှဖြစ်မယ်၊ ငါ ကတိပေးပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့ နာမည် မပါစေရဘူး၊ မင်းကို မထိခိုက်စေရဘူး"

ဝင်းသိန်းဦးသည် စိတ်အိုက်သည့်အသွင်ဖြင့် ခေါင်းကိုကုပ် သည်။

"ဒီမိန်းကလေးကတကယ့်ကိုရိုးရိုးသားသားနော်၊ ညီဇော်မင်း"

"ဟေ့ကောင် .. မင်းမပြောချင်လဲရတယ်၊ ငါ့ကို ယုံကြည်သလို တော့မလုပ်နဲ့" ဟုပြောဆိုပြီး သူထရပ်လိုက်သည်။ ဝင်းသိန်းဦး သဘောကျစွာ ရယ်လိုက်ပြီး၊

"ငါကနောက်တာပါကွာ၊ စိတ်ချည်းပဲ" ဟုလှမ်းပြောသည်။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၃)

" စိတ်ဖိစီးမှုဒဏ်ကြောင့် သူမမေ့ကနဲ အိပ်ပျော်သွားခြင်းဖြစ်လိမ့်မည်။

သူမနိုးလာတော့ ဧည့်ခန်းတွင် တင်ထွန်းအောင်တစ်ယောက်တည်း စာထိုင်ဖက်နေသည်ကို တွေ့ရ၏။ တင်ထွန်းအောင်သည် သူမကို လှမ်းကြည့်ပြီး၊

" နင်နိုးလာပြီလား .. ပုလဲ၊ ဘယ်လိုလဲ နေကောင်းရဲ့လား၊ ခေါင်းမူး နေသေးလား၊ သက်ကော သက်သာရဲ့လား " ဟု မေးသည်။

" အင်း .. နည်းနည်းတော့ သက်သာသွားပြီ၊ ဒါနဲ့ဒေါ်လေးရော မမြင်ပါလား "

" ဒေါ်လေးဈေးသွားတယ်၊ ဈေးဝယ်ပြီးအပြန်မှာ ကျောင်းကားကို စောင့်ပြီး၊ ကလေးတွေကိုကြိုမယ်လို့ပြောသွားတယ်.. "

ကလေးများကို သူမ အမြဲတမ်းကြိုနေကျ တာဝန်ဖြစ်သည်။ ဤနေ့ တော့ ထိုတာဝန် ပျက်ယွင်းသွားသဖြင့် စိတ်ထဲက မလုံမလဲ ဖြစ်မိသည်။ ဆွေမျိုးအိမ်တွင်နေရသူဖြစ်သဖြင့် အစစအရာရာတွင် ငြိုငြင်မခံရအောင် ကြိုးစားရပါသည်။ ယခုတော့ ကိုယ့်အမှား ဖြစ်သော





ကြောင့် အပြစ်ရှိ သကဲ့သို့ ခံစားရပါသည်။

နံရံပေါ်မှ နာရီကို လှမ်းကြည့်သည့်အခါ ကျောင်းပြန်ချိန်က နီးပင်နီးကပ်နေပြီ ဖြစ်၏။ သူမသွား၍ မဖြစ်နိုင်တော့။

" ဒုက္ခပဲ ၊ဈေးသွားမယ်ဆိုရင် ဒေါ်လေးက နိုးသွားဖို့ ကောင်းတာ၊ သူတို့က ကလေးတွေကို နေ့တိုင်း ကြိုနေကျမဟုတ်လား၊ တို့သွားပြီးရောပေါ့ "

" နေမကောင်းလို့ အိပ်နေတာ ဘယ်လိုနှိုးမှာလဲ "

" ငါနည်းနည်း ခေါင်းမူးသွားတာပါ၊ အခုတော့ ငါ နေကောင်းပြီ.. "

" နေမကောင်းလို့ တစ်ရက်တစ်လေ ပျက်တာကို ဒေါ်လေးက ပြောမှာလဲ၊ နင်က အလကားနေရင်းစိုးရိမ်နေတာပါ.. "

" နင်မသိပါဘူး .. " ဟု ရေရွတ်ရင်း ဝရံတာသို့ ထွက်ကြည့်ရာ တင်ထွန်းအောင်က သူမ၏အနီးတွင် လာ၍ရပ်သည်။

" ဒီနေ့ညနေ ဆိုင်ကို နင်မလိုက်နဲ့တော့ .. ပုလဲ၊ ဒီနေ့ .. နားလိုက် "

ထိုအခါမှ စားသောက်ဆိုင်တွင် သီချင်းသွားဆိုရမည်ကို သူမ သတိရတော့သည်။ ဤစကားပြောဖို့ထိုင်စောင့်နေသည့် တင်ထွန်းအောင်ကို ကျေးဇူး တင်ရတော့မည်။ နို့မဟုတ်ရင် သူမ မေ့ချင် မေ့ သွားမည်။

" ငါမနားချင်ဘူး၊ နေလည်းကောင်းနေပြီမို့ ငါလိုက်မယ် "



www.burmeseclassic.com

“ မနားလို့မရဘူး .. ပုလဲ .. ”

“ ငါတစ်ရက်မှ မပျက်ခဲ့ဘူး၊ ငါ ဒီနေ့ ခေါင်းနည်းနည်း[...] သွားတာပါလို့ ပြောခဲ့သားပဲ၊ ငါ့ကို ဝင်မခေါ်ဘဲနဲ့တော့မနေပါ[...] တင်ထွန်းအောင်ရယ်၊ ငါတောင်းပန်ပါတယ် .. “

တင်ထွန်းအောင်သည် သူမ၏စကားကို လက်မခံနိုင်ဘဲ

“ ခေါင်းမူးတာပါလို့ လွယ်လွယ်မပြောစမ်းပါနဲ့၊ ဘာကြောင့်[...] ခေါင်းကမူးရတယ်ဆိုတာ နင်သိလို့လား၊ သွေးတိုး၊နှလုံးတို့ ဖြစ်နေ[...] ဒုက္ခရောက်လိမ့်မယ်၊ နင် ဘယ်ဆေးခန်းမှ မပြကြည့်သေးပါဘူး”

“ ငါကိုယ်ငါ သိပါတယ်၊ တစ်ကယ်ရိုးရိုးတန်းတန်း ခေါင်း[...] တာပါ၊ အခုလုံးဝပျောက်သွားပါပြီ ”

“ ဒီတစ်ရက်တည်းနားလိုက်တာ ဘာမှမဖြစ်ပါဘူး .. ”

“ ငါ ရှိခိုးပြီးတောင်းပန်ဆိုလဲ တောင်းပန်ပါ့မယ် .. ”

“ ဒေါ်လေးက ခွင့်ပြုမယ် မထင်ဘူး ”

“ နင် ဝိုင်းပြီး ပြောပေးရင်ရပါတယ်၊ နင် အာမခံပြီး ခေါ်[...] ဒေါ်လေးက ခွင့်ပြုမှာပါ၊ ငါကလည်း ဒေါ်လေးကိုရှင်းပြထားမှာ[...]

တင်ထွန်းအောင်ဆီမှအလျှော့ပေးမည့်အရိပ်အယောင်ကိုမမြ[...] သူမကိုနားမလည်နိုင်သည့်အကြည့်ဖြင့်ကြည့်နေသည်။ သူ[...] ပွက်သွားပြီး၊

“ဒီတခါဝင်မခေါ်ဘူးဆိုရင်ငါ့ကိုတစ်သက်လုံးမခေါ်နဲ့[...] တင်ထွန်းအောင်၊ငါနယ်ကိုပြန်တော့မယ်၊ ဒီမှာနေလို့ အကြော[...]





မှာမဟုတ်ဘူး”

သူမဆိုလိုသည့်အဓိပ္ပါယ်ကိုတင်ထွန်းအောင်ဘောပေါက်ပါသည်။ နယ်သို့ပြန်သွားလျှင်ဥယျာဉ်ခြံ၌သူမအလုပ်, လုပ်ရပေလိမ့်မည်။ ထို့နောက် ကံကောင်းထောက်မပါက ရွာတစ်ရွာ[...]ကျောင်းဆရာမ ဖြစ်နိုင်ပါသည်။

ဤသည်မှာသူမကိုယ်တိုင်ပြောပြထားသည့်အကြောင်းများဖြစ်သည်။ တင်ထွန်းအောင်သည်စိတ်ပျက်စွာဖြင့်ခေါင်းကိုခါယမ်းပြီး၊

“နင့်သဘောပါပဲ–ပုလဲ၊ငါမတားတော့ပါဘူး”

ဟုပြောလိုက်သည်။သူမသည်စိတ်အေးသွားသည့်အသွင်ဖြင့် သက်ပြင်းကိုချလိုက်သည်။

*********

(၄)

ဝင်းသိန်းဦးပြောပြထားသည့်အတိုင်း ပုလဲဖြူသည်ဤဆိုင်၌ အအောင်မြင်ဆုံးသူတစ်ယောက်ဖြစ်ကြောင်းသူနားလည်လက်ခံမိသည်။ [...]ရောင်စုံမီးများကသူမ၏လှပမှုကိုပို၍ထင်ရှားစေသည်။ သူမရွေးချယ်[...]ဆိုသည့်သီချင်းများကကောင်းသကဲ့သို့၊ထိုသီချင်းများကိုအပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသိဆိုနိုင်ပါသည်။ထို့ကြောင့်သူမ၏အလှည့်တွင်လက်ခုပ်သံအများဆုံးဖြစ်သလိုပန်းကုံးစွပ်ကြသူလည်းများသည်ကိုသတိပြုမိသည်။ ဟိုတစ်နေ့ကစောထွန်းနှင့်စကားပြောနေရခြင်းကြောင့်စင်မြင့်ဆီသို့သိပ်ပြီးသတိမထားမိပါ။ ဤနေ့တော့သူတစ်ယောက်တည်းစားပွဲဝိုင်းတစ်ဝိုင်းယူထားသည်။ သူ့စားပွဲကစင်မြင့်နှင့်အဝေဆုံးတွင်ရှိသည်။ ထို့ကြောင့် မည်သူမှ်သဘောမကျနိုင်သဖြင့် တစ်ယောက်တည်းလွတ်လပ်စွာ ထိုင်ခွင့်ရနေ၏။ သူသည်စားသောက်စရာအချို့မှာယူပြီးအအေးဗူးတစ်ဗူးကိုအချိန်ဆွဲ၍သောက်နေမိသည်။ သူသည်သီချင်းများထဲတွင်နစ်မြုပ်ပျော်ဝင်၍မသွားပါ။ တစ်ခါတစ်ရံသီချင်းကိုပင် မကြားမိချေ။ ကိုယ့်အတွေးနဲ့ကိုယ်အလုပ်များနေမိသည်။ ယခုအချိန်၌သူအလိုချင်ဆုံးအရာသည်ပုလဲဖြူထံမှနားလည်ကျေအေးမှုပင်ဖြစ်ပါသည်။ ပုလဲဖြူနားလည်အောင်သူမည်သို့ပြောပြရမည်နည်း။

* * * * * * * * *

(၅)

သူမနေထိုင်သည့်တိုက်တန်းကြီးအပါအဝင်အိမ်ရာစခန်းတစ်ခုလုံးသည်ညအမှောင်ထု၏အောက်တွင်ငြိမ်သက်တိတ်ဆိတ်၍





အိပ်မောကျနေပြီဖြစ်သည်။ သူမ၏ အခန်းကတော့သူမကို စောင့်နေသည့် အတွက်မီးရောင်ရှိနေသည်။ တစ်ချို့တိုက်တန်းများတွင်တစ်ခန်းစ၊ နှစ်ခန်းစမီးရောင်ကိုမြင်ရသည်။ အနီးနားရှိ လက်ဖက်ရည်ဆိုင်တို့ပင် ပိတ်သွားကြပြီဖြစ်သဖြင့်လမ်းမပေါ်တွင် လူမရှိသလောက်ရှင်းနေ၏။

ဤအချိန်သည်သူမတို့၏အိမ်ပြန်ချိန်ပင်ဖြစ်သည်။ ကားရပ်လိုက် သည်နှင့်ကျောပိုးအိတ်ကိုဆွဲယူပြီးဆင်းလိုက်သည်။ သူမ၏လက်တစ် ဖက်တွင်မူ မိတ်ကပ်နှုတ်ခမ်းနီဗူးစသည့်အလှပြင်ပစ္စည်းတိုလီမိုလီများ ထည့်ထားသောပိုက်ဆံအိတ်ငယ်ကိုကိုင်ထားသည်။

တင်ထွန်းအောင်သည်သူမနှင့်အတူကားပေါ်မှဆင်းလိုက်ပြီး

"နင်ဘာမှမဖြစ်ဘူးနော်–ပုလဲ၊ ငါကနင်သီချင်းဆိုနေတုံးမူးလဲသွားမလားလို့စိုးရိမ်နေမိတယ်၊ တချိန်လုံးငါစောင့်ကြည့်နေတာ၊စိတ်ကိုမဖြောင့်ဘူး၊ အခုမှပဲငါစိတ်အေးသွားတော့တယ်–"

"ငါနင့်ကိုပြောထားတာပဲ၊ ငါတကယ်နေကောင်းနေပါပြီလို့"

"ငါအပေါ်ထိလိုက်ပို့ပေးမယ်လေ"

"မပို့ပါနဲ့၊ ခါတိုင်းလိုပဲအောက်ကစောင့်နေရစ်ခဲ့၊ ငါဘာမှမဖြစ်တော့ပါဘူး"

ထို့နောက်သူမသည်သွက်လက်ပေါ့ပါးစွာဖြင့်တိုက်လှေကားကိုတက်ခဲ့သည်။ စားသောက်ဆိုင်၌ တင်ထွန်းအောင်စိုးရိမ်မှုမှသည်က



www.burmeseclassic.com

www.burmeseclassic.com



တခြား၊ သူမစိုးရိမ်နေသည်ကတစ်မျိုးစီကွဲပြားလွန်း၏။

သူမ စိုးရိမ်နေသည်က ညီဇော်မင်းရောက်ရှိလာပြီး တစ်စုံတစ်ခု ကြံစည်ကြိုး စားမည့်အရေး ကိုဖြစ်ပါသည်။ ထိုဆိုင်တွင် သူမသိချင်း ဆိုခြင်းကို သူသိသည်။ ပြီးတော့ဆိုင်မန်နေဂျာကလည်းသူ၏ သူငယ် ချင်းဖြစ်သည်။ ထို့ကြောင့်သူ တစ်စုံတစ်ခုပြောဆိုရန် ကြိုးစားမည်ကို တွေးကာ ကြောက်လန့်မိသည်။

သူမ၏စိတ်ထဲကအမှန်တကယ်မသိုးမသန့်ခံစားခဲ့ရပါသည်။ သူ ကိုမမြင်တွေ့ပေမဲ့သူရှိနေသကဲ့သို့စိတ်ထဲကခံစားရသည်။ ယခုတော့ မိမိ၏ စိတ်အထင်မှားမှုသာဖြစ်မည်ဟု သဘောပိုက်ပြီး မေ့ဖျောက်ပစ်လိုက်သည်။

မိမိ၏အခန်းသို့ပြန်ရောက်သည်နှင့် ဝရံတာသို့ထွက်ပြီး အောက်က စောင့်ကြည့်နေသည့်တင်ထွန်းအောင်ကို အားလုံး အဆင် ပြေသည့်အကြောင်း အသိပေးသည့်အနေနှင့် လက်ဇွေ့ယမ်းပြမြ ဖြစ်ပါသည်။

ယခုလည်း ထိုသို့ပင် အချက်ပြလိုက်သည်။ ထိုတော့မှ တင်ထွန်းအောင်စိတ်ချကျေနပ်ပြီး၊ ကားပေါ်တက်ကာ မောင်းထွက်သွား လေသည်။

လက်တစ်ဖက်တွင်ကိုင်ထားသည့် ပိုက်ဆံအိပ်က ရုတ်တရက် လွတ်ပြီး တိုက်အောက်သို့ပြုတ်ကြသွားသဖြင့် " .. အမေ့ .. "ဟု အလန့် တကြားရေရွတ်မိသည်။





ဤသည်မှာ သူမ၏ ပေါ့ဆခြင်းကြောင့် ကျသွားခြင်းဖြစ်ပါ သည်။ ယခင်နေ့များက ဧည့်ခန်းထဲတွင် ကျောပိုးအိပ်နှင့်အတူ ပိုက်ဆံအိတ်ကို စားပွဲပေါ်တင်ထားခဲ့ပြီး ဝရံတာထွက်၍ လက်ပြတတ် သည်။ ယနေ့မှ သူမသည် စိတ်လောကြီးကာ ဘာကိုမှချမထားခဲ့ဘဲ ဝရံတာသို့ ထွက်လိုက်ခြင်းဖြစ်သည်။

သူမကိုတံခါးဖွင့်ပေးခဲ့သည့်ဒေါ်လေးဒေါ်အေးအေးမြင့်သည် သူမ၏ အထိတ်တလန့်အော်သံကြောင့် ဝရံတာသို့ပြေးထွက်လာပြီး

" အလန့်တကြားနဲ့၊ ဘာများဖြစ်တာလဲပုလဲ "

"ဘာမှမဖြစ်ပါဘူး၊ကျွန်မပိုက်ဆံအိတ်လက်ထဲကလွတ်ကျသွား လို့ပါ .. ဒေါ်လေး"

" ဝါကမှုးလဲသွားပြီထင်ပြီး လန့်သွားမိတယ် "

" ပိုက်ဆံအိပ်က ဟိုးအောက်ကိုပြုတ်ကျသွားတယ်၊ အဲဒါ ကျွန်မ ဆင်းယူမှဖြစ်လိမ့်မယ်၊ ဒေါ်လေးအပေါ်ကကြည့်ပေးလိုက်နော် "

" အေး .. "ဟု ဒေါ်လေးက ခေါင်းညိတ်ပြောသည်။

ဤနေ့သည်သူမ၏ဘဝအတွက်အလွဲလွဲအချော်ချော်အဖြစ်ဆုံး နေ့ တစ်နေ့ဖြစ်သည်။

သူမ၏နှလုံးသားသည် အချစ်ကို ရှာဖွေခဲ့ပေမယ့် တကယ် တွေ့ရှိရသည်မှာအမုန်းဖြစ်သည်။ အကြင်နာများကို မျှော်လင့်ရင်ခုန်ခဲ့ သမျှ ပျက်သုဉ်းသွားသည်။ အာရုဏ်တက်တော့မည့် အလင်းတန်း များနှင့်အတူ နေမင်းထွက်ပြူလာတော့မည်ဟု ထင်မှတ်ထားခဲ့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တကယ်အဖြစ် မှန်ကန ဆည်းဆာနေဝင်ချိန် ဖြစ်နေ၏။ အလင်းမဟုတ် အမှောင်ထုဖြစ် သည်။

သူမသည် အပြေးအလွှားဆင်းခဲ့ရင်း တိုက်အောက်သို့ ရော သည့်အခါ လွတ်ကျခဲ့သည်ဟု ထင်မှတ်ခဲ့သည့်နေရာတွင် ပိုက်ဆံအိတ် လေးကိုမတွေ့ရချေ။ တိုက်၏အရိပ်က ထိုးကျနေသော်လည်း လမ်း ရောင်ကြောင့် သေသေချာချာ မြင်တွေ့နိုင်သည်ဟုသူမထင်ပါသည်။

လက်စွပ်၊ ဆွဲကြိုး တို့ကဲ့သို့ သေးငယ်သည့် အရာဝတ္ထု မဟုတ် အပေါ်မှပြုတ်ကျသည့်အရှိန်ကြောင့် နည်းနည်းလွင့်စင်နိုင်ပါသည် တိုက်နံရံအနီးကိုကြည့်သည်။ မတွေ့ချေ။ အနီးဝန်းကျင်ကို ကြည့်ပြ သည်။ ပိုက်ဆံအိတ်နှင့်တူသည့် အရာပင်မရှိချေ။ သူမဒူးညွှတ် ထိုင်ချပြီး စေ့စေ့စပ်စပ်ကြည့်ပြန်သည်။ ပိုက်ဆံအိတ်နှင့်တူသည့် အရာဝတ္ထုပင်မတွေ့ရ၍ ခေါင်းခြောက်သွားသည်။ မည်းမည်းမြင်သ အသေအချာ ပြန်ကြည့်မိသည်။

သူမ စဉ်းစားမရအောင် ဖြစ်နေပြီး ချွေးများပင်စို့ချင်လာ၏။ နေရာတွင် ရှိကိုရှိရမည်ဟု ယူဆပြီး လှည့်ပတ်၍ကြည့်သည်။ အ အနည်းငယ်ကြာသွားသည့်အခါ စိတ်ပျက်အားလျော့ချင်လာ လေးကန် စွာထရပ်လိုက်သည်။

ထိုနောက် သူမ၏ စိတ်ထဲက သံသယဝင်လာပြီး အနီးဝန်းကျ တွင်လှည့်ပတ်ကြည့်လိုက်သည်။

" အမေ့ .. " ဟု သူ့ပါးစပ်က ယောင်ရမ်း၍ အော်မိတော့မတ





လန့်သွားမိသည်။

သစ်ပင်ရိပ်ကျနေသည့် ပလက်ဖောင်းနေရာတွင် အဖြူရောင် ကားငယ်တစ်စီး ရပ်တန့်ထားပြီး ထိုကားကို ကျောနှင့်မှီ၍ လူတစ်ယောက် ရပ် နေသည်။ ထိုသူက သူမကို တည့်တည့်စိုက် ကြည့်နေသည်။ သူမနှင့် သိပ်မဝေးပါ။

ပြီးတော့ ထိုလူသည် လူစိမ်းတစ်ယောက် မဟုတ်ဘဲ၊ သူမ မတွေ့ချင်အောင် ကြောက်လန့်နေမိသည့် ညီဇော်မင်းပင်ဖြစ်သည်။

" မင်းဘာကို ရှာနေတာလဲ .. ပုလဲ .. "

လှမ်းမေးလိုက်သည့်အသံက ရင်းနှီးခင်မင်သည့်လူချင်းမေးမြန်း လိုက်သကဲ့သို့ အေးအေးဆေးဆေးရှိလှသည်။ သူမ၏ရင်ထဲတွင် ကြောက်ရွံ့မှုစိတ်ကြောင့် အေးခနဲ ဖြစ်သွားသည်။ ခြေဖျားလက်ဖျားများ အေးစက်သွားသည်။

ခေါင်းထဲက ပူခနဲဖြစ်သွားပြီး 'ညီဇော်မင်းသည် ဤနေရာသို့ ဘာကြောင့်ရောက်နေရတာလဲ .. ' ဟူသော အတွေးစက သွေးကြော အတိုင်း စီးဆင်းသွားသည်။ ဘာမှ ပြောဆိုမနေတော့ဘဲ လှည့်ပြေးရန် သူမ စိတ်ကူးလိုက်သည်။

" ဟော့ .. နေစမ်းပါဦး၊ မင်းရှာနေတာ ဒီအိတ်လေးလား "

ညီဇော်မင်းသည် သူမ၏ ပိုက်ဆံအိတ်ကို ထောင်ပြလိုက်သည်။ ပြေးရန်ပြင်ထားသည့်ခြေက တုန့်ကနဲ ဖြစ်သွားသည်။ အမျက်ဒေါသ ကြောင့် တစ်ကိုယ်လုံးပူထူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီဇော်မင်းသည် သူမ၏နောက်က ခြေရာခံ၍ လိုက်လာခြင်း ဖြစ် မည်။ ထို့ကြောင့် သူမ၏ လက်ထဲက ပိုက်ဆံအိတ်ကျသွား ခြင်းကို သူတွေ့ လိုက်ခြင်းဖြစ်သည်။

"ရှင်.. ကျမနောက်ကဘာဖြစ်လို့လိုက်နေရတာလဲ၊ရှင့်ကိုကျမ မတွေ့ချင်ပါဘူးလို့ပြောပြီးပြီပဲ၊ရှင်နားမလည်ဘူးလား"

"တို့ဟာ မင်းထင်သလို လူဆိုးတစ်ယောက် မဟုတ်ပါဘူး၊ မင်းဟာ ပုလဲဖြူဖြစ်တယ်ဆိုတာ သိရပြီးတဲ့နောက် တို့ပြောပြချင်တာတွေ ရှိလာတယ်။တို့မင်းကိုရှင်းပြချင်ပါတယ်၊ တခြားဘာအကြောင်းမှ မရှိပါဘူး .."

"ကျွန်မ နည်းနည်းမှ မယုံဘူး .. ကိုညီဇော်မင်း၊ ကျွန်မ လိုချင်တာက ကျွန်မရဲ့ဘဝထဲကိုရှင်ဝင်မလာဖို့ဘဲ။ ကျွန်မ ရှင့်ကို ဘယ် နည်းနဲ့မှ လက်မခံနိုင်ဘူး"

"အဲဒီလိုမရက်စက်စမ်းပါနဲ့ .. ပုလဲ၊ တို့နှစ်ယောက်က ဘဝတူတွေပါ၊မင်းကသိပ်ချစ်တဲ့အစ်မတစ်ယောက်ဆုံးခဲ့ရသလို၊တို့ကလည်း ချစ်သူတစ်ယောက် ဆုံးခဲ့ရတာပါ"

"အစ်မဆိုတာ အစားထိုးလို့ မရပါဘူး၊ ချစ်သူဆိုတာက နောက် တစ်ယောက်ထပ်ရှာလို့ရတယ် ..၊ အစားထိုးလို့ ရပါတယ်"

"တို့ကမင်းထင်သလို လူစားမျိုးမဟုတ်ဘူး .. ပုလဲ "ဟု ဒေါသ ဖြစ်သွား သည့် အမူအရာနှင့် မာကျောစွာပြန်ပြောသည်။

"ရှင်ဟာ ဘယ်လိုလူစားမျိုးဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မ





သိတာက ရှင့်လက်ထဲမှာ ကိုင်ထားတဲ့ ကျွန်မရဲ့ ပိုက်ဆံအိတ်ကိုပြန်ပေး ဖို့ပဲ"

သူက မကျေမနပ်နှင့် ပခုံးကိုတွန့်လိုက်ပြီး၊

"ဒီပိုက်ဆံအိတ်ဟာ မင်းရဲ့အိတ်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ တော့ စစ်ဆေးကြည့်ရလိမ့်မယ်၊ ဒီအိတ်မှာ ဘယ်လိုအမှတ်အသား တွေ ပါတယ်၊ အထဲမှာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာ မင်းပြောနိုင်ပါမလား"

"ဒီလမ်းပေါ်မှာ ဒီအိတ်ကို ရှာနေတာကျွန်မတစ်ယောက် တည်းပဲရှိတယ်၊ ဒီအချိန်ကြီး ဘယ်သူကမှ အိပ်ရာကထပြီး ရှာမနေပါ ဘူး"

"မင်းပြောတာကို တို့လုံးဝမယုံဘူး ..ပုလဲ၊ ဒီလောက်လေးနဲ့ ဒီအိတ်ဟာ မင်းရဲ့အိတ်ပါလို့ ဘယ်နည်းနဲ့မှ တို့လက်မခံနိုင်ဘူး"

"အဲဒီလိုမညစ်စမ်းပါနဲ့ ကို ညီဇော်မင်း၊ ကျွန်မ အောက်ကို ဆင်းလာတာကြာနေပြီ၊ တော်ကြာ ဒေါ်လေးစိတ်ပူပြီး ဆင်းလာလိမ့် မယ်၊ ဒီအချိန်ဟာ စကားအေးအေးဆေးဆေး ပြောနေလို့ ကောင်းတဲ့ အချိန် မဟုတ်ဘူး"

"ဒီအိတ်နဲ့မဆိုင်တဲ့အကြောင်းတွေ မပြောနဲ့လေ၊ ဒီအိတ်ဟာ မင်းရဲ့ အိတ်ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းပဲ သက်သေပြပါလို့ တို့ပြောထားပါတယ်၊ မင်းနားမလည်ဘူးလား"

ပထမတုံးကတော့ သူမ မရိပ်စားမိလိုက်ပါ။ နောက်ထပ်တစ်ခွန်း ပြောတော့မှ သူမ၏စကားနှင့် သူမကို ပြန်ချည်တုပ်နေမှန်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်သည်။ ထို့ကြောင့် " ကိုညီဇော်မင်း " ဟု ရူးရူးဝါးဝါး အော်ဟစ်လိုက် မိပါသည်။

" ကျွန်မစကားနဲ့ ကျွန်မကို ပြန်ပြီးပြောမနေပါနဲ့၊ ရှင် မယုံကြည် ဘူး ဆိုရင် အဲဒီအိတ်ကို ကျွန်မ ပြန်မယူတော့ပါဘူး .. "

သူက သဘောကျစွာ ရယ်မောလိုက်ပြီး၊

" ရှင်းပြတာကိုနားမလည်ရင်ဒီလိုပဲခံစားရတယ်၊ မင်း ကိုယ်ချင်း စာကြည့်ပါ၊ ဒီအိတ်ဟာမင်းရဲ့အိတ် ဆိုတာတို့သိပါတယ်၊ ရော့ .. ယူ ပါ .."ဟု ပြောကာ ပိုက်ဆံအိတ်ကို လှမ်းပေးသည်။

သူမ မယူတော့ဘဲ လှည့်ပြန်ဖို့ စိတ်ကူးသေးသည်။ သို့သော် ပိုက်ဆံအိတ်မပါဘဲနှင့် ပြန်တက်သွားလျှင် ဒေါ်လေးက မေးမြန်းပေ လိမ့်မည်။ သူမကလည်း ဤလူအကြောင်းကို မပြောပြချင်ပါ။

သူမလိမ်ညာပြီး ပြောလျှင်လည်း ဒေါ်လေးက အတူဆင်း၍ ရှာကြမည်ဆိုလျှင် ခက်ပေလိမ့်မည်။ သူမ၏အဖြစ်က ဆုပ်လဲဆူး၊ စား လည်းရူး ဟူသော ဘေးကျပ်နံကျပ် အခြေအနေဖြစ်နေ၏။ သူလက်ထဲ တွင် သူမ၏အိတ်ကို အမှန်တကယ် ရှိမနေစေချင်ပါ။ ဤအကြောင်း ပြချက် နှင့် သံယောစဉ်အမျှင်တန်းနေနိုင်၏။

သူမသည် သူမျက်နှာကို မယုံဝံ့ဝံ့နှင့် အကဲခတ်လိုက်သည်။ သူမျက် လုံးများက ဘာမှမဖြစ်သလိုပင် ခပ်တည်တည်ပင် ကြည့်နေ သည်။

တော်ကြာ သူမယူရန်လက်လှမ်းတော့မှ တိမ်းဖယ်သွားပါက





ရှက်စရာဖြစ်မည်။ သူမ တစ်စုံတစ်ခုကို ဆုံးဖြတ်ရတော့မည်။ အိတ်ကို ပြန်ယူဖို့ကိုဆုံးဖြတ်လိုက်သည်။ သူ့ဘက်က နောက်ပြောင်ကျီစယ် သည် ဟု ဆိုလျှင် လုံးဝယတိပြတ် လှည့်ပြန်တော့မည်ဖြစ်၏။

သူက အိပ်ကို လှမ်းပေးဆဲဖြစ်သည်။ သူမသည် မဝံ့မရဲနှင့် လှမ်းယူလိုက်၏။ သူမ ထင်မြင်ယူဆထားသကဲ့သို့ နောက်ပြောင်ကျီ စယ်ခြင်းအလျှင်းမရှိဘဲ သဘာမန်ပင် လှမ်းပေးပြီးနောက် ခေါင်းကို တစ် ချက်ညိတ်ပြသည်။

သူမသည် ပိုက်ဆံအိပ်ပြန်ရသည်နှင့် ချာကနဲလှည့်ကာ မပြေးရုံ တမယ်ထွက်ခွာခဲ့တော့၏။ သူမ၏နှုတ်ဆက်ရမည့် လူတစ်ယောက် အဖြစ် သူ့ကို သတ်မှတ်မထားသဖြင့် ဘာမှပြောနေစရာ မရှိတော့ပါ။

* * * * * * * * *

(၆)

" ရှင်းပြတာကို နားမထောင်ရင် ဒီလိုပဲခံစားရတယ်၊ မင်း ကိုယ် ချင်းစာ ကြည့်ပါ " ဟု ထပ်တူပုံနှိုင်း၍ ပြောသွားသည့်စကားကို သူမ ကြားယောင် နေမိသည်။

အိပ်မပျော်နိုင်သေးဘဲ အမှောင်ထုထဲမှနေ၍ အခန်းနံရံကို



www.burmeseclassic.com

www.burmeseclassic.com



ငေးစိုက်ကြည့်နေမိသည်။ ညှ၏တိတ်ဆိတ်ခြင်းက အတွေးများကိုပို
ရှင်သန် စေပါသည်။

သူမသည် တစ်ဖက်သတ်ဆုံးဖြတ်ပြီး သူ၏ဆုံးဖြတ်ချက်များ
ငြင်းဆန်ထားပါသည်။ မမသန္တာဖြူနှင့် ပတ်သက်၍ သူမ ရေရေရာ
မသိရှိခဲ့ပါ။ မမသန္တာဖြူ သေဆုံးသွားသည့်သတင်းက ကမ္ဘာပျက်သွ
သကဲ့သို့ ထိခိုက်ခံစားခဲ့ရသည်။

မမသန္တာဖြူ၏ နောက်ဆုံးခရီးကို ပို့ဆောင်ရန် အတွ
၍ရန်ကုန် မြို့သို့သူမရောက်ရှိလာသည့်အခါ ဒေါ်လေးတို့မှ တစ်ဆ
ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာနှင့် ညီဇော်မင်းဆိုသည့် လူ
အကြောင်း ကို ကြားသိခဲ့ရသည်။

သူမသည်မိမိအသိုင်းအဝိုင်းမှလွှဲ၍ပြင်ပလူ၏စကားများကိုမသ
ရပါ။ ဒေါ်လေးတို့၏စကားများကြောင့် သူမနာကျည်းခဲ့ရသည်
သူမအခိုင်အမာပင်ယုံကြည်ထားခဲ့မိသည်။ ဒေါ်လေးတို့ကမမှန်
ပြောလိမ့်မည်မဟုတ်ပါ။

၎င်းအကြောင်းများကိုသူကမည်ကဲ့သို့ရှင်းလင်းမည်နည်း။သူကြော
မဟုတ်ပါဘူးဟုငြင်းပေလိမ့်မည်။သူတွင်အပြစ်မရှိပါဟုဆိုလျှင်ဘယ်အတွ
ကြောင့်ထောင်ကျရမည်နည်း။သူဘက်ကမှန်သည်ဟုဆိုလျှင်ထိုအပြစ်ဒ
အားကျခံစရာမရှိပါ။

ထိုအပြင်သူမတစ်ယောက်တည်းကိုဘာကြောင့်ဦးတည်၍ရှင်းပြ
မည်နည်း။ တခြားလူများကိုလည်းသူရှင်းပြနိုင်ရမည်။ ယခုတော့သူမ၏





နောက်မှအရိပ်သဖွယ်ကပ်လိုက်နေခြင်းသည် တစ်စုံတစ်ခုသော
မရိုးသားမှုကြောင့်ပဲ ဖြစ်ရပေလိမ့်မည်။ သူသည်သူမကို လှည့်စားရန်
ကြိုးစားနေသည်လား။ သံသယများနှင့်အတူ သူမဒေါသ ဖြစ်နေမိ
သည်။

*********

(၇)

စနေနေ့ကျောင်းပိတ်ရက်ဖြစ်သဖြင့်သူမသည်ကလေးများနှင့်အတူ
ဆော့ကစားရင်းထိန်းကျောင်းနေစဉ်ကာတွန်းကားကြည့်ချင်သည်ဟုပူဆာကြ
သောကြောင့်ဗီဒီယိုအခွေတစ်ခွေထည့်ပြီးဖွင့်ပေးမိသည်။

သူမအနေနှင့်မည်သည့်အမှားအယွင်းမှမလုပ်မိပေမဲ့တီဗွီမှန်သား
ပြင် တွင်ပေါ်လာသည့်ပုံရိပ်များကအစင်းကြောင်းများနှင့် တုန်ခါပြီး
ဖြတ်ကနဲပျောက် ကွယ်သွားသည်။ အခွေကြောင့်ဖြစ်သည်ဟု
ထင်မြင်ပြီး နောက်တစ်ခွေ ထည့်ကြည့်သည်။ အသံသာ တဂီးဂီး
မြည်နေပြီး၊ ပုံရိပ်က မပေါ်လာချေ။

မည်သို့ပင်ဖွင့်ကြည့်ပေမဲ့အခြေအနေကကောင်းမလာတော့
ကလေး များကဆူညံစွာအော်ဟစ်ကြသည်။ သူမချော့မော့ပြီး ဆော့က်



www.burmeseclassic.com

www.burmeseclassic.com



တော်ကိုပြန်ပိတ်ထားလိုက်သည်။ ထို့နောက်ဒေါ်လေးကို အကျိုးအကြောင်း သွားပြောလိုက်ရာ

" စက်ကဝယ်ထားတာသိပ်မကြာသေးဘူး၊ ဘယ်လိုဖြစ်ပြီးပျက်သွားရတာလဲ၊ ပုလဲခလုတ်မှားပြီးနှိပ်မိသလား–"

" ပုလဲမှားပြီးမနှိပ်မိဘူးထင်ပါတယ်၊ ဘာဖြစ်သွားလဲ မသိဘူးဒေါ်လေး "

ခဏကြာတော့ဦးလေးသည်နိုင်ငံခြားအခွေတစ်ခွေနှင့်အတူအပြင်မှရောက်လာသည်။ ရှုံ့ပိတ်ရက်များတွင်သူကြိုက်နှစ်သက်သည့် ကားတစ်ကားငှား ပြီးကြည့်လေ့ရှိ၏။

စက်ပျက်နေသည်ကိုမသိဘဲဖွင့်သည်။ ထုံးစံအတိုင်းပုံရိပ်ကမပေါ်ဘဲ အသံပဲမြည်လာသည်။ ဒေါ်လေးကို လှမ်းအော်၍ခေါ်သည်။ သူမသည်ရေချိုး၍အဝတ်အစားလဲနေရာမှထွက်လာခဲ့ပြီး၊

"မနက်က .. ကလေးတွေကာတွန်းကားကြည့်ချင်တယ်ဆိုလို့ ပုလဲဖွင့်ပေးပါတယ်၊ စက်ကအဲဒီအတိုင်းကြီးဖြစ်နေလို့ပိတ်ထားခဲ့တာ"

"အင်း–တစ်ခုခုမှားပြီနဲ့တူပါတယ်" ဟုပြောကာ အောက်စက်ကို ဟိုနှိုက်ဒီနှိုက် လုပ်သည်။ ဒေါ်လေးက ရောက် လာပြီး၊

"ရှင်မတတ်ဘဲနဲ့လျှောက်မလုပ်နဲ့၊ စက်ကကောင်းမလာတဲ့အပြင် ပိုပျက်သွားလိမ့်မယ်၊သိတဲ့လူကိုပြကြည့်မှဖြစ်မယ်ထင်တယ် "

"ဝါမှာအသိမှမရှိဘဲ၊ ဆိုင်သွားပြလို့နည်းနည်းပါးပါး ပျက်တယ်ဆိုရင်ပြင်နိုင်သေးတယ်၊ ငွေအများကြီးကုန်ကျမယ် ဆိုရင်တော့ ဒုက္ခပဲ၊





ဒီစက်က အာမခံနဲ့ဝယ်ထားတာ၊ ကိုယ့်ဘက်က မမှားဘဲနဲ့တော့ ဘယ်နည်းနဲ့မှမပျက်နိုင်ဘူး"

သူမဘက်သို့မြားဦးလှည့်လာသည့်စကားဖြစ်သည်။ မမှားပါဘူးဟုငြင်းဆန်လျှင်ဦးလေးယုံကြည်မည်မဟုတ်ပါ။ ကံဆိုး ချင်တော့ထန်းသီးကြွေခိုက်ကျိုးနင်းခိုက်ဆိုသလိုဖြစ်နေ၏။ ထန်းသီးက ကြွေကျသွားပြီပဲ။

"စက်တန်ဖိုးကတစ်ကျပ်နှစ်ကျပ်မဟုတ်ဘူး၊ အသစ်ထပ်ဝယ်ဖို့နေနေသာသာ ပြင်ရမဲ့စရိတ်တောင် သုံးလေးထောင်နဲ့ ပြီးပါ့မလား"

ရှေ့ဆက်ပြီးနားထောင်နေရန်မသင့်တော့ချေ။ တော်ကြာအပျက်ပျက်နှင့်နှာခေါင်းသွေးထွက်ရမည့်ကိန်းဆိုက်သွားနိုင်သဖြင့် ဤအမှားကိုသူမတာဝန်ယူပြီး ပြင်ဆင်ပေးဖို့သာရှိတော့သည်။

"ပုလဲတစ်ခုခုမှားသွားလို့ဖြစ်တာပါ .. လေးလေး၊ ဒါကြောင့်ပုလဲတာဝန်ယူပြီးပြင်ပေးပါ့မယ်၊ ပုလဲတာဝန်ထားပါ "

"လေးလေးကဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး"

"ပုလဲနားလည်ပါတယ်၊ စက်က တန်ဖိုးကြီးတော့ ပျက်သွားရင်စိတ်ညစ်ဖို့ကောင်းပါတယ်၊ အမြန်ဆုံး ပြန်ကောင်းသွားအောင် ပုလဲကြိုးစားပေးပါ့မယ်–လေးလေး"

"နင်ကဘယ်ဆိုင်သွားပြမှာလဲ၊ နင့်မှာအသိအကျွမ်းကော ရှိရဲ့လား၊ တော်ကြာကိုယ်နားမလည်ရင်မတန်တဆတောင်းလိမ့်မယ်၊ ပြီးတော့စိတ်ချရတာမဟုတ်ဘူး–"



www.burmeseclassic.com

www.burmeseclassic.com


"တင်ထွန်းအောင်တော့ဆိုင်ကောင်းကောင်းကိုသိမယ်ထင်ပါတယ် ပုလဲသူနဲ့တိုင်ပင်ပြီးလုပ်မှာပါ။"

"အင်း–ဟုတ်သားပဲ၊ တင်ထွန်းအောင်သိနိုင်မယ်၊ သူက လူငယ်ဆိုတော့ အပေါင်းအသင်းများပြီး အဆက်အသွယ်တော ရှိနိုင်တယ်၊ သူ့အိမ်မှာတော့ Model နိမ့်ရင်လဲလိုက်၊ ပြင်လိုက်လုပ်တာ ကြားဖူးတယ်"

ပြဿနာကအမှိုက်မီးလောင်ရုံနှင့်ပြီးသွားသဖြင့်တော်ပါသေးသည် အမှိုက်ကစပြီးပြဿဒ်ထိမီးမလောင်တော့ပေမဲ့သူမမှာတော့လေးလံသည် တာဝန်တစ်ရပ်ကခေါင်းပေါ်သို့ရောက်ရှိလာခဲ့သည်။

*********

(၈)

တင်ထွန်းအောင်နှင့်အတူကျုံရှင်သို့ထွက်လာရင်းတီဗွီ နှင့် အောက်စက်ကိုပြင်ဆင်ရမည့် အကြောင်း သူမဖြောပြလိုက် သည်။

"ငါ့မှာအမြဲပြင်နေကြဆိုင်ရှိပါတယ်၊ အဲဒီဆိုင်ရှင်က တို့ဖေဖေရဲ့ သူငယ်ချင်းတစ်ယောက်ပဲ၊ လုံ့ဝစိတ်ချရပါတယ်၊"

"ငါအမြန်ဆုံးပြင်ပေးလိုက်ချင်တယ်၊တီဗွီလ တွေကိုအိမ်ကကြည့် တတ်တယ်မဟုတ်လား၊ အဲ ပြတ်မသွားစေချင်ဘူး၊ ဒီစက်မပြီးမချင်း ငါအိပ်လို့

"ဒီနေ့တော့အဲဒီဆိုင်ကိုမသွားနိုင်သေး ကျုံရှင်တောင် တက်နိုင်မှာ မဟုတ်ဘူး၊ ငါ့မှာ– သေးတယ်၊ နင့် ကိုတမင်လိုက်ပြီးပို့တာ.."

"ငါကနင့်ကိုကျေးဇူးတင်ရမယ်ဆိုပါတော့

"ဟင့်အင်း ..ငါကကျေးဇူးတင်ခံချင်တဲ့ နင်ကချစ်တယ်လို့အဖြေပေးတာဘဲလိုချင်တဲ့

" အဲဒါဆိုရင်ဒီတစ်သက်လုံးကြားရလိ

"ဟဲ့.နှဲ..၊ ငါကမပြောလဲသိပါတ

ဟုတင်ထွန်းအောင်ကပြောလိုက်သ ယ်မိသည်။

"ဒါနဲ့နင်ကအပြန်ကိုလာကြိုမှာလ

"ငါကပြန်ကြိုမှာပါ..ပုလဲ၊ စိတ်ချ မစောင့်ဘဲနဲ့ တော့ပြန် တော့မသွားနဲ့နော်၊ နည်းနည်းစိတ်ရှည်ရှည်ထားပြီးတော့ စောင့်ပါ၊ လွန်ရောကျွံရောနာရီဝက်ပဲ၊ ဒါကပိုပိုသာသာ ပြောထား တာ.."

"ငါကျုံရှင်ရှေ့မှာထိုင်စောင့်ရမှာလား တင်ထွန်းအောင်.."

"နင်ကြိုက်တဲ့နေရာကစောင့်လေ၊ ကျုံရှင်နားက စော်ဖိ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ထိုင်စောင့်နေတာအကောင်းဆုံးပဲ၊ ငါနဲ့စကားလေးဘာလေး
ပြောရတာ ပေါ့.."

"အမလေး...စကားမပြောဘူးတဲ့လူတွေကျနေတာဘဲ"

"ငါကအိမ်ထောင်ရေးအကြောင်းပြောမလို့ဟ.."

"အဲဒါကပိုဝေးသေးတယ်.."

တင်ထွန်းအောင်သဘောကျစွာတဟဲဟဲရယ်ရင်းကားမောင်း
သည်။

*********

(၉)

တင်ထွန်းအောင်မှာထားသည့်အတိုင်းကျူရှင်လွှတ်သည်နှင့်
ဆိုင်သို့ခြေဦးလှည့်လိုက်သည်။ ဆိုင်တွင်ထိုင်မိ၍ သိမ့်မကြာမီမှာ
သူမ၏အမှားကိုသိလိုက်တော့ သည်။ သို့ရာတွင်အမှားပြင်
ရန်နောက်ကျခဲ့ပြီး သည်။

ညီဇော်မင်းသည်စာအုပ်အချို့ကိုလက်ကကိုင်ထားပြီး၊
ဆိုင်ထဲသို့ဝင်ရောက်လာသည်။ ကျစ်လစ်သည့်ကိုယ်ခန္ဓာ
သူ့အရပ်က သိပ်ရှည်သည်ဟု မထင်ရတော့ပါ။ သူ့မျက်နှာ
မိန်းကလေးတိုင်း သဘောကျနိုင်သည့် အနေအထားတွင် ရှိသည်





ထူးခြားဆုံးက ကြည်လင်ပြတ်သားဟန်ရှိသည့် သူ့မျက်လုံးများပင်
ဖြစ်သည်။

ဆိုင်ထဲတွင်ခြေလှမ်းဝင်မိသည်နှင့်သူသည်သူမကိုလှျင်မြန်စွာပင်
တွေ့ရှိသွားပါသည်။ ထို့နောက်တွန့်ဆုတ်တွေဝေချင်းမရှိပ
သူမ၏ စားပွဲဆီသို့လျှောက်လာသည်။ သူမသည် မျက်နှာထား
တင်းတင်းနှင့်သူ့ကို မကြည့်ဘဲနေလိုက်သည်။ သူမ၏ မနှစ်သက်
ခြင်းကို သူအနည်းငယ်မျှ မမှုသည့်ဟန်ပန်ဖြင့် စားပွဲထိုးကို
ကော်ဖက်ရည်တစ်ခွက်မှာပြီး ခပ်အေးအေးပင် ဝင်ထိုင်လိုက်သည်။
ထို့နောက်သူကနာရီကိုတချက် ကြည့်လိုက်ပြီး

"ပုလဲ ကျူရှင်မတက်ရသေးဘူးလား.."

"မမေးနဲ့..၊ ကျွန်မကရှင့်ရဲ့မိတ်ဆွေမဟုတ်ဘူး၊ ပြီးတော့ အဲဒီ
ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက်လာလိမ့်မယ်..."

"ဆောရီးကွာ၊ သူရောက်လာရင်တို့ဖယ်ပေးပါ့မယ်.."

"အခုကတည်းကဖယ်ပေးတာအကောင်းဆုံးဘဲ..."

"တို့ ဝိုင်းကူပြီးစောင့်ပေးတယ်လို့ဘဲသဘောထားလိုက်ပါ၊
တစ်ယောက်ထဲဆိုပျင်းနေလိမ့်မယ်၊ တို့နဲ့ဆို စကားပြောဖော်
ရတာပေါ့..."

"ကျွန်မစကားမပြောချင်ဘူး.."

"ဒါဖြင့်တို့ပြောမယ်၊မင်းကနားထောင်ပေးပေါ့"

" ရှင်ဘယ်လိုလူလဲ၊ ကျွန်မပြောတဲ့အဓိပ္ပါယ်ကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com

က်ပြီးနှောက်ယှက် နေမယ်ဆိုရင် ကျွန်မ လူကြီးတွေကို
မယ်၊ ဒေါ်လေးတို့က ရှင့်ကိုတိုက်ရိုက်တော့ စကား
ဆိုင်ရာကတစ်ဆင့်ပြောကြလိမ့်မယ်. ကိုညီဇော်မင်း
ကြာက်ပါဘူး..ပုလဲ.."

ဖြေစကားကြောင့်သူမ အံ့အားသင့်သွားမိသည်။

ထင်ထဲရောက်သွားနိုင်တယ်၊ သိရဲ့လား.."

သ်ရယ်စရာပျက်လုံးတစ်ခုကိုကြားလိုက်ရသကဲ့သို့
စွာရယ်နေသေးသည်။ ဤသည်မှာရယ်စရာ မဟုတ်
...မ သည်။ ထို့ကြောင့်သူမအကြီးအကျယ်စိတ်ဆိုးသွားပြီး

"ကျွန်မအတည်ပြောနေတာ၊ ဒါဟာရယ်စရာမဟုတ်ဘူး၊ ရှင့်
စိတ်မှ ကောင်းသေးရဲ့လား..."

"အဲဒီစကားကတို့မေးရမယ့်စကားပါ၊ မင်းနည်းနည်းစဉ်းစား
ကြည့်ပါဦး၊ မင်းရဲ့အမကို သတ်ပစ်လိုက်ကြတယ်လို့ အပြောခံရတဲ့
လူက တို့ပါ..၊ အဲဒါကြောင့် ရန်ကြွေးရှိချင်းရှိရင် တို့အပေါ်ရှိနေတာ
မင်းတို့က သွေးကြွေးဆပ်ဘို့မြေလှန်ပြီးရှာကြမယ်၊ တို့က ကြောက်ရွံ့
ပုန်းနေရမှာပါ၊တို့ကမင်း တို့ကိုမျက်နှာချင်းတောင်ဆိုင်ဝံ့မှာမဟုတ်ပါဘူး
အခုတော့ ပြောင်းပြန်ဖြစ်နေတယ်၊ တို့က ရန်ကြွေးဆပ်ဘို့အတွက်
မင်းကို အရိပ်လိုနောက်က တကောက်ကောက်လိုက်ပြီး နှောက်ယှက်
နေတယ်၊ ဟုတ်လား၊ ဒီစကားကို တစ်ယောက်ကို မင်း သွားပြောကြည့်
စမ်းပါ၊ အဲဒီလူက ယုံပါ့မလားလို့၊ ဘယ်သူကယုံကြည်ကြမှာမဟုတ်ဘူး





..ပုလဲ..."

သူပြောသည့်စကားက ငြင်း၍မရအောင် မှန်နေပါသည်။ သူများကို သွားပြောလျှင် ရယ်ကောင်းရယ်နိုင်ပါသည်။ ထို့အပြင် သူမကို ရူးနေသည်ဟုထင်မှတ်နိုင်၏။

အပြစ်ရှိသောလူတိုင်းသည် အနည်းနှင့်အများ စိုးရိမ်ကြောက်ရွံ့တတ်သည်ချည်း ဖြစ်ပါသည်။ သို့ရာတွင် သူကတော့ အနည်းငယ်မျှ စိုးရိမ် ကြောက်ရွံ့နေပုံမရပါ။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျွန်မရဲ့စကားကို ဘယ်သူမှ မယုံကြဘူးဆိုရင်တော့ ဒုက္ခပါဘဲ။ ဘာလုပ်ရမှန်းတောင်မသိတော့ဘူး"

"တို့မင်းကို အနှောင့်အယှက်ပေးမလို့ လိုက်ရှာနေတာမဟုတ်ပါဘူး၊ အကြွေးတွေပေးဆပ်ချင်လို့ လိုက်ရှာနေတာပါ၊ သန္တာဖြူရဲ့ကိုယ်စား တို့ တတ်စွမ်းနိုင်သရွေ့ အကူအညီပေးချင်ပါတယ်..."

"ကျွန်မလုံးဝလက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ...ပုလဲ..."

"ရှင့်ကိုကျွန်မ မုန်းတယ်..."

ဤစကားရပ်ကို အနက်ရှိုင်းဆုံး နှလုံးသားထဲမှ အင်နှင့်အားနှင့် ပြော ပစ်လိုက်ခြင်းပင်ဖြစ်သည်။ သူ့ မျက်နှာသည် ထိန်းမရအောင် ပျက်ယွင်းသွားသည်။ သူ့ မျက်လုံးများသည်ပြင်းထန်စွာ ဒဏ်ရာရသွားသော သားကောင်၏မျက်လုံးကဲ့သို့ညှိုးသွားသည်။

ဤကဲ့သို့ဖြစ်သွားလိမ့်မည်ဟု သူမ ယောင်မှား၍ပင် ထင်မထား


www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူမနှင့်တွေ့စဉ်ကာလတစ်လျှောက်လုံး သတ္တုများနှင့် တည်ဆောက်ထားသည့် စက်ရုပ်တစ်ရုပ်ကဲ့သို့ ခံနိုင်ရည် ရှိခဲ့သည်ချည်းဖြစ်ပါသည်။ ထို့ကြောင့်သူ့ဆီက သရော်လှောင်ပြောင်သည့်အပြုံးကို တွေ့ရလိမ့်မည် ဟုထင်ထားခဲ့သည်။

ယခုတော့ အံ့ဩစရာကောင်းနေသည်။ သူသည်မည်သည့်စကားမျှတုန့်ပြန်မပြောပဲငေး၍ကြည့်နေသည်။ သူမသည် သူ့အကြည့်ကို ရင်မဆိုင်နိုင်သဖြင့် လွှဲဖယ်၍ ဆိုင်၏ ရှေ့ဖက်သို့ လှမ်းကြည့်လိုက်သည်။ လမ်းတစ်ဖက်တွင် ကားတစ်စီး ထိုးရပ်လာခြင်းကို မြင်သည်။ ထင်ထွန်းအောင်၏ကားဖြစ်သည်ဟုသိလိုက် သည်။

ထို့ကြောင့်သူ့ကိုလှည့်ကြည့်၍

" ကျွန်မရဲ့သူငယ်ချင်းရောက် လာပြီ " ဟု သတိပေးလိုက်သည်။

ပေးထားသည့်ကတိအတိုင်း နားလည်သဘောပေါက်သည့်ဟန်ပန်ဖြင့် ခေါင်းတစ်ချက်ငြိမ့်ကာထရပ်သည်။ ထို့နောက်စကားတစ်ခွန်းမျှမဆိုဘဲ လှည့်ထွက်သွားတော့သည်။

သူ၏နောက်ကျောကိုငေးစိုက်ကြည့်ရင်း ရင်ထဲကနာကျင်စွာခံစား လိုက်ရသည်။ အမှန်တကယ် မဖြစ်သင့်သည့် ကိစ္စဖြစ်ပါသည်။ မိမိ မနှစ်သက်သည့်လူတစ်ယောက်ကို နှင်ထုတ်နိုင်ခြင်းကြောင့် ကျေနပ်ဝမ်းသာသင့်ပါသည်။

ဤသည်မှာ ယုတ္တိနည်းကျသော စဉ်းစားမှုဖြစ်သည်။ သို့ရာတွင်





းသားတို့ကတော့ တွေးခေါ်စဉ်းစားခြင်းနှင့်အတူ တစ်ထပ်တည်းမ သူ့ သဘောသူခံစားတတ်ကြပါသည်။

*********

(၁၀)

" ရှင့်ကို ကျွန်မ မုန်းတယ် "

သူမခါးသီးစွာ ပြောဆိုလိုက်သည့် စကားဖြစ်သည်။

နားစည်တွင် ရိုက်ခတ်လာသည့် အသံသက်သက် မဟုတ်ပါ။ သား၏ နံရံကို ထွင်းဖေါက်၍ဝင်လာသော အသံဖြစ်ပါသည်။

သန္တာဖြူ သေဆုံးစဉ်ကာလတုန်းက သန္တာဖြူ၏ ိုင်းအဝန်းဖြစ်ကြသော ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသူငယ်ချင်း ၏ မုန်းတီးကြခြင်းကိုကြုံတွေ့ပြီးသူထိခိုက်ခံစားခဲ့ဘူးပါသည်။ တွင် ယခုအမုန်းလောက်ဒဏ်ရာ ပြင်းထန်ခြင်းမရှိချေ။

***********



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

" ဒဏ်ရာကိုမေ့ဖျောက်ထားချင်သဖြင့်အလုပ်ကိုစိတ်ရောကိုယ် နှစ်ပြီး အပြင်းအထန်လုပ်နေမိသည်။ ဤမိစီဒီ ဖွင့်စက်ကို အပ်နှံရမည့် ရက်ချိန်းမှာတစ်ပတ်လောက်လိုသေးသော်လည်းအပြီးအပြတ် လုပ် လိုက်သည်။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးလုပြီ။ အလုပ်အခန်း ထဲတွင် မည်သူတစ်ယောက်မှ မရှိတော့ချေ။ ငါးနာရီလော ကတည်းက အလုပ်လက်စသိမ်းပြီး အိမ်ပြန်သွားခဲ့ကြပြီ။

စက်ကိုစိတ်တိုင်းကျ ဖွင့်၍ စမ်းကြည့်နေချိန်တွင် ဦးဖေခင်သည် ကော်ဖီတစ်ခွက်ကိုင်ပြီး သူ့အနီးသို့ ရောက်လာသည်။

" မင်းကိုင်တာပြီးသွားပြီလား "

" ဟုတ်ကဲ့၊ အားလုံးကောင်းသွားပါပြီ .. အန်ကယ် "

" မင်းကိုအန်ကယ် စောင့်ကြည့်နေတာ၊ မင်းရဲ့တိုးတက်မှု အ ကတော့ အရမ်းကောင်းပါတယ်၊ အန်ကယ်ချီးကျူးပါတယ် ငါ့သား"

မိမိ၏အဖြစ်မှန်ကိုမိမိသာသိသဖြင့်ဦးဖေခင်၏ချီးကျူးမှုကို နေမိသည်။

" မင်းက အန်ကယ်သင်ကြားပေးတာထက် ကိုယ့်ဘာသာကို





စာအုပ်ဖတ်ပြီး လေ့လာတော့ ပိုပြီးကျွမ်းကျင်ပါတယ်၊ မလေးရှားကို အန်ကယ်လွှတ်ပေးလိုက်တဲ့ မောင်ညွန့်တင်တို့ မောင်ဌေးတို့ကလည်း ဒီပုံစံအတိုင်းကြိုးစားကြတယ်။ မလေးရှားက အန်ကယ်မိတ်ဆွေ မစ္စတာဝမ်ကိုတော့ မင်းသိမှာပါ .."

" ဟုတ်ကဲ့၊ သူ တစ်ခါလာတုန်းကတော့ မြင်ဖူးလိုက်ပါတယ် "

" သူက အဲဒီမှာ ဒီလိုမျိုးဆိုင်ဖွင့်ထားတယ်၊ အန်ကယ်ဆီက စိတ်ကြိုက်လူတွေ လာတောင်းခဲ့လို့ မောင်ညွန့်တင်တို့ကို ပေးလိုက်ရ တယ်၊ သူတို့ဘဝတွေလည်း ပိုပြီးတိုးတက်အဆင်ပြေကြတာပေါ့ "

" သူတို့က သွားတာအတော်ကြာပြီနော် .. အန်ကယ် "

" ဟုတ်တယ်၊ အခုလည်း မစ္စတာဝမ်က တကျိကျိနဲ့ အကူအညီ တောင်းနေတယ်၊ သူတို့ဆီမှာ စက်ဟောင်းတွေအပြင် ဒီနေ့ပေါ်လာတဲ့ စက်တွေကိုလည်း ကိုင်ရတာဆိုတော့ တတ်ကျွမ်းနေရုံသက်သက်နဲ့ မဖြစ်ဘူး၊ နောက်ဆုံးပေါ် စက်တွေရဲ့အကြောင်း ကိုနားလည်ဖို့ ကိုယ့် ဘာသာကိုယ်စာအုပ်ကြည့်ပြီး လေ့လာနိုင်ရမယ် "

" အဲ့ဒါကတော့တကယ်လိုအပ်တဲ့အရည်အချင်းပါ..အန်ကယ်"

" ဒီတစ်ခါတော့ မင်း ဆန္ဒရှိရင် မင်းကိုအန်ကယ် လွှတ်မယ်၊ မင်း မသွားချင်ဘူးလား .."

ချက်ချင်းခေါင်းမညိတ်မိပါ။ တစ်စုံတစ်ခုက သူ့ကိုတားထား သကဲ့သို့ ခံစားရသည်။ ပုလဲဖြူ၏မျက်နှာကို ကွက်ခနဲ မြင်ယောင်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မှာ သွားချင်ကြတဲ့ လူတွေတစ်ပုံကြီးပဲ၊ မင်းဘာစဉ်းစား နေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ ဟိုကိုသွားရင် အတွေ့အကြုံရမယ်၊ ငွေကြေးလည်းရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ဒါပေမယ့်ကျွန်တော် ဒီအလုပ်နဲ့အဲဆက်ပြတ်နေတာကြောင့် ကိုယ့်ကိုကိုယ် စိတ်မချသေး ပါဘူး၊ ကျွန်တော်နားလည်သလောက် ကျွန်တော့်လက်က လိုက်နိုင်ဖို့ ကြိုးစားချင်ပါသေးတယ်.."

"သားရဲ့စကားကို အန်ကယ် လုံးဝလက်ခံတယ်၊ ဒီလိုပွင့်ပွင့်လင်း လင်းပြောတာ အန်ကယ်ကြိုက်တယ်..၊ ဒါပေမယ့် .. မင်းဆုံးဖြတ်မှာ သိပ်ကြာလိမ့်မယ်မထင်ဘူးလို့ အန်ကယ် ယုံကြည်ထားမယ်၊ ကဲ .. မင်းပြန်ချင် ပြန်လို့ရပြီ .."

"ဟုတ်ကဲ့ .."

သူသည် အလုပ်ခန်းကို လှည့်ပတ်ကြည့်ရှုပြီး စစ်ဆေးသည်။ အားလုံးနေသားတကျရှိသည်ဟု ယုံကြည်စိတ်ချတော့မှ အဝတ်အစား လဲလိုက်သည်။

**********





(၁၂)

အလုပ်လက်ခံရာဧည့်ခန်းသို့လှမ်းအဝင်တွင်

"အန်ကယ်ဦးဖေခင်မရှိဘူးလား" ဟုမေးနေသံကို ညီဇော်မင်း ကြားလိုက်ရသည်။

"ဆရာကြီး အပြင်သွားပါတယ်၊ဘာကိစ္စများရှိလို့ပါလဲ.."

"ဗီဒီယိုစက်ဘာဖြစ်မှန်းမသိဘူး၊ အဲဒါအိမ်ကိုလိုက်ကြည့် ပေးနိုင်မလား လို့ပါ.."

ကောင်တာတွင်မေးနေသည့်သူကိုညီဇော်မင်းမှတ်မိသွားသည်။ စောတွန်းအရက်မူးသည့်နေ့တုန်းကကားမောင်းပို့ပေးသူဖြစ်သည်။ ဝင်းသိန်းဦး၏စားသောက်ဆိုင်မှဝန်ထမ်းတစ်ယောက်ဟုထင်သည်။ အမည်ကိုတော့သူမမှတ်မိတော့။

ထို့ကြောင့်ကောင်တာဆီသို့သူလျှောက်သွားလိုက်ပြီး၊

"ငါညီ..ဘာဖြစ်လို့လဲ"ဟုမေးလိုက်သည်။ သူ့ကိုမှတ်မိသည့် အသွင်ဖြင့်ပြန်ကြည့်သည်။

"အစ်ကိုကဒီဆိုင်ကလား.."

"ဟုတ်တယ်၊ ဟိုတနေ့ကစားသောက်ဆိုင်မှာ အရက်မူးနေတဲ့ သူတစ်ယောက်ကိုကားမောင်းပြီးပို့ပေးခဲ့ရတာမှတ်မိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မှတ်မိပါတယ်..၊ အစ်ကိုရဲ့သူငယ်ချင်းမဟုတ်လား"

"ဟုတ်တယ်၊အစ်ကိုနာမည်ကညီဇော်မင်းပါ၊ ညီလေးရဲ့နာမည်ကို တော့ အစ်ကိုမေ့နေတယ်၊ စိတ်မရှိနဲ့နော်.."

"ရပါတယ်အစ်ကို၊ ကျွန်တော်နာမည်တင်ထွန်းအောင်ပါ.."

တင်ထွန်းအောင်ဆိုသည့်နာမည်ကိုကြားသည်နှင့် ပုလဲဖြူ၏သူငယ်ချင်း တစ်ယောက်ဟု ချက်ချင်းသိလိုက်သည်။ဝင်းသိန်းဦးက ပုလဲဖြူ၏ အကြောင်းကို ပြောကြားစဉ်က ဤနာမည်ကို မှတ်ထားခဲ့သည်။

"အခုလိုတွေ့ရတာဝမ်းသာပါတယ်"

ဟုပြော၍လက်ဆွဲနှုတ်ဆက်လိုက် သည်။

"အစ်ကိုဘာအကူအညီပေးရမှာလဲ.."

"ဗီဒီယိုစက် ပျက်နေလို့ပါ၊ ဒီဆိုင်ကတစ်ယောက်ယောက်လိုက်ကြည့်ပေးစေချင်ပါတယ်၊ ဘာပျက်မှန်းတော့ ကျွန်တော်မသိဘူး၊ကျွန်တော်ရဲ့အဖေနဲ့ဒီဆိုင်ကအန်ကယ်ဦးဖေခင်တို့က သူငယ်ချင်းတွေပါ၊အရင်တုန်းက ကျွန်တော်အိမ်ကစက်တွေပျက်ရင်ဒီကိုဘဲလာနေကျပါ.."

" အန်ကယ်တော့မရှိဘူး၊အစ်ကိုဘဲလိုက်ကြည့်ပေးမယ်.."

" ကျေးဇူးဘဲအစ်ကို၊ကျွန်တော်မှာကားပါ ပါတယ်.."

"ဒါဆိုရင်အဆင်ပြေတာပေါ့၊ဒီမှာခဏလေးစောင့်နော်၊ အစ်ကိုအိတ်ကိုသွားယူလိုက်မယ်..."





"ဟုတ်ကဲ့.."ဆိုကာတင်ထွန်းအောင် ရပ်စောင့်နေသည်။

*********

(၁၃)

တင်ထွန်းအောင်အိမ်ကိုသွားရလိမ့်မည်ဟုထင်ထားသော်လည်းကယ်ရောက်လာသည်ကပုလဲဖြူတို့၏တိုက်တန်းဖြစ်နေသည်။ အားသင့် မှုကိုမြိုသိပ်ရင်း

"ညီလေးကဒီမှာနေတာလား" ဟုမေးမိသည်။

"မဟုတ်ဘူး..အစ်ကို၊ဒီမှာကကျွန်တော်ဦးလေးတို့နေပါတယ်၊ခု ပျက်နေတာကဦးလေးရဲ့စက်ပါ.."

"အော်..ဟုရေရွတ်ရင်းကားပေါ်မှသူဆင်းလိုက်သည်။

တင်ထွန်းအောင်သည်ပုလဲဖြူတို့တိုက်ခန်းသို့တက်ရသည့်လှေခါးပေါ် သို့တန်းတန်းမတ်မတ်လျှောက်သွားသည်။ ထိုအချိန်အထိ ပုလဲဖြူတို့ အခန်းဖြစ်သည်ဟုမသိသေးပါ။ အခြားအခန်းတစ်ခန်း ဖြစ်လိမ့်မည်ဟု ထင်ထားခဲ့သည်။

ဖွင့်တက်ကနဲပွင့်သွားသည့်တံခါးပေါက်မှပုလဲဖြူကိုမြင်လိုက်ရသောအခါ သေချာခြင်းနှင့်အတူရင်ခုန်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုလဲဖြူ၏မျက်လုံးများသည်အံ့အားသင့်ခြင်းကြောင့်ပြူးကျယ်
သည်။ ချက်ချင်းပင် စိတ်ဆိုးသည့်အရိပ်အရောင်များ ပေါ်ထွက်
သည်။

“ပုလဲလမ်းဖယ်ပေးလေ၊ဒီမှာနင်တို့စက်ကိုကြည့်ပေးမဲ့ဆိုင်က
ခေါ်လာခဲ့ပြီ” ဟုတင်ထွန်းအောင်ပြောတော့မှသူမ၏မျက်နှာထ
ပြင်ဆင်ပြီး လမ်းဖယ်ပေးလိုက်သည်။

တိုက်ခန်းထဲရောက်သည်နှင့်

“ အဲ့ဒီစက်ပဲအစ်ကို ” ဟုလက်ညှိုးထိုးပြသည်။ သူကလက်
အိပ်ကို စားပွဲပေါ်တင်လိုက်ရင်း၊

“ ဘယ်လိုဖြစ်တာလဲ ” ဟုမေးလိုက်သည်။ ပုလဲဖြူသည်
နောက်ကျောတွင် ရပ်နေသည်။ တင်ထွန်းအောင်က သူမကို

“ ပြောလိုက်လေ ပုလဲ ” ဟု လှည့်ပြောသည်။ ထိုအခါမှ

“ အဲ့ဒီနေ့က အခွေကြည့်မယ်ဆိုပြီး ဒီတိုင်းပဲ ထည့်ဖွင့်
တာပဲ ဒါပေမယ့် ဘာဖြစ်မှန်းတော့မသိဘူး၊ အရုပ်တွေက အစင်း
တုန်ပြီး ခဏလေးနဲ့ပျောက်သွားတယ်၊ အသံကတော့ မြည်နေတာ

“ နဂိုအတိုင်း အသံ ကြားရတာလား ” ဟု သူဖြတ်၍ မေး
သည်။

“ မဟုတ်ဘူး၊ တဂီးဂီးနဲ့ အသံက မပီသတော့ဘူး ” ဟု ပု
သည် သူ့ကို မကြည့်ဘဲ အဖြေပေးသည်။

“ ပြီးတော့ ဒီအတိုင်းရပ်ထားလိုက်သလား ”





“ ဦးလေးကတော့ အောက်စက်ကို ဟိုနှိုက်ဒီနှိုက်လုပ်ပါသေး
ယ်၊ ဒါပေမယ့် ဘာမှမထူးတော့ပါဘူး ”

“ ရပါပြီ၊ တို့ ကြည့်ပေးပါမယ် ”ဟုပြောကာ အိပ်ကို ယူလိုက်
သည်။

“ ဒေါ်လေးတို့ရော မမြင်ပါလား ” ဟု တင်ထွန်းအောင်
မေးသည့် အသံကိုကြား၏။

“ ဈေးသွားနေတယ် ” ဟု ပုလဲဖြူ ဖြေသံကို ကြား၏။

သူလှည့်ကြည့်ပြီး “ မီးခလုတ်က ဒီဟာနော် .. ” ဟု မေးလိုက်
သည်။

သူမက တုန့်တုန့်ရီရီနှင့် ခေါင်းညိတ်ပြလိုက်သည်။

မိနစ်နှစ်ဆယ်ခန့်အတွင်း အဖြေကို သိလိုက်၏။

သူမသည် ကော်ဖီတစ်ခွက်ဖျော်ပြီး စားပွဲပေါ်လာချပေးသည်။

“ လဲထည့်ပေးရမယ့် ပစ္စည်းတန်ဖိုးတော့ အစ်ကိုမသိဘူး၊
ဒါပေမယ့် ဒီအနီးအနားက ဖုန်းရှိရင် ဆိုင်ကိုလှမ်းမေးပေးမယ်၊ ဒီတော့မှ
ကျသင့်ငွေကို ကြည့်ပြီး ညီလေးတို့ စဉ်းစားကြပေါ့ .. ”

“ ကျွန်တော်တို့က ပြင်မှာတော့ ပြင်မှာပဲ၊ အမြန်ဆုံးလည်းပြီးချင်
ပါတယ် ”

“ အလုပ်သဘောမို့ပါ၊ တော်ကြာ ပစ္စည်းအပ်ပြီးတော့မှ ကျသင့်
ငွေ ပြောရင်နည်းတယ်၊ များတယ် ဖြစ်တတ်ကြလို့ပါ၊ ကျသင့်ငွေကို သိရ
တော့ မပြင်ချင်သေးဘူးလို့ ဆိုင်းငံ့ထားလို့ရတယ် .. ”



www.burmeseclassic.com

www.burmeseclassic.com

" ကျွန်တော်နားလည်ပါတယ်. အစ်ကို၊ ဖုန်းက ဒီတိုက်အောက်မှာရှိပါတယ်၊ ကျွန်တော်လိုက်ပို့ပေးမယ် .."

*********

(၁၄)

"လေးသောင်းတောင် ကုန်မယ်၊ ဟုတ်လား "ဟု ပုလဲဖြူက မေးသည်။

" ဒီကအစ်ကို ပြောတာကို နင်နားမလည်ဘူးလား၊ ပစ္စည်းကုန်စရိတ်က လေးသောင်းနီးပါးကုန်ကျမယ်၊ လေးသောင်းထက်တော လုံးဝမကျော်စေရဘူး ဆိုထားတယ်၊ ဒီတော့ လေးသောင်းထက် နည်းတာပေါ့"

တင်ထွန်းအောင်က သူ့ကိုယ်စားကြားထဲမှရှင်းပြသည်။ သူသည် ချီတုန်ချတုန် ဖြစ်နေဟန်တူသည်။ တင်ထွန်းအောင်က စိတ်မရှည်တော့ပဲ

" နင်ဘာမှ စဥ္စားမနေနဲ့ ၊ ဦးလေးက ငါ့ကို ပြောပြီးသား ပြီးတော့ ဒီဆိုင်က ဈေးနှုန်းအမှန်ဆုံးပဲ လုံးဝစိတ်ချရတယ်၊ ငါ့အိမ်ကစက်တွေမှန်သမျှ ဒီဆိုင်မှာပဲ ပြင်နေကြပဲ၊ ဆိုင်ပိုင်ရှင်က ငါ့အဖေရဲ့ သူငယ်





ချင်းပါ"

" ဟုတ်ပါတယ် ငါနားလည်ပါတယ် .. "

" ငါ့အိမ်ကစက် ပျက်ရင်တန်းပို့လိုက်တာပဲ၊ ဈေးတွေဘာတွေ မေးမနေတော့ဘူး၊ အခု နင်တို့အိမ်ဖြစ်လို့ ငါ ခေါ်လာတာ၊ ငါ့သဘောနဲ့သာဆိုရင် တစ်ခါတည်းသယ်သွားပြီးပြီ .."

သူမသည် တစ်စုံတစ်ခုကို စိုးရိမ်နေဟန်တူသည်။ သူက ကော်ဖီသောက်ရင်း ကြည့်နေမိပါသည်။ သူ့အကြောင်းများကို ပြောပြထားဟန်မတူဘဲ သူ့ကိုလည်း မျက်နှာစိမ်းတစ်ယောက်ကဲ့သို့ ဆက်ဆံနေသဖြင့် အလိုက်သင့် ပြောဆိုရသည်။

" ကဲ .. နင် ဝင်ပြီးဆုံးဖြတ်မနေနဲ့တော့၊ ငါ တစ်ခါတည်း သယ်သွားပြီလို့သာ ဦးလေးကို ပြောလိုက်တော့ .."

ထို့နောက် သူတို့နှစ်ယောက် စက်တွေသယ်လာခဲ့ကြ၏။

ထိုအချိန်အထိ သူမ၏ ဒေါ်လေးသည် ဈေးက ပြန်မရောက်သေးချေ။ သူ့အတွက် ကံကောင်းထောက်မခြင်းပင်ဖြစ်သည်။ သူမ၏ဒေါ်လေးသည် တရားရုံးမှာတုန်းက သူ့ကို မြင်တွေ့ဖူးသဖြင့် ယခုလည်း မှတ်မိနိုင်ပါသည်။ မှတ်မိပါက အနည်းနှင့်အများ ပြဿနာဖြစ်လိမ့်မည် ထင်သည်။

ကားပေါ်ရောက်တော့မှ သူသက်ပြင်းချနိုင်တော့သည်။

*********


www.burmeseclassic.com

www.burmeseclassic.com

(၁၅)

တင်ထွန်းအောင်က သူမ၏ ရင်ထဲကသောကအပူကို မသိရှိဘဲ တီဗွီနှင့် အောက်စက်နှစ်ခုစလုံး ယူဆောင်သွားခဲ့ပြီဖြစ်သည်။

သူမလက်ထဲတွင် ခြစ်ခြစ်ကုပ်ကုပ် စုထားသည်ဟု ပြောနိုင်သည့်ငွေမှာ ကျပ်နှစ်ထောင်ခန့်သာ ရှိပါသည်။ သူမ၏ လည်ပင်းတွင် ဆွဲထားသည့် ဆွဲကြိုးမျှင်မျှင်လေးနှင့် လက်စွပ်တစ်ကွင်းတော့ရှိပါသည်။

ဤသည်မှာ မမသန္တာဖြူက တတ်နိုင်သရွေ့ ဝယ်ပေးထားခဲ့ခြင်း ဖြစ်သည်။ အပျိုရောက်ခါစ မိန်းကလေးတစ်ယောက်အနေနှင့် ရှိသင့်သည်ဟု ယူဆပြီး ဝယ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုနှစ်ခုကို ရောင်းချပါက နှစ်သောင်းခန့်သာ ရရှိမည်ဖြစ်သဖြင့် စက်ပြင်စရိတ် ကျပ်လေးသောင်းကို မည်သည့်နည်းနှင့်မျှ မပြည့်နိုင်ပေ။

စားသောက်ဆိုင်က လစာထုတ်မည့်ရက်ကလည်း အဝေးကြီး လိုသေးသည်။ သို့သော် ဤလစာကလည်း အားထားလောက်သည် မဟုတ်ပါ။ ဒေါ်လေးပေးဖို့ အိမ်အသုံးစရိတ်နှင့် သူမ၏ ကျူရှင်လခ နှုတ်လိုက်လျှင် ကျပ်နှစ်ထောင်လောက်သာ ကျန်ရှိပါသည်။





ဤတစ်ပတ်အတွင်း ပြင်ဆင်ပြီးသည်နှင့် ငွေရှင်းပေးရတော့မည်။

အစတုန်းကတော့ ဤပြဿနာကို တင်ထွန်းအောင်အား ပြောပြပြီး အကူအညီတောင်းဖို့ စိတ်ကူးသေးသည်။ သို့သော် တင်ထွန်းအောင်၏စိတ်ကို သူမ သိသည်။ သူက မတရားဟုထင်လျှင် ဦးလေးတို့ကို ပြောဆိုပေလိမ့်မည်။ သူမ နည်းနည်းမှ တားဂျဲရလိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် ဦးလေးက ပြင်ချင်သည်ဟု ကြိုတင်ပြောထားခဲ့ရသည်။ ဤအိမ်တွင် သူမ နေထိုင်ရသည့် အနေအထားကို မပြောပြချင်ပါ။ တင်ထွန်းအောင်က ဦးလေးဘက်က ဆွေမျိုးတော်စပ်နေသူဖြစ်ပြီး၊ ဤ အသိုင်းအဝိုင်းထဲက ဖြစ်၏။

မီးတို့မည်သည် မလောင်ခင်ကတားခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ တင်ထွန်းအောင်ဆီ မီးတစ်စရောက်သွားမည်ကို သူမ ကြောက်လန့်မိသည်။ အဘက်ဘက်ကို စဉ်းစားတွေးတောကြည့်ရင်း တစ်ကောင်ကြွက်ဖြစ်နေသော မိမိဘဝကို ဝမ်းနည်းစိတ်နှင့် မျက်ရည်နှစ်ဝိုင်းလာပါသည်။

*********


www.burmeseclassic.com

www.burmeseclassic.com



(၁၆)

မတွေ့ရသည်မှာကြာပြီဖြစ်သော သူငယ်ချင်း ကျော်လွင်သည် ညနေခင်းလက်ဖက်ရည်ဆိုင်ထိုင်ကြရန်အတွက် သူ့ဆီပေါက်ချလာသည်။

"သန္တာဖြူညီမနှင့်ပတ်သက်ပြီးငါဘာသတင်းမှမကြားသေးဘူး ညီဇော်မင်း၊ ငါလဲမိသားစုစားဝတ်နေရေးကတစ်ဖက်ရှိနေတော့ စိတ်သွားတိုင်း ကိုယ်မပါဆိုသလို ဖြစ်နေတယ် "

" ငါ ပုလဲဖြူနဲ့တွေ့ခဲ့ပါပြီ ကျော်လွင်."

" တကယ် " ဟု မယုံကြည်သည့်အသွင်နှင့်မေးသည်။

ကျော်လွင်သည်ကျန်သူငယ်ချင်းများဖြစ်ကြသော စောထွန်းဝင်း၊ သိန်းတို့နှင့် မတူပါ။ နှုတ်လုံ၍ တိုင်ပင်ဖော်တိုင်ပင်ဖက်ကောင်းတစ်ယောက်ဖြစ်သည်။ သူ့အတွက်အကူအညီများစွာပေးခဲ့သူလည်းဖြစ်သည်။

ထိုကြောင့်ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို သူပြောပြလိုက်သည်။

" မင်းက ပုလဲဖြူကို ဘာလို့ဒဲ့ဒိုးကြီးသွားပြောလိုက်ရတာ လည်း ဒီကိစ္စတွေမှာ သံတမန်ဆက်ဆံရေးဟာ အကောင်းဆုံးပဲ ညီဇော်မင်း"





" ငါမျှော်လင့်မထားပဲ တည့်တည့်ကြီးတွေ့နေတော့ ဟုတ်တယ် ညီဇော်မင်းလို့ပြောလိုက်တယ်။ ငါမလိမ်ညာချင်ဘူးကွာ .. "

" ငါကမင်းကိုအပြစ်တင်တာမဟုတ်ပါဘူး .. ညီဇော်မင်း၊ နဲ့သူအချင်းချင်း တိုက်ရိုက်ဆွေးနွေးပြီး၊ အဖြေရဖို့ဆိုတာ လွယ်တာ ဟုတ်ဘူး၊ ဒေါသနဲ့အမုန်းကရှိနေကြတော့ စကားကောင်း ပြောတယ်လို့ မထင်ကြဘဲဖြစ်တတ်တယ်။ ကြားလူတစ်ယောက် ဆိုရင်တော့ ကိုယ်ခံစားရသမျှရင်ဖွင့်ကြတယ်။ ကိုယ့်ယူဆချက်လည်း ပြောပြချင်ကြတယ်။ ကြားလူကလည်း တစ်ဖက်က ဘယ်လိုထင်မြင် တယ် ယူဆတယ် စသည်ဖြင့် ပြောပြရင်တစ်ဖက်က နားထောင် တတ်ကြတယ်။ ဒါနဲ့ ကြားလူကောင်းရင် မီးနဲ့ရေတောင်ပေါင်းလို့ တယ်။ "

" အခုလောလောဆယ်တော့ ငါ့အဖြစ်က အမုန်းခံနေရတဲ့ အဆင့် ကမတက်သေးဘူး၊ ခရီးလည်းမတွင်ဘူးဖြစ်နေတယ်။ "

" သူတို့နေတဲ့လိပ်စာရ ပြီဆိုတော့ ငါဖက်ကကြိုးစားကြည့်ဖို့ပဲ တော့တယ်။ ဒါပေမဲ့ နေ့ချင်းညချင်းဖြစ်လာမယ်လို့တော့မျှော်လင့် ထားနဲ့နော် အမြန်ဆုံးပြေငြိမ်းအောင်တော့ ငါကြိုးစားပေးပါမယ်။"

ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးရာ ဖြစ်ပါသည်။ မျှော်လင့်ချက်သည် မပီဝိုးတဝါးနှင့် ...

********



www.burmeseclassic.com

www.burmeseclassic.com



(၁၇)

စက်အစိတ်အပိုင်းတစ်ခုကိုစစ်ဆေးကြည့်ရှုနေစဉ် အလုပ်သမားခေါင်းဆောင်တစ်ဦးက သူ့ပခုံးကိုပုတ်ရင်း

" ကိုညီဇော်မင်း . အပြင်မှာ ခင်ဗျား ဧည့်သည်ရောက်နေတယ် "

ဟု ပြောဆို၍ အသိပေးကာထွက်သွားသည်။

စက်ကိုအာရုံစိုက်နေခိုက်မို့ မည်သူလည်းဟု မမေးမိလိုက်ပါ။ ခေါင်းကိုပင်မညိတ်ပြမိလိုက်ပါ။ တစ်ခဏအချိန်ယူပြီး စက်အစိတ်အပိုင်းများကို နေသားတကျပြန်ချထားလိုက်သည်။

ထို့နောက် သူသည်ဧည့်ခန်းဖက်သို့ ထွက်လာခဲ့သည်။

ကောင်တာတွင် ဦးဖေခင်ကိုယ်တိုင်ထိုင်နေပြီး စာရင်းများကို စစ်ဆေးနေသည်။ ဧည့်ခန်းထဲတွင် ဧည့်သည်ဟူ၍ တစ်ယောက်တည်း ရှိသည်။

ခေါင်းငုံ့ထားသော်လည်း ထိုမိန်းကလေးသည် ပုလဲဖြူ ဖြစ်ကြောင်း သူသိလိုက်သည့်အခါ အံ့သြသွားသည်။ သို့ရာတွင် သူ့ဆီသို့ လာလိမ့်မည်ဟုမထင်ပါ။ အခြားတစ်ယောက်များလား တွေးရင်း အပြင်ဖက်သို့ ကြည့်လိုက်သည်။

" ဘာယ်ကိုကြည့်နေတာလဲ၊အဲဒါမင်းဧည့်သည်လေ .. "





ဦးဖေခင်သည် သူ့အတွေးနှင့်အကြည့်ကို နားလည် သဘောပေါက်သဖြင့် လှမ်းပြောလိုက်သည်။

ထိုအခါမှ ပုလဲဖြူသည် ဆတ်ကနဲခေါင်းမော့ပြီး ကြည့်တော့သည်။

" တို့ကိုတွေ့ချင်တာမင်းလား .. "

သူမသည် ပြုံးပြရင်းခေါင်းညိတ်လိုက်သည်။ ကမ္ဘာ့အံ့ဘွယ်တစ်ပါးကိုမြင်လိုက်ရသူတစ်ယောက်ကဲ့သို့ အကြီးအကျယ်အံ့အားသင့်သွားသည်။ သူမသည် သူ့ကို ညီဇော်မင်း ဟုသိရှိချိန်မှစပြီး တစ်ကြိမ်တစ်ခါမျှ ပြုံးရယ်ပြခြင်းမရှိပေ။

ယခုတော့ သူ့ကိုလာရောက်တွေ့ဆုံနေသည့်အပြင် ပြုံး၍ပင်ပြနေသောကြောင့် တစ်ခုခုတော့မှားယွင်းနေပြီ ထင်ပါသည်။

" ကိုညီဇော်မင်း အချိန်ရမယ်ဆိုရင် ကျွန်မစကားနည်းနည်းပြောချင်လို့ပါ "

သူအနည်းငယ်ဆိုင်းငံ့နေခြင်းမရှိပဲ

" တို့အချိန်ရပါတယ် ပုလဲ .. ဘာကိစ္စပြောချင်လို့လဲ "

သူမသည် ထိုင်နေရာမှ ထရပ်ပြီး နှစ်ကိုယ်ကြား လေသံတိုးတိုးနှင့်

" ဖြစ်နိုင်မယ်ဆိုရင်ဒီနေရာမှာ မပြောချင်ဘူး၊ သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး၊ ဒီအနားက စကားပြောလို့ကောင်းမယ့် ဆိုင်တစ်ဆိုင်ကို သွားချင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

သူနားလည်ရပိုပြီးခက်ခဲသွားသည်။ သို့ရာတွင်ငြင်းဆန်ရန်စိတ်ကူး မရှိပါ။

" ခဏနော် ..၊ တို့ ပြောလိုက်အုံးမယ် "

ဟု ဆိုကာ ကောင်တာဆီသို့ သူလျှောက်သွားသည်။ ထို့နောက် အပြင်ထွက်ခွင့်တောင်းပြီး နှစ်ယောက်သားအတူထွက်ခဲ့ကြသည်။

" ဆိုင်ကသိပ်မဝေးပါဘူး ပုလဲ၊ ဒီကနေလမ်းလျှောက် သွားကြမယ် "

" ဖြစ်ပါတယ်– ကိုညီဇော်မင်း– "

လမ်းတစ်လျှောက်လုံး မည်သည့်စကားမျှ မပြောပဲ ခေါင်းငုံ့ထားသည်။ သူမတစ်စုံတစ်ခု စဉ်းစားတွေးတောနေဟန်တူသည်။ လက်တွင်ကိုင်ထားသည့် ပိုက်ဆံအိတ်ကို အကြောင်းမဲ့ဖြစ်ညှစ်နေသည်။

* * * * * * * *

(၁၈)

" ကဲ .. ပုလဲ ဘာပြောချင်လို့လည်း "

ဟု သူစတင်၍မေးလိုက်သည်။ ထိုအခါမှ ပုလဲဖြူသည် သူ့ကို





တစ်ချက်လှမ်းကြည့်သည်။

" စက်ပြင်တာလေးသောင်းလောက်ကုန်ကျမယ်နော် "

" ဟုတ်ပါတယ် ပုလဲ၊ ဒီထက်မပိုပါဘူး "

" အဲဒီငွေကို ကျွန်မ တစ်ခါတည်းပေးချေလို့ရမှာမဟုတ်ဘူး၊ လောလောဆယ် ငွေနှစ်သောင်းလောက်ပဲပေးနိုင်ပါလိမ့်မယ်၊ ကျန်တဲ့ငွေကို အရစ်ကျသဘောနဲ့ ပေးလို့မဖြစ်နိုင်ဘူးလား .. ကိုညီဇော်မင်း "

ဤသို့သော ငွေရေးကြေးရေးအခက်အခဲကိစ္စတစ်ခုကို မိန်းကလေး တစ်ယောက်အားစေလွှတ်ပြီး မပြောသင့်ဟုထင် မြင်ယူဆမိပါသည်။

" ဒီကိစ္စကိုပုလဲကိုယ်တိုင်လာပြောစရာမလိုပါဘူး၊ တင်ထွန်း ... ဂင်ကိုလွှတ်ပြီး အပြောခိုင်းရင်လည်းရပါတယ်၊ တင်ထွန်းသေ... ဆိုင်ပိုင်ရှင်နဲ့ရင်းနှီးပါတယ် .. "

" ကျွန်မ ဒီကိုရောက်လာတာ တင်ထွန်းအောင်မသိပါဘူး၊ ကိုညီဇော်မင်းကလည်း သူ့ကိုမပြောပြပါနဲ့၊ သူသိသွားရင် မိုးမီးလောင်ကုန်လိမ့်မယ် "

" နေစမ်းပါအုံး၊ တို့တစ်ခုမေးချင်တယ်၊ ပုလဲရဲ့ ဦးလေးနဲ့ အဒေါ်တို့က ပုလဲ ကို အပြောခိုင်းလိုက်တာမှ ဟုတ်ရဲ့လား "

သူမသည် ဤကိစ္စမျှလောက်နှင့် သူမ၏ဘဝတွင် အမုန်းဆုံးလူတစ်ယောက်ဆီသို့လာရောက်၍ပြောဆိုလိမ့်မထင်ပါ။ ထို့ကြောင့် ပြဿနာ၏အရင်းခံအကြောင်းတရားကို သိရှိချင်သဖြင့် မေးလိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

" ဒေါ်လေးတို့လက်လိုက်တာမဟုတ်ပါဘူး၊ ဒေါ်လေးတို့ သိလည်းမသိကြပါဘူး၊ ကျွန်မ သဘောနဲ့ ကျွန်မလာခဲ့တာပါ .. ကိုညီဇော်မင်း .. နားလည်အောင်အမှန်အတိုင်းရှင်းပြပါ့မယ်၊ ဒီစက်က ကျွန်မဖွင့်တဲ့အချိန်မှာပျက်သွားတာပါ။ ဒါ့ကြောင့် ကျွန်မပြန်ပြင် ပေးပါ့မယ်လို့ ဒေါ်လေးတို့ကို အာမခံမိပါတယ် "

" မင်းမဖွင့်ခင်ကတည်းက ပျက်နေတာမဖြစ်နိုင်ဘူးလား .. "

" ဒေါ်လေးတို့ကိုကျွန်မပြန်မပြောရဲဘူး၊ ကျွန်မက သူတို့အိမ်မှာ နေရတဲ့သူပါ၊ သူတို့မျက်နှာကြည်ဖြူနေမှုက ကျွန်မအတွက် အရေး အကြီးဆုံး ဖြစ်ပါတယ်။ သူတို့သဘောမကျမှာ၊ ငြိုငြင်မှာကိုတော့ ကြောက် ရတယ်"

သူမ၏ အမ သန္တာဖြူတုန်းကလည်း ဤသို့ပင်ပြောခဲ့ဘူးသည်။ ကိုယ်တိုင်မခံစားခဲ့ရဘူးခဲ့ပေမယ့် နားလည်စာနာမိပါသည်။

"ကျွန်မကလည်း ဒီကိစ္စကို ပေါ့ပေါ့ဆဆ တွက်ဆပြီး တာဝန် ယူမိတာ အမှားပါပဲ၊ ကုန်ကျစရိတ် ဒီလောက်များလိမ့်မယ်လို့ မထင်ခဲ့ ဘူး၊ သုံး၊ လေးထောင် ပဲ ကုန်ကျလိမ့်မယ်လို့ ထင်ခဲ့မိတယ် "

" မင်းရဲ့အခက်အခဲတွေကို ဖွင့်ပြောကြည့်ပါလား .. ပုလဲ "

သူမသည် စိတ်မောသည့်အသွင်ဖြင့် သက်ပြင်းချလိုက်သည်။

" ကျွန်မ ရွာကိုပြန်သွားရုံပဲ ရှိပါတယ်၊ အဲ့ဒီအိမ်မှာ ကျွန်မနေရ တော့မှာ မဟုတ်ပါဘူး " ဟု တိုးတိတ်စွာပြောသည်။



သူ့ရင်ထဲက နင့်ကနဲ ခံစားလိုက်ရသည်။ သန္တာဖြူသာ ရှိနေ သေးရင် သူမ၏ အားကိုးရာဖြစ်ပါလိမ့်မည်။ ဤသို့သော အခက်အခဲ မျိုးကို ရင်ဆိုင်ရလိမ့်မည်ဟု မထင်ပါ။

" ဒီဆိုင်မှာ ငွေကိုအရစ်ကျ ပေးချေတာလဲမရှိဘူး၊ အကြွေး လည်း ထားလို့မရဘူး၊ ပစ္စည်းပြန်ပေးတာနဲ့ ငွေကိုချက်ချင်း ရှင်းပေး ရတယ်၊ ငွေမပေးနိုင်သေးရင် ပစ္စည်းကို ဆိုင်းငံ့ထားတယ်၊ ဒါက ဒီဆိုင်ရဲ့ လုပ်နည်းလုပ်ဟန်ကို ပြောတာပါ "

သူမ အကြည့်ကို လွှဲဖယ်ပြီး ခေါင်းငုံ့ထားသည်။

" ဒါပေမယ့်မင်း ဘာမှစိတ်မပူပါနဲ့၊ တို့ အဆင်ပြေအောင် ကြည့် လုပ်ပေးပါ့မယ် "

သူမ၏ မျက်နှာသည် လင်ပုတ်ဖမ်းရာမှ လွတ်မြောက်လာသည့် အမင်းကဲ့သို့ ဝင်းထိန်ကြည်လင်သွားသည်။

" အဲ့ဒီနေ့ကျရင် ကျွန်မ ငွေနှစ်သောင်းတော့ ပေးနိုင်မှာပါ .. "

" ဘယ်ဆိုးလို့လဲ၊ မင်းစုဆောင်းထားတဲ့ငွေက မနည်းပါဘူး၊ အတော့တွေ အကုန်လုံးစုထားတယ်ထင်တယ် "

" ဟင့်အင်း၊ ကျွန်မ အလုပ်ရတာ သိပ်မကြာသေးပါဘူး၊ တော့ ရတဲ့လခထဲက အိမ်ကို ပေးရတဲ့စရိတ်နဲ့ ကျူရှင်ဖိုးနှုတ်လိုက်ရင် ထောင်လောက်ပဲကျန်ပါတယ်။ ဒီအထဲက မသုံးမဖြစ်တာလဲ သုံးရပါ တယ်"

" အဲ့ဒီတော့ မင်းဘယ်ကပိုက်ဆံနဲ့ ပေးမှာလဲ "

**အင်ပါယာစာပေ**

www.burmeseclassic.com

www.burmeseclassic.com

သူမ သဘောကျစွာရယ်မောလိုက်ပြီး၊

" ဒါတွေ ,, ဒါတွေ ရောင်းပြီး ပေးမှာ "

ဟု ဆွဲကြိုးနှင့်လက်စွပ်ကို လက်ညှိုးထိုးပြသည်။

သူမသည် သူကိုယုံကြည်မှုကြောင့် ရိုးသားပွင့်လင်းစွာ ပြောပြ ခြင်း ဖြစ်ပါသည်။ ထိုသို့ရောင်းချရခြင်းအတွက် အနည်းငယ်မျှ စိတ်ညစ် ဟန် မရှိပါ။ စိတ်မညစ်သည့် အပြင် ကလေးတစ်ယောက်သဖွယ် ပျော်ရွှင်ကြည်နူးနေသေးသည်။ နာကျင်ခြင်း ဝေဒနာကို ခံစားလိုက်ရ သည့်သူမှာ သူပဲဖြစ်ပါသည်။ သူမကို ဟန်ဆောင်၍ ပြုံးပြရန် သူကြိုးစား နေရသည်။

* * * * * * * * *

(၁၉)

ကြင်နာသနားခြင်းသည် အချစ်တစ်ခု မဟုတ်နိုင်သော်လည်း အချစ်ပေါက်ဖွားနိုင်သည့် ရေခံမြေခံကောင်း တစ်ခုဟုတော့ ဆိုနိုင် သည်။

သူမသည် သန္တာဖြူ၏ ညီမတစ်ယောက်မဟုတ်ပဲ တစ်ခြား တစ်ယောက်ဆိုပါက သူကအတွေးများသည် နှလုံးသားနယ်ပယ်





အထိ ရောက်ရှိသွားမည်ထင်ပါသည်။ ယခုတော့ အတွေးများက ဟာစ်စုံ တစ်ခုသောနေရာတွင် ရပ်တန့်နေ၏။ ရှေ့သို့ဆက်မသွားတော့။

သန္တာဖြူကို တွယ်တာမြတ်နိုးခြင်းများနှင့် သူချစ်ခဲ့ပါသည်။ သန္တာဖြူသည် သူ၏ အချစ်ဦးဖြစ်သည်။

ယခုတော့ သူရင်ခုန်မြတ်နိုးရသည့် အချစ်ဦး မရှိတော့။

သောကမီးသည် ရင်ကို အကြွင်းမဲ့ လောင်ကျွမ်းခဲ့ ပါသည်။ ထို့နောက် သတိရတမ်းတခြင်း ဟူသည့် ပြာမှုန်များသာ ကြွင်းကျန်ရစ် ပါသည်။ ဤမီးလောင်မြေသည်အချိန်ကာလတစ်ခုအထိ ကြာမြင့် ခဲ့ပြီလည်း ဖြစ်၏။

သို့ရာတွင် ထိုမီးလောင်မြေပေါ်၌ နောက်ထပ် ပျိုးပင်တစ်ပင် စိုက်ပျိုးရန်အတွက် သူစိတ်ကူးခြင်းမရှိပါ။ ဤပုံစံအတိုင်း နေထိုင်သွားဖို့ပဲ ရည်ရွယ်ထားခဲ့ပါသည်။

ပုလဲဖြူအားကားမှတ်တိုင်သို့ လိုက်ပို့ပြီးနောက် ဆိုင်ထဲသို့ လှမ်း အဝင်တွင် ပြုံစေ့စေ့နှင့် ရပ်ကြည့်နေသည့် ဦးဖေခင်နှင့် မျက်နှာချင်းဆိုင် ၍ တိုးတော့သည်။

ဦးဖေခင် အကြည့်၏ အဓိပ္ပါယ်ကို သူရိပ်မိလိုက်သည်။

" အသိတစ်ယောက်ပါ ,, အန်ကယ်၊ လမ်းကြုံလို့ဝင်လာတာပါ"

ထိုအခါ ဦးဖေခင်သည် သဘောကျစွာရယ်မောပြီး

" ငါက ဘာမှ မမေးရသေးပါဘူးကွာ၊ မင်းဟာမင်း အိုးမလုံအုံပွင့် ပြီး ဖြေတာမဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com

ဟု နှိပ်ထည့်လိုက်သည်။ သူရှက်ရယ်ရယ်မိသည်။

" ငါက စက်ပြင်တတ်သလို လူကဲခတ်လည်း ကျွမ်းပါတယ် အဲဒီကောင်မလေး မင်းကို ကြိုက်နေတယ်ဆိုတာ သေချာပါတယ် .."

"မဟုတ်ပါဘူး ..အန်ကယ်ရာ၊ သူကရိုးရိုးသားသားပါ"

" မင်း မယုံရင် စိန်လိုက်လေ၊ ဘယ်လောက်ကြေးလောင်းမလဲ"

ဆက်ပြောနေလျှင်ပိုဆိုးတော့မည်ဟု သိသဖြင့် အလုပ်ခန်း ထဲသို့ အမြန်ဆုံးဝင်ပြေးခဲ့ရသည်။

ဦးဖေခင်သည် အလုပ်စည်းကမ်းကြီးသလောက် တပည့် မိတ်ဆွေများနှင့် ဤသို့ပင်ချစ်ခင်စွာနောက်ပြောင်တတ်ပါသည်။ ဤ နောက်ပြောင်မှုကတော့ သူ့နှလုံးသားကို အထိတ်တလန့်နှင့် တုန်လှု သွားစေပါသည်။

အမှတ်တမဲ့ သတိမထားမိသည့် ကိစ္စရပ်များကို ပြန်လည် တွေ တောနေမိပါသည်။

သူ့ကို ညီဇော်မင်းဟု မသိခင်က အသိမိတ်ဆွေဖြစ်ရန် သူ ကိုယ်တိုင် ကြိုးစားခဲ့ပါသည်။ ကော်ဖီဆိုင်၌ သူစားပွဲဝိုင်းတွင် ဝင်ထိုင် ပြောဆို ခဲ့သည့် သူမ၏ပုံရိပ်များကို ပြန်လည်မြင်ယောင်မိပါသည်။

* * * * * * * * *

• •

အင်ပါယာစာပေ



(၂၀)

" ပထမအရစ်ကို တစ်လဆိုင်းငံ့ပေးဖို့ တို့ပြောထားမယ်၊ ...ားထဲ တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ကြိုးစားကြည့်ပါ "ဟု ...ခွပ်နှင့်ဆွဲကြိုးကိုမရောင်းချစေချင်သဖြင့် ပြောလိုက်ခြင်းဖြစ် ...ည်။

" ကျွန်မတော့ ဘာမှ စဉ်းစားလို့ မရဘူး "

" စဉ်းစားမရရင် ထီထိုးကြည့်ပေါ့၊ တီဗွီမှာ ထီဆိုင်တွေ ကြော်ငြာ ...ာကို မင်းမမြင်ဘူးလား "

သူက အတည်ပေါက်နှင့် နောက်လိုက်သေးသည်။

သူမသည် သူ့ကိုအဘယ်အတွက်ကြောင့် ယုံကြည်မိသည် ...။ သူကူညီလျှင် ဖြစ်နိုင်သည်ဟူသော ယူဆချက်နှင့် အရဲစွန့်ပြီး ...ခြင်း ဖြစ်ပါသည်။ တကယ်လည်း သူမ၏ ယူဆချက်က မမှား ...။

သူသည် မမသန္တာ၏ချစ်သူဖြစ်သည်ဟူသော အသိကြောင့် ...ာ်သွားသကဲ့သို့ ခံစားရ၏။ ထိုစည်းကို အမုန်းတရားနှင့် ရေးဆွဲ ...သည်။

ရှေ့လျှောက်ပြီး သူနှင့် မည်သို့ဆက်ဆံရမည် မသိပါ။

* * * * * * * * *

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ညီဇော်မင်းသည် ဝင်းသိန်းဦးနှင့် စကားပြောဆိုပြီးနော မန်နေဂျာအခန်းမှ ထွက်လာစဉ် စကြံလမ်းပေါ်၌ တီးဝိုင်းအဖွဲ့သား နှင့် တည့်တည့်တိုးသည်။ တင်ထွန်းအောင်က သူ့ကို နှုတ်ဆက်ရယ် ပြပြီး

" အစ်ကို .. ဒီကို လာတာလား " ဟုမေးသည်။

" ဟုတ်တယ်၊ ညီလေးတို့ ဆိုတီးကြတာ ကြည့်မလို့ပါ .. "

" ကျွန်တော်တို့က အပျော်တမ်းအဆင့်ပဲ ရှိပါသေးတယ် .. "

" အစ်ကို တော့ ဒီလိုမထင်ပါဘူး၊ မင်းတို့မှာ ရည်မှန်းချက် ရှိမယ် လို့ထင်ပါတယ်၊ အစ်ကို မင်းတို့ အဖွဲ့ကို သဘောကျပါတယ် .

" ဒါနဲ့ ကျွန်တော်တို့စက်ကော အခြေအနေကောင်းရဲ့လား .

" စိတ်ချပါ၊ နဂိုအတိုင်းပြန်ကောင်းပါလိမ့်မယ်၊ ရက်ချိန် တဲ့နေ့ မှာ ဖုန်းဆက်ကြည့်အုံးပေါ့ .. "

သူတို့ရပ်၍ စကားပြောနေစဉ် ပုလဲဖြူရောက်လာသ တင်ထွန်းအောင် က

" သူ့ကိုသိတယ်မဟုတ်လား၊ အဲ့ဒီစက်က သူတို့အိမ် က

ဟုပြောကာ နှုတ်ဆက်ပြီးထွက်ခွာသွားသည်။ ထိုအခါမှ





သည် လိုက်လှဲစွာ ပြုံးလိုက်ပြီး၊

" အစ်ကိုက လာကြည့် တာလား၊ ဒါမှမဟုတ် လာသောက်တာ လား " ဟု ပုလဲ က မေးသည်။

" ဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာလဲ .. ပုလဲ .. "

" ကျွန်မက အရက်သောက်တာ မကြိုက်ဘူး "

ဟု ခပ်တည်တည်နှင့် ပြောနေသည်။ သူမကိုကြည့်ပြီး ရယ်ချင် သွားသည်။ သူမ မည်သို့ ထင်မြင်သွားသည်မသိပါ။

" အစ်ကိုက ဘာရယ်တာလဲ၊ ကျွန်မတကယ်ပြောတာ "

" တို့ တစ်သက်လုံး စွန့်လွှတ်လိုက်ပါပြီ၊ ဘယ်အကြောင်းနဲ့ပဲ ဖြစ်ဖြစ် ပြန်မသောက်တော့ဘူး၊ တို့ဆုံးဖြတ်ထားခဲ့ပါပြီ "

" ဒါဆိုရင် ဒီမှာ ဘာလုပ်နေတာလဲ၊ အိမ်ပြန်တော့လေ .. "

" ပုလဲ တို့ သီချင်းဆိုတာလာကြည့်တာပါ .. "

ဘာကြောင့်မှန်းမသိ သူမ၏မျက်နှာသည် နီမြန်းသွားသည်။

" ကျွန်မက သီချင်းဆိုမကောင်းပါဘူး၊ သူငယ်ချင်းတွေကြောင့် ဆိုဖြစ်တာပါ .. "

" တို့ကို မညာပါနဲ့၊ ဒီဆိုင်မှာ ပုလဲက နာမည်အကြီးဆုံးပါ၊ တို့ကိုယ်တိုင်လည်း ပုလဲသီချင်းဆိုတာကို သေသေချာချာ ကြည့်ဖူးပါ တယ် .. "

" မြှောက်ပြောနေတာတော့ မဟုတ်ပါဘူးနော် "

" ဒီရင်ထဲက စကားတွေပါ "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မ အယုံလွယ်တဲ့လူ မဟုတ်ဘူးနော် .."

" တို့ကလည်း ညာပြောတတ်တဲ့လူ မဟုတ်ပါဘူး "

သူမသည် သူနှင့် အချီအချစကားပြောနေရာမှ အဖေါ်များဖက်သို့ တစ်ချက်လှမ်းကြည့်သည်။ သူမ၏ အဖေါ်များက လှမ်းကြည့်နေကြသည်။

" စကားတွေ အများကြီးပြောချင်တယ်၊ ဒါပေမယ့် အဖေါ်တွေက ကြည့်နေတယ်။ သူတို့က တစ်မျိုးထင်သွားကြရင်မကောင်းဘူး"

မမျှော်လင့်ဘဲကြားလိုက်ရသည့်စကားဖြစ်သည်။ နှလုံးသားထဲမှ မလုံမလဲနှင့် ပွင့်ကြလာသည့် ပဲ့တင်သံ ဖြစ်လိမ့်မည်။ အဆိုပါယူဆချက် မှန် မမှန် သိလိုသောကြောင့်

" ဟုတ်တယ် .. ပုလဲ၊ သူတို့ကို လုံးဝမသိစေနဲ့နော် "

ဟု စကားမြှားတစ်စင်း ပစ်ခွင်းလိုက်သည်။

သူမသည် သူ၏ စကားအဓိပ္ပါယ်ကို သဘောပေါက်သွားသည့်အသွင်

" မနောက်နဲ့နော် .. ကိုညီဇော်မင်း၊ ပုလဲ သွားတော့မယ် "ဟုပြောကာ အပြေးတစ်ပိုင်းထွက်သွားသည်။ သူမ၏မျက်နှာထဲတွင် စိတ်ဆိုး ဒေါသ ထွက်ခြင်း အလျှင်းမရှိဘဲ ရှက်ရွံ့ကြည်နူးရိပ်များကိုသာ ဖြတ်ကနဲ မြင်တွေ့လိုက်ရသည်။ ဤသည်မှာ အချစ်သင်္ကေတ ဖြစ်ပါသည်။

သူ၏နှလုံးသားသည် အသစ်တစ်ဖန် ရှင်သန်ခြင်းနှင့်အတူ





ရင်ခုန်လှုပ်ရှားလာသည်။

* * * * * * * * * *

(၂၂)

ပုလဲဖြူသည် သီချင်းဆိုရင်းက ခန်းမကို ဖြတ်ကနဲ ကြည့်ကြည့်နေမိသည်။ သူ့ကို မမြင်တွေ့ရသော်လည်း တစ်နေရာရာတွင် ရှိမည်ဟု သိသည်။ ဤနေ့တွင် မမျှော်လင့်ဘဲ သူ့ဆီက တုန့်ပြန်မှုကို ရရှိလိုက်သောကြောင့် ပျော်ရွှင်ကြည်နူးမိသည်။ သို့ရာတွင် ရင်ထဲ၌ ရှိနေသောစည်းကို ကျော်လွန်ဖို့ခက်ခဲနေသည်။ ထို့ကြောင့်တစ်ခါတစ်ရံတွင် ငေးငိုင်မိသည်။

'စင်မြင့်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်တက်လာပြီး ပန်းကုံး စွပ်ကြသည့်အထဲတွင်သူပါလာသည်။

သူ့ကိုမြင်သည်နှင့် ရှက်စိတ်ကြောင့် သူမမျက်နှာ ထူအမ်းအမ်း ဖြစ်သွားသည်။ အကြည့်ချင်းဆုံတွေ့မိစဉ် ရင်ထဲက အသေအချာ နားလည်မိသည်။ အချစ်၏ဘာသာစကားသည် သင်ယူစရာမလိုဘဲ တတ်မြောက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအင့်တွင်ပခုံးပေါ်သို့ မိန်းကုံးကျလာသည်။ တစ်ကိုယ်လုံး တုန်ရီသွားသည်ထင်၏။ ကြင်နာခြင်း အငွေ့အသက်များ စင်မြင့် တစ်ခုလုံး လွှမ်းခြုံသွားသည်ဟုထင်သည်။ ဤအခိုက်အတန့်သည် သူမ၏ ဘဝအတွက် အလှပဆုံးကာလတစ်ခု ဖြစ်သွားသည်။

*********

(၂၃)

"ပုလဲကို စကားပြောစရာရှိတယ်လို့ ခေါ်ထားပြီးမှ ဘာဖြစ်လို့ ငေးကြည့်နေရတာလဲ.. ကိုညီဇော်မင်း၊ ပြောစရာရှိတယ်ဆိုရင် ပြောလေ.."

သူမသည် အကြောင်းမဲ့ ကော်ဖီခွက်ကို မွှေနှောက်နေရင်းက စိတ်မရှည်တော့သည့် ပုံစံဖြင့် ပြောလိုက်သည်။

ကော်ဖီဆိုင်ထဲ သူမ ရောက်လာကတည်းက သူ့ပုံစံသည် လေးလေးလံလံ ရှိလှ၏။ ထုံးစံအတိုင်း ဘာသောက်မှာလဲဟု မေးကာ မှာယူပေးသည်။ ထို့နောက် ဘာစကားမှမပြောတော့ဘဲ လက်ဖက်ရည်





ာက်လိုက် သူမကိုကြည့်လိုက်နှင့်လုပ်နေသည်။

ပထမတော့ သူမ သည်းခံပြီး စောင့်ကြည့်နေသေးသည်။

"နည်း နည်းနောက်ကျသွားတယ်၊ စောင့်နေတာကြာပြီလား"

ည်ဖြင့် ဝတ်ကျေတန်းကျေ စကားကို ပြောကြည့်သေးသည်။ သူက

" အင်း .အဲ " လုပ်နေတော့ ယခုကဲ့သို့ တည့်တည့်ဖွင့် လိုက်ရခြင်း ဖြစ်ပါသည်။

သူသည် ကိုယ်ခန္ဓာကို အနည်းငယ် လှုပ်ရှားလိုက်ပြီး၊

" ပုလဲကို ချစ်တယ်လို့ ပြောမလို့ပါ .."

"အို.. ဘာလိုင်းကြီးပါလား၊ နည်းနည်းပါးပါး နိဒါန်းလေးတောင် ခိုတော့ဘူးလား.."

သူမသည် အမှန်တစ်ကယ်ပင် လန့်ဖြန့်သွားသည်။ ဤသို့ ကြီး ပြောလိုက်မည်ဟု မထင်မှတ်ထားသဖြင့် အငိုက်မိသွားသည်။ ကဲ့သို့ ရင်ခုန်ရမည်ကို မသိတော့။

" နိဒါန်းချီနေရင် ပုလဲရိပ်မိပြီး ဒီစကားမပြောနဲ့ တားမှာ သချာတယ်၊ တားနေတဲ့ကြားက ပြောပြန်ရင် ပုလဲစိတ်ဆိုးချင်ဆိုး မယ်၊ တို့ကလည်း အတင်းဇွတ်ပြောရဲလောက်အောင် သတ္တိမရှိဘူး၊ ာစိတ်ဆိုးမှာ စိုးရိမ်ပြီး ကြောက်နေမိတယ်၊ ဒါကြောင့် နိဒါန်းတွေ နေတော့ဘဲ ပြောလိုက်တာပါ၊ တို့ပြောတာ ပုလဲ.. နားလည်တယ် တ်လား "

" ဒီလိုဆိုရင် ကိုညီဇော်မင်းကလည်း ပုလဲဆီက နိဒါန်းမျှော်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားသမျှ ပျက်သွားသောကြောင့် စောထွန်း က

" သွားပါပြီ " ဟု ရေရွတ်သည်။

ဝင်းသိန်းဦးသည် သူ့ပခုံးကို ဖြစ်ညှစ်ပြီး

" မင်းရဲ့ကောင်မလေးကို ငါမမြင်ဖူးလိုက်ပါဘူး၊ မင်းက သူငယ်ချင်းတွေကို အသိမပေးဘဲ တိတ်တိတ်ကလေး တွဲခဲ့တာ မဟုတ်လား၊ ဒါပေမဲ့ အဲဒီကောင်မလေးကို မင်းဘယ်လောက် ချစ်ခဲ့တယ်ဆိုတာတော့ ငါသိခဲ့ရ ပါတယ်"

သန္တာဖြူအား ဝင်းသိန်းဦးနှင့် စောထွန်းတို့ မမြင်တွေ့ဖူးကြချေ၊ ကုန်ကုန်ပြောရလျှင် သူ၏မိဘတို့လည်း မမြင်ဖူး ကြပါ။ အချိန်မတန်မီ မည်သူ့ကို မှ အသိမပေးချင်သော သန္တာဖြူ၏ဆန္ဒကို သူ တိကျစွာ လိုက်နာခဲ့ပါသည်။ ယခုတော့ သန္တာဖြူ သည် သူကိုယ်တိုင် မမြင်တွေ့ နိုင်သော အရပ်ဆီသို့ ရောက် သွား ခဲ့ပါ ပြီ။

" သူ့သဘော ဆန္ဒအတိုင်း ငါလိုက်လျောခဲ့တာပါ... ဝင်းသိန်းဦး၊ သူငယ်ချင်းတွေကို လစ်လျူရှုခဲ့တာမဟုတ်ပါဘူး သူကငါ့ကိုအဖြေပေးဖို့ တောင်အစီအစဉ်မရှိခဲ့ပါဘူး "

" မင်းတို့အကြောင်းတွေကို ငါတိတိကျကျမသိခဲ့ပါဘူး ငါစကားပြောမှားသွားရင်ခွင့်လွှတ်ပါသူငယ်ချင်း"

သူခေါင်းကိုခါယမ်းလိုက်ပြီး

" အဲဒီစကားပြောစရာမလိုပါဘူး၊ ငါကိုယ်နှိုက်က ဒီအကြောင်း တွေပြောပြချင်စိတ်မရှိသေးဘူး၊ တစ်နေ့နေ့တော့ မင်းတို့ကို





ငါ ပြောပြနိုင် လိမ့်မယ်ထင်တယ် " ဟု တိုးတိတ် စွာ ပြောလိုက်သည်။

ထို့နောက် သူဘယ်သွားနေပါလိမ့်ဟု စိတ်ပူစွာတွေးနေကြမည့် အဖေနှင့် အမေတို့ကို သတိရလိုက်သည်။ ယခုလောလောဆယ် အချိန်တွင် အိမ်ကသူ့ကိုမျက်စိဒေါက်ထောက်၍ သတိထား စောင့်ကြည့်နေကြသည်။ ဤနေရာသို့ရောက်ရှိနေသည့်အကြောင်း ဖုန်းဆက်ပြီး အသိပေးရမည်ဟု တွေးကာထရပ်လိုက်၏။

စောထွန်းက သူ့ကိုဖြတ်ကနဲလှမ်းကြည့်ပြီး

" မင်းဘယ်သွားမလို့လဲ ညီဇော်မင်း "

" ငါ အိမ်ကိုဖုန်းဆက်ပြီး အသိပေးရအုံးမယ်ကွာ၊ နို့မဟုတ်ရင် မေမေတို့စိတ်ပူနေကြလိမ့်မယ်၊ ငါဒီကိုထွက်လာတာ မေမေတို့မသိကြဘူး"

ကြားထဲမှနားထောင်နေရသော ဝင်းသိန်းဦး က

" မင်းအိမ်ကို ဖုန်းဆက်ချင်တယ်ဆိုရင် ငါ့အခန်း ထဲက ဆက်ပါ"

" ကောင်တာမှာဖုန်းရှိနေတာဘဲ"

" အဲဒီဖုန်းကဆိုင်ထဲကအသံတွေကြောင့်နားထောင်ရခက်ပါတယ်၊ ငါ့အခန်းထဲမှာဆိုရင် မင်းအေးအေးဆေးဆေးပြောလို့ရတယ်"

ဝင်းသိန်းဦး၏စကားကိုသူငြင်းမနေတော့ဘဲ ခေါင်းညိတ် လိုက်သည်။ ထို့နောက် ဝင်းသိန်းဦး၏နောက်သို့သူလိုက်လာခဲ့သည်။

*********



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

ဝင်းသိန်းဦး၏မန်နေဂျာအခန်းသည် စားသောက်ဆိုင်၏ နောက်ကျော ဘက်တွင်ရှိနေပြီး အဆင့်အတန်းမြင့်မြင့် သပ်သပ်ရပ်ရ ဖွဲ့စည်းပြင်ဆင် ထားသည်။ အခန်း၏ပတ်လည်အား မှန်ချပ်မျ တပ်ဆင်ထားသဖြင့် အပြင်ဖက်ကိုလှမ်းမြင်ရ၏။ လိုအပ်လျှင်မမြင် အောင်ခန်းဆီးချထားနိုင်သည်။

ဖုန်းပြောနေစဉ်တောင်းအေ့(စ်)ကားတစ်စီးဝင်ရောက်လာပြ လှေကားအနီးတွင်ရပ်တန့်လိုက်သည်။ ထို့နောက်မိန်းကလေး ခုန ယောက်၊ ရှစ်ယောက်ခန့်ဆင်းလာသည်။ ယောကျာ်းလေးက နှစ်ယောက် ပါသည်။ အားလုံးငယ်ရွယ်ကြသည့်သူများဖြစ်သည်။

" အဲဒါ ငါ့ဆိုင်ကသီချင်းဆိုတဲ့ကောင်လေး၊ ကောင်မလေ တွေပါ .. ညီဇော်မင်း "

ဝင်းသိန်းဦးကလှမ်းကြည့်နေသောသူကိုရှင်းပြသည်။

ထိုလူစုထဲမှ တစ်ယောက်သောသူကို ကွက်ကနဲ လှမ်းမြင် မိ သည်။ ဘုရားပေါ်တွင်ဆုံတွေ့ခဲ့သည့်မိန်းကလေး၊ ဟိုတစ်နေ့က ရုပ် မားကတ်၏အောက်တွင်သူအကူအညီပေးခဲ့သည့် မိန်းကလေး ဖြစ် သည်။





ကောင်လေးတစ်ယောက်က အခန်းပေါက်ဝတွင်ရပ်ပြီး

" အားလုံးပါတယ် ပျက်ကွက်တဲ့လူမရှိဘူး...ဆရာ "ဟု သိန်းဦးအား လှမ်းအော်ပြောသည်။

ဝင်းသိန်းဦးက နာရီကိုတစ်ချက်လှည့်ကြည့်လိုက်ပြီး

" အချိန်နည်းနည်းတော့လိုပါသေးတယ်၊ ခဏတစ်ဖြုတ် နေ လိုက်ကြအုံး၊ အချိန်တိတိကျကျနဲ့စပြီးဆိုကြမယ်"

ဟုပြောလိုက်သည့်အခါထိုလူငယ်က "ဟုတ်ကဲ့၊ ကျွန်တော် ပြင်ဆင်လိုက်အုံးမယ်..ဆရာ "

ဟု ဆိုကာ ထွက်သွားသည်။

သူကတော့အမှတ်မထင်လှည့်ကြည့်သွားသော မိန်းကလေး မျက်လုံးထဲတွင် မှတ်မိခြင်းနှင့်အတူ အံ့သြဝမ်းသာခြင်းကိုပါ မြင်တွေ့ လိုက်ရသည်။ တစ်စုံတစ်ခုကိုပြောလိုသည့်ဟန်ဖြင့် တခဏ တန့်လိုက် သေးသည်။ ထို့နောက်သူတို့၏အုပ်စုနောက်သို့ ခပ်သွက် သွက် လိုက်ပါ သွားသည်။

" အော် . . .သူကဒီဆိုင်မှာသီချင်းဆိုတဲ့သူထင်ပါတယ် " ဟု စိတ်ထဲကတွေးလိုက်မိသည်။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

မိမိစိတ်ဝင်စားသော လူတစ်ယောက်နှင့် ဤသို့သော
တွင်ဤသို့သောတွေ့ဆုံကြခြင်းကို ပုလဲဖြူ၏စိတ်ထဲက နှစ်သ
သဘော ကျခြင်း မရှိချေ။ မည်သည့်နည်းနဲ့မျှ လက်မခံနိုင်ပါ။

သူမချောင်းကြည့်လိုက်သည့်အခါ သူသည် မန်နေဂျာ
အတူ စားသောက်ခန်းမအတွင်းသို့ ဝင်သွားသည်ကို မြင်လိုက်ရ
သူသည် တစ်ခုသောစားပွဲတွင်သောက်စားနေမည်မှာ သေချာပါသည
ရောင်စုံ မီးရောင်များကူးယှက်ပြေးလွှားနေသည့် ခန်းမထဲ
သူ့ကိုရှာဖွေ၍ တွေ့ရှိဖို့က မလွယ်ကူပါ။ သူမသည် သီချင်းသီ
နေရင်းက မပံ့မရဲနှင့် ရှာဖွေ၍ကြည့်မိပါသည်။

ယခင်နေ့များက သူမသည်သီချင်းဆိုသည့်အချိန်များ၌
ဘီဝဲယာကိုမကြည့်ဘဲ အစဉ်သဖြင့် မျက်လုံးကို အောက်သို့စိုက်ချ
တတ်ပါသည်။ အဓိက သူမအာရုံဝင်စားထားသည်မှာ သီချင်
အပေါ်၌သာဖြစ်၏။ ယခုတော့ သူမ၏စိတ်အာရုံတို့သည် သူ့အပေ
ရောက်ရှိနေ သည်။

သူမသည် စားသောက်ကြသူများကို သီချင်းနှင့် ဖျော်
ဖြေပေးနေ ရသူဖြစ်ပြီး သူကတော့ ရီဝေမှုးယစ်ဖျော်ရွှင်ရှုသက်သ





နားဆင်နေသူ ဖြစ်ပါသည်။ ဤနေရာသည် တစ်ခဏတာ စိတ်အပန်းပြေသည့်နေရာဖြစ်သည်။ လေးလေးနက်နက်ခံစားနားလည်ရန်မလိုအပ်သည့်နေရာဖြစ် သည်။

ပုလဲဖြူ၏ရင်ထဲတွင် အားငယ်ဝမ်းနည်းစိတ်များဖြင့် တုန်ရီလှုပ်မောနေသည်။ အရာအားလုံးကိုမေ့ပစ်ချင်နေသည်။ ဤနေရာကိုအမြန် ဆုံးကျောခိုင်း၍ စွန့်ခွါရမည့်အချိန်ကို တောင့်တမိသည်။

တစ်ယောက်ပြီးတစ်ယောက် စင်မြင့်ပေါ်တက်လာပြီး သူမ၏ လည်တိုင်ကို ပန်းကုန်းများစွတ်ပေးနေကြခြင်းကို သူမ၏စိတ်ထဲ၌ ကြိုးတစ်ချောင်းပြီးတစ်ချောင်း တုပ်နှောင်ခံရသကဲ့သို့ထင်မြင်ယူဆမိသည်။ ထိုလူများထဲတွင် သူ မပါ, ပါစေနှင့်စိတ်ထဲက ရေရွတ်တောင့် တမိသည်။

သူမတောင့်တသည့်အတိုင်း သူရောက်မလာခဲ့သည့်အတွက် ဘာကြောင့်မှန်းမသိ စိတ်ထဲကပေါ့ပါးသွားသလို ခံစားရပါသည်။

*********

(၁၈)

ဆိုင်ပိတ်ချိန်သည် ညဆယ့်တစ်နာရီဖြစ်သည်။ သူမတို့၏


www.burmeseclassic.com

www.burmeseclassic.com



သီဆိုချော်ချေမှုကတော့ထိုအချိန်ထက် နာရီဝက်စော၍ပြီးဆုံးပါသည်။ ညဦးနက်ကအဖြစ် ကော်ဖီ (သို့မဟုတ်) အအေးနှင့်ကြိုက်နှစ်သက်ရာ အစားအသောက်တစ်ခုခုကျွေးမွေးပါသည်။

ထို့နောက် သူမတို့ပြန်ချိန်ရောက်ပြီဖြစ်သဖြင့် အထုပ်အပိုးကိုယ်စီဆွဲပြီး ကြိုပို့ပေးမည့်ကားပေါ်သို့တက်ကြသည်။ ထိုအချိန်တွင် သူမတို့၏ ကားနှင့်မလှမ်းမကမ်းတွင် ဤဆိုင်၏မန်နေဂျာဖြစ်သည့် ဝင်းသိန်းဦးနှင့် သူမကို အကူအညီပေးခဲ့သော အမည်မသိထိုလူတို့ အချီအချစကားပြော နေကြသည်။

" စောထွန်းတော့အရမ်းမူးနေပြီ၊ အဲဒါတောင် ကားမောင်းပြန်မယ်ဆိုပြီး ဂျီကျနေလို့ သူ့ကားသော့ကိုဖြုတ်ယူလာခဲ့ရတယ်၊ ဒီကောင်ဘယ်နည်းနဲ့မှကားမောင်းလို့မဖြစ်ဘူး၊ လမ်းမှာတစ်ခုခုဖြစ်မှာသေချာတယ်ဝင်းသိန်းဦး "

" မင်းဝင့်ပြန်လည်တာဘဲ၊ အရင်တုန်းကမင်းလဲမူးရင်ဂျီကျခဲ့တာဘဲ၊ အခုမင်းအရက်မသောက်တော့ဘူး၊ မင်းဖြတ်ပစ်လိုက်ပြီဆိုတော့ အရက်သောက်တဲ့အပေါင်းအသင်းတွေရဲဒဏ်ကို ပြန်ခံရတာပေါ့၊ ရှေ့လျှောက်မင်းလဲဒီလိုပဲခံစားရအုံးမှာသေချာတယ်။"

မန်နေဂျာ၏စကားကြောင့် သူအရက်မသောက်ခဲ့ခြင်းကို သူမ သိရှိလိုက်ရသည်။ သူ့ပုံစံသည် အနည်းငယ်မျှ ပျက်ယွင်းခြင်းမရှိပါ။ သာမာန်လူတစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ်ရှိ၏။

သူမတွေးထင်ထားသကဲ့သို့ သူသောက်စားပြီးမူးယစ်ရီဝေ





နေခြင်းမဟုတ်သောကြောင့်အနည်းငယ်ကျေနပ်ဝမ်းသာသွားမိသည်။

" ကိုယ်ကမသောက်တော့ သူများရစ်တာသိပ်ပြီးမခံစားနိုင်ဘူးကွ "

" မင်း ကိုယ်ချင်းစာတတ်ပြီမဟုတ်လား "

သူကရှက်စွဲ့သည့်အပြုံးနှင့်

" မင်း ပြောသလို ငါဝင့်လိုက်နေပြီထင်ပါရဲ့ကွာ၊ ဒါပေမဲ့ ဒီကောင့်ကို အိမ်ပြန်ပို့ဖို့က အရေးကြီးတယ်"

"မင်းပဲကားမောင်းပြီး ပြန်ပို့ပေးလိုက်ပါလား"

သူ့မျက်နှာပေါ်မှအရယ်အပြုံးတို့သည်ချက်ချင်းပျောက်ကွယ်သွားပြီး တစ်ချက်ငေးငိုင်သွားသည်။ ထို့နောက် လေးပင်စွာခေါင်းကိုခါယမ်းပြီး

" အခုလောလောဆယ်ကားပြန်မောင်းချင်စိတ်လုံးဝမရှိဘူး၊ ဒီတစ်သက်ကားမမောင်းတော့ပါဘူးလို့ သန္နိဋ္ဌာန်တော့မချထားပေမဲ့ ငါ့စိတ်ထဲမှာ ကြောက်စိတ်မကုန်သေးတာတော့အမှန်ပဲ၊ အဲဒီအဖြစ်ဆိုးကိုငါမမေ့ဖျောက်ပစ်လို့မရသေးဘူး၊ ဒါကြောင့် မင်းလိုက်ပြီး မောင်းပေးစမ်းပါ ကွာ..."

" ငါမောင်းပေးချင်ပါတယ်၊ ဒါပေမယ့် ဆိုင်မှာက စားသောက်နေတဲ့ လူတွေရှိနေသေးတယ်၊ ဆိုင်တံခါးပိတ်တာတောင်မပြန်သေးပဲ ဆက်ပြီး ထိုင်နေတတ်တယ်၊ ငါက သူတို့ကို ဆိုင်ပိတ်ပြီဆိုပြီး ဘယ်မောင်းထုတ်လို့ဖြစ်မလဲ၊ သူတို့က ငါ့ရဲ့ဖောက်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ သူတို့ပြန်တဲ့အချိန်ထိ သည်းညည်းခံပြီး စောင့်ပေး အုံးမယ်"

" ဒီလိုဆိုရင်ဘယ်လိုလုပ်မလဲ..ဝင်းသိန်းဦး ၊ စောထွန်းကို အချိန်အကြာကြီးဆွဲထားလို့မဖြစ်ဘူးနော်၊ တော်ကြာ ထ သောက်ချင်နေအုံးမယ်၊ အခုချက်ချင်းပြန်ပို့ဖို့က အရေးကြီးတယ် အဲဒီတော့ မင်းတို့ဆိုင်က ကားမောင်းတတ်တဲ့ လူတစ်ယောက်ကို ခေါ်ပေးစမ်းပါ..."

" ဆိုင်မှာကားမောင်းတတ်တဲ့လူ တစ်ယောက်ပဲရှိတယ် အဲဒါက ဒီကားကိုမောင်းတဲ့သူပဲ " ဟုဆိုကာ သူမတို့၏ကြိုပို့ကားကို လက်ညှိုးထိုးပြသည်။ ထို့နောက် ဝင်းသိန်းဦးက စဉ်းစားချိန်ဆသည့် အနေဖြင့်

" သူ့ကိုလိုက်ပို့ခိုင်းရင် ဒီကလေးမတွေက အကြာကြီး စောင့်ပေးနေရလိမ့်မယ်၊ ငါက သူတို့ကို အချိန်မှန် အိမ်ပြန်ပို့ပေးနေကြ ဖြစ်တယ်၊ အချိန်နည်းနည်းနောက်ကျရင်သူတို့အိမ်က စိတ်ပူကြလိမ့် မယ်.. ခက်တာပဲ..."

သူက ကားဆီသို့တစ်ချက်လှမ်းကြည့်ပြီး

"သူတို့ကိုတော့မစောင့်ခိုင်းပါနဲ့ကွာ သူတို့ဘာသာ ပြန်ကြပါ စေ" ဟုစောတနာ နှင့်ပြောသည်။

ဝင်းသိန်းဦးသည် ခေါင်းကုပ်စဉ်းစားရင်းက သတိရသွားကာ ကားပေါ်တွင် တက်ထိုင်နေသော တင်ထွန်းအောင်ကိုလှမ်းကြည့်၍





"မင်းကကားမောင်းတတ်တယ်မဟုတ်လားတင်ထွန်းအောင်၊ ...င်းအတွက် အပန်းမကြီးဘူးဆိုရင် ဆရာရဲ့သူငယ်ချင်းတွေကို အကူ ...ညီပေးစမ်းပါကွာ"

တင်ထွန်းအောင်သည် ငြင်းရခက်သွားပြီး

" ဟုတ်ကဲ့ဆရာ " ဟုပြောကာ ကားပေါ်မှ ဆင်းရတော့ ...သည်။ ကားပေါ်မှမဆင်းမီ သူမရှိရာဖက်သို့ လှည့်

"နင်လိုက်သွားလို့ဖြစ်တယ်နော်.."ဟုမေးသည်။

"ငါ ပြန်လို့ဖြစ်ပါတယ်၊တင်ထွန်းအောင်"ဟု သူမ အဖြေ ...ပေးလိုက်သည်။ တင်ထွန်းအောင်က သူမအား စိတ်မချနိုင်သည့် ...သဘောနှင့်

"ငါ လိုက်ပို့ပြီးရင် နင့်အိမ်ကို တစ်ခေါက် ပြန်လာကြည့်အုံး ...မှာပါ၊ နင်အသေအချာ အိမ်ပြန်ရောက်တယ်ဆိုတာ ငါသိရမှ ...ဖြစ်မယ်.."

ဟု အမှာစကားပြောပြီးသည့်နောက် ထိုလူဆီသို့ ...လျှောက်သွား သည်။

ထိုလူက ဝမ်းသာအားရဟန်ဖြင့် တင်ထွန်းအောင်၏ လက်ကို ...ဆုပ်ကြို၍ ဆွဲကိုင်နှုတ်ဆက်ရင်း၊

"ကျေးဇူးပဲ..ညီလေး"ဟုပြောသည်။ ထို့နောက် ...ဝင်းသိန်းဦးအား နှုတ်ဆက်ကာ နှစ်ယောက်သား ထွက်သွားကြတော့ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းမှသူတို့ ပျောက်ကွယ်သွားသည်နှင့် တစ်ချိန်တည်းတွင် သူမတို့၏ ကြိုပို့ကားသည် ခြံဝန်းထဲမှမောင်းထွက်ခဲ့လေသည်။

* * * * * * * * *

(၁၉)

ပုလဲဖြူအိမ်ပြန်ရောက်ပြီး သိပ်မကြာမီဘဲလ်မြည်သံကြားရသည်။ ဒေါ်အေးအေးမြင့်ကတံခါးကိုသွားဖွင့်ပေးသည်။ သူမ၏စိတ်ထဲက တင်ထွန်းအောင်ပဲဖြစ်လိမ့်မည်ဟုထင်ထားသည်။ သူမထင်မှတ်ထားသည့်အတိုင်း တင်ထွန်းအောင်ရောက်နေကြောင်း ဒေါ်အေးအေးမြင့်က လှမ်းအော်၍ပြောသည်။ သူမ တံခါးဆီသို့ လျှောက်သွားသည်။ တင်ထွန်းအောင်သည် သံဘာဂျာတံခါးအပြင်ဘက်တွင် ရပ်နေပြီး၊

" တံခါးဖွင့်မနေနဲ့တော့ ..ပုလဲ ၊ တို့ အိမ်ထဲ မဝင်တော့ဘူး၊ တို့က ပုလဲ အိမ်ပြန်ရောက် မရောက်လာကြည့်တာ "

" ငါ ကလေးမှ မဟုတ်တာ၊ ပြီးတော့ ငါတစ်ယောက်တည်းပြန်ရတာလဲမဟုတ်ဘူး၊ လူတွေအများကြီးပြန်ရတာ၊ အိမ်ပြန်မရောက်ဘဲ နေပါ့မလား.. "





" ငါက နင့်အတွက်ဆိုရင် အမြဲစိတ်ပူတတ်တဲ့ လူပါ "

" နင် အလကားပင်ပန်းပါတယ်၊ တင်ထွန်းအောင်ရယ် .. "

" နင်နဲ့ပတ်သက်ရင် ငါ့မှာ ပင်ပန်းတယ်ဆိုတာ မရှိဘူး.. "

အရေးထဲ စကားလုံးများနှင့် ကြင်နာပြနေသော တင်ထွန်းအောင် ကို သူမ စိတ်တိုချင်မိသည်။ ထို့ကြောင့်

" အပြင်ကနေ ချွဲပြမနေပါနဲ့၊ အိမ်ထဲမဝင်တော့ဘူးဆိုရင်လဲ ပြန်တော့၊ ဒီမှာ သူများတွေ အိပ်ချိန်ဖြစ်နေပြီ.. "

တင်ထွန်းအောင် သူမ၏ နှုတ်ခမ်းစူခြင်းကို ကြည့်ကာ သဘော ကျ၍ ရယ်လိုက်သည်။

" အချစ်ရှိနေတဲ့ နှလုံးသားဟာ ဘယ်တော့မှ အိပ်စက်ခြင်း မရှိဘူးတဲ့၊ အဲဒီစကားကို နင်ကြားဖူးတယ် မဟုတ်လား..၊ ငါ့ရဲ့နှလုံးသား ဟာနေ့တွေ ညတွေကိုတောင်မှမသိဘူး .. "

" အဲဒါမီးပျက်နေလို့ဖြစ်မယ်၊ လိုင်းမကောင်းတဲ့ သဘောပေါ့ " ဟုခပ်ငေါ့ငေါ့ပြောလိုက်သည်။ ထို့နောက် တင်ထွန်းအောင်ဆီမှ သူ့အကြောင်း တစွန်းတစသိရနိုးနိုး မေးကြည့်ရန်စိတ်ကူးရမိပါသည်။ အနည်းဆုံးအနေ နှင့်သူ၏နာမည်ကိုသိချင်သည်။

" နင့်ကိုမေးရအုံးမယ်၊ ဒီလူတွေကို နင်လိုက်ပို့ရတာ အဆင်ပြေရဲ့ လား "

" အင်း...အိမ်တော့ပြန်ရောက်သွားပါပြီ၊ တလမ်းလုံးဂျိုကြပြီး ထိုးမယ်ကြိတ်မယ်လုပ်နေလို့ ငါစိတ်ညစ်မိတယ်၊ သူ့ အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com



က တော်တော်ကိုသည်းညည်းခံရှာပါတယ်။ "

" သူကဘယ်သူလဲ...တင်ထွန်းအောင် "

" စောထွန်း... တော်တော်ဂျီကျတဲ့သူပဲ"

" နေစမ်းပါအုံး နင်ကဘယ်သူ့ကိုပြောနေတာလဲ "

" ငါကမူးနေတဲ့သူကိုပြောတာလေ "

သူမ ကိုယ်နှဖူးကိုကိုယ် ရိုက်ပစ်ချင်လောက်အောင် စိတ်ညစ်သွားသည်။ သူမ မေးနေသည်က နောက်တစ်ယောက်ဖြစ်သည်။

"ကဲထားပါတော့ နောက်တစ်ယောက်ဘယ်သူလဲ၊ သူ့အရက်သောက်မထားတာတော့သေချာတယ်..."

"အဲဒီအစ်ကိုက အခုငါနဲ့ပါလာတယ်၊ သူဒီတိုက်အောက်မှာစောင့်နေတယ် သူ့နာမည်တော့ငါသေသေချာချာမသိဘူး၊ ငါ့ကိုတော့သူ့နာမည်ပြောပြပါသေးတယ်၊ ဒါပေမဲ့ ဟိုအမူးသမားကဝင်ရှုပ်နေလို့ငါမမှတ်မိလိုက်ဘူး..."

သူမထပ်ပြီးမေးရန်စိတ်မကူးတော့၊ တော်ကြာ တင်ထွန်းအောင် သံသယဝင်သွားမှာကိုစိုးရိမ်မိသည်။

"ကဲငါသွားတော့မယ် ပုလဲ "

" ကောင်းပြီလေ "

တင်ထွန်းအောင် လှေကားအတိုင်းပြန်ဆင်းသွားသည်နှင့် သူမ တံခါးပိတ်လိုက်ပြီး ဤတိုက်၏ အောက်တွင်ရှိနေသည့် သူ့ကိုတွေ့လိုတွေ့ငြား ကြည့်ရန်ဝရံတာသို့ အပြေးလာခဲ့မိပါသည်။





တိုက်ရှေ့တွင်အငှားကားတစ်စီး ရပ်တန့်ထားသည်။ ထိုကားအနီးပလက်ဖောင်းထက်တွင်သူရပ်နေ၏။ အမှတ်တမဲ့သူက တိုက်သို့ခေါင်းမော်ကြည့်နေစဉ် သူမနှင့်တည့်တည့် တန်းတိုး လေသည်။

ရင်ထဲတွင်လှပ်ကနဲတုန်ခါသွားပြီး မျက်နှာတစ်ခုလုံး န်းပိန်း ဖြစ်သွားသည်။ ဤခံစားမှု သည် တစ်စုံတစ်ခု အား သေချာကြောင်း သက်သေ ပြလိုက် ခြင်းဖြစ်၏။ ထိုတစ်စုံတစ်ခုသည် အချစ် ဖြစ်ပါလိမ့်မည်။ အမှန်တကယ်ပင် သူ့ကို သူမ စွဲလန်းစွာ ချစ်နေမိ ထင်ပါသည်။

တင်ထွန်းအောင် တိုက်အောက်မှ ထွက်လာ သည့်အချိန် င် သူမ ပုန်းလျှိုးကွယ်ဝှက်၍ နေလိုက်သည်။ မည်သည့် အကြောင်း ဖြစ်စေ တင်ထွန်းအောင်မြင် သိမသွားစေချင်ပါ။

သူတို့နှစ် ယောက်တကက္ကစီပေါ် တက်၍မောင်း ထွက်သွား ည်ကို သူမ မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။ တဖြတ်ဖြတ်နင့် ခုန် နေခြင်းသည်ချက်ချင်း ပြေပျောက်သွားခြင်း မရှိပါ။

********

(၂၀)

ဤနေ့နံနက်တွင် ဖေဖေသည် သူ့ကိုခေါ်ယူ၍ အလုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စေချင်သည့်အကြောင်းပြောသည်။ ဖေဖေသည် စိတ်အတည်
နိုင်သေးသည့်သူ့ပုံစံကို အချိန်ယူ၍ စောင့်ကြည့်နေခဲ့ပုံရသည်။

" လူတိုင်းမှာ ကိုယ်စီပူပင်ရသောကရှိတာချည်းပဲ၊ သား
သေကြတယ်၊ ဇနီးမယားသေကြတယ်၊ မိဘတွေသေကြတ
သေခြင်းတရားကို ဘယ်သူမှရှောင်လွှဲလို့ရကြတာမဟုတ်ပါ
ဖြစ်လာလျှင် ပျက်စီးတဲ့သဘောပါလာပြီးသားပဲ၊ အဲဒါ
သတိတရားလေးနဲ့ရင်ဆိုင်နိုင်ရမယ်၊ သတိလက်လွတ်ဖြစ်ချင်ရာ
ခံစားနေရမယ်ဆိုရင် ကိုယ့်ကို ကိုယ် ဒုက္ခပေးသလိုဖြစ်နေလိမ့်မ
မင်းရဲ့ချစ်သူအတွက်မင်း ပူဆွေးသောကရောက်ပြီး ခံစားရတ
အဲဒါကိုမခံစားရဘူးလို့ ဖေဖေ မပြောပါဘူး၊ ဖေဖေလုံးဝမတားမြစ်
လူပဲနဲ့လုံးသားရှိကြတာပဲ၊ ဖေဖေ ကိုယ်ချင်းစာပါတယ်၊ ဒါပေ
မင်းရဲ့ဘဝရပ်တည်ရေးအတွက် အလုပ်ပြန်လုပ်သင့်တယ်၊ အဲဒီအလ
က မင်းရဲ့စိတ်တည်ငြိမ်မှုကို ပေးလိမ့်မယ်၊ ပြီးတော့ မင်းရဲ့ခံစား
တွေကိုသက်သာလျော့ပါးသွားလိမ့်မယ်လို့ ဖေဖေထင်ပါတယ် "

" ဖေဖေပြောတာတွေကိုကျွန်တော်နားလည်ပါတယ်၊ ကျွ
တော် ဟိုအထဲမှာကတည်းကအစွမ်းကုန်ခံစားခဲ့ပြီးပါပြီ၊ ကျွန်တေ
ဒီထက်ပိုပြီးသူ့အတွက်ဘာမှလုပ်မပေးနိုင်တော့ပါဘူး၊ ကျွန်တေ
ဒီအတိုင်းထိုင်ပြီး သူ့ကိုသတိရနေလို့မဖြစ်ဘူးဆိုတာ ကျွန်တော်သိ
တယ် ကျွန်တော့်ရဲ့အသက်ရှင်ရပ်တည်မှုအတွက် အလုပ်လုပ်မှ
သူ့ကို သတိရရင်လည်းပဲ အလုပ် လုပ်ရင်းကပဲ သတိရပါတေ





ယ်.... "

" ဖေဖေဆိုလိုချင်တဲ့အဓိပ္ပါယ်ကအဲဒါပါပဲ၊ ကဲ ဘာလုပ်ချင်သလဲ၊ ဖေဖေ့ကိုပြောပါ "

"ကျွန်တော်အရင်ကအလုပ်ပဲပြန်လုပ်ချင်ပါတယ်"

"အော် ,, ကိုဖေခင်တို့ဆီမှာပြန်လုပ်ချင်တာလား၊ ကောင်းပါတယ်၊ သားသူ့ကိုဆက်သွယ်ကြည့်ပေါ့၊ အဆင်ပြေလိမ့်မယ် ထင်ပါတယ်"

ကိုဖေခင်ဟုဖေဖေပြောသောသူသည် ဖေဖေ၏မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ဖြစ်ပြီး လျှပ်စစ်စက်ပစ္စည်းနှင့် ပတ်သက်၍ ကျွမ်းကျင်သူ့အင်ဂျင်နီယာတစ်ယောက်ဖြစ်သည်။ ဦးဖေခင် တည်ထောင်ထားသည့် အလုပ်ရုံတွင် သူဘွဲ့ရပြီးကတည်းက တစိုက်မတ်မတ် ဝင်လုပ်ခဲ့ပါသည်။ ယခုတော့ နှစ်ကာလအတန်ကြာ အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။

" ကျွန်တော်သူ့အလုပ်ရုံကိုဖုန်းဆက်ပြီး မေးကြည့်အုံးမယ်... ဖေဖေ "

ဖေဖေကသူ့အားခေါင်းညိတ်ပြသည်။

သူသည်ဖုန်းရှိရာသို့သွားပြီးကောက်ကိုင်လိုက်၏။

*********



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ဦးဖေခင်သည် သူ့အားဝမ်းမြောက်ဝမ်းသာနှင့်ပင် ဖိတ်ခေါ်၍ အလုပ်ကိုပြန်ပေးသည်။ ယခုချက်ချင်းသူ၏အလုပ်ရုံသို့ လာရောက်ရန် ပြောဆိုသည်။ ထို့ကြောင့်နှစ်အတန်ကြာကင်းကွာနေခဲ့ရသည့် နေရာသို့ပြန်လည်ရောက်ရှိလာခဲ့သည်။

လူသစ်အချို့က သူ့ကို မသိကြသော်လည်း၊ လူဟောင်းများကတော့ ခင်မင်ရင်းနှီးစွာလာရောက်၍နှုတ်ဆက်ကြသည်။ သူ့တို့ကြားသိခဲ့ရသည့်သတင်းဆိုးကိုလည်းမေးမြန်းကြသည်။

ဦးဖေခင်ကတော့ သူ့အဖြစ်ကို

"ကံအကြောင်းမလှလို့ ဖြစ်ရတာ၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာမရှိဘူး၊ ကိုယ့်ကိုယ်ကိုလည်း အပြစ်မတင်နဲ့" ဟုနှစ်သိမ့်စကားပြောသည်။ ထို့နောက် အချိန်နှင့်အမျှပြောင်းလဲနေသည့် နည်းပညာကြောင့် အသစ်ရောက်ရှိလာသည့်ပစ္စည်းများကို နားလည်ဖို့ ကြိုးစားရလိမ့်မည် ဟု ရှင်းပြသည်။

စားပွဲပေါ်ရောက်ရှိနေသည့်နောက်ဆုံးပေါ် ကွန်ပျူတာတစ်လုံးကိုစတင်၍ ပြင်ဆင်ရန်သူကြိုးစားနေမိသည်။

* * * * * * * * * *



(၂၂)

ပထမဆုံး ခံစားခွင့်ရသည့် တနင်္ဂနွေ အားလပ်ရက် တွင် အလုပ် နှင့်ပတ်သက်သည့်စာအုပ် စာတမ်းတချို့ဝယ် ယူရန် မြို့ထဲသို့ ထွက် လာခဲ့သည်။ သူ သည် ယခင် ကလို ဦး တည်ရာမဲ့နေ သည့် သူတစ် ယောက်မဟုတ်တော့။ အလုပ် နှင့်ပတ်သက်ပြီး သူ့ တွင်တွေးတော စဉ်းစားနေရပြီ ဖြစ် သည်။

သို့ရာတွင် သန္တာဖြူ ၏အကြောင်းကိုတော့ မေ့ပျောက်၍ ရပါ။ အထူး သဖြင့်ညီမ ဖြစ်သူ အ ပေါ် တွင် ထားရှိ ခဲ့သည့် သန္တာဖြူ၏ စိတ် ဆန္ဒ ကို သံ မှို နှင့်ရိုက် စွဲ ထားသကဲ့ သို့အမှတ် ရနေပြီး ထိုအဝန်ကိုတစ်နည်းနည်းနှင့်ကျေပွန်အောင် ထမ်းရွက် ချင် နေ သည်။ သို့သော်လည်း သန္တာဖြူ ၏ ညီမသည် မည်သည့်အရပ်တွင် နေထိုင်ပြီး မည်ကဲ့ သို့ဖြစ်နေသည် ကိုမှ မသိရသေးချေ။ ဤ အချက်က သူ ၏ ရင် တွင် ဆူးစူး နေ သကဲ့သို့ ခံ စားရ ၏။

ကျော် လွင် ဆီ ဖုန်းဆက် ၍ မေးမြန်း ကြည့်ပေမယ့်မည်သည့် သတင်း မျှ မရပါ။ ကောက်ရိုးပုံထဲ ကျ ပျောက် သွားတဲ့ အပ်ကို ရှာဖွေနေ သကဲ့သို့ ဖြစ်နေသည်။ လောလောဆယ်တွင် သူလည်းမည်သို့မျှ မတတ်နိုင်ပါ။ သတင်းတစ်စွန်းတစ်စ ကြားရ နိုး နိုးစောင့်ကြည့် နေရ



www.burmeseclassic.com

www.burmeseclassic.com

သည်။

လိုအပ်သည့်စာအုပ်အချို့ဝယ်ယူပြီးသည့်နောက် အိမ်ကို လည်း မပြန်ချင်သေးသဖြင့်အေးအေးဆေးဆေးထိုင်၍ ကောင်းမည့် ကော်ဖီဆိုင် ဖုယ်တစ်ဆိုင်ဆီသို့ ခြေဦးလှည့်လိုက်သည်။

အတွင်းဖက်ကျကျစားပွဲတွင်နေရာယူပြီး လက်ဖက်ရည် တစ်ခွက်မှာယူထားလိုက်သည်။ထို့နောက်ဆိုင်အတွင်းရှိလူများကို တစ်ချက်မျက်စိကစားကြည့်ရှုလိုက်ပြီး ဆိုင်၏ဝင်ပေါက်ဖက်သို့ပြန်၍ မျက်နှာမူလိုက်သည်။

ကျောပိုးအိတ်ကိုလွယ်ထားသည့် မိန်းကလေး တစ်ယောက် သည်ဆိုင်ထဲသို့ဝင်ရောက်လာပြီး တစ်ခဏရပ်တန့်ကာ ထိုင်နေကြ သည့် လူများကိုဝေ့၍ကြည့်သည်။ သူမသည် သူနှင့်စူပါမားကတ်တစ်ခု ၏ အောက်တွင် တွေ့ဆုံခဲ့ဖူးသည့်မိန်းခလေးဖြစ်နေသည်။

ဝင်းသိန်းဦး ၏စားသောက်ဆိုင်တွင် တစ်ခါထပ်ပြီးတွေ့ခဲ့ သေးသည်။ သူမသည်သီချင်းဆိုကောင်းသည့် မိန်းကလေး တစ် ယောက် ဟု အသိအမှတ်ပြုခဲ့မိပါသည်။

အကြည့်ကိုလွှဲဖယ်ဖို့ကြိုးစားစဉ် သူမသည် သူ့ကိုမြင်တွေ့ သွားကာ သူ၏စားပွဲဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူမ၏ မျက်နှာတွင်အရယ်အပြုံးမရှိပေမဲ့ ခင်မင်ရင်းနှီးသည့်အသွင်မျိုး ရှိနေသည်။ အနည်းငယ်မျှတွန့်ဆုတ်တွေဝေနေခြင်း မရှိဘဲ သူ၏ ရှေ့တွင် ရပ်တန့်လိုက်သည်။ ထို့နောက်





" ဒီနေရာလူရှိလား၊ လူမရှိဘူးဆိုရင် ကျွန်မ ထိုင်မယ် နော်...."

ဟုပြောလာသဖြင့် သူယောင်ယမ်း၍ခေါင်းညိတ် ပြလိုက် သည်။ သူမသည်ကျောပိုးအိတ်ကိုချွတ်ပြီးစာပွဲပေါ်တင်လိုက်သည်။

" အစ်ကိုက ဆရာ ဦးဝင်းသိန်းဦးရဲ့သူငယ်ချင်းတစ်ယောက်၊ ဟိုတော့ တစ်နေ့တုန်းကစူပါမားကတ်အောက်မှာ ကျွန်မကို အကူအညီ ပေးခဲ့ဘူး ပါတယ်၊ ကျွန်မကိုမသိဘူးလို့တော့ အစ်ကို မငြင်းနဲ့နော် ..."

တကယ့်ကို တိတိကျကျပြောဆိုနေခြင်းဖြစ်သည်။ တဆက် တည်းပင် သူမကိုမသိချင်ဟန်ဆောင်မနေဖို့သတိပေးနေသဖြင့် သူမ အပြောအဆိုနှင့် အမူအရာကိုသူသဘောကျပြီး မပြုံးဘဲ မနေနိုင် အောင် ဖြစ်မိသည်။

" နေစမ်းပါအုံး၊ မင်းကဘာကြောင့်ဒီစကားပြောရတာလဲ"

" ဟိုတစ်နေ့ကကျွန်မတို့စားသောက်ဆိုင်မှာတွေ့ကြပါ သေးတယ်၊ အဲဒီတုန်းက အစ်ကို့ကို ကျေးဇူးတင်စကားပြောမလို့ ရည်ရွယ်ခဲ့သေးတယ်၊ ဒါပေမဲ့ အစ်ကိုကမသိသလိုနဲ့ နှုတ်ဆက်ရယ်ပြုံး ပါ တောင်မရပါဘူး "

"မင်းထင်သလိုမဟုတ်ပါဘူးကွာ၊ ငါမင်းကိုသိပါတယ်၊ ဒါပေမဲ့ မင်းတို့ကသူငယ်ချင်းအုပ်စုတွေနဲ့မဟုတ်လား၊ ပြီးတော့အလှမ်း ကလည်းဝေးလွန်းနေတယ်၊ အဲဒါကြောင့် လှမ်းပြီးနှုတ်မဆက် ဖြစ် တာပါ" ဟု သူကဖြေရှင်းချက်ပေးလိုက်သည်။ သူမကတော့ ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

လက်ခံနိုင်ပုံမရပါ။

" မိန်းကလေးတွေနဲ့ပတ်သက်ရင် တမင်သွေးကြီးနေ
မဟုတ်ပါဘူးနော်..."

" အဲဒီစိတ်တော့တို့မှာမရှိပါဘူး၊ ဒါပေမဲ့တစ်ခါကူညီပေး
တစ်သက်လုံးကျေးဇူးတင်မခံချင်ပါဘူး.."

"ကျွမ တစ်ကြိမ်တစ်ခါမှ ကျေးဇူးတင်စကားတောင် ရေ
ရာရာမပြောရသေးပါဘူး၊ သူတစ်ဖက်သားကို ကျေးဇူးကန်းတတ်
သူလို ဆက်ဆံတာတော့ ကျွမ မကြိုက်ဘူး"

" အဲဒီလိုအဓိပ္ပါယ်သက်ရောက်သွားတယ်ဆိုရင်တေ
တို့တောင်းပန်တယ်၊ ကဲ ...မင်းကျေးဇူးတင်တဲ့စကားပြောချင်ပြေ
တော့ တို့နားထောင်ပေးမယ် "

သူမကျေနပ်အောင် ပြေရာပြေကြောင်း လိုက်လျှောလို
တော့ မှ မကျေမနပ်နှင့်နှုတ်ခမ်းကိုယောင်ယောင်လေးစူပုတ်ပြီး

"ဟင့်အင်း.. ဘာမှမပြောတော့ဘူး" ဟုတုံးတိတိကြီးပြေ
တော့သည်။

သူမသည်ရိုးသားပွင့်လင်းမှုရှိသည်။ ထို့အပြင်ဟိုးအစ
ကတည်းက ခင်မင်ရင်းနှီးသူတစ်ယောက်ကဲ့သို့ပြောဆိုဆက်ဆံ
သည်။ ဤသည်မှာတစ်စုံတစ်ခုသောအကြောင်းကြောင့် သူ့အပေါ်တွ
စိတ်ချ ယုံကြည်မှုရှိခြင်းကိုပြသနေပါသည်။

သူကိုယ်နှိုက်ကလည်း သူမစိတ်ဆိုးပြီး ဘုတောလိုက်ခြ





အပေါ်တွင်နားကျင့်ထိခိုက်မှု အလျှင်းမရှိဘဲနှစ်သက် သဘောကျ၍ပင်
ရယ်ပြုံးမိသည်။

စားပွဲထိုးရောက်လာသဖြင့် "ဘာသောက်မလဲ"ဟုသူက
မေးလိုက်သည်။သူမက "ကော်ဖီမစ်တစ်ခွက်"ဟု အဖြေပေးသည်။
ထို့နောက်သူမသည်ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး ဆေး သောက်ရန်
ပြင်ဆင်သည်။လေးလုံးတစ်တွဲပါသည့် အအေးမိနာစေး ပျောက်ဆေး
ဖြစ်သည်။

သူမသည် သူ့အကြည့်ကိုသတိထားမိဟန်ဖြင့်ရှင်းပြသည်။

"မနက်ဖက်ကရေချိုးမှားသွားတယ်ထင်တယ်၊ ကျူရှင်
တက်ဖို့ ကားစီးလာရင်း တစ်လမ်းလုံးနှာမွှန်လာခဲ့တာ ဒီရောက်တော့
ဆေးဝယ်ပြီး ကော်ဖီပူပူလေးနဲ့သောက်ရအောင် ဒီဆိုင်ထဲ ဝင်လာ
ခဲ့တာပါ၊ အမြဲတမ်းတော့ ကော်ဖီသောက်လေ့မရှိပါဘူး၊ သူငယ်ချင်းတွေ
နဲ့ တစ်ခါတစ်လေတော့ ဒီဆိုင်မှာဝင်ထိုင်ဖြစ်ပါတယ် "

"မင်းရဲ့ကျူရှင်က ဒီအနီးအနားမှာလား"

" ဟုတ်တယ်၊ ကျွန်မတို့ကျူရှင်ကဒီလမ်းရဲ့တစ်ဖက်မှာပဲ၊
ကျွန်မက အဝေးသင့်တတိယနှစ်တက်နေတာပါ၊ ကျူရှင်ကတစ်ပတ်ကို
သုံးရက် တက်ရတယ်"

"တစ်ဖက်ကကျောင်းတက်ရင်း၊ တစ်ဖက်ကလည်း ကိုယ်
ဝါသနာပါတဲ့ အလုပ်ဖြစ်တဲ့သီချင်းဆိုပြီးကြိုးစားနေတာ တို့ချီးကျူးပါ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွမလိမ်ပြောနေတာမဟုတ်ဘူးနော်....."

"တို့ဘယ်သူ့ကိုမှ အထင်မသေးတတ်ပါဘူး၊ အဲဒီလိုပဲ ဘယ်သူ့ ကိုမှလည်းလွယ်လွယ်နဲ့အထင်မကြီးတတ်ပါဘူး"

"လွယ်လွယ်နဲ့ ကျေးဇူးအတင်မခံတတ်ဘူး ဆိုတာလဲ ထည့်ပြောအုံးလေ"

သူမပြောသည့်အတိုင်း ဟုတ်မှန်နေသဖြင့်ရှက်ပြုံး ပြုံးလိုက်ပါသည်။

"တို့မငြင်းပါဘူး"ဟုဝန်ခံလိုက်သည်။

ဤမိန်းကလေးနှင့်စကားပြောဆိုရခြင်းကြောင့် သူ့စိတ်ထဲတွင် တင်းကျပ်ဖိစီးမှုကိုမခံစားရချေ။ သူမသည် ခင်မင်ရင်းနှီး အောင်ပြောဆိုနေခြင်းဖြစ်သည်ဟုမယူဆမိပါ။ သူမ၏စိတ်အရင်းခံကို နားလည်မိသကဲ့ ထင်မြင်မိသည်။

"အစ်ကိုဘက်က ရင်းနှီးခင်မင်ချင်စိတ်ရှိချင်မှရှိမှာပါ၊ ဒီကောင်မလေးကို နောက်လမ်းမှာတွေ့ရင် မမြင်ချင်ယောင်ဆောင် ချင်လည်း ဆောင်နိုင်ပါတယ်၊ ကျွန်မဘယ်သူပါဆိုတာအစ်ကိုမမေးပေမဲ့ ကိုယ့်ဘာသာ ပဲပြောပါမယ်၊ နားထောင်ပြီးရင်မေ့ချင်လဲမေ့ပစ်လိုက်ပေါ့၊ ကျွန်မကတော့ ကိုယ့်အပေါ်ကူညီခဲ့တဲ့လူတစ်ယောက်အနေနဲ့ မိတ်ဆက်ပြီးပြောပြရမဲ့တာဝန်ဝတ္တရားရှိတယ်လို့ထင်ပါတယ်၊ ကျွန်မရဲ့ နာမည်ကပုလဲဖြူပါ၊-အမေ မွေးကတည်းက ဒီနာမည်တစ်ခုတည်း ရှိပါတယ်၊ ကျွန်မပြောတာကို အစ်ကိုကြားပါတယ်နော်..."





သူ့အသေအချာကြားလိုက်ရပါသည်။ သူမ၏နာမည် သည် သူ၏ချစ်သူ သန္တာဖြူ၏ညီမနာမည်နှင့်တူနေ၏။ ပုလဲဖြူတဲ့လား။

*********

(၂၃)

တစ်ချိန်တုန်းက သန္တာဖြူပြသခဲ့ဘူးသည့်ဓါတ်ပုံထဲမှ သူမ၏ ညီမရုပ် သွင်ကိုသူသေချာစွာ မမှတ်မိတော့ပါ။ မှတ်မိခဲ့ပါလျှင်လည်း ဓါတ်ပုံထဲကရုပ်သွင်နှင့်တူ၊ မတူ မှန်းဆရခက်ပါလိမ့်မည်။

ကြာမြင့်ခဲ့သောအချိန်ကာလနှင့်အတူမျက်နှာအနေထားက ပြောင်းလဲနေမည်မှာ သေချာပါသည်။ သို့ရာတွင် သူမသည် သူ မှတ်သားထားခဲ့သည့် သန္တာဖြူ၏ မျက်နှာသွင်ပြင်နှင့် ဆင်တူ သယောင်ရှိနေသဖြင့်၊ ဘုရားပေါ်တွင်အမှတ်မထင် ဆုံတွေ့ခဲ့သည့် နေ့ကပင် စိတ်ထဲ၌ ဤမျက်နှာမျိုးကိုမြင်ဖူးသယောင် ထင်မိခဲ့သေး သည်။

သို့ရာတွင် လူလောက၌ နာမည်တူများ၊ လူတူများရှိ တတ် သည်။ သန္တာဖြူ၏ညီမဟု တပ်အပ်ပြောဆို၍ မဖြစ်သေးပါ။သူမ၏ ဘဝအကြောင်းကို မေးမြန်းကြည့်မှ အဖြေမှန်ရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူ၏ရင်ထဲမှာတော့ အသေအချာတုန်လှုပ်နေပါပြီ။ သူ မြေလှန်ပြီးရှာဖွေနေသည့်သူသည် ဘွားကနဲ ရှေ့တည့်တည့်တွင် ရောက်နေပြီထင်သည်။ သူသည် စေးကပ်ခြောက်သွေ့သွားသော နှုတ်ခမ်းများကို အားစိုက်၍ ဖွင့်ဟပြီးမေးလိုက်တော့သည်။

" မင်းရဲ့ နာမည်က ပုလဲဖြူ ဟုတ်လား "

" ဟုတ်ပါတယ် ဘာလဲ .. နာမည်ကြားတာနဲ့ အစ်ကိုက ကြောက်သွားလို့လား၊ ကျွန်မရဲ့မှတ်ပုံတင်တွေ ကျောင်းသားကဒ်တွေ ယူကြည့်အုံးမလို့ လား "

သူ လျှင်မြန်စွာ ခေါင်း ခါယမ်းလိုက်ပြီး၊

" မင်းကိုမယုံကြည်လို့မဟုတ်ဘူး၊ ဒီနာမည်ကို တို့ ကြားဘူးသလို ရှိနေလို့ပါ။ တို့ကိုမေးမြန်းစပ်စုတတ်တဲ့လူလို့တော့ မထင်စေချင်ဘူး တို့သိချင်တာလေး ရှိလို့ မေးပါရစေ .. ပုလဲဖြူ "

" အစ်ကိုသိချင်တာရှိရင်မေးပါ။ ဒါပေမဲ့ တစ်ဖက်သတ် အင်တာဗျူး လုပ်သလိုတော့မမေးရဘူး၊ တစ်ယောက်တစ်လှည့်ပဲ ကျွန်မ သိချင်တာရှိရင်လည်းမေးမှာပဲ " ဟု သူမက ရယ်ရယ်မောမော နှင့် ပြန်ပြော သည်။ သူမရယ်နိုင်ပါ။ သူ့ရင်ထဲတွင် စိုးရိမ်စိတ်ကြောင့် တဒိတ်ဒိတ် လှုပ်ရှားနေသည်။

" ပုလဲဖြူက မိဘတွေနဲ့ အတူနေတာလား .. "

" ဟင့်အင်း .. ကျွန်မက ဒေါ်လေးတို့နဲ့နေတယ် "

" ပုလဲဖြူရဲ့ မိဘတွေက ဘယ်မှာနေကြတာလဲ .. "





" ကျွန်မရဲ့ မိဘတွေက ကျွန်မငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြပါပြီ၊ ကျွန်မသေသေချာချာတောင်မမှတ်မိတော့ပါဘူး .. "

" ညီအစ်ကိုမောင်နှမတွေကောမရှိဘူးလား "

" ဟင့်အင်း .. ၊ လောလောဆယ်ဒီလောကထဲမှာ ပုလဲ တစ်ယောက်တည်းပဲ ရှိတယ် "

သူမကိုယ်သူမ ပုလဲဟုသုံးနှုန်းလိုက်ခြင်းကိုသတိထားမိသည်။ အချက်အလက်များကတော့ သူရှာဖွေနေသည့် မိန်းကလေးနှင့်အလွန်နီးစပ်နေပြီဖြစ်သည်။ သူ့အနေနှင့်အရေးအကြီးဆုံး အချက် တစ်ခုကိုသာ မေးရန်ကျန်တော့သည်။ သွယ်ဝိုက်၍မေးရန် မကြိုးစား တော့ပဲ ဒဲ့ဒိုး မေးချလိုက်သည်။

" ပုလဲမှာ အစ်မတစ်ယောက်ရှိခဲ့ဘူးသလား "

သူမသည် အံ့အားတသင့်နှင့် " ရှင် .. " ဟုရေရွတ်လိုက်သည်။ သူမမျက်နှာသည် ညှိုးရီဝေသွားသည်ဟုထင်၏။

" တို့မေးတာက ပုလဲမှာ လွန်ခဲ့တဲ့ သုံး လေးနှစ်လောက်က အစ်မ တစ်ယောက် ရှိခဲ့ဖူးသလားဆိုတာပါ "

သူ၏အမေးကို ချက်ချင်းအဖြေမပေးပဲဇဝေဇဝါနှင့် ကြည့်နေသည်။ အနည်းငယ်သံသယဝင်နေဟန်တူသည်။ သူမတို့နှင့် တစ်နည်းနည်းဖြင့်ပတ်သက်နေသူ ဖြစ်လိမ့်မည်ဟု တွေးနေဟန် တူသည်။

" အစ်ကိုက ပုလဲရဲ့ အစ်မကိုသိနေလို့လား .. "

" နာမည်သိရင်တော့ တို့ပြောပြနိုင်လိမ့်မယ် ထင်ပါတယ် "



www.burmeseclassic.com

www.burmeseclassic.com



" မမရဲ့နာမည်က သန္တာဖြူပါ အစ်ကို "

ဤနာမည်ကိုကြားသည်နှင့် မျက်နှာပျက်ယွင်းမသွားအောင် ကြိုးစား၍ထိန်းသိမ်းပါသော်လည်း အောင်မြင်လိမ့်မည်ဟုမထင်ပါ။ ရင်အစုံသည် အံ့ဩခြင်းနှင့်အတူ တစ်စစီပေါက်ကွဲသွားပြီထင်၏။

သန္တာဖြူသိပ်ချစ်ခဲ့သောညီမကို သူ မျက်နှာချင်း တွေ့နေရပါပြီ။ ဤသည်မှာ သူ့အတွက် ဝမ်းသာကျေနပ်စရာဖြစ်သည်။

" အစ်ကိုက ပုလဲရဲ့မမကိုသိတယ် မဟုတ်လား၊ ဒါနဲ့အစ်ကိုက ဘယ်သူလဲ ၊ မမရဲ့ သူငယ်ချင်းတစ်ယောက်ပဲလား "

ဟု သူမက သိချင်ဇောနှင့် အသည်းအသန် မေးသည်။

ဟုတ်ပါသည်။ သူသည် ပုလဲဖြူမမ၏သူငယ်ချင်း တစ်ယောက်ပါဟု ပြောချင်သည်။ သူ၏နာမည်ကိုလည်း ကျော်လွင် ဖြစ်သည်ဟု လိမ်ညာပြီးပြောချင်သည်။ သို့ပေမဲ့ သူ၏နှုတ်ခမ်းများသည် စေးကပ်ပြီး ပိတ်ဆို့နေသည်။

ပုလဲတစ်လုံးလိုဖြူစင်သည့်သူမကိုသူလိမ်ညာပြီးပြောသင့်ပါသလား။ အတိတ်ကစွန်းထင်းခဲ့သည့် အမည်းစက်သည်သူ့အား ခြောက်လှန့် ၍နေသည်။ သူ့အနေနှင့် စက္ကန့်ပိုင်းအတွင်း လျှင်မြန်စွာ ဆုံးဖြတ်ချက် ချလိုက်ရတော့မည်။

သူသည် လူသတ်သမားတစ်ယောက်၊ သူ့ကြောင့်သန္တာဖြူ သေဆုံးခဲ့ရသည်ဟု သူမ၏မိသားစုအသိုင်းအဝိုင်း က ခိုင်မာစွာမှတ်ချက် ထားခဲ့သည်။ ထို့ကြောင့် အလွန်နာကျဉ်းမုန်းတီး ခဲ့သည်။ ထိုအထဲတွင်





အထိခိုက် ခံစားရဆုံးသည်သန္တာဖြူ၏ညီမပဲ ဖြစ်ပါလိမ့်မည်။

သူ မည်သူမည်ဝါဖြစ်ပါသည်ဟုပြောပြလိုက်သည်နှင့် ပုလဲဖြူထံမှ ခါးသီးပြင်းထန်လှသော အမုန်းအမျက်များကို ရင်ဆိုင်ရလိမ့်မည်ထင်သည်။ နောက်တစ်နည်းအားဖြင့် သူ၏နာမည်မှန်ကို မပြောဆိုဘဲ သူမ၏ခင်မင်ရင်းနှီးမှုကိုရအောင်ယူနိုင်ပါသည်။ ခင်မင်မှု ကာလရှည်ကြာအောင် ကြိုးစားရင်းတစ်ဖက်တစ်လမ်းက သူမကိုအကူအညီများ ပေးရင်းကျေးဇူးတင်ရမည့်လူတစ်ဦးအဖြစ်သို့ ရယူနိုင်ပါသည်။ ကျေးဇူးတရားများနှင့်အခိုင်အမာနှောင်ဖွဲ့ ပြီးတော့မှ တစ်နေ့နေ့တွင် မမျှော်လင့်ဘဲ သူ၏ဘဝမှန်ကို သိရှိသွားကာ အမုန်းရခက်ပြီး တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်သွားကြသတည်းဟူသော လှပသည့်ဇာတ်လမ်းတစ် ပုဒ်ကို ဖန်တီးနိုင်ပါသည်။

သို့သော်ငြားလည်း ထိုကဲ့သို့ ဟန်ဆောင်လိမ်ညာရန် ရည်ရွယ်ချက် မရှိခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ မရည်ရွယ်ခဲ့သော်လည်း ကံကြမ္မာကသူ့အားလူလိမ်လူညာ တစ်ယောက်အဖြစ်တံဆိပ်ကပ်ပါဟု မပြောနိုင်ချေ။ လောကသည် ကြံစည်တိုင်းဖြစ်တတ်သည့် လောကမဟုတ်။ မကြံစည်ဘဲနှင့် ဖြစ်ချင်တတ်သည့် လောက ဖြစ်သည်။ သို့ရာတွင် အမှန်တရားဟူသည် တစ်နေ့တစ်ရက်၌ ပေါ်လာရစမြဲဟု ယုံကြည်ပါသည်။ ထိုနေ့သည် မည်သည့်နေ့ဖြစ်မည်ဟူ၍တော့ သူမသိပါ။

တစ်ကမ္ဘာခြားလျှင်လည်း ခြားပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သူတွေးတောနေ စဉ်၊

" ပုလဲကိုမေးတုန်းကမေးပြီး ကိုယ့်အလှည့်ကျတော့မပြောချင်တော့ဘူးလား၊ ပုလဲရဲ့မမနှင့်အစ်ကိုက ဘယ်လိုသိခဲ့ကြတာလည်း၊ အစ်ကိုတို့ အကြောင်းတွေကို ပုလဲကို ပြန်ပြောပြပါလား၊ ပုလဲသိချင်လို့ပါ"

ဟု သူမက စိတ်မရှည်နိုင်သည့်အမူအရာဖြင့် မေးလိုက်သည်။ သူသည် သူမ၏ မျက်နှာကိုမကြည့်တော့ဘဲ စားပွဲကို ငေးစိုက်ကြည့်ရင်း ..

" တို့မင်းကိုမလိမ်ညာချင်ပါဘူး၊ ပုလဲရဲ့မမကို တို့ရင်းရင်းနှီးနှီးသိကျွမ်းခဲ့ဘူးပါတယ်။ ဒါပေမဲ့ ပုလဲကို တစ်ခုခုတော့ကြိုတင်ပြီး ရှင်းပြထားချင်ပါတယ် "

" ဘာများရှင်းပြထားစရာ ရှိသေးလို့လဲ "

" တကယ်ရှိလို့ပါ၊ ပုလဲဟာ အချစ်အကြောင်းကို နားလည်ချင်မှ နားလည်လိမ့်မယ်၊ နားလည်တယ်ဆိုရင်တော့ တို့ပြောတာကို သဘော ပေါက်မှာပါ၊ အမှန်တကယ်အချစ်စစ်နဲ့ ချစ်ကြတဲ့ချစ်သူချင်းတစ်ယောက်အပေါ်တစ်ယောက် ဘယ်တော့မှ အန္တရာယ်မပေး ကြပါဘူး။ အန္တရာယ်လဲမကျရောက်စေချင်ကြပါဘူး။ ကိုယ်ချစ်ရတဲ့သူ ခလုတ်မထိဆူးမငြိမှာကိုပဲ တောင့်တတတ်ကြပါတယ်။ တို့ရဲ့အချစ်ဟာ အဲဒီလောက်အထိတော့ ရှိခဲ့ပါတယ်။ တို့ရဲ့အချစ်ကို ဝန္တဝင်မြောက် အချစ်တစ်ခုလို့တော့ အမွှန်းမတင်ချင်ပါဘူး "





သူမသည်မျက်မှောင်အနည်းကျုံ့ထားပြီး ..

" အစ်ကိုပြောနေတာတွေ ပုလဲနားမလည်ဘူး "

ဟုပြောသည်။

" တို့ရဲ့အချစ်ဟာ ဒဏ္ဍာရီပုံပြင်တွေထဲက အချစ်တွေလောက်ကြီးကျယ်၊ မခမ်းနားပေမဲ့ သိပ်ပြီးမနိမ့်ကျဘူးဆိုတာ ပြောပြနေတာ ဘာကြောင့်လဲဆိုတော့ တို့ဟာ ပုလဲရဲ့မမသန္တာဖြူရဲ့ချစ်သူဖြစ်ခဲ့ပါ"

သူမ လုံးဝဟန်မဆောင်နိုင်တော့ပဲ အံ့အားသင့်စွာဖြင့်

" ရှင်.. " ဟု ရေရွတ်လိုက်သည်။

" တို့ရဲ့နာမည်က ညီဇော်မင်းပါ.. ပုလဲ "

* * * * * * * * * *

(၂၄)

ပုလဲဖြူသည်မိမိ၏အိပ်ခန်းကုတင်ပေါ်တွင်လဲလျောင်းနေသည်။ ရာတွင်ငြိမ်သက်နေနိုင်ခြင်းမရှိနိုင်ဘဲဘယ်ညာလူးလိမ့်နေသည်။ သူမ မည်သို့မျှမမျှော်လင့်ထားခဲ့သည့် အဖြစ်အပျက်၊ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် အပူပြင်းဆုံး မီးတောက်များက လောင်ကျွမ်းနေသကဲ့ အခံရခက်လှ သည်။

ကျူးရှင်မတက်ဖြစ်တော့ပဲ တက္ကစီငှားကာအိမ်သို့တန်းပြ သဖြင့် ဒေါ်လေးဖြစ်သူဒေါ်အေးအေးမြင့် ကစိုးရိမ်ပူပင်စွာဖြင့် ကြို၍ မေးသည်။ သူမသည် အဖြစ်မှန်ကိုမပြောချင်ပဲခေါင်းမူး ပြန်လာခြင်း ဖြစ်ကြောင်းလိမ်ညာ၍ဖြေလိုက်သည်။ ထိုအခါတွ ဒေါ်အေးအေးမြင့် ပြာပြာသလဲဖြစ်သွားပြီး " ဆေးခန်းသွားကြ ကောင်းမယ်၊ ဒေါ်လေးလည်း ဘာမှမလုပ် တတ်ဘူး၊ တော်ကြာမူး သွားရင်ခက်လိမ့်မယ် .. "

"ဆေးခန်းသွားပြစရာတော့မလိုပါဘူး၊ ဗိုက်ထဲမှာ အစ မကြေလို့ လေဖြစ်ပြီးမူးတာပဲဖြစ်မယ်၊ ခဏတဖြုတ်လှဲနေလိုက် ကောင်းသွားမှာ ပါ။"

" ပုလဲသဘောပဲလေ၊ ခေါင်းကအရမ်းမူးတာမဟုတ်ဘူ ဆိုရင်တော့ အစာကျေဆေးစားပြီး၊ ပရုပ်ဆီလိမ်းလိုက်ပေါ့၊ ခဏ တဖြုတ် အိပ်ယာထဲလှဲနေလို့သက်သာရင်တော့ ဒေါ်လေးကို သ ပေးနော်၊"

ဒေါ်အေးအေးမြင့်၏ အစီအစဉ်ကိုတော့ သူမ .. ငြင်းဆန် မဖြစ်ပါ။ မည်သည့်ဆေးမှ မသောက်ပဲနေရင်တော့ မယုံသင်္ကာဖြစ် ပါသည်။ ထို့ကြောင့် ဒေါ်အေးအေးမြင့် လုပ်ကိုင်ပေး ခြင်းကိုငြိမ် နေလိုက်သည်။ အိပ်ယာတွင် လဲလျောင်းရင်း ခဏတဖြုတ် မှိန်းနေ





ိုက်ရသည်။

ဒေါ်အေးအေးမြင့် အခန်းပြင်သို့ထွက်သွားတော့မှ သူမ၏ က်ဝန်းအစုံတွင် ပူလောင်သည့်မျက်ရည်စများ ရစ်ဝိုင်း၍လာပါ သည်။

" တို့ရဲ့နာမည်က ညီဇော်မင်းပါ.. ပုလဲ "

ဟူ သည့်စကားက သူမ၏ နားစည်ထဲတွင် မိုးကြိုး ပစ်ချခံရ သကဲ့သို့ မြည်းဟည်းတုန်ခါသွားသည်။

ထိုအခိုက်အတန့်၌ သူမ၏ အမြင်အာရုံတို့သည်လည်းမိုးမှောင် ျသကဲ့သို့ မှုန်ဝါးသွားသည်။ ရုတ်တရက်ဘာလုပ်ရမှန်းမသိအောင် ဖြစ် သွားသည်။

သူမ၏ရှေ့တည့်တည့်တွင် ရှိနေသည့် လူကို သူမအမှန်းတီး းလူတစ်ယောက်ဖြစ်သည့် ညီဇော်မင်း ဟု ယုံကြည်လက်ခံ၍မရနိုင် အောင် ဖြစ်နေမိသည်။ သူမသည် ညီဇော်မင်းဆိုသည့်နာမည်ကို ာကြားဖူး ပါသည်။ လူကိုတော့တစ်ခါမှ မတွေ့မြင်ဘူးချေ။

မမသေဆုံးစဉ်ကာလက သူမမြင်မက်ခဲ့သည့် ခြောက်ခြားဖွယ် ိပ်မက်များထဲမှ လူပုံသဏ္ဍာန်သည် ဤပုံစံမျိုးတော့မဟုတ်ပါ။ ကယ့်ကို ကြောက်ကျစ်စဉ်းလဲသည့်မျက်နှာမျိုးဖြစ်သည်။ ပ်ရှင်ဗီဒီယိုထဲက လူကြမ်းတစ်ယောက်၏ အသွင်အပြင်မျိုး ဖြစ် သည်။

ပြီးတော့ ဤသို့သောလူတစ်ယောက်နှင့်ဒီတစ်သက်တွင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံရလိမ့်မည်ဟုလည်း မယုံကြည်ခဲ့ပါ။ ထိုလူကို မြင်တွေ့လိုစိတ် လုံးဝ ကင်းမဲ့နေခဲ့ပါသည်။ ကိုယ့်ဘဝခရီးလမ်းကို ကိုယ့်ဘာသာ လျှောက်လှမ်းရင်း အေးချမ်းစွာကုန်ဆုံးသွားမည်ဟု ယူဆထားခဲ့သည်။

ယခုတော့ထိုလူနှင့် ပြန်တွေ့ရရုံသာမက ထိုလူသည် မိမိ နှလုံးသားထဲအထိဝင်ရောက်၍ ရင်ခုန်ခြင်းကို စိုးမိုးနေသူဖြစ်နေခြင်း မှာ အံ့သြတုန်လှုပ်ဖို့ကောင်းတော့သည်။

သူမသည် ယုံကြည်လက်ခံရန်ခက်ခဲနေသည့်အတွက် သေချာ အောင် ထပ်မေးမိသည်။

"အမှန်တကယ်ပြောနေတာလား ဒါမှမဟုတ် ကျွန်မရဲ့ အကြောင်းတွေကိုသိထားလို့ တမင်နောက်ပြောင်ပြီးပြောလိုက် တာလား၊ ကျွန်မကတော့ ဘယ်လိုမှ လက်ခံယုံကြည်လို့မရတော့ဘူး"

"တို့ ပုလဲ နဲ့ ဒီလိုမမျှော်လင့်ပဲ တွေ့လိမ့်မယ်လို့မထင်ခဲ့ဘူး ပုလဲကိုတို့အသည်းအသန်လိုက်ပြီး ရှာရလိမ့်မယ်လို့ထင်ထားခဲ့တယ်"

"ရှင်က ကျွန်မကိုလိုက်ရှာနေတယ် ဟုတ်လား . ."

သူမပြောနေသည့်နာမ်စားများ အသုံးအနှုန်းပြောင်းလ သွားသည်။ သူမကိုသူမပုလဲဟုမပြောဆိုတော့၊ သူ့ကိုလည်းရှင်ဟုရည် ညွှန်းပြော ဆိုလိုက်သည်။

"ဟုတ်တယ် . . ၊ တို့ထောင်ကလွတ်တာနဲ့ ပထမဦးဆုံးပုလဲ ကိုလိုက်ရှာခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ တို့နှစ်ယောက်ရဲ့ အကြောင်းတွေကိုပုလဲနားလည်အောင်ရှင်းပြချင်လို့ဘဲ၊ ပြီးတော့ပုလဲ





အပေါ် သူဘယ်လိုဆန္ဒတွေရှိခဲ့တယ်ဆိုတာပြောပြချင်တယ် . ."

သူမသည်သည်းမခံတော့ဘဲထိုင်နေရာမှဝုန်းကနဲထရပ်လိုက်သည်။

"ဒီမယ် ကိုညီဇော်မင်း ဒီအကြောင်းတွေကို ကျွန်မကြားလဲ မကြားချင်ဘူး၊ သိလည်းမသိချင်ဘူး၊ အစောကြီးထဲကရှင်ဟာ ညီဇော်မင်းပါလို့ ကျွန်မသိခဲ့ရင် ရှင်ရဲ့အကူအညီကို လုံးဝမယူခဲ့ပါဘူး၊ ရှင့်ကိုလည်း ကျေးဇူးတင်နေမှာမဟုတ်ဘူး၊ အခုလိုအသိအကျွမ်းဖွဲ့ဖို့ ဆိုတာတော့ ဝေလာဝေးပဲ"

"ပုလဲကြိုက်သလို ပြောဆိုနိုင်ပါတယ်၊ တို့ လုံးဝမငြင်းဆန်ဘဲ နားထောင်ပေးပါမယ်၊ ဒီလိုပဲ တို့ရှင်းပြတာကိုလည်း ပုလဲ နည်းနည်း သည်းခံပြီး နားထောင်ပေးပါလို့ အနူးအညွတ်တောင်းပန်ပါရစေ . ."

"ဟင့်အင်း၊ ရှင်လိုလူမျိုးကို ကျွန်မဘာမှပြောစရာစကားမရှိဘူး၊ ကိုယ့်ပါးစပ်ကိုတောင်သနားတယ်"

သူမကျောပိုးအိတ်ကိုဆွဲယူလိုက်စဉ် သူထ၍ရပ်လိုက်သည်။ သူမ၏ နောက်သို့လိုက်လာမည်ဟန်ပန်ကို မြင်လိုက်ရသဖြင့်

"ဒါကဘာသဘောလည်း၊ ကျွန်မနောက်ကိုလိုက်မလို့လား၊ ဒါမှမဟုတ်တားဆီးမလို့လား၊ ရှင်သတ္တိရှိရင်လိုက်ခဲ့လေ" ဟု အော်ငေါက်လိုက်မိသည်။ ဤနေရာသည် လူသူမရှိသည့်နေရာ တစ်ခုမဟုတ်ပါ။ အနီးဝန်းကျင်စားပွဲတို့၌ စားသောက်နေသူများ ရှိနေသည့် ကော်ဖီဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

ထိုကဲ့သို့သောနေရာမျိုးတွင် သူ့အနေနှင့်မည်သို့မှ ရှင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

ဆန်ခတ်လှုပ်ရှားလိမ့်မည်ဟုမထင်ပါ။ သူမကိုအတင်းအဓမ္မတားဆီး၍ မဖြစ်နိုင်ပါ။ ယခုပင်အချို့သောစားပွဲဝိုင်းများက သူမတို့ကိုမသိမသာ အကဲခတ်၍ကြည့်နေကြပြီဖြစ်သည်။

“ တို့တကယ်တောင်းပန်နေတာပါ”

“ ရှင့်ရဲ့တောင်းပန်မှုကိုကျွန်မ မလိုချင်တော့ဘူး၊ ရှင်ဟာ မမကို သတ်ပစ်ခဲ့တဲ့လူတစ်ယောက်ပဲ၊ ဒီထက်ပိုပြီး ဘာမှ မသိချင်ဘူး၊ ကျွန်မကို တားဆီးဖို့ကြိုးစားရင် ကျွန်မ အော်ပစ်လိုက်မယ်..၊ ရှင်သတ္တိရှိရင် စမ်းကြည့်လေ..”

ထိုသို့ပြောဆိုပြီးသည့်နောက် ဆိုင်အပြင်ဘက်သို့ အလျင်မြန်ဆုံး ပြေးထွက်ခဲ့သည်။ နောက်ဖက်သို့ စိုးရိမ်မှုနှင့် လှည့်ကြည့်မိသည့်အခါ သူ၏ အရိပ်အယောင်ကိုပင်မတွေ့ရချေ။ သို့ရာတွင် သူမသည် စိတ်မအေးနိုင်ဘဲ အိမ်ကိုအမြန်ဆုံးပြန်ဖို့ စဉ်းစားလိုက်သည်။ ကျူရှင်ကို မတက်ချင်တော့။

ထို့ကြောင့် သူမတစ်ကြိမ်တစ်ခါမျှ ငှားမစီးခဲ့ဘူးသည့် တက္ကစီတစ်စီးကို လက်ပြ၍တားလိုက်သည်။ ထို့နောက် ကားသမား ပြောသည့်ဈေးနှုန်းအတိုင်း ခေါင်းညိတ်သဘောတူလိုက်ပြီး အိမ်ပြန်ခဲ့ပါသည်။

ယခုအချိန်တွင် အိပ်ရာပေါ်လဲလျောင်း၍ သူ့အကြောင်းများကို တစ်စိမ့်စိမ့်တွေးတောရင်း ကျောရိုးစိမ့်အောင် ကြောက်လန့်လာပါသည်။





သူသည် ထောင်ထွက်တစ်ယောက်ဖြစ်ပြီး၊ ရူပါမားကတ်အောက်မှာတုန်းက လူနှစ်ယောက်ကို တစ်ယောက်တည်းနှင့် စိန်ခေါ်ခဲ့ဘူးသည်။ ထိုစဉ်ကတော့ အနည်းငယ်မျှကြောက်ရွံ့ခြင်းမရှိသည့် သူ့ပုံစံကိုကြည့်ပြီး သူမအမှန်တကယ်ပင် အထင်ကြီးမိပါသည်။

နောက်တစ်ကြိမ် သူမ သီချင်းဆိုနေသည့်စားသောက်ဆိုင်တွင် တွေ့တုန်းကလည်း အရက်မသောက်သူတစ်ယောက်အဖြစ် လေးစားမိခဲ့သည်။ ယခုတော့ သူ့အပေါ်တွင် အထင်ကြီးလေးစားခဲ့သမျှသည် လေထုထဲတွင် ပျောက်သွားသည့် မီးခိုးကဲ့သို့ ပျောက်ဆုံးခဲ့ပါပြီ။

ထိုသို့တွေးတောနေသည့်အခိုက်အတန့်တွင် တံခါးဘဲလ်မြည်သံကိုကြားလိုက်သည်။ ခဏအကြာတွင် တံခါးဖွင့်ပေးသည့်အသံကိုကြားရသည်။ ညီဇော်မင်းသည် သူမနေထိုင်သည့် တိုက်ခန်းကိုသိရှိပြီး နောက်မှလိုက်လာခြင်းဟုတွေးကာ ကြောက်ရွံ့ခြင်းနှင့်အတူ ရင်ခုန်သွားသည်။ သူမ ပုန်းရှောင်နေရမည်လားဟုစဉ်းစားသည်။ ထို့ကြောင့် အိပ်နေရာမှ လူးလဲ၍ ထထိုင် လိုက်၏။

သို့ရာတွင် ဧည့်ခန်းဘက်မှ ကြားရသည့်စကားသံများကြောင့် သူမ စိတ်သက်သာရာရသွားသည်။

“ ဒေါ်လေး.. ပုလဲရော ဘယ်မှာလဲ၊ ကျွန်တော်ကျူရှင်မှာ မတွေ့ခဲ့ဘူး”

“ အမလေး .. မင်းဟာလည်း မောကြီးပန်းကြီးနဲ့၊ ဖြေးဖြေးသက်သာ လေးမေးလဲရပါတွာယ် .. တင်ထွန်းအောင်ရယ်”


www.burmeseclassic.com

www.burmeseclassic.com



" ပုလဲအိမ်မှာမရှိဘူးလား၊ သူပြန်မရောက်သေးဘူးပေါ့ .."

"ကဲ .. အိမ်ထဲလည်းဝင်ပါအုံး၊ပုလဲအိမ်ပြန်ရောက်နေပြီကွ"

"တကယ်အိမ်ပြန်ရောက်နေပြီနော်၊.. ဒေါ်လေး"

" မင်းကဒေါ်လေးကို မယုံတော့ဘူးလား ၊ ဒေါ်လေးမင်း ဘယ်နှစ်ခါများ လိမ်ပြောဖူးလို့လဲ၊ ပုလဲအိမ်ပြန်ရောက်နေပါပြီ .."

ဟူးကနဲ သက်ပြင်းချသံကို အတိုင်းသား ကြားရသည်။

" ကျူရှင်မှာ ပုလဲကိုမတွေ့တာနဲ့ ဘာများဖြစ်ပြီလဲလို့ ကျ တော် စိုးရိမ်ပူပန်သွားမိတယ်၊ ကျွန်တော်ကို မစောင့်ဘဲ လိုင်းကား သွားရင် တစ်နေရာမှာ တိုက်ခိုက်မိပြီးဆေးရုံ၊ ဆေးခန်းများရောက် ပြီလား၊ ဒါမှမဟုတ် ကားပေါ်မှာမူးမေ့ပြီး လဲကျသွားသလား၊ ကား ဖြတ်ကူးရင်း အက်ဆီးဒင့်ဖြစ်သွားလား အဲဒီလိုတွေးပူပြီး ကျ တောင် မတက်နိုင်ဘဲ ချက်ချင်းအိမ်ကိုလာကြည့်တာ .. " ဟု နေသည့် တင်ထွန်းအောင်၏အသံကို သူမ ကြားလိုက်ရသ တစ်ဆက်တည်းပင် ဒေါ်အေးအေးမြင့် ပြန်ပြော သံကို ကြားရသ

" ပုလဲ ဘာမှမဖြစ်ပါဘူး၊ လမ်းမှာခေါင်းမူးလို့ဆိုပြီးတက ငှားပြီးအိမ်ပြန်လာတယ်၊ အခုတော့ သူ့အခန်းထဲမှာ အိပ်နေတယ်

" တော်သေးတာပေါ့ .. ဒေါ်လေးရယ်၊ သူခေါင်းမူးတယ်ဆို ကျူရှင်မှာ ကျွန်တော့်ကို စောင့်နေလို့ရတာပဲ၊ ကျွန်တော် ကားနဲ့လို ပေးမှာပေါ့၊ အခုတော့ ခေါင်းမူးနေရင်းက ကားငှားစီးရင်း ရောက်လို့ဘယ်ပေါက်မှန်း သူ သတိထားနိုင်ပါ့မလား၊ တော်





မရိုးသားတဲ့ ကားသမားနဲ့ဆိုရင် ဒုက္ခရောက်လိမ့်မယ်၊ ဒီမိန်းကလေး တစ်ခုခု မူးယစ်သောက်စားလာတယ်လို့ထင်ရင်ဘယ်နှယ်လုပ်မလဲ .."

" အမယ်လေး .. မင်းစိုးရိမ်တာက များလိုက်တာကွယ်၊ အမျိုးစုံ နေ တာပဲ၊ ဒေါ်လေးတောင် မစဉ်းစားမိဘူး .."

ထိုအခါ တင်ထွန်းအောင် ရှက်ရှက်နှင့်ရယ်သံကြားရသည်။

" မတော်တဆတစ်ခုခုဖြစ်လာရင် ဘယ်နေရာကစပြီးလိုက်ရှာ ရမယ်ဆိုတာ ကျွန်တော်စဉ်းစားကြည့်တာပေါ့ .. ဒေါ်လေး "

"အေး .. မင်းပြောချင်တယ်ဆိုရင် ပုလဲနိုးလာတော့မှ သူ့ကို ပြောတော့၊ အခုတော့ သူ ခဏ နားနားနေနေ အိပ်ပါစေကွယ် .."

" ဟုတ်ကဲ့၊ သူ့ကိုမနှိုးပါနဲ့တော့၊ သူအိမ်ပြန်ရောက်တယ်ဆိုတာ သိရရင် ပြီးပါပြီ၊ နောက်ဆိုရင် ဒေါ်လေးရဲ့တူမကို ဒေါ်လေး ဆုံးမစမ်းပါ၊ ဒီလို တစ်ယောက်တည်းသွားတာ အန္တရာယ်များလွန်း ပါတယ် .."

" မင်းကပုလဲတစ်ယောက်တည်းကိုပဲ စိုးရိမ်နေတာပါ၊ ရန်ကုန်မှာ မိန်းကလေးတွေ ဒီလိုပဲတစ်ယောက်တည်းသွားလာနေ ကြပဲ၊ သူတို့ကို လက်ဆွဲပြီး လိုက်ပို့ရမယ့်အရွယ်မှ မဟုတ်တော့တာ၊ ကိုယ့်အလုပ်ကိစ္စ၊ ကိုယ့်ကျောင်းကိစ္စဆိုရင် ကိုယ့်ဘာသာကိုယ် သွားနေကြပဲ .."

တင်ထွန်းအောင်၏ တဟဲဟဲရယ်သံကိုသာ ကြားရသည်။

" မင်း ကျူရှင်ပြန်မသွားတော့ဘူးလား .. တင်ထွန်းအောင် "



www.burmeseclassic.com

www.burmeseclassic.com



" အချိန်မမှီတော့ပါဘူး .. ဒေါ်လေး၊ ကျွန်တော်ပြန်မသွားတော့ဘူး၊ ပုလဲနိုးတဲ့အထိ ဒီမှာ ကျွန်တော် ထိုင်စောင့်နေတော့မယ်.."

" ဒါဖြင့်ထိုင်စောင့်နေဦး၊ ဒေါ်လေး အဝတ်လျှော်စရာတွေ သွားလျှော်လိုက်ဦးမယ် " ဟုပြောကာ စကားသံများရပ်တန့်ပျောက်ကွယ်သွားသည်။

ခဏအကြာတွင် တင်ထွန်းအောင် ကက်ဆက်ဖွင့်သံကို ကြားသည်။ထွန်းအိန္ဒြာဗိုသီဆိုသည့် 'မချစ်ရင်မနေနိုင်တာကလွဲလို့' သီချင်းကထွက်ပေါ် လာသည်။ ဤသီချင်းသည် စားသောက်ဆိုင်၌ သူမအမြဲသီဆိုတတ်သည့် သီချင်းဖြစ်သည်။ ဟိုယခင်ကတော့ သီချင်း ကို သီဆို၍ကောင်း သဖြင့် သီဆိုခဲ့ခြင်းဖြစ်သည်။ ယခုတော့ သီချင်း၏ အနက်အဓိပ္ပါယ်ကို သူမ၏ရင်ထဲက ခံစားနေရပြီဖြစ်သည်။

**********





# အခန်း (၄)

(၁)

သူမသောက်သွားခဲ့သည့် ကော်ဖီခွက်ကို သူငေးစိုက်၍ကြည့်နေပါသည်။ အချိန်ကာလကို သူမေ့နေသည်။ ယခုအချိန်ထိ ကော်ဖီဆိုင်ထဲ တွင်သူရှိနေဆဲဖြစ်၏။

သို့ရာတွင် သူ၏စိတ်ကတော့ သူမ၏ခြေလှမ်းများနောက်သို့ ခြေရာခံပြီးလိုက်လျက်ရှိသည်။ သူမ မည်သည့်နေရာတွင်နေသည်၊



www.burmeseclassic.com

www.burmeseclassic.com



မည်သူတွေနှင့်နေထိုင်သည်ကို သူစုံစမ်းမေးမြန်းလိုက်ရုံနှင့်သိရပေလိမ့်မည်။

သူမ သိချင်းဆိုနေသည့်စားသောက်ဆိုင်၏ မန်နေဂျာမှာ သူ၏ သူငယ်ချင်း ဝင်းသိန်းဦး ဖြစ်သည်။ ဝင်းသိန်းဦးကတော့ သူမ၏ လိပ်စာ ကို သေချာပေါက် သိရှိနိုင်ပါသည်။ ထို့ထက်ပို၍ သူမ၏ အကြောင်းများ ကိုလည်း သိချင်သိနိုင်ပါသေးသည်။

ထိုအကြောင်းများကြောင့် ယခုချက်ချင်း သူမ၏နောက်သို့ပြေးလိုက်ရန်မလိုအပ်ခြင်း ဖြစ်ပါသည်။

ဤတစ်နေ့ ဤတစ်ရက်ထဲနှင့် သူမနားလည် လက်ခံလာအောင် သူရှင်းပြနိုင်လိမ့်မည် မဟုတ်ပါ။ အတင်းဖွတ်ထိုးပြီး ရှင်းပြပါက အခြေအနေ ပိုကောင်းမလာသည့်အပြင် ပို၍ဆိုးသွားနိုင်ပါသည်။ သူမသည် သူ့ကို မမြင်တွေ့မီကတည်းက မုန်းနေခဲ့ပါသည်။

ယခုမျက်နှာချင်းဆိုင်တွေ့လိုက်ရသည့်အခါ သူမ ပို၍ကြောက်ရွံ့ သွားဟန်တူသည်။ ညီဇော်မင်းသည် သူပါပဲဟု ရုတ်တရက် သိလိုက်ရခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သူမသည် သူ့ကို ခင်မင်မိတ်ဖွဲ့ဝင်လာခြင်းဖြစ်သည်။ အစကတော့ ရယ်စရာတွေပင် ပြောနေခဲ့သေးသည်။

သူမသည် အမှန်တကယ် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု သူထင်မြင်မိပါသည်။ သန္တာဖြူ၏ ညီမမဟုတ်ဘဲ တစ်ခြားတစ်ယောက်ဆိုလျှင် ယခုအချိန်၌ အ မိတ်ဆွေများဖြစ်သွားနိုင်ပါသည်။





ယခုတော့ သူမက သူ့ကို ရန်သူတစ်ယောက်အဖြစ် သိရှိသွားလေပြီ။ လိမ်ညာ၍ မပြောလိုက်ခြင်းအတွက် သူနောင်တမရပါ။ သူနှင့်ပြောလိုက်လျှင် အခြေအနေဆိုးဝါးသွားမည်ကို သူ သိပါသည်။ သို့ရာတွင် ပထမဦးဆုံး လိမ်ညာခြင်းသည် တစ်သက်တာ ယုံကြည်မှုကို ဖျက်ယွင်းစေသည် ဟု ယုံကြည်ပါသည်။ ဘယ်အခါမှ ယုံကြည်တော့မည်မဟုတ်ပါ။

ထပြန်ရန်စိတ်ကူးလိုက်ပြီး သူပိုက်ဆံရှင်းလိုက်သည်။ သူမ သောက်သွားခဲ့သည့် ကော်ဖီဖိုးပါပေးခဲ့သည်။

*********

(၂)

ဝင်းသိန်းဦးသည် ချက်..ဆိုလျှင် နားခွက်က မီးတောက်သကဲ့သို့ ချက်ချင်း နားလည်သဘောပေါက်သွားသည့်အသွင်ဖြင့် စပ်ဖြဲဖြဲရယ်ပြုံး ပြီး၊

" မင်းဘာအတွက်ကြောင့် ဒီကောင်မလေးအကြောင်းကို သိချင်နေရတာလဲ – ညီဇော်မင်း " ဟုပြန်လည်၍ မေးခွန်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူကမပြုံးမ ရယ်နိုင်ဘဲ ခပ်တည်တည်ပင်ပြန်ကြည့်မိ သည်။

"ငါနဲ့ပတ်သက်နေတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ"

ဝင်းသိန်းဦးက နှလုံးသားတည်ရှိရာ ရင်ဘတ်ကို ပုတ်ပြရင်း

"ဒီကိစ္စလား" ဟု လှမ်းပြောသည်။

"မင်းထင်သလို မဟုတ်ပါဘူးကွာ၊ တစ်ခြားကိစ္စတစ်ခုပါ၊ လောလောဆယ်တော့ အဲဒီအကြောင်းကို ပြောမပြချင်သေးဘူး၊ အချိန်ကျရင်တော့မင်းကို အားလုံးရှင်းပြပါမယ် .. "

သူ၏ချစ်သူ သန္တာဖြူနှင့်ပတ်သက်နေသည့် ကိစ္စဖြစ်သဖြင့် ထိန်ချန်ထားမိသည်။ ပြောပြလိုက်လျှင် ဝင်းသိန်းဦးမှတစ်ဆင့် သူငယ်ချင်းတွေဆီ၍ သတင်းရောက်သွားနိုင်သည်။ ထိုမှတဆင့် ထပ်ပြီး၊ မလိုလားအပ်သော သူများဆီသို့ ရောက်ချင်ရောက်သွားနိုင်ပါသည်။

"ဒီလိုရှိတယ် .. ညီတော်မင်း၊ ဒီဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတွေရဲ့ အမည်နဲ့ လိပ်စာကို မပြောပြရဘူးလို့ ဦးလေးက စည်းကမ်းထုတ်ထားတယ်၊ သူတို့သီချင်းဆိုရင် သူတို့ပေးတဲ့နာမည်နဲ့ ကြေညာပေးရတယ်၊ ဒါကလည်း လုံလောက်တဲ့အကြောင်းတရားတွေ ရှိပါတယ်၊ တစ်ချို့လူတွေက ရိုးရိုးသီချင်းလို့လာမေးကြတာမဟုတ်ဘူး တစ်ခြား ရည်ရွယ်ချက်တွေ ရှိကြတယ်၊ မင်းလည်းသိပါတယ်၊ တစ်ချို့ဆိုင်တွေမှာ လူမှုရေးအရှုပ်အရှင်းတွေ မကြာခဏဖြစ်တတ်တယ်၊ ရိုးရိုးသားသားသီချင်းဆိုတဲ့ မိန်းကလေးတွေမှာလည်း ငါးခုံးမ





တစ်ကောင်ကြောင့် တစ်လှေလုံးပုပ် .. ဆိုတာလို နာမည်ပျက်ကြရတာပါ၊ ဒီအထဲမှာ တို့ဆိုင်ကလူတွေလည်း ကြားထဲကပါဝင်နေတယ်၊ တို့ဘက်ကရိုးရိုး သားသား နာမည်နဲ့လိပ်စာကို ပြောပြလိုက်တာပဲ၊ ဒါပေမယ့် နာမည်ထွက်လာတော့ တို့ကကြားထဲက အဆက်အသွယ် လုပ်ပေးသလို အပြောခံရတယ်၊ အဲဒါကြောင့် ဒီစည်းကမ်းကို အတင်းအကျပ် ကျင့်သုံး နေရတယ်"

"ငါ့မှာ အဲဒီလိုရည်ရွယ်ချက် ရှိတယ်လို့ မင်းထင်တာလား"

"မဟုတ်ပါဘူး" ဟု ဝင်းသိန်းဦးက ပြာပြာသလဲနှင့် ငြင်းဆိုသည်။

"ငါ့အတွက် တစ်ကယ်အရေးကြီးလို့ပါ၊ မင်းသိထားသလောက် ပြောပြမှဖြစ်မယ်၊ ငါ ကတိပေးပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့ နာမည် မပါစေရဘူး၊ မင်းကို မထိခိုက်စေရဘူး"

ဝင်းသိန်းဦးသည် စိတ်အိုက်သည့်အသွင်ဖြင့် ခေါင်းကိုကုပ်သည်။

"ဒီမိန်းကလေးကတကယ့်ကိုရိုးရိုးသားသားနော်၊ ညီတော်မင်း"

"ဟေ့ကောင် .. မင်းမပြောချင်လဲရတယ်၊ ငါ့ကို ယုံကြည်သလို တော့မလုပ်နဲ့" ဟုပြောဆိုပြီး သူထရပ်လိုက်သည်။ ဝင်းသိန်းဦး သဘောကျစွာ ရယ်လိုက်ပြီး၊

"ငါကနောက်တာပါကွာ၊ စိတ်ချည်းပဲ" ဟုလှမ်းပြောသည်။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၃)

" စိတ်ဖိစီးမှုဒဏ်ကြောင့် သူမမှေးကနဲ အိပ်ပျော်သွားခြင်းဖြစ် လိမ့်မည်။

သူမနိုးလာတော့ ဧည့်ခန်းတွင် တင်ထွန်းအောင်တစ်ယောက် တည်း စာထိုင်ဖက်နေသည်ကို တွေ့ရ၏။ တင်ထွန်းအောင်သည် သူမကို လှမ်းကြည့်ပြီး၊

" နင်နိုးလာပြီလား .. ပုလဲ၊ ဘယ်လိုလဲ နေကောင်းရဲ့လား၊ ခေါင်းမူး နေသေးလား၊ သက်ကောသက်သာရဲ့လား " ဟု မေးသည်။

"အင်း .. နည်းနည်းတော့ သက်သာသွားပြီ၊ ဒါနဲ့ဒေါ်လေးရော မမြင်ပါလား "

" ဒေါ်လေးဈေးသွားတယ်၊ ဈေးဝယ်ပြီးအပြန်မှာ ကျောင်းကားကို စောင့်ပြီး၊ ကလေးတွေကိုကြိုမယ်လို့ပြောသွား တယ်.. "

ကလေးများကို သူမ အမြဲတမ်းကြိုနေကျ တာဝန်ဖြစ်သည်။ ဤနေ့ တော့ ထိုတာဝန် ပျက်ယွင်းသွားသဖြင့် စိတ်ထဲက မလုံမလဲ ဖြစ်မိသည်။ ဆွေမျိုးအိမ်တွင်နေရသူဖြစ်သဖြင့် အစစအရာရာတွင် ငြိုငြင်မခံရအောင် ကြိုးစားရပါသည်။ ယခုတော့ ကိုယ့်အမှား ဖြစ်သော





ကြောင့် အပြစ်ရှိ သကဲ့သို့ ခံစားရပါသည်။

နံရံပေါ်မှ နာရီကို လှမ်းကြည့်သည့်အခါ ကျောင်းပြန်ချိန်က နီးပင်နီးကပ်နေပြီ ဖြစ်၏။ သူမသွား၍ မဖြစ်နိုင်တော့။

" ဒုက္ခပဲ ၊ဈေးသွားမယ်ဆိုရင် ဒေါ်လေးက နှိုးသွားဖို့ ကောင်း တာ၊ ငါ့ကိုက ကလေးတွေကို နေ့တိုင်း ကြိုနေကျမဟုတ်လား၊ တို့သွားပြီး ကြိုမှာပေါ့ "

" နေမကောင်းလို့ အိပ်နေတာ ဘယ်လိုနှိုးမှာလဲ "

" ငါနည်းနည်း ခေါင်းမူးသွားတာပါ၊ အခုတော့ ငါ နေကောင်း ပါပြီ.. "

" နေမကောင်းလို့ တစ်ရက်တစ်လေ ပျက်တာကို ဒေါ်လေးက ဘာပြောမှာလဲ၊ နင်က အလကားနေရင်းစိုးရိမ်နေတာပါ .. "

" နင်မသိပါဘူး .. " ဟု ရေရွတ်ရင်း ဝရံတာသို့ ထွက်ကြည့်ရာ တင်ထွန်းအောင်က သူမ၏အနီးတွင် လာ၍ရပ်သည်။

" ဒီနေ့ညနေ ဆိုင်ကို နင်မလိုက်နဲ့တော့ .. ပုလဲ၊ ဒီနေ့ .. နား ပါ "

ထိုအခါမှ စားသောက်ဆိုင်တွင် သီချင်းသွားဆိုရမည်ကို သူမ သတိရတော့သည်။ ဤစကားပြောဖို့ထိုင်စောင့်နေသည့် တင်ထွန်း အောင်ကို ကျေးဇူး တင်ရတော့မည်။ နို့မဟုတ်ရင် သူမ မေ့ချင် မေ့ သွား မည်။

" ငါမနားချင်ဘူး၊ နေလည်းကောင်းနေပြီမို့ ငါလိုက်မယ် "



www.burmeseclassic.com

www.burmeseclassic.com



" မနားလို့မရဘူး .. ပုလဲ .. "

" ငါတစ်ရက်မှ မပျက်ခဲ့ဘူး၊ ငါ ဒီနေ့ ခေါင်းနည်းနည်း
သွားတာပါလို့ ပြောခဲ့သားပဲ၊ ငါ့ကို ဝင်မခေါ်ဘဲနဲ့တော့မနေပါ
တင်ထွန်းအောင်ရယ်၊ ငါတောင်းပန်ပါတယ် .. "

တင်ထွန်းအောင်သည် သူမ၏စကားကို လက်မခံနိုင်ဘဲ

" ခေါင်းမူးတာပါလို့ လွယ်လွယ်မပြောစမ်းပါနဲ့၊ ဘာကြောင့်
ခေါင်းကမူးရတယ်ဆိုတာ နင်သိလို့လား၊ သွေးတိုးနှလုံးတို့ ဖြစ်နေ
ဒုက္ခရောက်လိမ့်မယ်၊ နင် ဘယ်ဆေးခန်းမှ မပြကြည့်သေးပါဘူး"

" ငါကိုယ်ငါ သိပါတယ်၊ တစ်ကယ်ရိုးရိုးတန်းတန်း ခေါ
တာပါ၊ အခုလုံးဝပျောက်သွားပါပြီ "

" ဒီတစ်ရက်တည်းနားလိုက်တာ ဘာမှမဖြစ်ပါဘူး .. "

" ငါ ရှိခိုးပြီးတောင်းပန်ဆိုလဲ တောင်းပန်ပါ့မယ် .. "

" ဒေါ်လေးက ခွင့်ပြုမယ် မထင်ဘူး "

" နင် ဝိုင်းပြီး ပြောပေးရင်ရပါတယ်၊ နင် အာမခံပြီး ခေ
ဒေါ်လေးက ခွင့်ပြုမှာပါ၊ ငါကလည်း ဒေါ်လေးကိုရှင်းပြထားမှာ

တင်ထွန်းအောင်ဆီမှအလျှော့ပေးမည့်အရိပ်အယောင်ကိုမမြ
သူမကိုနားမလည်နိုင်သည့်အကြည့်ဖြင့်ကြည့်နေသည်။ သူ
ပျက်သွားပြီး၊

"ဒီတခါဝင်မခေါ်ဘူးဆိုရင်ငါ့ကိုတစ်သက်လုံးမခေါ်နဲ့
တင်ထွန်းအောင်၊ငါနယ်ကိုပြန်တော့မယ်၊ ဒီမှာနေလို့အကြော





မှာမဟုတ်ဘူး"

သူမဆိုလိုသည့်အဓိပ္ပါယ်ကိုတင်ထွန်းအောင်ဘောပေါက်ပါ
သည်။ နယ်သို့ပြန်သွားလျှင်ဥယျာဉ်ခြံ၌သူမအလုပ်, လုပ်ရပေ
လိမ့်မည်။ ထို့နောက် ကံကောင်းထောက်မပါက ရွာတစ်ရွာ
တွင်ကျောင်းဆရာမ ဖြစ်နိုင်ပါသည်။

ဤသည်မှာသူမကိုယ်တိုင်ပြောပြထားသည့်အကြောင်းများဖြစ်သည်။
တင်ထွန်းအောင်သည်စိတ်ပျက်စွာဖြင့်ခေါင်းကိုခါယမ်းပြီး၊

"နင့်သဘောပါပဲ–ပုလဲ၊ငါမတားတော့ပါဘူး"

ဟုပြောလိုက်သည်။သူမသည်စိတ်အေးသွားသည့်အသွင်ဖြင့်
သက်ပြင်းကိုချလိုက်သည်။

* * * * * * * * * *

(၄)

ဝင်းသိန်းဦးပြောပြထားသည့်အတိုင်း ပုလဲဖြူသည်ဤဆိုင်၌
အအောင်မြင်ဆုံးသူတစ်ယောက်ဖြစ်ကြောင်းသူနားလည်လက်ခံမိသည်။
ချောင်စုံမီးများကသူမ၏လှပမှုကိုပို၍ထင်ရှားစေသည်။ သူမရွေးချယ်
ထားသည့်သီချင်းများကကောင်းသကဲ့သို့၊ထိုသီချင်းများကိုအသံပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသိဆိုနိုင်ပါသည်။ထို့ကြောင့်သူမ၏အလှည့်တွင်လက်ခုပ်သံအများဆုံးဖြစ်သလိုပန်းကုံးစွပ်ကြသူလည်းများသည်ကိုသတိပြုမိသည်။ ဟိုတစ်နေ့ကစောထွန်းနှင့်စကားပြောနေရခြင်းကြောင့်စင်မြင့်ဆီသို့သိပ်ပြီးသတိမထားမိပါ။ ဤနေ့တော့သူတစ်ယောက်တည်းစားပွဲဝိုင်းတစ်ဝိုင်းယူထားသည်။ သူ့စားပွဲကစင်မြင့်နှင့်အဝေးဆုံးတွင်ရှိသည်။ ထို့ကြောင့် မည်သူမှ သဘောမကျနိုင်သဖြင့် တစ်ယောက်တည်း လွတ်လပ်စွာ ထိုင်ခွင့်ရနေ၏။ သူသည်စားသောက်စရာအချို့မှာယူပြီး အအေးဗူးတစ်ဗူးကိုအချိန်ဆွဲ၍သောက်နေမိသည်။ သူသည်သီချင်းများထဲတွင်နစ်မြုပ်ပျော်ဝင်၍မသွားပါ။ တစ်ခါတစ်ရံ သီချင်းကိုပင် မကြားမိချေ။ ကိုယ့်အတွေးနဲ့ကိုယ်အလုပ်များနေမိသည်။ 'ယခုအချိန်၌ သူ့အလိုချင်ဆုံးအရာသည်ပုလဲဖြူထံမှနားလည်ကျေအေးမှုပင်ဖြစ်ပါသည်။ ပုလဲဖြူနားလည်အောင်သူမည်သို့ပြောပြရမည်နည်း။

*********

(၅)

သူမနေထိုင်သည့်တိုက်တန်းကြီးအပါအဝင်အိမ်ရာစခန်းတစ်ခုလုံးသည်ညအမှောင်ထု၏အောက်တွင်ငြိမ်သက်တိတ်ဆိတ်နေ





အိပ်မောကျနေပြီဖြစ်သည်။ သူမ၏ အခန်းကတော့သူမကို စောင့်နေသည့် အတွက်မီးရောင်ရှိနေသည်။ တစ်ချို့တိုက်တန်းများတွင် တစ်ခန်းစ၊ နှစ်ခန်းစမီးရောင်ကိုမြင်ရသည်။ အနီးနားရှိ လက်ဖက်ရည်ဆိုင်တို့ပင် ပိတ်သွားကြပြီဖြစ်သဖြင့်လမ်းမပေါ်တွင် လူမရှိသလောက်ရှင်းနေ၏။

ဤအချိန်သည်သူမတို့၏အိမ်ပြန်ချိန်ပင်ဖြစ်သည်။ ကားရပ်လိုက် သည်နှင့်ကျောပိုးအိတ်ကိုဆွဲယူပြီးဆင်းလိုက်သည်။ သူမ၏လက်တစ်ဖက်တွင်မူ မိတ်ကပ်နှုတ်ခမ်းနီဗူးစသည့်အလှပြင်ပစ္စည်းတိုလီမိုလီများ ထည့်ထားသောပိုက်ဆံအိတ်ငယ်ကိုကိုင်ထားသည်။

တင်ထွန်းအောင်သည်သူမနှင့်အတူကားပေါ်မှဆင်းလိုက်ပြီး၊

“နင်ဘာမှမဖြစ်ဘူးနော်–ပုလဲ၊ ငါကနင်သီချင်းဆိုနေတုံးမူးလဲသွားမလားလို့စိုးရိမ်နေမိတယ်၊ တစ်ချိန်လုံးငါစောင့်ကြည့်နေတာ။စိတ်ကိုမဖြောင့်ဘူး၊ အခုမှပဲငါစိတ်အေးသွားတော့တယ်–”

“ငါနင့်ကိုပြောထားတာပဲ၊ ငါတကယ်နေကောင်းနေပါပြီလို့”

“ငါအပေါ်ထိလိုက်ပို့ပေးမယ်လေ”

“မပို့ပါနဲ့၊ ခါတိုင်းလိုပဲအောက်ကစောင့်နေရစ်ခဲ့၊ ငါဘာမှမဖြစ်တော့ပါဘူး”

ထို့နောက်သူမသည်သွက်လက်ပေါ့ပါးစွာဖြင့်တိုက်လှေကားကိုတက်ခဲ့သည်။ စားသောက်ဆိုင်၌ တင်ထွန်းအောင်စိုးရိမ်မှုများသည်က



www.burmeseclassic.com

www.burmeseclassic.com



တခြား၊ သူမစိုးရိမ်နေသည်ကတစ်မျိုးစီကွဲပြားလွန်း၏။

သူမ စိုးရိမ်နေသည်က ညီဇော်မင်းရောက်ရှိလာပြီး တစ်စုံတစ်ခု ကြံစည်ကြိုး စားမည့်အရေး ကိုဖြစ်ပါသည်။ ထိုဆိုင်တွင် သူမသိချင်းဆိုခြင်းကို သူသိသည်။ ပြီးတော့ဆိုင်မန်နေဂျာကလည်းသူ၏ သူငယ်ချင်းဖြစ်သည်။ ထို့ကြောင့်သူ တစ်စုံတစ်ခုပြောဆိုရန် ကြိုးစားမည်ကိုတွေးကာ ကြောက်လန့်မိသည်။

သူမ၏စိတ်ထဲကအမှန်တကယ်မသိုးမသန့်ခံစားခဲ့ရပါသည်။ သူ ကိုမမြင်တွေ့ပေမဲ့သူရှိနေသကဲ့သို့စိတ်ထဲကခံစားရသည်။ ယခုတော့ မိမိ၏ စိတ်အထင်မှားမှုသာဖြစ်မည်ဟု သဘောပိုက်ပြီး မေ့ဖျောက်ပစ်လိုက်သည်။

မိမိ၏အခန်းသို့ပြန်ရောက်သည်နှင့်ဝရံတာသို့ထွက်ပြီး အောက်က စောင့်ကြည့်နေသည့်တင်ထွန်းအောင်ကို အားလုံး အဆင်ပြေသည့်အကြောင်း အသိပေးသည့်အနေနှင့် လက်ဖွေ့ယမ်းပြမြဖြစ်ပါသည်။

ယခုလည်း ထိုသို့ပင် အချက်ပြလိုက်သည်။ ထိုတော့မှ တင်ထွန်းအောင်စိတ်ချကျေနပ်ပြီး၊ ကားပေါ်တက်ကာ မောင်းထွက်သွားလေသည်။

လက်တစ်ဖက်တွင်ကိုင်ထားသည့် ပိုက်ဆံအိပ်က ရုတ်တရက်လွတ်ပြီး တိုက်အောက်သို့ပြုတ်ကြသွားသဖြင့် " .. အမေ့ .. "ဟု အလန့်တကြားရေရွတ်မိသည်။





ဤသည်မှာ သူမ၏ ပေါ့ဆခြင်းကြောင့် ကျသွားခြင်းဖြစ်ပါ ည်။ ယခင်နေ့များက ဧည့်ခန်းထဲတွင် ကျောပိုးအိပ်နှင့်အတူ က်ဆံအိတ်ကို စားပွဲပေါ်တင်ထားခဲ့ပြီး ဝရံတာထွက်၍ လက်ပြတတ် သည်။ ယနေ့မှ သူမသည် စိတ်လောကြီးကာ ဘာကိုမှချမထားခဲ့ဘဲ ရံတာသို့ ထွက်လိုက်ခြင်းဖြစ်သည်။

သူမကိုတံခါးဖွင့်ပေးခဲ့သည့်ဒေါ်လေးဒေါ်အေးအေးမြင့်သည် မ၏ အထိတ်တလန့်အော်သံကြောင့် ဝရံတာသို့ပြေးထွက်လာပြီး ;

" အလန့်တကြားနဲ့ ဘာများဖြစ်တာလဲပုလဲ "

"ဘာမှမဖြစ်ပါဘူး၊ကျွန်မပိုက်ဆံအိတ်လက်ထဲကလွတ်ကျသွား ပါ .. ဒေါ်လေး"

" ဖါကမ္မူးလဲသွားပြီထင်ပြီး လန့်သွားမိတယ် "

" ပိုက်ဆံအိပ်က ဟိုးအောက်ကိုပြုတ်ကျသွားတယ်၊ အဲဒါ ကျွန်မ င်းယူမှဖြစ်လိမ့်မယ်၊ ဒေါ်လေးအပေါ်ကကြည့်ပေးလိုက်နော် "

" အေး .. "ဟု ဒေါ်လေးက ခေါင်းညိတ်ပြောသည်။

ဤနေ့သည်သူမ၏ဘဝအတွက်အလွဲလွဲအချော်ချော်အဖြစ်ဆုံး တစ်နေ့ဖြစ်သည်။

သူမ၏နှလုံးသားသည် အချစ်ကို ရှာဖွေခဲ့ပေမယ့် တကယ် တွေ့ရှိရသည်မှာအမှန်းဖြစ်သည်။ အကြင်နာများကို မျှော်လင့်ရင်ခုန်ခဲ့ မျှ ပျက်သုဉ်းသွားသည်။ အာရုဏ်တက်တော့မည့် အလင်းတန်း ားနှင့်အတူ နေမင်းထွက်ပြူလာတော့မည်ဟု ထင်မှတ်ထားခဲ့ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



တကယ်အဖြစ် မှန်ကန ဆည်းဆာနေဝင်ချိန် ဖြစ်နေ၏။ အလင်းမဟုတ်
အမှောင်ထုဖြစ် သည်။

သူမသည် အပြေးအလွှားဆင်းခဲ့ရင်း တိုက်အောက်သို့ ရော
သည့်အခါ လွတ်ကျခဲ့သည်ဟု ထင်မှတ်ခဲ့သည့်နေရာတွင် ပိုက်ဆံအိ
လေးကိုမတွေ့ရချေ။ တိုက်၏အရိပ်က ထိုးကျနေသော်လည်း လမ်း
ရောင်ကြောင့် သေသေချာချာ မြင်တွေ့နိုင်သည်ဟုသူမထင်ပါသည်

လက်စွပ်၊ ဆွဲကြိုး တို့ကဲ့သို့ သေးငယ်သည့် အရာဝတ္ထု မဟုတ်
အပေါ်မှပြုတ်ကျသည့်အရှိန်ကြောင့် နည်းနည်းလွင့်စင်နိုင်ပါသည်
တိုက်နံရံအနီးကိုကြည့်သည်။ မတွေ့ချေ။ အနီးဝန်းကျင်ကို ကြည့်
သည်။ ပိုက်ဆံအိတ်နှင့်တူသည့် အရာပင်မရှိချေ။ သူမဒူးညွှတ်
ထိုင်ချပြီး စေ့စေ့စပ်စပ်ကြည့်ပြန်သည်။ ပိုက်ဆံအိတ်နှင့်တူသည
အရာဝတ္ထုပင်မတွေ့ရ၍ ခေါင်းခြောက်သွားသည်။ မည်းမည်းမြင်သ
အသေအချာ ပြန်ကြည့်မိသည်။

သူမ စဉ်းစားမရအောင် ဖြစ်နေပြီး ချွေးများပင်စို့ချင်လာ၏။
နေရာတွင် ရှိကိုရှိရမည်ဟု ယူဆပြီး လှည့်ပတ်၍ကြည့်သည်။ အ
အနည်းငယ်ကြာသွားသည့်အခါ စိတ်ပျက်အားလျှော့ချင်လာ
လေးကန် စွာထရပ်လိုက်သည်။

ထို့နောက် သူမ၏ စိတ်ထဲက သံသယဝင်လာပြီး အနီးဝန်းကျ
တွင်လှည့်ပတ်ကြည့်လိုက်သည်။

"အမေ့ .." ဟု သူ့ပါးစပ်က ယောင်ရမ်း၍ အော်မိတော့မတ





လန့်သွားမိသည်။

သစ်ပင်ရိပ်ကျနေသည့် ပလက်ဖောင်းနေရာတွင် အဖြူရောင်
ကားငယ်တစ်စီး ရပ်တန့်ထားပြီး ထိုကားကို ကျောနှင့်မှီ၍
လူတစ်ယောက် ရပ် နေသည်။ ထိုသူက သူမကို တည်တည့်စိုက်
ကြည့်နေသည်။ သူမနှင့် သိပ်မဝေးပါ။

ပြီးတော့ ထိုလူသည် လူစိမ်းတစ်ယောက် မဟုတ်ဘဲ၊ သူမ မတွေ့
ချင်အောင် ကြောက်လန့်နေမိသည့် ညီဇော်မင်းပင်ဖြစ်သည်။

"မင်းဘာကို ရှာနေတာလဲ .. ပုလဲ .."

လှမ်းမေးလိုက်သည့်အသံက ရင်းနှီးခင်မင်သည့်လူချင်းမေးမြန်း
လိုက်သကဲ့သို့ အေးအေးဆေးဆေးရှိလှသည်။ သူမ၏ရင်ထဲတွင်
ကြောက်ရွံ့မှုစိတ်ကြောင့် အေးခနဲ ဖြစ်သွားသည်။ ခြေဖျားလက်ဖျားများ
အေးစက်သွားသည်။

ခေါင်းထဲက ပူခနဲဖြစ်သွားပြီး 'ညီဇော်မင်းသည် ဤနေရာသို့
ဘာကြောင့်ရောက်နေရတာလဲ ..' ဟူသော အတွေးစက သွေးကြော
အတိုင်း စီးဆင်းသွားသည်။ ဘာမှ ပြောဆိုမနေတော့ဘဲ လှည့်ပြေးရန်
သူမ စိတ်ကူးလိုက်သည်။

"ဟော့ .. နေစမ်းပါဦး၊ မင်းရှာနေတာ ဒီအိတ်လေးလား"

ညီဇော်မင်းသည် သူမ၏ ပိုက်ဆံအိတ်ကို ထောင်ပြလိုက်သည်။
ပြေးရန်ပြင်ထားသည့်ခြေက တုန့်ကနဲ ဖြစ်သွားသည်။ အမျက်ဒေါသ
ကြောင့် တစ်ကိုယ်လုံးပူထူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီဇော်မင်းသည် သူမ၏နောက်က ခြေရာခံ၍ လိုက်လာခြင်း ဖြစ် မည်။ ထို့ကြောင့် သူမ၏ လက်ထဲက ပိုက်ဆံအိတ်ကျသွား ခြင်းကို သူတွေ့ လိုက်ခြင်းဖြစ်သည်။

"ရှင်..ကျမနောက်ကဘာဖြစ်လို့လိုက်နေရတာလဲ၊ရှင့်ကိုကျမ မတွေ့ချင်ပါဘူးလို့ပြောပြီးပြီပဲ၊ရှင်နားမလည်ဘူးလား"

"တို့ဟာ မင်းထင်သလို လူဆိုးတစ်ယောက် မဟုတ်ပါဘူး၊ မင်း ဟာ ပုလဲဖြူဖြစ်တယ်ဆိုတာ သိရပြီးတဲ့နောက် တို့ပြောပြချင်တာတွေ ရှိလာတယ်။တို့မင်းကိုရှင်းပြချင်ပါတယ်၊ တခြားဘာအကြောင်းမှ မရှိပါဘူး .."

"ကျွန်မ နည်းနည်းမှ မယုံဘူး .. ကိုညီဇော်မင်း၊ ကျွန်မ လိုချင် တာက ကျွန်မရဲ့ဘဝထဲကိုရှင်ဝင်မလာဖို့ဘဲ။ ကျွန်မ ရှင့်ကို ဘယ် နည်းနဲ့ မှ လက်မခံနိုင်ဘူး"

"အဲဒီလိုမရက်စက်စမ်းပါနဲ့ .. ပုလဲ၊ တို့နှစ်ယောက်က ဘဝ တူတွေပါ၊မင်းကသိပ်ချစ်တဲ့အစ်မတစ်ယောက်ဆုံးခဲ့ရသလို၊တို့ကလည်း ချစ်သူတစ်ယောက် ဆုံးခဲ့ရတာပါ"

"အစ်မဆိုတာ အစားထိုးလို့ မရပါဘူး၊ ချစ်သူဆိုတာက နောက် တစ်ယောက်ထပ်ရှာလို့ရတယ် ..၊ အစားထိုးလို့ ရပါတယ်"

"တို့ကမင်းထင်သလို လူစားမျိုးမဟုတ်ဘူး ..ပုလဲ "ဟု ဒေါသ ဖြစ်သွား သည့် အမူအရာနှင့် မာကျောစွာပြန်ပြောသည်။

"ရှင်ဟာ ဘယ်လိုလူစားမျိုးဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မ





သိတာက ရှင့်လက်ထဲမှာ ကိုင်ထားတဲ့ ကျွန်မရဲ့ ပိုက်ဆံအိတ်ကို ပြန်ပေး ဖို့ပဲ"

သူက မကျေမနပ်နှင့် ပခုံးကိုတွန့်လိုက်ပြီး၊

"ဒီပိုက်ဆံအိတ်ဟာ မင်းရဲ့အိတ်ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ တော့ စစ်ဆေးကြည့်ရလိမ့်မယ်၊ ဒီအိတ်မှာ ဘယ်လိုအမှတ်အသား တွေ ပါတယ်၊ အထဲမှာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာ မင်းပြောနိုင်ပါမလား"

"ဒီလမ်းပေါ်မှာ ဒီအိတ်ကို ရှာနေတာကျွန်မတစ်ယောက် တည်းပဲရှိတယ်၊ ဒီအချိန်ကြီး ဘယ်သူကမှ အိပ်ရာကထပြီး ရှာမနေပါ ဘူး"

"မင်းပြောတာကို တို့လုံးဝမယုံဘူး ..ပုလဲ၊ ဒီလောက်လေးနဲ့ ဒီအိတ်ဟာ မင်းရဲ့အိတ်ပါလို့ ဘယ်နည်းနဲ့မှ တို့လက်မခံနိုင်ဘူး"

"အဲ့ဒီလိုမညစ်စမ်းပါနဲ့ ကို ညီဇော်မင်း၊ ကျွန်မ အောက်ကို ဆင်းလာတာကြာနေပြီ၊ ဖော်ကြာ ဒေါ်လေးစိတ်ပူပြီး ဆင်းလာလိမ့် မယ်၊ ဒီအချိန်ဟာ စကားအေးအေးဆေးဆေး ပြောနေလို့ ကောင်းတဲ့ အချိန် မဟုတ်ဘူး"

"ဒီအိတ်နဲ့မဆိုင်တဲ့အကြောင်းတွေ မပြောနဲ့လေ၊ ဒီအိတ်ဟာ မင်းရဲ့ အိတ်ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းပဲ သက်သေပြပါလို့ တို့ပြောထားပါတယ်၊ မင်းနားမလည်ဘူးလား"

ပထမတုံးကတော့ သူမ မရိပ်စားမိလိုက်ပါ။ နောက်ထပ်တစ်ခွန်း ပြောတော့မှ သူမ၏စကားနှင့် သူမကို ပြန်ချည်တုပ်နေမှန်း သဘော



www.burmeseclassic.com

www.burmeseclassic.com

ပေါက်လိုက်သည်။ ထိုကြောင့် " ကိုညီဇော်မင်း " ဟု ရူးရူးဝါးဝါး အော်ဟစ်လိုက် မိပါသည်။

" ကျွန်မစကားနဲ့ ကျွန်မကို ပြန်ပြီးပြောမနေပါနဲ့၊ ရှင် မယုံကြည် ဘူး ဆိုရင် အဲဒီအိတ်ကို ကျွန်မ ပြန်မယူတော့ပါဘူး .. "

သူက သဘောကျစွာ ရယ်မောလိုက်ပြီး၊

" ရှင်းပြတာကိုနားမလည်ရင်ဒီလိုပဲခံစားရတယ်၊ မင်း ကိုယ်ချင်း စာကြည့်ပါ၊ ဒီအိတ်ဟာမင်းရဲ့အိတ် ဆိုတာတို့သိပါတယ်၊ ရော့ .. ယူ ပါ .." ဟု ပြောကာ ပိုက်ဆံအိတ်ကို လှမ်းပေးသည်။

သူမ မယူတော့ဘဲ လှည့်ပြန်ဖို့ စိတ်ကူးသေးသည်။ သို့သော် ပိုက်ဆံအိတ်မပါဘဲနှင့် ပြန်တက်သွားလျှင် ဒေါ်လေးက မေးမြန်းပေ လိမ့်မည်။ သူမကလည်း ဤလူအကြောင်းကို မပြောပြချင်ပါ။

သူမလိမ်ညာပြီး ပြောလျှင်လည်း ဒေါ်လေးက အတူဆင်း၍ ရှာကြမည်ဆိုလျှင် ခက်ပေလိမ့်မည်။ သူမ၏အဖြစ်က ဆုပ်လဲဆူး၊ စား လည်းရူး ဟူသော ဘေးကျပ်နံကျပ် အခြေအနေဖြစ်နေ၏။ သူလက်ထဲ တွင် သူမ၏အိတ်ကို အမှန်တကယ် ရှိမနေစေချင်ပါ။ ဤအကြောင်း ပြချက် နှင့် သံယောစဉ်အမျှင်တန်းနေနိုင်၏။

သူမသည် သူ့မျက်နှာကို မယုံဝံ့ဝံ့နှင့် အကဲခတ်လိုက်သည်။ သူ့မျက် လုံးများက ဘာမှမဖြစ်သလိုပင် ခပ်တည်တည်ပင် ကြည့်နေ သည်။

တော်ကြာ သူမယူရန်လက်လှမ်းတော့မှ တိမ်းဖယ်သွားပါက





ရှက်စရာဖြစ်မည်။ သူမ တစ်စုံတစ်ခုကို ဆုံးဖြတ်ရတော့မည်။ အိတ်ကို ပြန်ယူဖို့ကိုဆုံးဖြတ်လိုက်သည်။ သူ့ဘက်က နောက်ပြောင်ကျီစယ် သည် ဟု ဆိုလျှင် လုံးဝယတိပြတ် လှည့်ပြန်တော့မည်ဖြစ်၏။

သူက အိပ်ကို လှမ်းပေးဆဲဖြစ်သည်။ သူမသည် မဝံ့မရဲနှင့် လှမ်းယူလိုက်၏။ သူမ ထင်မြင်ယူဆထားသကဲ့သို့ နောက်ပြောင်ကျီ စယ်ခြင်းအလျှင်းမရှိဘဲ သာမန်ပင် လှမ်းပေးပြီးနောက် ခေါင်းကို တစ် ချက်ညိတ်ပြသည်။

သူမသည် ပိုက်ဆံအိပ်ပြန်ရသည်နှင့် ချာကနဲလှည့်ကာ မပြေးရုံ တမယ်ထွက်ခွာခဲ့တော့၏။ သူမ၏နှုတ်ဆက်ရမည့် လူတစ်ယောက် အဖြစ် သူ့ကို သတ်မှတ်မထားသဖြင့် ဘာမှပြောနေစရာ မရှိတော့ပါ။

*********

(၆)

" ရှင်းပြတာကို နားမထောင်ရင် ဒီလိုပဲခံစားရတယ်၊ မင်း ကိုယ် ချင်းစာ ကြည့်ပါ " ဟု ထပ်တူပုံနှိုင်း၍ ပြောသွားသည့်စကားကို သူမ ကြားယောင် နေမိသည်။

အိပ်မပျော်နိုင်သေးဘဲ အမှောင်ထုထဲမှနေ၍ အခန်းနံရံကို


www.burmeseclassic.com

www.burmeseclassic.com



ငေးစိုက်ကြည့်နေမိသည်။ ည၏တိတ်ဆိတ်ခြင်းက အတွေးများကိုပို
ရှင်သန်စေပါသည်။

သူမသည် တစ်ဖက်သတ်ဆုံးဖြတ်ပြီး သူ၏ဆုံးဖြတ်ချက်များ
ငြင်းဆန်ထားပါသည်။ မမသန္တာဖြူနှင့် ပတ်သက်၍ သူမ ရေရေရာ
မသိရှိခဲ့ပါ။ မမသန္တာဖြူ သေဆုံးသွားသည့်သတင်းက ကမ္ဘာပျက်သွ
သကဲ့သို့ ထိခိုက်ခံစားခဲ့ရသည်။

မမသန္တာဖြူ၏ နောက်ဆုံးခရီးကို ပို့ဆောင်ရန်အတွ
ဤရန်ကုန်မြို့သို့သူမရောက်ရှိလာသည့်အခါ ဒေါ်လေးတို့မှ တစ်ဆ
ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာနှင့်ညီဇော်မင်းဆိုသည့် လူ
အကြောင်းကို ကြားသိခဲ့ရသည်။

သူမသည်မိမိအသိုင်းအဝိုင်းမှလွဲ၍ပြင်ပလူ၏စကားများကိုမသ
ရပါ။ ဒေါ်လေးတို့၏စကားများကြောင့်သူမနာကျည်းခဲ့ရသည်
သူမအခိုင်အမာပင်ယုံကြည်ထားခဲ့မိသည်။ ဒေါ်လေးတို့ကမမှန်
ပြောလိမ့်မည်မဟုတ်ပါ။

ဤအကြောင်းများကိုသူကမည်ကဲ့သို့ရှင်းလင်းမည်နည်း။သူကြော
မဟုတ်ပါဘူးဟုငြင်းပေလိမ့်မည်။သူတွင်အပြစ်မရှိပါဟုဆိုလျှင်ဘယ်အတွ
ကြောင့်ထောင်ကျရမည်နည်း။သူဘက်ကမှန်သည်ဟုဆိုလျှင်ထိုအပြစ်ဒဏ်
အားကျခံစရာမရှိပါ။

ထို့အပြင်သူမတစ်ယောက်တည်းကိုဘာကြောင့်ဦးတည်၍ရှင်းပြ
မည်နည်း။ တခြားလူများကိုလည်းသူရှင်းပြနိုင်ရမည်။ ယခုတော့သူမ၏





နောက်မှအရိပ်သဖွယ်ကပ်လိုက်နေခြင်းသည် တစ်စုံတစ်ခုသော
မရိုးသားမှုကြောင့်ပဲ ဖြစ်ရပေလိမ့်မည်။ သူသည်သူမကို လှည့်စားရန်
ကြိုးစားနေသည်လား။ သံသယများနှင့်အတူ သူမဒေါသ ဖြစ်နေမိ
သည်။

* * * * * * * * *

(၇)

စနေနေ့ကျောင်းပိတ်ရက်ဖြစ်သဖြင့်သူမသည်ကလေးများနှင့်အတူ
ဆော့ကစားရင်းထိန်းကျောင်းနေစဉ်ကာတွန်းကားကြည့်ချင်သည်ဟူဆာကြ
သောကြောင့်ဗီဒီယိုအခွေတစ်ခွေထည့်ပြီးဖွင့်ပေးမိသည်။

သူမအနေနှင့်မည်သည့်အမှားအယွင်းမှမလုပ်မိပေမဲ့တီဗွီမှန်သား
ပြင် တွင်ပေါ်လာသည့်ပုံရိပ်များကအစင်းကြောင်းများနှင့် တုန်ခါပြီး
ဖြတ်ကနဲပျောက် ကွယ်သွားသည်။ အခွေကြောင့်ဖြစ်သည်ဟု
ထင်မြင်ပြီး နောက်တစ်ခွေ ထည့်ကြည့်သည်။ အသံသာ တဂီးဂီး
မြည်နေပြီး၊ ပုံရိပ်က မပေါ်လာချေ။

မည်သို့ပင်ဖွင့်ကြည့်ပေမဲ့အခြေအနေကကောင်းမလာတော့။
ကလေးများကဆူညံစွာအော်ဟစ်ကြသည်။ သူမချော့မော့ပြီး ဘောက်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကိုပြန်ပိတ်ထားလိုက်သည်။ ထို့နောက်ဒေါ်လေးကို အကျိုးအကြောင်း သွားပြောလိုက်ရာ

" စက်ကဝယ်ထားတာသိပ်မကြာသေးဘူး၊ ဘယ်လိုဖြစ်ပြီးပျက်သွားရတာလဲ၊ ပုလဲခလုတ်များပြီးနှိပ်မိသလား–"

" ပုလဲများပြီးမနှိပ်မိဘူးထင်ပါတယ်၊ ဘာဖြစ်သွားလဲ မသိဘူး ဒေါ်လေး "

ခဏကြာတော့ဦးလေးသည်နိုင်ငံခြားအခွေတစ်ခွေနှင့်အတူအပြင်မှရောက်လာသည်။ ရုံးပိတ်ရက်များတွင်သူကြိုက်နှစ်သက်သည့် ကားတစ်ကားငှား ပြီးကြည့်လေ့ရှိ၏။

စက်ပျက်နေသည်ကိုမသိဘဲဖွင့်သည်။ ထုံးစံအတိုင်းပုံရိပ်က မပေါ်ဘဲ အသံပဲမြည်လာသည်။ ဒေါ်လေးကို လှမ်းအော်၍ခေါ်သည်။ သူမသည်ရေချိုး၍အဝတ်အစားလဲနေရာမှထွက်လာခဲ့ပြီး၊

"မနက်က .. ကလေးတွေကာတွန်းကားကြည့်ချင်တယ်ဆိုလို့ ပုလဲဖွင့်ပေးပါတယ်၊ စက်ကအဲဒီအတိုင်းကြီးဖြစ်နေလို့ပိတ်ထားခဲ့တာ"

"အင်း–တစ်ခုခုများပြီနဲ့တူပါတယ်" ဟုပြောကာ အောက်စက်ကို ဟိုနှိုက်ဒီနှိုက် လုပ်သည်။ ဒေါ်လေးက ရောက်လာပြီး၊

"ရှင်မတတ်ဘဲနဲ့လျှောက်မလုပ်နဲ့၊ စက်ကကောင်းမလာတဲ့ အပြင် ပိုပျက်သွားလိမ့်မယ်၊သိတဲ့လူကိုပြကြည့်မှဖြစ်မယ်ထင်တယ်"

"ငါမှာအသိမှမရှိဘဲ၊ ဆိုင်သွားပြလို့နည်းနည်းပါးပါး ပျက်တယ် ဆိုရင်ပြင်နိုင်သေးတယ်၊ ငွေအများကြီးကုန်ကျမယ် ဆိုရင်တော့ ဒုက္ခပဲ၊





ဒီစက်က အာမခံနဲ့ဝယ်ထားတာ၊ ကိုယ့်ဘက်က မမှားဘဲနဲ့တော့ ဘယ်နည်းနဲ့မှမပျက်နိုင်ဘူး"

သူမဘက်သို့မြားဦးလှည့်လာသည့်စကားဖြစ်သည်။ မမှားပါဘူးဟုငြင်းဆန်လျှင်ဦးလေးယုံကြည်မည်မဟုတ်ပါ။ ကံဆိုး ချင်တော့ ထန်းသီးကြွေခိုက်ကျိုးနှင်းခိုက်ဆိုသလိုဖြစ်နေ၏။ ထန်းသီးက ကြွေကျသွားပြီပဲ။

"စက်တန်ဖိုးကတစ်ကျပ်နှစ်ကျပ်မဟုတ်ဘူး၊ အသစ်ထပ်ဝယ်ဖို့နေနေသာသာ ပြင်ရမဲ့စရိတ်တောင် သုံးလေးထောင်နဲ့ ပြီးပါ့မလား"

ရှာဆက်ပြီးနားထောင်နေရန်မသင့်တော်ချေ။ တော်ကြာအပျက်ပျက်နှင့်နှာခေါင်းသွေးထွက်ရမည့်ကိန်းဆိုက်သွားနိုင်သဖြင့် ဤအမှားကို သူမတာဝန်ယူပြီး ပြင်ဆင်ပေးဖို့သာရှိတော့သည်။

"ပုလဲတစ်ခုခုများသွားလို့ဖြစ်တာပါ .. လေးလေး၊ ဒါကြောင့်ပုလဲတာဝန်ယူပြီးပြင်ပေးပါမယ်၊ ပုလဲတာဝန်ထားပါ"

"လေးလေးကဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး"

"ပုလဲနားလည်ပါတယ်၊ စက်က တန်ဖိုးကြီးတော့ ပျက်သွားရင် စိတ်ညစ်ဖို့ကောင်းပါတယ်၊ အမြန်ဆုံး ပြန်ကောင်းသွားအောင် ပုလဲကြိုးစားပေးပါမယ်–လေးလေး"

"နင်ကဘယ်ဆိုင်သွားပြမှာလဲ၊ နင့်မှာအသိအကျွမ်းတွေရှိရဲ့လား၊ တော်ကြာကိုယ်နားမလည်ရင်မတန်တဆတောင်းလိမ့်မယ်၊ ပြီးတော့စိတ်ချရတာမဟုတ်ဘူး–"



www.burmeseclassic.com

www.burmeseclassic.com


"တင်ထွန်းအောင်တော့ဆိုင်ကောင်းကောင်းကိုသိမယ်ထင်ပါတယ် ပုလဲသူနဲ့တိုင်ပင်ပြီးလုပ်မှာပါ၊"

"အင်း–ဟုတ်သားပဲ၊ တင်ထွန်းအောင်သိနိုင်မယ်၊ သူက လူငယ်ဆိုတော့ အပေါင်းအသင်းများပြီး အဆက်အသွယ်တော ရှိနိုင်တယ်၊ သူ့အိမ်မှာတော့ Model နိမ့်ရင်လဲလိုက်၊ ပြင်လိုက်လုပ်တာ ကြားဖူးတယ်"

ပြဿနာကအမှိုက်မီးလောင်ရုံနှင့်ပြီးသွားသဖြင့်တော်ပါသေးသည် အမှိုက်ကစပြီးပြဿဒ်ထိမီးမလောင်တော့ပေမဲ့သူမမှာတော့လေးလံသည့် တာဝန်တစ်ရပ်ကခေါင်းပေါ်သို့ရောက်ရှိလာခဲ့သည်။

*********

(၈)

တင်ထွန်းအောင်နှင့်အတူကျူရှင်သို့ထွက်လာရင်းတီဗွီ နှင့် အောက်စက်ကိုပြင်ဆင်ရမည့် အကြောင်း သူမဖြောပြလိုက် သည်။

"ငါ့မှာအမြဲပြင်နေကြဆိုင်ရှိပါတယ်၊ အဲဒီဆိုင်ရှင်က တို့ဖေဖေရဲ့ သူငယ်ချင်းတစ်ယောက်ပဲ၊ လုံ့ဝစိတ်ချရပါတယ်၊"

"ငါအမြန်ဆုံးပြင်ပေးလိုက်ချင်တယ်၊တီဗွီလ တွေကိုအိမ်ကကြည့် တတ်တယ်မဟုတ်လား၊ အဲဒ ပြတ်မသွားစေချင်ဘူး၊ ဒီစက်မပြီးမချင်း ငါအိပ်လို့

"ဒီနေ့တော့အဲဒီဆိုင်ကိုမသွားနိုင်သေး ကျူရှင်တောင် တက်နိုင်မှာ မဟုတ်ဘူး၊ ငါ့မှာ– သေးတယ်၊ နင့် ကိုတမင်လိုက်ပြီးပို့တာ.."

"ငါကနင့်ကိုကျေးဇူးတင်ရမယ်ဆိုပါတော့

"ဟင့်အင်း ..ငါကကျေးဇူးတင်ခံချင်တဲ့ နင်ကချစ်တယ်လို့အဖြေပေးတာဘဲလိုချင်တဲ့ဒ

" အဲဒါဆိုရင်ဒီတစ်သက်လုံးကြားရလိ

"ဟဲ့ နှဲဟဲ..၊ ငါကမပြောလဲသိပါတ

ဟုတင်ထွန်းအောင်ကပြောလိုက်သ ရယ်မိသည်။

"ဒါနဲ့နင်ကအပြန်ကိုလာကြိုမှာလ

"ငါကပြန်ကြိုမှာပါ..ပုလဲ၊ စိတ်ချ မစောင့်ဘဲနဲ့ တော့ပြန် တော့မသွားနဲ့နော်၊ နည်းနည်းစိတ်ရှည်ရှည်ထားပြီးတော့ စောင့်ပါ၊ လွန်ရောကျွံရောနာရီဝက်ပဲ၊ ဒါကပိုပိုသာသာ ပြောထား တာ.."

"ငါကျူရှင်ရှေ့မှာထိုင်စောင့်ရမှာလား တင်ထွန်းအောင်.."

"နင်ကြိုက်တဲ့နေရာကစောင့်လေ၊ ကျူရှင်နားက ဆော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ထိုင်စောင့်နေတာအကောင်းဆုံးပဲ၊ ငါနဲ့စကားလေးဘာလေး
ပြောရတာ ပေါ့.."

"အမလေး...စကားမပြောဘူးတဲ့လူတွေကျနေတာဘဲ"

"ငါကအိမ်ထောင်ရေးအကြောင်းပြောမလို့ဟ.."

"အဲဒါကပိုဝေးသေးတယ်.."

တင်ထွန်းအောင်သဘောကျစွာတဟဲဟဲရယ်ရင်းကားမောင်း
သည်။

*********

(၉)

တင်ထွန်းအောင်မှာထားသည့်အတိုင်းကျူရှင်လွှတ်သည်နှင့်
ဆိုင်သို့ခြေဦးလှည့်လိုက်သည်။ ဆိုင်တွင်ထိုင်မိ၍ သိမ့်မကြာမီမှာ
သူမ၏အမှားကိုသိလိုက်တော့ သည်။ သို့ရာတွင်အမှားပြင်
ရန်နောက်ကျခဲ့ပြီး သည်။

ညိဇော်မင်းသည်စာအုပ်အချို့ကိုလက်ကကိုင်ထားပြီး၊
ဆိုင်ထဲသို့ဝင်ရောက်လာသည်။ ကျစ်လစ်သည့်ကိုယ်ခန္ဓာကြော
သူ့အရပ်က သိပ်ရှည်သည်ဟု မထင်ရတော့ပါ။ သူ့မျက်နှာ
မိန်းကလေးတိုင်း သဘောကျနိုင်သည့် အနေအထားတွင် ရှိသည်





ထူးခြားဆုံးက ကြည်လင်ပြတ်သားဟန်ရှိသည့် သူ့မျက်လုံးများပင်
ဖြစ်သည်။

ဆိုင်ထဲတွင်ခြေလှမ်းဝင်မိသည်နှင့်သူသည်သူမကိုလျှင်မြန်စွာပင်
တွေ့ရှိသွားပါသည်။ ထို့နောက်တွန့်ဆုတ်တွေဝေချင်းမရှိပ
သူမ၏ စားပွဲဆီသို့လျှောက်လာသည်။ သူမသည် မျက်နှာထား
တင်းတင်းနှင့်သူ့ကို မကြည့်ဘဲနေလိုက်သည်။ သူမ၏ မနှစ်သက်
ခြင်းကို သူအနည်းငယ်မျှ မမှုသည့်ဟန်ပန်ဖြင့် စားပွဲထိုးကို
ကော်ဖီကရည်တစ်ခွက်မှာပြီး ခပ်အေးအေးပင် ဝင်ထိုင်လိုက်သည်။
နောက်သူကနာရီကိုတချက် ကြည့်လိုက်ပြီး

"ပုလဲ ကျူရှင်မတက်ရသေးဘူးလား.."

"မမေးနဲ့..၊ ကျွန်မကရှင့်ရဲ့မိတ်ဆွေမဟုတ်ဘူး၊ ပြီးတော့ အဲဒီ
ကျွန်မရဲ့ သူငယ်ချင်းတစ်ယောက်လာလိမ့်မယ်..."

"ဆောရီးကွာ၊ သူရောက်လာရင်တို့ဖယ်ပေးပါ့မယ်.."

"အခုကတည်းကဖယ်ပေးတာအကောင်းဆုံးဘဲ..."

"တို့ ဝိုင်းကူပြီးစောင့်ပေးတယ်လို့ဘဲသဘောထားလိုက်ပါ၊
တစ်ယောက်ထဲဆိုပျင်းနေလိမ့်မယ်၊ တို့နဲ့ဆို စကားပြောဖော်
ရတာပေါ့..."

"ကျွန်မစကားမပြောချင်ဘူး.."

"ဒါဖြင့်တို့ပြောမယ်၊မင်းကနားထောင်ပေးပေါ့"

" ရှင်ဘယ်လိုလူလဲ၊ ကျွန်မပြောတဲ့အဓိပ္ပါယ်ကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ဂ်ပြီးနောက်ယှက် နေမယ်ဆိုရင် ကျွန်မ လူကြီးတွေကို
မယ်၊ ဒေါ်လေးတို့က ရှင့်ကိုတိုက်ရိုက်တော့ စကား
ဆိုင်ရာကတစ်ဆင့်ပြောကြလိမ့်မယ်. ကိုညီဇော်မင်း
ကြာက်ပါဘူး..ပုလဲ.."

ဖြေစကားကြောင့်သူမ အံ့အားသင့်သွားမိသည်။

ထောင်ထဲရောက်သွားနိုင်တယ်၊ သိရဲ့လား.."

သ်ရယ်စရာပျက်လုံးတစ်ခုကိုကြားလိုက်ရသကဲ့သို့
ဘွာရယ်နေသေးသည်။ ဤသည်မှာရယ်စရာ မဟုတ်
မ သည်။ ထို့ကြောင့်သူမအကြီးအကျယ်စိတ်ဆိုးသွားပြီး

"ကျွန်မအတည်ပြောနေတာ၊ ဒါဟာရယ်စရာမဟုတ်ဘူး၊ ရှင့်
စိတ်မှ ကောင်းသေးရဲ့လား..."

"အဲဒီစကားကတို့မေးရမယ့်စကားပါ၊ မင်းနည်းနည်းစဉ်းစား
ကြည့်ပါဦး၊ မင်းရဲ့အမကို သတ်ပစ်လိုက်ကြတယ်လို့ အပြောခံရတ
လူက တို့ပါ..၊ အဲဒါကြောင့် ရန်ကြွေးရှိချင်းရှိရင် တို့အပေါ်ရှိနေတာ
မင်းတို့က သွေးကြွေးဆပ်ဘို့မြေလှန်ပြီးရှာကြမယ်၊ တို့က ကြောက်ရွံ့ပြီး
ပုန်းရှောင်နေရမှာပါ၊တို့ကမင်း တို့ကိုမျက်နှာချင်းတောင်ဆိုင်ဝံ့မှာမဟုတ်ပါဘူး
အခုတော့ ပြောင်းပြန်ဖြစ်နေတယ်၊ တို့က ရန်ကြွေးဆပ်ဘို့အတွက်
မင်းကို အရိပ်လိုနောက်က တကောက်ကောက်လိုက်ပြီး နှောက်ယှက်
နေတယ်၊ ဟုတ်လား၊ ဒီစကားကို တစ်ယောက်ကို မင်း သွားပြောကြည့်
စမ်းပါ၊ အဲဒီလူက ယုံပါ့မလားလို့၊ ဘယ်သူကယုံကြည်ကြမှာမဟုတ်ဘူး





..ပုလဲ...."

သူပြောသည့်စကားက ငြင်း၍မရအောင် မှန်နေပါသည်။
သူများကို သွားပြောလျှင် ရယ်ကောင်းရယ်နိုင်ပါသည်။ ထို့အပြင်
သူမကို ရူးနေသည်ဟုထင်မှတ်နိုင်၏။

အပြစ်ရှိသောလူတိုင်းသည် အနည်းနှင့်အများ စိုးရိမ်ကြောက်ရွံ့
တတ်သည်ချည်း ဖြစ်ပါသည်။ သို့ရာတွင် သူကတော့ အနည်းငယ်မျှ
စိုးရိမ် ကြောက်ရွံ့နေပုံမရပါ။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျွန်မရဲ့စကားကို ဘယ်သူမှ မယုံ
ကြဘူးဆိုရင်တော့ ဒုက္ခပါဘဲ။ ဘာလုပ်ရမှန်းတောင်မသိတော့ဘူး"

"တို့မင်းကို အန္တရာယ်ပေးမလို့ လိုက်ရှာနေတာမဟုတ်ပါဘူး၊
အကြွေးတွေပေးဆပ်ချင်လို့ လိုက်ရှာနေတာပါ၊ သန္တာဖြူရဲ့ကိုယ်စား
တို့ တတ်စွမ်းနိုင်သရွေ့ အကူအညီပေးချင်ပါတယ်..."

"ကျွန်မလုံးဝလက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ...ပုလဲ..."

"ရှင့်ကိုကျွန်မ မုန်းတယ်..."

ဤစကားရပ်ကို အနက်ရှိုင်းဆုံး နှလုံးသားထဲမှ အင်နှင့်အားနှင့်
ပြော ပစ်လိုက်ခြင်းပင်ဖြစ်သည်။ သူ့မျက်နှာသည် ထိန်းမရအောင်
ပျက်ယွင်းသွားသည်။ သူ့မျက်လုံးများသည်ပြင်းထန်စွာ ဒဏ်ရာရသွား
သော သားကောင်၏မျက်လုံးကဲ့သို့ညှိုးရီသွားသည်။

ဤကဲ့သို့ဖြစ်သွားလိမ့်မည်ဟု သူမ ယောင်မှား၍ပင် ထင်မထား



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူမနှင့်တွေ့စဉ်ကာလတစ်လျှောက်လုံး သတ္တုများနှင့် တည်ဆောက်ထားသည့် စက်ရုပ်တစ်ရုပ်ကဲ့သို့ ခံနိုင်ရည် ရှိခဲ့သည်ချည်းဖြစ်ပါသည်။ ထို့ကြောင့်သူ့ဆီက သရော်လှောင်ပြောင်သည့်အပြုံးကို တွေ့ရလိမ့်မည် ဟုထင်ထားခဲ့သည်။

ယခုတော့ အံ့ဩစရာကောင်းနေသည်။ သူသည်မည်သည့်စကားမျှတုန့်ပြန်မပြောပဲငေး၍ကြည့်နေသည်။ သူမသည် သူ့အကြည့်ကို ရင်မဆိုင်နိုင်သဖြင့် လွှဲဖယ်၍ ဆိုင်၏ ရှေ့ဖက်သို့ လှမ်းကြည့်လိုက်သည်။ လမ်းတစ်ဖက်တွင် ကားတစ်စီး ထိုးရပ်လာခြင်းကို မြင်သည်။ ထင်တွန်းအောင်၏ကားဖြစ်သည်ဟုသိလိုက် သည်။

ထို့ကြောင့်သူ့ကိုလှည့်ကြည့်၍

" ကျွန်မရဲ့သူငယ်ချင်းရောက် လာပြီ " ဟု သတိပေးလိုက်သည်။

ပေးထားသည့်ကတိအတိုင်း နားလည်သဘောပေါက်သည့် ဟန်ပန်ဖြင့် ခေါင်းတစ်ချက်ငြိမ့်ကာထရပ်သည်။ ထို့နောက်စကားတစ်ခွန်းမျှမဆိုအဲ လှည့်ထွက်သွားတော့သည်။

သူ၏နောက်ကျောကိုငေးစိုက်ကြည့်ရင်း ရင်ထဲကနာကျင်စွာခံစား လိုက်ရသည်။ အမှန်တကယ် မဖြစ်သင့်သည့် ကိစ္စဖြစ်ပါသည်။ မိမိ မနှစ်သက်သည့်လူတစ်ယောက်ကို နှင်ထုတ်နိုင်ခြင်းကြောင့် ကျေနပ်ဝမ်းသာသင့်ပါသည်။

ဤသည်မှာ ယုတ္တိနည်းကျသော စဉ်းစားမှုဖြစ်သည်။ သို့ရာတွင်





သားတို့ကတော့ တွေးခေါ်စဉ်းစားခြင်းနှင့်အတူ တစ်ထပ်တည်းမ သူ့ သဘောသူခံစားတတ်ကြပါသည်။

**********

(၁၀)

" ရှင့်ကို ကျွန်မ မုန်းတယ် "

သူမခါးသီးစွာ ပြောဆိုလိုက်သည့် စကားဖြစ်သည်။

နားစည်တွင် ရိုက်ခတ်လာသည့် အသံသက်သက် မဟုတ်ပါ။

သား၏ နံရံကို ထွင်းဖောက်၍ဝင်လာသော အသံဖြစ်ပါသည်။

သန္တာဖြူ သေဆုံးစဉ်ကာလတုန်းက သန္တာဖြူ၏ ိုင်းအဝန်းဖြစ်ကြသော ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသူငယ်ချင်း ၏ မုန်းတီးကြခြင်းကိုကြုံတွေ့ပြီးသူထိခိုက်ခံစားခဲ့ဘူးပါသည်။ တွင် ယခုအမုန်းလောက်ဒဏ်ရာ ပြင်းထန်ခြင်းမရှိချေ။

***********



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ဒဏ်ရာကိုမေ့ဖျောက်ထားချင်သဖြင့်အလုပ်ကိုစိတ်ရောကိုယ်ပါ နှစ်ပြီး အပြင်းအထန်လုပ်နေမိသည်။ ဤဗီစီဒီ ဖွင့်စက်ကို အပ်နှံရမည့် ရက်ချိန်းမှာတစ်ပတ်လောက်လိုသေးသော်လည်းအပြီးအပြတ် လုပ်ပစ် လိုက်သည်။

နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးလုပြီ။ အလုပ်အခန်း ထဲတွင် မည်သူတစ်ယောက်မှ မရှိတော့ချေ။ ငါးနာရီလောက ကတည်းက အလုပ်လက်စသိမ်းပြီး အိမ်ပြန်သွားခဲ့ကြပြီ။

စက်ကိုစိတ်တိုင်းကျ ဖွင့်၍ စမ်းကြည့်နေချိန်တွင် ဦးဖေခင်သည် ကော်ဖီတစ်ခွက်ကိုင်ပြီး သူ့အနီးသို့ ရောက်လာသည်။

" မင်းကိုင်တာပြီးသွားပြီလား "

" ဟုတ်ကဲ့၊ အားလုံးကောင်းသွားပါပြီ .. အန်ကယ် "

" မင်းကိုအန်ကယ် စောင့်ကြည့်နေတာ၊ မင်းရဲ့တိုးတက်မှု အရှိ ကတော့ အရမ်းကောင်းပါတယ်၊ အန်ကယ်ချီးကျူးပါတယ် ငါ့သား"

မိမိ၏အဖြစ်မှန်ကိုမိမိသာသိသဖြင့်ဦးဖေခင်၏ချီးကျူးမှုကိုရ နေမိသည်။

" မင်းက အန်ကယ်သင်ကြားပေးတာထက် ကိုယ့်ဘာ သာကိုယ်





စာအုပ်ဖတ်ပြီး လေ့လာတော့ ပိုပြီးကျွမ်းကျင်ပါတယ်၊ မလေးရှားကို အန်ကယ်လွှတ်ပေးလိုက်တဲ့ မောင်ညွန့်တင်တို့ မောင်ဌေးတို့ကလည်း ဒီပုံစံအတိုင်းကြိုးစားကြတယ်။ မလေးရှားက အန်ကယ်မိတ်ဆွေ မစ္စတာဝမ်ကိုတော့ မင်းသိမှာပါ .."

" ဟုတ်ကဲ့၊ သူ တစ်ခါလာတုန်းကတော့ မြင်ဖူးလိုက်ပါတယ် "

" သူက အဲဒီမှာ ဒီလိုမျိုးဆိုင်ဖွင့်ထားတယ်၊ အန်ကယ်ဆီက စိတ်ကြိုက်လူတွေ လာတောင်းခဲ့လို့ မောင်ညွန့်တင်တို့ကို ပေးလိုက်ရ တယ်၊ သူတို့ဘဝတွေလည်း ပိုပြီးတိုးတက်အဆင်ပြေကြတာပေါ့ "

" သူတို့က သွားတာအတော်ကြာပြီနော် .. အန်ကယ် "

" ဟုတ်တယ်၊ အခုလည်း မစ္စတာဝမ်က တဂျီဂျီနဲ့ အကူအ ညီ တောင်းနေတယ်၊ သူတို့ဆီမှာ စက်ဟောင်းတွေအပြင် ဒီနေ့ပေါ်လာတဲ့ စက်တွေကိုလည်း ကိုင်ရတာဆိုတော့ တတ်ကျွမ်းနေရုံသက်သက်နဲ့ မဖြစ်ဘူး၊ နောက်ဆုံးပေါ်စက်တွေရဲ့အကြောင်း ကိုနားလည်ဖို့ ကိုယ့် ဘာသာကိုယ်စာအုပ်ကြည့်ပြီး လေ့လာနိုင်ရမယ် "

" အဲ့ဒါကတော့တကယ်လိုအပ်တဲ့အရည်အချင်းပါ .. အန်ကယ်"

" ဒီတစ်ခါတော့ မင်း ဆန္ဒရှိရင် မင်းကို အန်ကယ် လွှတ်မယ်၊ မင်း မသွားချင်ဘူးလား .."

ချက်ချင်းခေါင်းမညိတ်မိပါ။ တစ်စုံတစ်ခုက သူ့ကိုတားထား သကဲ့သို့ ခံစားရသည်။ ပုလဲဖြူ၏မျက်နှာကို ကွက်ခနဲ မြင်ရောင်ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မှာ သွားချင်ကြတဲ့ လူတွေတစ်ပုံကြီးပဲ၊ မင်းဘာစဉ်းစား နေတာလဲ"

" ဘာမှမဟုတ်ပါဘူး၊ ဟိုကိုသွားရင် အတွေ့အကြုံရမယ်၊ ငွေကြေးလည်းရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ဒါပေမယ့်ကျွန်တော် ဒီအလုပ်နဲ့အဲဆက်ပြတ်နေတာကြောင့် ကိုယ့်ကိုကိုယ် စိတ်မချသေး ပါဘူး၊ ကျွန်တော်နားလည်သလောက် ကျွန်တော့်လက်က လိုက်နိုင်ဖို့ ကြိုးစားချင်ပါသေးတယ်.."

" သာ့ရဲ့စကားကို အန်ကယ် လုံးဝလက်ခံတယ်၊ ဒီလိုပွင့်ပွင့်လင်း လင်းပြောတာ အန်ကယ်ကြိုက်တယ်..၊ ဒါပေမယ့် .. မင်းဆုံးဖြတ်မှာ သိပ်ကြာလိမ့်မယ်မထင်ဘူးလို့ အန်ကယ် ယုံကြည်ထားမယ်၊ ကဲ .. မင်းပြန်ချင် ပြန်လို့ရပြီ.."

" ဟုတ်ကဲ့ .. "

သူသည် အလုပ်ခန်းကို လှည့်ပတ်ကြည့်ရှုပြီး စစ်ဆေးသည်။ အားလုံးနေသားတကျရှိသည်ဟု ယုံကြည်စိတ်ချတော့မှ အဝတ်အစား လဲလိုက်သည်။

* * * * * * * * *





(၁၂)

အလုပ်လက်ခံရာဧည့်ခန်းသို့လှမ်းအဝင်တွင်

"အန်ကယ်ဦးဖေခင်မရှိဘူးလား" ဟုမေးနေသံကို ညီဇော်မင်း ကြားလိုက်ရသည်။

" ဆရာကြီး အပြင်သွားပါတယ်၊ဘာကိစ္စများရှိလို့ပါလဲ.."

" ဗီဒီယိုစက်ဘာဖြစ်မှန်းမသိဘူး၊ အဲဒါအိမ်ကိုလိုက်ကြည့် ပေးနိုင်မလား လို့ပါ.."

ကောင်တာတွင်မေးနေသည့်သူကိုညီဇော်မင်းမှတ်မိသွားသည်။ စောတွန်းအရက်မူးသည့်နေ့တုန်းကကားမောင်းပို့ပေးသူဖြစ်သည်။ ဝင်းသိန်းဦး၏စားသောက်ဆိုင်မှဝန်ထမ်းတစ်ယောက်ဟုထင်သည်။ အမည်ကိုတော့သူမမှတ်မိတော့။

ထို့ကြောင့်ကောင်တာဆီသို့သူလျှောက်သွားလိုက်ပြီး၊

"ငါ့ညီ..ဘာဖြစ်လို့လဲ"ဟုမေးလိုက်သည်။ သူ့ကိုမှတ်မိသည့် အသွင်ဖြင့်ပြန်ကြည့်သည်။

"အစ်ကိုကဒီဆိုင်ကလား.."

"ဟုတ်တယ်၊ ဟိုတနေ့ကစားသောက်ဆိုင်မှာ အရက်မူးနေတဲ့ လူတစ်ယောက်ကိုကားမောင်းပြီးပို့ပေးခဲ့ရတာမှတ်မိတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မှတ်မိပါတယ်..၊ အစ်ကိုရဲ့သူငယ်ချင်းမဟုတ်လား"

"ဟုတ်တယ်၊အစ်ကိုနာမည်ကညီဖော်မင်းပါ၊ ညီလေးရဲ့နာမည်ကို တော့ အစ်ကိုမေ့နေတယ်၊ စိတ်မရှိနဲ့နော်.."

"ရပါတယ်အစ်ကို၊ ကျွန်တော်နာမည်တင်ထွန်းအောင်ပါ.."

တင်ထွန်းအောင်ဆိုသည့်နာမည်ကိုကြားသည်နှင့် ပုလဲဖြူ၏သူငယ်ချင်း တစ်ယောက်ဟု ချက်ချင်းသိလိုက်သည်။ဝင်းသိန်းဦးက ပုလဲဖြူ၏ အကြောင်းကို ပြောကြားစဉ်က ဤနာမည်ကို မှတ်ထားခဲ့သည်။

"အခုလိုတွေ့ရတာဝမ်းသာပါတယ်"

ဟုပြော၍လက်ဆွဲနှုတ်ဆက်လိုက် သည်။

"အစ်ကိုဘာအကူအညီပေးရမှာလဲ.."

"ဗီဒီယိုစက် ပျက်နေလို့ပါ၊ ဒီဆိုင်ကတစ်ယောက်ယောက်လိုက်ကြည့်ပေးစေချင်ပါတယ်၊ ဘာပျက်မှန်းတော့ ကျွန်တော်မသိဘူး၊ကျွန်တော်ရဲ့ အဖေနဲ့ဒီဆိုင်ကအန်ကယ်ဦးဖေခင်တို့က သူငယ်ချင်းတွေပါ၊အရင်တုန်းက ကျွန်တော် အိမ်ကစက်တွေပျက်ရင် ဒီကိုဘဲလာနေကျပါ.."

" အန်ကယ်တော့မရှိဘူး၊အစ်ကိုဘဲလိုက်ကြည့်ပေးမယ်.."

" ကျေးဇူးဘဲအစ်ကို၊ကျွန်တော်မှာကားပါ ပါတယ်.."

"ဒါဆိုရင်အဆင်ပြေတာပေါ့၊ ဒီမှာခဏလေးစောင့်နော်၊ အစ်ကိုအိတ်ကိုသွားယူလိုက်မယ်..."





"ဟုတ်ကဲ့.."ဆိုကာတင်ထွန်းအောင် ရပ်စောင့်နေသည်။

*********

(၁၃)

တင်ထွန်းအောင်အိမ်ကိုသွားရလိမ့်မည်ဟုထင်ထားသော်လည်း ကယ်ရောက်လာသည်ကပုလဲဖြူတို့၏တိုက်တန်းဖြစ်နေသည်။ ...အားသင့် မှုကိုမြို့သိပ်ရင်း

"ညီလေးကဒီမှာနေတာလား" ဟုမေးမိသည်။

"မဟုတ်ဘူး..အစ်ကို၊ ဒီမှာကကျွန်တော်ဦးလေးတို့နေပါတယ်၊ ခု ပျက်နေတာကဦးလေးရဲ့စက်ပါ.."

"အော်..ဟုရေရွတ်ရင်းကားပေါ်မှသူဆင်းလိုက်သည်။

တင်ထွန်းအောင်သည်ပုလဲဖြူတို့တိုက်ခန်းသို့တက်ရသည့်လှေခါးပေါ် သို့တန်းတန်းမတ်မတ်လျှောက်သွားသည်။ ထိုအချိန်အထိ ပုလဲဖြူတို့ အခန်းဖြစ်သည်ဟုမသိသေးပါ။ အခြားအခန်းတစ်ခန်း ဖြစ်လိမ့်မည်ဟု ထင်ထားခဲ့သည်။

ဖျတ်ကနဲပွင့်သွားသည့်တံခါးပေါက်မှပုလဲဖြူကိုမြင်လိုက်ရသော ...သေချာခြင်းနှင့်အတူရင်ခုန်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဖြူ၏မျက်လုံးများသည်အံ့အားသင့်ခြင်းကြောင့်ပြူးကျယ်[..] သည်။ ချက်ချင်းပင် စိတ်ဆိုးသည့်အရိပ်အရောင်များ ပေါ်ထွက်[..] သည်။

"ပုလဲလမ်းဖယ်ပေးလေ၊ဒီမှာနင်တို့စက်ကိုကြည့်ပေးမဲ့ဆိုင်က[..] ခေါ်လာခဲ့ပြီ" ဟုတင်ထွန်းအောင်ပြောတော့မှသူမ၏မျက်နှာထား[..] ပြင်ဆင်ပြီး လမ်းဖယ်ပေးလိုက်သည်။

တိုက်ခန်းထဲရောက်သည်နှင့်

" အဲ့ဒီစက်ပဲအစ်ကို " ဟုလက်ညှိုးထိုးပြသည်။ သူကလက်[..] အိပ်ကိုစားပွဲပေါ်တင်လိုက်ရင်း၊

" ဘယ်လိုဖြစ်တာလဲ " ဟုမေးလိုက်သည်။ ပုလဲဖြူသည်[..] နောက်ကျောတွင် ရပ်နေသည်။ တင်ထွန်းအောင်က သူမကို

" ပြောလိုက်လေ ပုလဲ " ဟု လှည့်ပြောသည်။ ထိုအခါမှ

" အဲ့ဒီနေ့က အခွေကြည့်မယ်ဆိုပြီး ဒီတိုင်းပဲ ထည့်ဖွင့်လို[..] တာပဲ ဒါပေမယ့် ဘာဖြစ်မှန်းတော့မသိဘူး၊ အရုပ်တွေက အစင်းအ[..] တုန်ပြီး ခဏလေးနဲ့ပျောက်သွားတယ်၊ အသံကတော့ မြည်နေတာပဲ[..]

" နဂိုအတိုင်း အသံ ကြားရတာလား " ဟု သူဖြတ်၍ မေး[..] သည်။

" မဟုတ်ဘူး၊ တဂိဂိနဲ့ အသံက မပီသတော့ဘူး " ဟု ပု[..] သည် သူ့ကို မကြည့်ဘဲ အဖြေပေးသည်။

" ပြီးတော့ ဒီအတိုင်းရပ်ထားလိုက်သလား "





" ဦးလေးကတော့ အောက်စက်ကို ဟိုနှိုက်ဒီနှိုက်လုပ်ပါသေး တယ်၊ ဒါပေမယ့် ဘာမှမထူးတော့ပါဘူး "

" ရပါပြီ၊ တို့ ကြည့်ပေးပါမယ် " ဟုပြောကာ အိပ်ကို ယူလိုက် သည်။

" ဒေါ်လေးတို့ရော မမြင်ပါလား " ဟု တင်ထွန်းအောင် မေးသည့် အသံကိုကြား၏။

" ဈေးသွားနေတယ် " ဟု ပုလဲဖြူ ဖြေသံကို ကြား၏။

သူလှည့်ကြည့်ပြီး " မီးခလုတ်က ဒီဟာနော် .. " ဟု မေးလိုက် သည်။

သူမက တုန်တုန်ရီရီနှင့် ခေါင်းညိတ်ပြလိုက်သည်။

မိနစ်နှစ်ဆယ်ခန့်အတွင်း အဖြေကို သိလိုက်၏။

သူမသည် ကော်ဖီတစ်ခွက်ဖျော်ပြီး စားပွဲပေါ်လာချပေးသည်။

" လဲထည့်ပေးရမယ့် ပစ္စည်းတန်ဖိုးတော့ အစ်ကိုမသိဘူး၊ ဒါပေမယ့်ဒီအနီးအနားက ဖုန်းရှိရင် ဆိုင်ကိုလှမ်းမေးပေးမယ်၊ ဒီတော့မှ ကျသင့်ငွေကို ကြည့်ပြီး ညီလေးတို့ စဉ်းစားကြပေါ့ .. "

" ကျွန်တော်တို့က ပြင်မှာတော့ ပြင်မှာပဲ၊ အမြန်ဆုံးလည်းပြီးချင် ပါတယ် "

" အလုပ်သဘောမို့ပါ၊ တော်ကြာ ပစ္စည်းအပ်ပြီးတော့မှ ကျသင့် ငွေ ပြောရင်နည်းတယ်၊ များတယ် ဖြစ်တတ်ကြလို့ပါ၊ ကျသင့်ငွေကိုသိရ တော့ မပြင်ချင်သေးဘူးလို့ ဆိုင်းငံ့ထားလို့ရတယ် .. "



www.burmeseclassic.com

www.burmeseclassic.com

“ ကျွန်တော်နားလည်ပါတယ်. အစ်ကို၊ ဖုန်းက ဒီတိုက်အောက် မှာရှိပါတယ်၊ ကျွန်တော်လိုက်ပို့ပေးမယ် .. ”

* * * * * * * * *

(၁၄)

“လေးသောင်းတောင် ကုန်မယ်၊ ဟုတ်လား ”ဟု ပုလဲဖြူက မေးသည်။

“ ဒီကအစ်ကို ပြောတာကို နင်နားမလည်ဘူးလား၊ ပစ္စည်း ကုန်စရိတ်က လေးသောင်းနီးပါးကုန်ကျမယ်၊ လေးသောင်းထက်တော့ လုံးဝမကျော်စေရဘူး ဆိုထားတယ်၊ ဒီတော့ လေးသောင်းထက် နည်း တာပေါ့ ”

တင်ထွန်းအောင်က သူ့ကိုယ်စားကြားထဲမှ ရှင်းပြသည်။ သူ သည် ချိုတုန်ချတုန် ဖြစ်နေဟန်တူသည်။ တင်ထွန်းအောင်က စိတ် မရှည်တော့ပဲ

“ နင်ဘာမှ စဉ်းစားမနေနဲ့ ၊ ဦးလေးက ငါ့ကို ပြောပြီးသား ပြီးတော့ ဒီဆိုင်က ဈေးနှုန်းအမှန်ဆုံးပဲ လုံးဝစိတ်ချရတယ်၊ ငါ့အိမ်ကစက် တွေမှန်သမျှ ဒီဆိုင်မှာပဲ ပြင်နေကြပဲ၊ ဆိုင်ပိုင်ရှင်က ငါ့အဖေရဲ့ သူငယ်





ချင်းပါ ”

“ ဟုတ်ပါတယ် ငါနားလည်ပါတယ် .. ”

“ ငါ့အိမ်ကစက် ပျက်ရင်တန်းပို့လိုက်တာပဲ၊ ဈေးတွေဘာတွေ မေးမနေတော့ဘူး၊ အခု နင်တို့အိမ်ဖြစ်လို့ ငါ ခေါ်လာတာ၊ ငါ့သဘောနဲ့ သာဆိုရင် တစ်ခါတည်းသယ်သွားပြီးပြီ .. ”

သူမသည် တစ်စုံတစ်ခုကို စိုးရိမ်နေဟန်တူသည်။ သူက ကော်ဖီ သောက်ရင်း ကြည့်နေမိပါသည်။ သူ့အကြောင်းများကို ပြောပြထားဟန် မတူဘဲ သူ့ကိုလည်း မျက်နှာစိမ်းတစ်ယောက်ကဲ့သို့ ဆက်ဆံနေသဖြင့် အလိုက်သင့် ပြောဆိုရသည်။

“ ကဲ .. နင် ဝင်ပြီးဆုံးဖြတ်မနေနဲ့တော့၊ ငါ တစ်ခါတည်း သယ်သွားပြီလို့သာ ဦးလေးကို ပြောလိုက်တော့ .. ”

ထို့နောက် သူတို့နှစ်ယောက် စက်တွေသယ်လာခဲ့ကြ၏။

ထိုအချိန်အထိ သူမ၏ ဒေါ်လေးသည် ဈေးက ပြန်မရောက် သေးချေ။ သူ့အတွက် ကံကောင်းထောက်မခြင်းပင်ဖြစ်သည်။ သူမ၏ ဒေါ်လေးသည် တရားရုံးမှာတုန်းက သူ့ကို မြင်တွေ့ဖူးသဖြင့် ယခုလည်း မှတ်မိနိုင်ပါသည်။ မှတ်မိပါက အနည်းနှင့်အများ ပြဿနာဖြစ်လိမ့်မည် ထင်သည်။

ကားပေါ်ရောက်တော့မှ သူသက်ပြင်းချနိုင်တော့သည်။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

တင်ထွန်းအောင်က သူမ၏ ရင်ထဲကသောကအပူကို မသိရှိဘဲ တိဗွီနှင့် အောက်စက်နှစ်ခုစလုံး ယူဆောင်သွားခဲ့ပြီဖြစ်သည်။

သူမလက်ထဲတွင် ခြစ်ခြစ်ကုပ်ကုပ် စုထားသည်ဟု ပြောနိုင်သည့်ငွေမှာ ကျပ်နှစ်ထောင်ခန့်သာ ရှိပါသည်။ သူမ၏ လည်ပင်းတွင် ဆွဲထားသည့် ဆွဲကြိုးမျှင်မျှင်လေးနှင့် လက်စွပ်တစ်ကွင်း တော့ရှိပါသည်။

ဤသည်မှာ မမသန္တာဖြူက တတ်နိုင်သရွေ့ ဝယ်ပေးထား ခဲ့ခြင်း ဖြစ်သည်။ အပျိုရောက်ခါစ မိန်းကလေးတစ်ယောက်အနေနှင့် ရှိသင့်သည်ဟု ယူဆပြီး ဝယ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုနှစ်ခုကို ရောင်းချပါက နှစ်သောင်းခန့်သာ ရရှိမည်ဖြစ်သဖြင့် စက်ပြင်စရိတ် ကျပ်လေးသောင်းကို မည်သည့်နည်းနှင့်မျှ မပြည့်နိုင်ပေ။

စားသောက်ဆိုင်က လစာထုတ်မည့်ရက်ကလည်း အဝေးကြီး လိုသေးသည်။ သို့သော် ဤလစာကလည်း အားထားလောက်သည် မဟုတ်ပါ။ ဒေါ်လေးပေးဖို့ အိမ်အသုံးစရိတ်နှင့် သူမ၏ ကျူရှင်လခ နုတ်လိုက်လျှင် ကျပ်နှစ်ထောင်လောက်သာ ကျန်ရှိပါသည်။





ဤတစ်ပတ်အတွင်း ပြင်ဆင်ပြီးသည်နှင့် ငွေရှင်းပေးရတော့ မည်။

အစတုန်းကတော့ ဤပြဿနာကို တင်ထွန်းအောင်အား ပြောပြပြီး အကူအညီတောင်းဖို့ စိတ်ကူးသေးသည်။ သို့သော် တင်ထွန်းအောင်၏စိတ်ကို သူမ သိသည်။ သူက မတရားဟုထင်လျှင် ဦးလေးတို့ကို ပြောဆိုပေလိမ့်မည်။ သူမ နည်းနည်းမှ တားဂျရလိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် ဦးလေးက ပြင်ချင်သည်ဟု ကိုတင်ပြောထားခဲ့ရသည်။ ဤအိမ်တွင် သူမ နေထိုင်ရသည့် အနေအထားကို မပြောပြချင်ပါ။ တင်ထွန်းအောင်က ဦးလေးဘက်က ဆွေမျိုးတော်စပ်နေသူဖြစ်ပြီး၊ ဤ အသိုင်းအဝိုင်းထဲက ဖြစ်၏။

မီးတို့မည်သည် မလောင်ခင်ကတားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ တင်ထွန်းအောင်ဆီ မီးတစ်စရောက်သွားမည်ကို သူမ ကြောက်လန့်မိသည်။ အဘက်ဘက်ကို စဉ်းစားတွေးတောကြည့်ရင်း တစ်ကောင်ကြွက်ဖြစ်နေသော မိမိဘဝကို ဝမ်းနည်းစိတ်နှင့် မျက်ရည်နှစ်ဝိုင်းလာပါသည်။

*********


www.burmeseclassic.com

www.burmeseclassic.com



(၁၆)

မတွေ့ရသည်မှာကြာပြီဖြစ်သော သူငယ်ချင်း ကျော်လွင်သည် ညနေခင်းလက်ဖက်ရည်ဆိုင်ထိုင်ကြရန်အတွက် သူ့ဆီပေါက်ချလာသည်။

"သန္တာဖြူညီမနှင့်ပတ်သက်ပြီး၊ငါဘာသတင်းမှမကြားသေးဘူး ညီဇော်မင်း၊ ငါ့လဲမိသားစုစားဝတ်နေရေးကတစ်ဖက်ရှိနေတော့ စိတ်သွားတိုင်း ကိုယ်မပါဆိုသလို ဖြစ်နေတယ် "

" ငါ ပုလဲဖြူနဲ့တွေ့ခဲ့ပါပြီ ကျော်လွင်"

" တကယ် " ဟု မယုံကြည်သည့်အသွင်နှင့်မေးသည်။

ကျော်လွင်သည်ကျန်သူငယ်ချင်းများဖြစ်ကြသော စောထွန်း ဝင်းသိန်းတို့နှင့် မတူပါ။ နှုတ်လုံ၍ ?ိုင်ပင်ဖော်တိုင်ပင်ဖက်ကောင်း တစ်ယောက်ဖြစ်သည်။ သူ့အတွက်အကူအညီများစွာပေးခဲ့သူလည်း ဖြစ်သည်။

ထိုကြောင့်ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို သူပြောပြလိုက်သည်။

" မင်းက ပုလဲဖြူကို ဘာလို့ဒဲ့ဒိုးကြီးသွားပြောလိုက်ရတာ လည်း ဒီကိစ္စတွေမှာ သံတမန်ဆက်ဆံရေးဟာ အကောင်းဆုံးပဲ ညီဇော်မင်း"





" ငါမျှော်လင့်မထားပဲ တည့်တည့်ကြီးတွေ့နေတော့ ဟုတ်တယ် ညီဇော်မင်းလို့ပြောလိုက်တယ်။ ငါမလိမ်ညာချင်ဘူးကွာ .. "

" ငါကမင်းကိုအပြစ်တင်တာမဟုတ်ပါဘူး .. ညီဇော်မင်း၊ နှစ်သူအချင်းချင်း တိုက်ရိုက်ဆွေးနွေးပြီး၊ အဖြေရဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး၊ ခြေသူနဲ့အမုန်းကရှိနေကြတော့ စကားကောင်း ပြောတယ်လို့ မထင်ကြဘဲဖြစ်တတ်တယ်။ ကြားလူတစ်ယောက် ဆိုရင်တော့ ကိုယ်ခံစားရသမျှရင်ဖွင့်ကြတယ်။ ကိုယ့်ယူဆချက်လည်း ပြောပြချင်ကြတယ်။ ကြားလူကလည်း တစ်ဖက်က ဘယ်လိုထင်မြင်တယ် ယူဆတယ် စသည်ဖြင့် ပြောပြရင်တစ်ဖက်က နားထောင်တတ်ကြတယ်။ ဒါနဲ့ ကြားလူကောင်းရင် မီးနဲ့ရေတောင်ပေါင်းလိုရတယ်။ "

" အခုလောလောဆယ်တော့ ငါ့အဖြစ်က အမုန်းခံနေရတဲ့ အဆင့် ကမတက်သေးဘူး၊ ခရီးလည်းမတွင်ဘူးဖြစ်နေတယ်။ "

" သူတို့နေတဲ့လိပ်စာရ ပြီဆိုတော့ ငါဖက်ကကြိုးစားကြည့်ဖို့ပဲ ရှိတော့တယ်။ ဒါ့ခံပမဲ့ နေ့ချင်းညချင်းဖြစ်လာမယ်လို့တော့မျှော်လင့် ထားနဲ့နော် အမြန်ဆုံးပြေငြိမ်းအောင်တော့ ငါကြိုးစားပေးပါမယ်။ "

ရေနစ်သူအဖို့ ကောက်ရိုးတစ်မျှင်သည်လည်း အားကိုးရာ ဖြစ်ပါသည်။ မျှော်လင့်ချက်သည် မပိဝိုးတဝါးနှင့် ...

********



www.burmeseclassic.com

www.burmeseclassic.com



## (၁၇)

စက်အစိတ်အပိုင်းတစ်ခုကိုစစ်ဆေးကြည့်ရှုနေစဉ် အလု
ဖော်တစ်ဦးက သူ့ပခုံးကိုပုတ်ရင်း

" ကိုညီဇော်မင်း . အပြင်မှာ ခင်ဗျား ဧည့်သည်ရောက်နေတယ်"
ဟု ပြောဆို၍ အသိပေးကာထွက်သွားသည်။

စက်ကိုအာရုံစိုက်နေခိုက်မို့ မည်သူလည်းဟု မမေးမိလိုက်
ခေါင်းကိုပင်မညိတ်ပြမိလိုက်ပါ။ တစ်ခဏအချိန်ယူပြီး စက်အစိ
အပိုင်းများကို နေသားတကျပြန်ချထားလိုက်သည်။

ထို့နောက် သူသည်ဧည့်ခန်းဖက်သို့ ထွက်လာခဲ့သည်။

ကောင်တာတွင် ဦးဖေခင်ကိုယ်တိုင်ထိုင်နေပြီး စာရင်းမျာ
စစ်ဆေးနေသည်။ ဧည့်ခန်းထဲတွင် ဧည့်သည်ဟူ၍ တစ်ယောက်တည
ရှိသည်။

ခေါင်းငုံ့ထားသော်လည်း ထိုမိန်းကလေးသည် ပုလဲဖြ
ဖြစ်ကြောင်း သူသိလိုက်သည့်အခါ အံ့ဩသွားသည်။ သို့ရာတွ
သူ့ဆီသို့ လာလိမ့်မည်ဟုမထင်ပါ။ အခြားတစ်ယောက်များလာ
တွေးရင်း အပြင်ဖက်သို့ ကြည့်လိုက်သည်။

" ဘယ်ကိုကြည့်နေတာလဲ၊အဲဒါမင်းဧည့်သည်လေ .. "





ဦးဖေခင်သည် သူ့အတွေးနှင့်အကြည့်ကို နားလည် သဘော
ပေါက်သဖြင့် လှမ်းပြောလိုက်သည်။

ထိုအခါမှ ပုလဲဖြူသည် ဆတ်ကနဲခေါင်းမော့ပြီး ကြည့်တော့
သည်။

" တို့ကိုတွေ့ချင်တာမင်းလား .. "

သူမသည် ပြုံးပြရင်းခေါင်းညိတ်လိုက်သည်။ ကမ္ဘာ့အံ့ဘွယ်
တစ်ပါးကိုမြင်လိုက်ရသူတစ်ယောက်ကဲ့သို့ အကြီးအကျယ်အံ့အားသင့်
သွားသည်။ သူမသည် သူ့ကို ညီဇော်မင်း ဟုသိရှိချိန်မှစပြီး တစ်ကြိမ်
တစ်ခါမျှ ပြုံးရယ်ပြခြင်းမရှိပေ။

ယခုတော့ သူ့ကိုလာရောက်တွေ့ဆုံနေသည့်အပြင် ပြုံး၍ပင်
ပြနေသောကြောင့် တစ်ခုခုတော့မှားယွင်းနေပြီ ထင်ပါသည်။

" ကိုညီဇော်မင်း အချိန်ရမယ်ဆိုရင် ကျွန်မစကားနည်းနည်း
ပြောချင်လို့ပါ "

သူအနည်းငယ်ဆိုင်းငံ့နေခြင်းမရှိပဲ

" တို့အချိန်ရပါတယ် ပုလဲ .. ဘာကိစ္စပြောချင်လို့လဲ "

သူမသည် ထိုင်နေရာမှ ထရပ်ပြီး နှစ်ကိုယ်ကြား လေသံတိုး
တိုးနှင့်

" ဖြစ်နိုင်မယ်ဆိုရင်ဒီနေရာမှာ မပြောချင်ဘူး၊ သိပ်အဝေးကြီး
တော့ မဟုတ်ပါဘူး၊ ဒီအနားက စကားပြောလို့ကောင်းမယ့် ဆိုင်
တစ်ဆိုင်ကို သွားချင်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။

သူနားလည်ရပိုပြီးခက်ခဲသွားသည်။ သို့ရာတွင်ငြင်းဆန်ရန်စိတ်ကူး မရှိပါ။

" ခဏနော် ..၊ တို့ ပြောလိုက်အုံးမယ် "

ဟု ဆိုကာ ကောင်တာဆီသို့ သူလျှောက်သွားသည်။ ထို့နောက် အပြင်ထွက်ခွင့်တောင်းပြီး နှစ်ယောက်သားအတူထွက်ခဲ့ကြသည်။

" ဆိုင်ကသိပ်မဝေးပါဘူး ပုလဲ၊ ဒီကနေလမ်းလျှောက် သွားကြမယ် "

" ဖြစ်ပါတယ်– ကိုညီဇော်မင်း–"

လမ်းတစ်လျှောက်လုံး မည်သည့်စကားမျှ မပြောပဲ ခေါင်းငုံ့ထားသည်။ သူမတစ်စုံတစ်ခု စဉ်းစားတွေးတောနေဟန်တူသည်။ လက်တွင်ကိုင်ထားသည့် ပိုက်ဆံအိတ်ကို အကြောင်းမဲ့ဖြစ်ညှစ်နေသည်။

* * * * * * * *

(၁၈)

" ကဲ .. ပုလဲ ဘာပြောချင်လို့လည်း "

ဟု သူစတင်၍မေးလိုက်သည်။ ထိုအခါမှ ပုလဲဖြူသည် သူ့ကို





တစ်ချက်လှမ်းကြည့်သည်။

" စက်ပြင်တာလေးသောင်းလောက်ကုန်ကျမယ်နော် "

" ဟုတ်ပါတယ် ပုလဲ၊ ဒီထက်မပိုပါဘူး "

" အဲဒီငွေကို ကျွန်မ တစ်ခါတည်းပေးချေလို့ရမှာမဟုတ်ဘူး၊ လောလောဆယ် ငွေနှစ်သောင်းလောက်ပဲပေးနိုင်ပါလိမ့်မယ်၊ ကျန်ဟာ ငွေကို အရစ်ကျသဘောနဲ့ ပေးလို့မဖြစ်နိုင်ဘူးလား .. ကိုညီဇော်မင်း "

ဤသို့သော ငွေရေးကြေးရေးအခက်အခဲကိစ္စတစ်ခုကို မိန်းကလေး တစ်ယောက်အားစေလွှတ်ပြီး မပြောသင့်ဟုထင် မြင်ယူဆမိပါသည်။

"ဒီကိစ္စကိုပုလဲကိုယ်တိုင်လာပြောစရာမလိုပါဘူး၊ တင်ထွန်း ... ဂင်ကိုလွှတ်ပြီးအပြောခိုင်းရင်လည်းရပါတယ်၊ တင်ထွန်းသေ... ဆိုင်ပိုင်ရှင်နဲ့ရင်းနှီးပါတယ်.. "

" ကျွန်မ ဒီကိုရောက်လာတာ တင်ထွန်းအောင်မသိပါဘူး၊ ကိုညီဇော်မင်းကလည်း သူ့ကိုမပြောပြပါနဲ့၊ သူသိသွားရင် မိုးမီးလောင်ကုန်လိမ့်မယ် "

" နေစမ်းပါအုံး၊ တို့တစ်ခုမေးချင်တယ်၊ ပုလဲရဲ့ ဦးလေးနဲ့ အဒေါ်တို့က ပုလဲ ကို အပြောခိုင်းလိုက်တာမှ ဟုတ်ရဲ့လား "

သူမသည် ဤကိစ္စမျှလောက်နှင့် သူမ၏ဘဝတွင် အမုန်းဆုံးလူတစ်ယောက်ဆီသို့လာရောက်၍ပြောဆိုလိမ့်မထင်ပါ။ ထို့ကြောင့် ပြဿနာ၏အရင်းခံအကြောင်းတရားကို သိရှိချင်သဖြင့် မေးလိုက်ရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

" ဒေါ်လေးတို့လှက်လိုက်တာမဟုတ်ပါဘူး၊ ဒေါ်လေးတို့ သိလည်းမသိကြပါဘူး၊ ကျွန်မသဘောနင့် ကျွန်မလာခဲ့တာပါ .. ကိုညီဇော်မင်း .. နားလည်အောင်အမှန်အတိုင်းရှင်းပြပါမယ်၊ ဒီစက်က ကျွန်မဖွင့်တဲ့အချိန်မှာပျက်သွားတာပါ။ ဒါကြောင့် ကျွန်မပြန်ပြင် ပေးပါမယ်လို့ ဒေါ်လေးတို့ကို အာမခံမိပါတယ် "

" မင်းမဖွင့်ခင်ကတည်းက ပျက်နေတာမဖြစ်နိုင်ဘူးလား .. "

" ဒေါ်လေးတို့ကိုကျွန်မပြန်မပြောရဲဘူး၊ ကျွန်မက သူတို့အိမ်မှာ နေရတဲ့သူပါ၊ သူတို့မျက်နှာကြည်ဖြူနေမှုက ကျွန်မအတွက် အရေး အကြီးဆုံး ဖြစ်ပါတယ်။ သူတို့သဘောမကျမှာ၊ ငြိုငြင်မှာကိုတော့ ကြောက် ရတယ်"

သူမ၏အမ သန္တာဖြူတုန်းကလည်း ဤသို့ပင်ပြောခဲ့ဘူးသည်။ ကိုယ်တိုင်မခံစားခဲ့ရဘူးခဲ့ပေမယ့် နားလည်စာနာမိပါသည်။

"ကျွန်မကလည်း ဒီကိစ္စကို ပေါ့ပေါ့ဆဆ တွက်ဆပြီး တာဝန် ယူမိတာ အမှားပါပဲ၊ ကုန်ကျစရိတ် ဒီလောက်များလိမ့်မယ်လို့ မထင်ခဲ့ ဘူး၊ သုံး၊ လေးထောင် ပဲ ကုန်ကျလိမ့်မယ်လို့ ထင်ခဲ့မိတယ် "

" မင်းရဲ့အခက်အခဲတွေကို ဖွင့်ပြောကြည့်ပါလား .. ပုလဲ "

သူမသည် စိတ်မောသည့်အသွင်ဖြင့် သက်ပြင်းချလိုက်သည်။

" ကျွန်မ ရွာကိုပြန်သွားရုံပဲ ရှိပါတယ်၊ အဲ့ဒီအိမ်မှာ ကျွန်မနေရ တော့မှာ မဟုတ်ပါဘူး " ဟု တိုးတိတ်စွာပြောသည်။



သူ့ရင်ထဲက နင့်ကနဲ ခံစားလိုက်ရသည်။ သန္တာဖြူသာ ရှိနေ သေးရင် သူမ၏ အားကိုးရာဖြစ်ပါလိမ့်မည်။ ဤသို့သော အခက်အခဲ မျိုးကို ရင်ဆိုင်ရလိမ့်မည်ဟု မထင်ပါ။

" ဒီဆိုင်မှာ ငွေကိုအရစ်ကျ ပေးချေတာလဲမရှိဘူး၊ အကြွေး လည်း ထားလို့မရဘူး၊ ပစ္စည်းပြန်ပေးတာနဲ့ ငွေကိုချက်ချင်း ရှင်းပေး ရတယ်၊ ငွေမပေးနိုင်သေးရင် ပစ္စည်းကို ဆိုင်းငံ့ထားတယ်၊ ဒါက ဒီဆိုင်ရဲ့ လုပ်နည်းလုပ်ဟန်ကို ပြောတာပါ "

သူမ အကြည့်ကို လွှဲဖယ်ပြီး ခေါင်းငုံ့ထားသည်။

" ဒါပေမယ့် မင်း ဘာမှစိတ်မပူပါနဲ့၊ တို့ အဆင်ပြေအောင် ကြည့် လုပ်ပေးပါမယ် "

သူမ၏ မျက်နှာသည် လင်ပုတ်ဖမ်းရာမှ လွတ်မြောက်လာသည့် အမင်းကဲ့သို့ ဝင်းထိန်ကြည်လင်သွားသည်။

" အဲ့ဒီနေ့ကျရင် ကျွန်မ ငွေနှစ်သောင်းတော့ ပေးနိုင်မှာပါ .. "

" ဘယ်ဆိုးလို့လဲ၊ မင်းစုဆောင်းထားတဲ့ငွေက မနည်းပါဘူး၊ တော်တော်တွေ အကုန်လုံးစုထားတယ်ထင်တယ် "

" ဟင်အင်း၊ ကျွန်မ အလုပ်ရတာ သိပ်မကြာသေးပါဘူး၊ ရတော့ ရတဲ့လခထဲက အိမ်ကို ပေးရတဲ့စရိတ်နဲ့ ကျူရှင်ဖိုးနှုတ်လိုက်ရင် ထောင်လောက်ပဲကျန်ပါတယ်။ ဒီအထဲက မသုံးမဖြစ်တာလဲ သုံးရပါ တယ်"

" အဲ့ဒီတော့ မင်းဘယ်ကပိုက်ဆံနဲ့ ပေးမှာလဲ "

**အင်ပါယာ စာပေ**

www.burmeseclassic.com

www.burmeseclassic.com

သူမ သဘောကျစွာရယ်မောလိုက်ပြီး၊

" ဒါတွေ ,, ဒါတွေ ရောင်းပြီး ပေးမှာ "

ဟု ဆွဲကြိုးနှင့်လက်စွပ်ကို လက်ညှိုးထိုးပြသည်။

သူမသည် သူ့ကိုယုံကြည်မှုကြောင့် ရိုးသားပွင့်လင်းစွာ ပြောပြခြင်း ဖြစ်ပါသည်။ ထိုသို့ရောင်းချရခြင်းအတွက် အနည်းငယ်မျှ စိတ်ညစ်ဟန် မရှိပါ။ စိတ်မညစ်သည့် အပြင် ကလေးတစ်ယောက်သဖွယ် ပျော်ရွှင်ကြည်နူးနေသေးသည်။ နာကျင်ခြင်း ဝေဒနာကို ခံစားလိုက်ရသည့်သူမှာ သူပဲဖြစ်ပါသည်။ သူမကို ဟန်ဆောင်၍ပြုံးပြရန် သူ ကြိုးစားနေရသည်။

* * * * * * * * *

(၁၉)

ကြင်နာသနားခြင်းသည် အချစ်တစ်ခု မဟုတ်နိုင်သော်လည်း အချစ်ပေါက်ဖွားနိုင်သည့် ရေခံမြေခံကောင်း တစ်ခုဟုတော့ ဆိုနိုင်သည်။

သူမသည် သန္တာဖြူ၏ ညီမတစ်ယောက်မဟုတ်ပဲ တစ်ခြားတစ်ယောက်ဆိုပါက သူ့ကအတွေးများသည် နှလုံးသားနယ်ပယ်





အထိ ရောက်ရှိသွားမည်ထင်ပါသည်။ ယခုတော့ အတွေးများက ပဲခစ်စုံ တစ်ခုသောနေရာတွင် ရပ်တန့်နေ၏။ ရှေ့သို့ဆက်မသွားတော့။

သန္တာဖြူကို တွယ်တာမြတ်နိုးခြင်းများနှင့် သူချစ်ခဲ့ပါသည်။ သန္တာဖြူသည် သူ၏ အချစ်ဦးဖြစ်သည်။

ယခုတော့ သူရင်ခုန်မြတ်နိုးရသည့် အချစ်ဦး မရှိတော့။

သောကမီးသည် ရင်ကို အကြွင်းမဲ့ လောင်ကျွမ်းခဲ့ ပါသည်။ ထို့နောက် သတိရတမ်းတခြင်း ဟူသည့် ပြာမှုန်များသာ ကြွင်းကျန်ရစ်ပါသည်။ ဤမီးလောင်မြေသည်အချိန်ကာလတစ်ခုအထိ ကြာမြင့်ခဲ့ပြီလည်း ဖြစ်၏။

သို့ရာတွင် ထိုမီးလောင်မြေပေါ်၌ နောက်ထပ် ပျိုးပင်တစ်ပင် စိုက်ပျိုးရန်အတွက် သူစိတ်ကူးခြင်းမရှိပါ။ ဤပုံစံအတိုင်း နေထိုင်သွားဖို့ပဲ ရည်ရွယ်ထားခဲ့ပါသည်။

ပုလဲဖြူအားကားမှတ်တိုင်သို့ လိုက်ပို့ပြီးနောက် ဆိုင်ထဲသို့ လှမ်းအဝင်တွင် ပြုံစေ့စေ့နှင့် ရပ်ကြည့်နေသည့် ဦးဖေခင်နှင့် မျက်နှာချင်းဆိုင်မိ တိုးတော့သည်။

ဦးဖေခင် အကြည့်၏ အဓိပ္ပါယ်ကို သူရိပ်မိလိုက်သည်။

"အသိတစ်ယောက်ပါ ,, အန်ကယ်၊ လမ်းကြုံလို့ဝင်လာတာပါ"

ထိုအခါ ဦးဖေခင်သည် သဘောကျစွာရယ်မောပြီး

"ငါက ဘာမှ မမေးရသေးပါဘူးကွာ၊ မင်းဟာမင်း အိုးမလုံအုံပွင့်ပြီး ဖြေတာမဟုတ်လား "



www.burmeseclassic.com

www.burmeseclassic.com

ဟု နှိပ်ထည့်လိုက်သည်။ သူရှက်ရယ်ရယ်မိသည်။

" ငါက စက်ပြင်တတ်သလို လူကဲခတ်လည်း ကျွမ်းပါတယ် အဲဒီကောင်မလေး မင်းကို ကြိုက်နေတယ်ဆိုတာ သေချာပါတယ် .."

"မဟုတ်ပါဘူး ..အန်ကယ်ရာ၊ သူကရိုးရိုးသားသားပါ"

" မင်း မယုံရင် စိန်လိုက်လေ၊ ဘယ်လောက်ကြေးလောင်းမလဲ"

ဆက်ပြောနေလျှင်ပိုဆိုးတော့မည်ဟု သိသဖြင့် အလုပ်ခန်း ထဲသို့ အမြန်ဆုံးဝင်ပြေးခဲ့ရသည်။

ဦးဖေခင်သည် အလုပ်စည်းကမ်းကြီးသလောက် တပည့် မိတ်ဆွေများနှင့် ဤသို့ပင်ချစ်ခင်စွာနောက်ပြောင်တတ်ပါသည်။ ဤ နောက်ပြောင်မှုကတော့ သူ့နှလုံးသားကို အထိတ်တလန့်နှင့် တုန်လှုပ် သွားစေပါသည်။

အမှတ်တမဲ့ သတိမထားမိသည့် ကိစ္စရပ်များကို ပြန်လည် တွေး တောနေမိပါသည်။

သူ့ကို ညီဇော်မင်းဟု မသိခင်က အသိမိတ်ဆွေဖြစ်ရန် သူ ကိုယ်တိုင် ကြိုးစားခဲ့ပါသည်။ ကော်ဖီဆိုင်၌ သူစားပွဲဝိုင်းတွင် ဝင်ထိုင်ပြီး ပြောဆို ခဲ့သည့် သူမ၏ပုံရိပ်များကို ပြန်လည်မြင်ယောင်မိပါသည်။

* * * * * * * * *

အင်ပါယာစာပေ



(၂၀)

" ပထမအရစ်ကို တစ်လဆိုင်းငံ့ပေးဖို့ တို့ပြောထားမယ်၊ ...းထဲ တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ကြိုးစားကြည့်ပါ "ဟု ...စွပ်နှင့်ဆွဲကြိုးကိုမရောင်းချစေချင်သဖြင့် ပြောလိုက်ခြင်းဖြစ် ...ည်။

" ကျွန်မတော့ ဘာမှ စဉ်းစားလို့ မရဘူး "

" စဉ်းစားမရရင် ထီထိုးကြည့်ပေါ့၊တို့ဗိုမှာ ထီဆိုင်တွေ ကြော်ငြာ ...ာကို မင်းမမြင်ဘူးလား "

သူက အတည်ပေါက်နှင့် နောက်လိုက်သေးသည်။

သူမသည် သူ့ကိုအဘယ်အတွက်ကြောင့် ယုံကြည်မိသည် ...ါ။ သူကူညီလျှင် ဖြစ်နိုင်သည်ဟူသော ယူဆချက်နှင့် အရဲစွန့်ပြီး ...ခြင်း ဖြစ်ပါသည်။ တကယ်လည်း သူမ၏ ယူဆချက်က မမှား ...။

သူသည် မမသန္တာ၏ချစ်သူဖြစ်သည်ဟူသော အသိကြောင့် ...ာ:သွားသကဲ့သို့ ခံစားရ၏။ ထိုစည်းကို အမှန်းတရားနှင့် ရေးဆွဲ ...သည်။

ရှေ့လျှောက်ပြီး သူနှင့် မည်သို့ဆက်ဆံရမည် မသိပါ။

* * * * * * * * *

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂၁)

ညီဇော်မင်းသည် ဝင်းသိန်းဦးနှင့် စကားပြောဆိုပြီးနေ
မန်နေဂျာအခန်းမှ ထွက်လာစဉ် စကြိုလမ်းပေါ်၌ တီးဝိုင်းအဖွဲ့သား
နှင့် တည့်တည့်တိုးသည်။ တင်ထွန်းအောင်က သူ့ကို နှုတ်ဆက်ရယ်
ပြပြီး

" အစ်ကို .. ဒီကို လာတာလား " ဟုမေးသည်။

" ဟုတ်တယ်၊ ညီလေးတို့ ဆိုတီးကြတာ ကြည့်မလို့ပါ .. "

" ကျွန်တော်တို့က အပျော်တမ်းအဆင့်ပဲ ရှိပါသေးတယ် .. "

" အစ်ကို တော့ ဒီလိုမထင်ပါဘူး၊ မင်းတို့မှာ ရည်မှန်းချက်
ရှိမယ် လို့ထင်ပါတယ်၊ အစ်ကို မင်းတို့ အဖွဲ့ကို သဘောကျပါတယ်

" ဒါနဲ့ ကျွန်တော်တို့စက်ကော အခြေအနေကောင်းရဲ့လား

" စိတ်ချပါ၊ နဂိုအတိုင်းပြန်ကောင်းပါလိမ့်မယ်၊ ရက်ချိန်
တဲ့နေ့ မှာ ဖုန်းဆက်ကြည့်အုံးပေါ့ .. "

သူတို့ရပ်၍ စကားပြောနေစဉ် ပုလဲဖြူရောက်လာသ
တင်ထွန်းအောင် က

" သူ့ကိုသိတယ်မဟုတ်လား၊ အဲဒီစက်က သူတို့အိမ် က
ဟုပြောကာ နှုတ်ဆက်ပြီးထွက်ခွာသွားသည်။ ထိုအခါမှ





သည် လိုက်လှဲစွာ ပြုံးလိုက်ပြီး၊

" အစ်ကိုက လာကြည့် တာလား၊ ဒါမှမဟုတ် လာသောက်တာ
လား " ဟု ပုလဲ က မေးသည်။

" ဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာလဲ .. ပုလဲ .. "

" ကျွန်မက အရက်သောက်တာ မကြိုက်ဘူး "

ဟု ခပ်တည်တည်နှင့် ပြောနေသည်။ သူမကိုကြည့်ပြီး ရယ်ချင်
သွားသည်။ သူမ မည်သို့ ထင်မြင်သွားသည်မသိပါ။

" အစ်ကိုက ဘာရယ်တာလဲ၊ ကျွန်မတကယ်ပြောတာ "

" တို့ တစ်သက်လုံး စွန့်လွှတ်လိုက်ပါပြီ၊ ဘယ်အကြောင်းနဲ့ပဲ
ဖြစ်ဖြစ် ပြန်မသောက်တော့ဘူး၊ တို့ဆုံးဖြတ်ထားခဲ့ပါပြီ "

" ဒါဆိုရင် ဒီမှာ ဘာလုပ်နေတာလဲ၊ အိမ်ပြန်တော့လေ .. "

" ပုလဲ တို့ သီချင်းဆိုတာလာကြည့်တာပါ .. "

ဘာကြောင့်မှန်းမသိ သူမ၏မျက်နှာသည် နီမြန်းသွားသည်။

" ကျွန်မက သီချင်းဆိုမကောင်းပါဘူး၊ သူငယ်ချင်းတွေကြောင့်
ဆိုဖြစ်တာပါ .. "

" တို့ကို မညာပါနဲ့၊ ဒီဆိုင်မှာ ပုလဲက နာမည်အကြီးဆုံးပါ၊
တို့ကိုယ်တိုင်လည်း ပုလဲသီချင်းဆိုတာကို သေသေချာချာ ကြည့်ဖူးပါ
တယ် .. "

" မြှောက်ပြောနေတာတော့ မဟုတ်ပါဘူးနော် "

" ဒီရင်ထဲက စကားတွေပါ "



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မ အယုံလွယ်တဲ့လူ မဟုတ်ဘူးနော် .."

" တို့ကလည်း ညာပြောတတ်တဲ့လူ မဟုတ်ပါဘူး "

သူမသည် သူနှင့် အချီအချစကားပြောနေရာမှ အဖေါ်များ ဖက်သို့ တစ်ချက်လှမ်းကြည့်သည်။ သူမ၏ အဖေါ်များက လှမ်းကြည့်နေကြသည်။

" စကားတွေ အများကြီးပြောချင်တယ်၊ ဒါပေမယ့် အဖေါ်တွေက ကြည့်နေတယ်။ သူတို့က တစ်မျိုးထင်သွားကြရင်မကောင်းဘူး"

မမျှော်လင့်ဘဲကြားလိုက်ရသည့်စကားဖြစ်သည်။ နှလုံးသားထဲမှ မလုံမလဲနှင့် ပွင့်ကြလာသည့် ပဲ့တင်သံ ဖြစ်လိမ့်မည်။ အဆိုပါယူဆချက် မှန် မမှန် သိလိုသောကြောင့်

" ဟုတ်တယ် .. ပုလဲ၊ သူတို့ကို လုံးဝမသိစေနဲ့နော် "

ဟု စကားမြွှားတစ်စင်း ပစ်ခွင်းလိုက်သည်။

သူမသည် သူ၏ စကားအစိပ်ပွါယ်ကို သဘောပေါက်သွားသည့် အသွင်

" မနောက်နဲ့နော် .. ကိုညီဇော်မင်း၊ ပုလဲ သွားတော့မယ် "ဟု ပြောကာ အပြေးတစ်ပိုင်းထွက်သွားသည်။ သူမ၏မျက်နှာထဲတွင် စိတ်ဆိုး ဒေါသ ထွက်ခြင်း အလျှင်းမရှိဘဲ ရက်ရွဲ့ကြည်နူးရိပ်များကိုသာ ဖြတ်ကနဲ မြင်တွေ့လိုက်ရသည်။ ဤသည်မှာ အချစ်သင်္ကေတ ဖြစ်ပေသည်။

သူ၏နှလုံးသားသည် အသစ်တစ်ဖန် ရှင်သန်ခြင်းနှင့်အတူ





ရင်ခုန်လှုပ်ရှားလာသည်။

* * * * * * * * * *

(၂၂)

ပုလဲဖြူသည် သီချင်းဆိုရင်းက ခန်းမကို ဖြတ်ကနဲ ကြည့်ကြည့်နေမိသည်။ သူ့ကို မမြင်တွေ့ရသော်လည်း တစ်နေရာရာတွင် ရှိမည်ဟု သိသည်။ ဤနေ့တွင် မမျှော်လင့်ဘဲ သူ့ဆီက တုန့်ပြန်မှုကို ရရှိလိုက်သောကြောင့် ပျော်ရွှင်ကြည်နူးမိသည်။ သို့ရာတွင် ရင်ထဲ၌ ရှိနေသောစည်းကို ကျော်လွန်ဖို့ခက်ခဲနေသည်။ ထို့ကြောင့်တစ်ခါတစ်ရံတွင် ငေးငိုင်မိသည်။

စင်မြင့်ပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်တက်လာပြီး ပန်းကုံး စွပ်ကြသည့်အထဲတွင်သူပါလာသည်။

သူ့ကိုမြင်သည်နှင့် ရက်စိတ်ကြောင့် သူမမျက်နှာ ထူအမ်းအမ်း ဖြစ်သွားသည်။ အကြည့်ချင်းဆုံတွေ့မိစဉ် ရင်ထဲက အသေအချာ နားလည်မိသည်။ အချစ်၏ဘာသာစကားသည် သင်ယူစရာမလိုဘဲ တတ်မြောက် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအငုံ့တွင်ပခုံးပေါ်သို့ မ်န်းကုံးကျလာသည်။ တစ်ကိုယ်လုံးတုန်ရီသွားသည်ထင်၏။ ကြင်နာခြင်း အငွေ့အသက်များ စင်မြင့်တစ်ခုလုံး လွှမ်းခြုံသွားသည်ဟုထင်သည်။ ဤအခိုက်အတန့်သည် သူမ၏ ဘဝအတွက် အလှပဆုံးကာလတစ်ခု ဖြစ်သွားသည်။

*********

(၂၃)

" ပုလဲကို စကားပြောစရာရှိတယ်လို့ ခေါ်ထားပြီးမှ ဘာဖြစ်ငေးကြည့်နေရတာလဲ.. ကိုညီဇော်မင်း၊ ပြောစရာရှိတယ်ဆိုရင် ပြောလေ.."

သူမသည် အကြောင်းမဲ့ ကော်ဖီခွက်ကို မွှေနှောက်နေရင်းက စိတ်မရှည်တော့သည့် ပုံစံဖြင့် ပြောလိုက်သည်။

ကော်ဖီဆိုင်ထဲ သူမ ရောက်လာကတည်းက သူ့ပုံစံသည် လေးလံလံ ရှိလှ၏။ ထုံးစံအတိုင်း ဘာသောက်မှာလဲဟု မေးကာ မှာယူပေးသည်။ ထို့နောက် ဘာစကားမှမပြောတော့ဘဲ လက်ဖက်ရည်





သောက်လိုက် သူမကိုကြည့်လိုက်နှင့်လုပ်နေသည်။

ပထမတော့ သူမ သည်းခံပြီး စောင့်ကြည့်နေသေးသည်။

" နည်း နည်းနောက်ကျသွားတယ်၊ စောင့်နေတာကြာပြီလား"

သည်ဖြင့်ဝတ်ကျေတန်းကျေ စကားကို ပြောကြည့်သေးသည်။ သူက

" အင်း .အဲ " လုပ်နေတော့ ယခုကဲ့သို့ တည့်တည့်ဖွင့်

လိုက်ရခြင်း ဖြစ်ပါသည်။

သူသည် ကိုယ်ခန္ဓာကို အနည်းငယ် လှုပ်ရှားလိုက်ပြီး၊

" ပုလဲကို ချစ်တယ်လို့ ပြောမလို့ပါ .."

" အို.. ဘလိုင်းကြီးပါလား၊ နည်းနည်းပါးပါး နိဒါန်းလေးတောင်

တော့ဘူးလား.."

သူမသည် အမှန်တစ်ခုကယ်ပင် လန့်ဖြန့်သွားသည်။ ဤသို့

ကြီး ပြောလိုက်မည်ဟု မထင်မှတ်ထားသဖြင့် အငိုက်မိသွားသည်။

ကဲ့သို့ ရင်ခုန်ရမည်ကို မသိတော့။

" နိဒါန်းချီနေရင် ပုလဲရိပ်မိပြီး ဒီစကားမပြောနဲ့ တားမှာ

သချာတယ်၊ တားနေတဲ့ကြားက ပြောပြန်ရင် ပုလဲစိတ်ဆိုးချင်ဆိုး

မယ်၊ တို့ကလည်း အတင်းဇွတ်ပြောရဲလောက်အောင် သတ္တိမရှိဘူး၊

စိတ်ဆိုးမှာ စိုးရိမ်ပြီး ကြောက်နေမိတယ်၊ ဒါကြောင့် နိဒါန်းတွေ

နေတော့ဘဲ ပြောလိုက်တာပါ၊ တို့ပြောတာ ပုလဲ.. နားလည်တယ်

တ်လား "

" ဒီလိုဆိုရင် ကိုညီဇော်မင်းကလည်း ပုလဲဆီက နိဒါန်းမမျှော်



www.burmeseclassic.com

www.burmeseclassic.com

အပြတ်ဖြေမဲ့ အဖြေမျိုးကိုပဲ ကြားချင်တယ်ပေါ့.."

" ပုလဲ စိတ်ဆိုးသွားရင် တို့တောင်းပန်ပါတယ်၊ တို့ မှား
ပါတယ်၊ တို့ကို ပုလဲ နားလည်ပေးပါ.."

သူမသည် မကျေမချမ်းနှင့် မျက်စောင်းထိုးသည်။

" ပုလဲ .. ဖက်ကစဉ်းစားရမယ့် အခွင့်အရေး ရှိပါတယ်
အတွက်အချိန်အတိုင်းအတာတစ်ခုကိုပေးရမယ်ဆိုတာတို့သိပါတယ်

"တော်ပါသေးရဲ့ စာမေးပွဲတွေမှာလို ဤမေးခွန်းအားအမှား
ချစ်ပြီးဖြေပါလို့ မပြောတာပဲကျေးဇူးတင်ရအုံးမယ်ထင်တယ်။"

" တို့ အတွေး ချော်သွားမိတယ်" ဟု ပြောကာ သူ ရှက်
ခေါင်းကုတ်လိုက်သည်။

ပုလဲဖြူသည် သူ့အဖြစ်ကို ကြည့်ပြီး ရောရောင်၍ ပြုံး
သည်။

ဤအခြေအနေ၌ သူမ လွတ်လပ်စွာရင်ခုန်လိုက်ချင်ပါသ
သို့သော် ခါးသီးသောအတိတ်ဖြစ်ရပ်များကို ပြန်လည်သတိရနေ

" ကျွန်မ ကိုညီဇော်မင်းရဲ့ အချစ်ကို လက်ခံစဉ်းစားမ
ထင်နေလား "

" ဒါတော့ တို့ မပြောတတ်ဘူး "

" ကျွန်မဟာ မမသန္တာဖြူရဲ့ ညီမအရင်းကြီးဆိုတာ
သိတယ် နော်"

" တို့ သိပါတယ် "ဟု သူသတိထား၍ ဖြေလိုက်ဟန်တူသ





" ဒါနဲ့များ ကျွန်မကို ဘာဖြစ်လို့ ဒီစကားလာပြောနေရတာလဲ၊
အကြောင်းမသိတဲ့တခြားတစ်ယောက်ယောက်ကို ကိုညီဇော်မင်း
သွားပြောရင်ကောင်းလိမ့်မယ်ထင်တယ် "

" တို့ချစ်နေတာက မင်းကိုပါ။ ဒီမြင်တခြားတစ်ယောက်ကို
ချစ်နေတာမဟုတ်ပါဘူး "

" ကျွန်မ ယုံလိမ့်မယ်လို့ထင်နေတယ်ပေါ့ .. ဟုတ်လား "

" ပုလဲယုံချင်မှယုံပါ၊ ယုံကြည်ရမယ်လို့ အတင်းဇွတ်တွန်း
ပါဘူး၊ ပုလဲကြိုက်သလိုဆုံးဖြတ်နိုင်ပါတယ် "

ပုလဲသည် နာကျင်ကြေကွဲသည့်အပြုံးနှင့်

" မမနဲ့ချစ်သူဖြစ်ခဲ့ဘူးတဲ့လူတစ်ယောက်ကို ကျွန်မချစ်သူ
အဖြစ်နဲ့ ဘယ်တော့မှလက်ခံစဉ်းစားလို့ရမှာမဟုတ်ဘူး "

ဟုပြောလိုက်ပါသည်။ ရင်တွင်း၌ခြားထားသည့် စည်းကို
ကျော်ဖြတ်နိုင်ဖို့မလွယ်ကူပါ။

*********

(၂၄)

ညီဇော်မင်းသည် မြက်ခင်းပေါ်ကျောခင်းလဲလျောင်းလျက်


www.burmeseclassic.com

ပြာလွင် သည့်ကောင်းကင်တွင် ရွေ့လျားနေကြသော တိမ်တိုက်များကို ငေးမော ကြည့်နေမိသည်။

လူတို့၏အတွေးများသည် ဤတိမ်တိုက်များကဲ့သို့ ရွေ့လျားရင်း ပုံသဏ္ဍာန်အမျိုးမျိုး ဖွဲ့စည်းတတ်ကြပေမဲ့၊ သစ္စာတရားတို့ကတော့ ပြာလွင် သောကောင်းကင်ပြင်ကဲ့သို့ မပြောင်းလဲပါချေ။

" မမချစ်သူဖြစ်ခဲ့တဲ့လူတစ်ယောက်ကို ကျွန်မချစ်သူအဖြစ်နဲ့ ဘယ်တော့မှလက်ခံစဉ်းစားလို့ရမှာမဟုတ်ဘူး "

ဟု ပုလဲဖြူပြောသွားသည့်စကားကို ကြားယောင်နေမိသည်။

ဤသည်မှာ ပုလဲဖြူ၏ ရင်တွင်ကဖြစ်ပေါ်နေသည့် အတွေးများဟု ထင်ပါသည်။ ဤအချိန်၌ ပုလဲဖြူယုံကြည်ထားသည့် ခံစားချက်ဖြစ်သဖြင့် သူကငြင်းခုန်ပြီးချေဖျက်ရန်ကြိုးစားလျှင်အရာ ထင်လိမ့်မည်မဟုတ်ပါ။ ငြင်းခုန်ခြင်းကြောင့်နားလည်မှု လွဲမှားသွားနိုင်သည်။

ဤအတွေးများသည်အချိန်ကာလ၏ တိုက်ခတ်ပွတ်ပြင်မှုကြောင့် ပြောင်းလဲလာလိမ့်မည်။ ထိုအချိန်အထိစိတ်ရှည်စွာစောင့်ဆိုင်း၍ နေတော့မည်ဟုဆုံးဖြတ်လိုက်သည်။

**********





(၂၅)

ဤနေ့သည် သူမတို့အပ်နှံထားသည့်စက်များ ပြင်ဆင်ပြီးစီးမည်ဟု ရက်ချိန်းပေးထားသည့်နေ့ဖြစ်သည်။

ပုလဲဖြူသည် ညီဇော်မင်း နှင့် ကိုတင်စိုးစဉ်ပြောဆိုထားသည့်အတိုင်း တင်ထွန်းအောင်၏ ကားနှင့်အတူ ဆိုင်သို့လိုက်လာခဲ့သည်။ သူမကပိုက်ဆံ ယူလာပြီး ကျသင့်ငွေကိုရှင်းပေးရမည့်အသွင် ဟန်ဆောင် ထားသည်။

ပထမတုံးကတော့ တင်ထွန်းအောင် မသိစေချင်သဖြင့် အိမ်သို့ လာပို့ပေးဖို့ သူမပြောမိသည်။

" ဒီစက်က ပုလဲ တို့အိမ်က စက်ဖြစ်ပေမဲ့ စက်ကိုလာအပ်နှံတဲ့ သူကတင်ထွန်းအောင်ဖြစ်နေတယ်။အဲဒါကြောင့် ဆိုင်က တင်ထွန်း အောင်နာမည်နဲ့ပဲ ရေးမှတ်ပြီးလက်ခံ ထားရှာတယ်။ တင်ထွန်းအောင် မသိပဲ ပြန်ပို့ပေးလို့တော့မရဘူး၊ လာအပ်နှံတဲ့လူ စိတ်တိုင်းကျ ဒီစက်ကို စမ်းသပ်ပြရအုံးမယ်၊ ပြီးတော့ သူ့လက်ထဲပဲ ပြန်ပေးရလိမ့်မယ်"

ဟု သူမ နားလည်သဘောပေါက်အောင် သူရှင်းပြခဲ့သည်။ ပြီးနောက် သူမလုပ်ရမည့်အစီအစဉ်များကို သူပြောပြထားခဲ့သည်။

ကိုတင်၍ဖုန်းဆက်ထားသဖြင့် သူကဆိုင်တံခါးဝမှစောင့်ကြိုနေပြီး၊

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတည်းအလုပ်ခန်းထဲသို့ခေါ်ဆောင်သွားသည်။

ထို့နောက်ပြင်ဆင်ထားသည့်စက်ကိုပြသည်။ တင်ထွန်းအော အား စိတ်ကြိုက် စမ်းသပ်၍ဖွင့်ကြည့်ပါဟုပြောသည်။ တင်ထွန်းအော က သူနှင့်အတူဖွင့်ကြည့်ကြသည်။အခွေထိုးကြည့်ကြသည်။ ရုပ်ပြ သံကြားအစီအစဉ်ကို ဖွင့်ကြည့်ကြသည်။

တင်ထွန်းအောင် က စိတ်တိုင်းကျပြီ ဟုပြောသည့်အခါ သူ ကုန်ကျသည့် ငွေစာရင်းကို ထုတ်ပြသည်။ တင်ထွန်းအောင် ကြည့်ရှုပြီး နောက် သူမကိုလှမ်းပေး သည်။ ကုန်ကျငွေမှာ သုံးသောင် ရှစ်ထောင်ခန့် ဖြစ်၏။

သူက တင်ထွန်းအောင် မမြင်အောင် မျက်နှာရိပ်ကဲလှမ်းပြလို သဖြင့် ..

" နင်သဘောကျကျေနပ်ပြီဆိုရင် စက်တွေကို ကားပေါ် လိုက်တော့၊ တို့ကောင်တာကိုသွားပြီးငွေရှင်းလိုက်မယ် "

ဟု သူမက ညွှန်ကြားလိုက်သည်။ တင်ထွန်းအောင် က လွယ် စွာပင် ခေါင်းညိတ်ပြီး အလုပ်သမားတစ်ယောက်နှင့်အတူ စက် သယ်မ ကြတော့သည်။

သူမသည် ဟန်မပျက် ညီဇော်မင်း နှင့်အတူ ဧည့်ခန်းဖက် ထွက်လာခဲ့သည်။ ဧည့်ခန်းထဲသို့အဝင်တွင် ညီဇော်မင်း က အသင့် ထားပေးသည့် ငွေရှင်းစာရွက်ကို အိတ်ကပ်ထဲမှထုတ်ယူပြီး သူ လက်ထဲသို့ ထည့်ပေးလိုက်သည်။





" တင်ထွန်းအောင် ဘာမှ ရစ်မနေဘဲ ရှောရှောရှူရှူ လက်ခံလိုက် ပြီ တော်ပါသေးရဲ့ "

သူကအားပေးသည့်အပြုံးနှင့်ပြုံးပြကာ

" စိတ်အေးအေးထားပါ၊ ဘာမှမဖြစ်စေတော့ပါဘူး "

" ကျွန်မတော့ ရင်ခုန်နေတယ် "

" တို့ဖက်ကဆောင်ရွက်ပေးရမဲ့ တာဝန်တွေတော့ပြီးသွားပြီ၊ မ်ရောက်ရင် ပုလဲ ဘာသာကြည့်ပြီးပြောပေတော့ "

" ကျေးဇူးပါပဲ .. ညီဇော်မင်း ၊ တော်ကြာသူရောက်လာရင် ာက်လာမှာ၊ ကျွန်မသွားတော့မယ် "

ကားရပ်ထားသည့်နေရာသို့ သူမခပ်မြန်မြန်ပင် ထွက်လာခဲ့ သည်။

တင်ထွန်းအောင် က အလုပ်သမားနှင့်အတူ စက်များကို ကား ောက်ခန်းတွင် နေရာချဆဲဖြစ်သည်။ တင်ထွန်းအောင် က သူမ အား ည့်ကြည့်ပြီး ..

" ငွေရှင်းပြီးပြီလား .. ပုလဲ "

" အင်း ..ငွေရှင်းခဲ့ပြီးပြီ၊တို့တစ်ခါတည်းပြန်ကြတာပေါ့ "

" ပုလဲ သဘောပါပဲ "

ပုလဲဖြူသည် ကားတံခါးဖွင့်ပြီး၊ တက်ထိုင်လိုက်သည်။ င်ထွန်းအောင် က ယာဉ်မောင်းနေရာတွင် ဝင်ထိုင်ပြီး

" တို့ ကိုညီဇော်မင်း ကိုတော့ နှုတ်မဆက်ခဲ့ရဘူး "



www.burmeseclassic.com

www.burmeseclassic.com



" အမလေး … နောက်မတွေ့ရမဲ့လူတွေကျနေတာပဲ၊ နောက်တော့မှ ကျေးဇူးတင်စကားပြော၊ အခုအိမ်ပြန်ရအောင် ဒီနေ့ နေ့လယ် ရုပ်ရှင်ကား ကောင်းတယ်၊ ဒေါ်လေးတို့ စောင့်နေကြလိမ့်မယ် … "

တင်ထွန်းအောင်သည် ဘာမျှထပ်မပြောတော့ဘဲ ခေါင်းညိတ်ပြကာ ကားကို မောင်းထွက်လိုက်သည်။

ထိုအခါမှ သူမသက်ပြင်း ချနိုင်တော့သည်။

* * * * * * * * *

(၂၆)

ညီဇော်မင်း ကြိုတင်စီစဉ်ပေးလိုက်ခြင်းကြောင့် ပုလဲဖြူ ငွေကု[…] မသွားခြင်း ဖြစ်ပါသည်။ အိမ်ကို ရောက်သည်နှင့် စက်ပြင်စရိတ်မည်မျှ[…] ကုန်ကျသည်ကိုသိချင်သဖြင့်၊ ဒေါ်လေးနှင့်ဦးလေးတို့က ငွေရှင်း ပြေစာ[…] ကို တောင်းယူ၍ ကြည့်ကြသည်။

သူမ၏ အစီအစဉ်အတိုင်းဆိုပါက ဤပြေစာကို ပြနိုင်လိမ့်မည်[…] မဟုတ်ပါ။ သူမက တင်ထွန်းအောင် မသိရှိစေချင်သည့် အကြောင်[…]





တစ်ခုတည်းနှင့် ထိုနေ့မတိုင်မီ အိမ်သို့ လာပို့ပေးစေချင်ခဲ့သည်။ ယခုတော့ အလွယ်တကူပင် ပြေစာကို ထုတ်ပြလိုက်နိုင်သည်။

ထို့ကြောင့် ပုလဲဖြူ၏ စိတ်ထဲမှ ကြိတ်ပြီးသူ့ကို ချီးကျူးလိုက်မိသည်။ နို့မဟုတ်လျှင် မည်မျှအာပေါက်အောင် ရှင်းပြနေရမည်မသိပါ။

ဒေါ်လေးတို့သည် ယခုမှ ငွေကြေးပမာဏကို သိရှိကြပြီး အံ့ဩကြသည်။ ဤငွေကို စိုက်ပေးရသည့်အတွက်သူ့မအပေါ်တွင်စိတ်မကောင်းဖြစ်နေကြသည်။ဦးလေးလည်းစိတ်ကျေနပ်သွားပြီး၊ ခလေးများနှင့်အတူရုပ်ရှင်ဖွင့်ကြည့်နေလေသည်။ပြဿနာ အားလုံးပြေလည်သွားပြီဟုထင်လိုက်သည်။ သို့ရာတွင် မထင်မှတ်သည့် မီးပွားတစ်စသည် ယမ်းပုံပေါ်သို့ ကျလာ သည်။

ယင်းမှာတင်ထွန်းအောင်ကထိုဆိုင်ကောင်းကြောင်းချီးမွမ်းခန်းဖွင့်ခြင်းနှင့်အတူသူတွင်မိတ်ဆွေအပေါင်းအသင်းရှိကြောင်းထုတ်ဖော်ကြွားဝါခြင်းမှစတင်ပါသည်။

" ဒီစက်ကိုပြင်ဆင်ပေးတဲ့ကျွန်တော်မိတ်ဆွေကကိုညီဇော်မင်းတဲ့၊ သူကဒီဆိုင်မှာအတော်ဆုံးလို့ ဦးဖေခင်ကပြောတယ်၊ မကြာခင်မလေးရှားကို သွားရလိမ့်မယ်၊ နောက်နောင်ဒေါ်လေးတို့အိမ်မှာဘာစက်ဘဲပျက်ပျက် သူ့ဆီကိုသာသွားပြီးတော့ကျွန်တော့် နာမည်ကိုပြောပြ၊ ကျွန်မနဲ့တူတော်ပါတယ်လို့ပြောရင်အသက်သာဆုံးနဲ့အကောင်းဆုံးပြင်ပေးလိမ့်မယ်၊ ရက်ချိန်းလဲမြန် မြန်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးဒေါ်အေးအေးမြင့်သည် ဤနာမည်ကိုအမှတ်တမဲ့နှင့် ကျော်လွန်သွားခြင်းမရှိပါ၊ ဤနာမည်ကိုကြားသည်နှင့်ဆတ်ကနဲသတိ အနေအထားဖြစ် သွားပြီး၊

"ညီဇော်မင်း..ဟုတ်လား.."

"ဟုတ်ပါတယ်..ဒေါ်လေး၊ ဘာဖြစ်လို့လဲ.."

"သူအင်္ဂျင်နီယာတစ်ယောက်မဟုတ်လား.."

"ဟုတ်ပါတယ်၊ ရိုးရိုးစက်ပြင်တဲ့လူမဟုတ်ပါဘူး အင်္ဂျင်နီယာပါ"

"အသားကခပ်ညိုညို၊အရပ်ကနည်းနည်းမြင့်တယ်၊အသက်ကမင်း တို့ထက်နည်းနည်းဘဲကြီးလိမ့်မယ်"

"ဒေါ်လေးကသိလို့လား"

ဒေါ်အေးအေးမြင့်သည်ဒေါသအိုးပေါက်ကွဲသွားပြီး

"ငါကအဲဒီကောင်ကိုသိရုံတင်မကဘူး၊ သတ်တောင် သတ်ပစ်ချင် တယ်၊ သူ့ကြောင့်သန္တာဖြူ သေရတာကိုမင်းတို့မသိကြဘူးလား"

ဟုအော်ဟစ်ပြောရင်းသတိဝင်ကာ သူမဘက်သို့ဆတ်ကနဲလှမ်း ကြည့်လိုက်သည်။

"ကိုညီဇော်မင်းဆိုတာ သူလား၊ ကျွန်တော်မသိဘူး"

"မင်းမသိပေမဲ့ ပုလဲသိရမယ်.."

တင်ထွန်းအောင်ကသူမကိုဆတ်ကနဲလှမ်းကြည့်လိုက်သည်။သူမ မည်သို့မျက်နှာထားရမှန်းမသိတော့။ ကြောက်ရွံ့ထိတ်လန့်စိတ် ကြောင့်နှလုံး သွေးများပင်ရပ်တန့်သွားသကဲ့သို့ခံစားရသည်။





"ကျွန်မမသိပါဘူး"ဟုအလျှင်အမြန်ငြင်းဆိုလိုက်သည်။

"တင်ထွန်းအောင်မသိဘူးဆိုတာတော့ထားပါတော့၊ ဒါပေမယ့် ာမည်ကိုကြားရင် ဒီလူဘဲဆို ညည်းမသိပါဘူးဆိုတာ ဟုတ်ကို ာတ်ဘူး၊ ဒီပုံစံ ၊ဒီအရွယ်၊ ဒီအလုပ်နဲ့ ဒီနာမည်က နှစ်ယောက် ိုနိုင်ပါဘူး၊ ငါခဏခဏပြော နေခဲ့တာဘဲ၊ ကာယကံရှင်ဖြစ်တဲ့ညည်းက စရာ အကြောင်းမရှိဘူး"

သူမဘာမှမပြောနိုင်ဘဲခေါင်းငုံ့ထားမိသည်။

"ညည်းတို့သိတာဘယ်လောက်ကြာပြီလဲ၊ဘယ်အတိုင်းအတာထိ ခဲ့ကြတာလဲ "

"ဒီကိစ္စနဲ့ပါတ်သက်ပြီးသိခဲ့ကြတာပါ၊ဘာမှမကြာသေးပါဘူး " ုံကွယ်လိမ်ညာ၍ပြောလိုက်မိသည်။အခြေအနေမှန်ကိုမပြောရဲပါ။ မတို့အခြေအနေမှန်ကိုသာ ဒေါ်အေး အေးမြင့်သိရှိသွား လျှင်ရိုက် ာ်မှာသေချာပါသည်။ ပြီးတော့ သူမကိုမြို့ပြင်ရပ်သို့နှင်ထုတ်လိမ့်မည်။ အိမ်တွင်တစ်စက္ကန့်မျှနေရ လိမ့်မည် မဟုတ်ပါ။

"တင်ထွန်းအောင်သူပြောနေတာအမှန်တွေဘဲလား၊ မင်းသူ ာ်က ချစ်တဲ့ စိတ်နဲ့ဖုံးကွယ်ပေးဘို့တော့မကြိုးစားနဲ့နော်၊ ဒီကောင်က ရုပ်သူရည်သူ့အလုပ် နဲ့မထိုက်တန်အောင်အောက်တန်းကျတဲ့ ာ်တစ်ယောက်ဖြစ်တယ်၊ သန္တာဖြူ ကိုတိတ်တိတ်ပုန်း ရည်းစား းသလိုနဲ့ဖျက်ဆီးခဲ့တယ်၊ ပြဿနာ ဖြစ်လာတော့ ကားတိုက် အောင် လုပ်ပြီးသတ်ပစ်လိုက်တာ၊ ဒီဇာတ်လမ်းကို မင်းလဲကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားဘဲ ”

တင်ထွန်းအောင်သည်သူမကိုမကြည်မလင်နှင့်ကြည့်နေတော့သည် တင်ထွန်းအောင်ကသူစိတ်ထဲတွင် မမှန်ဘူမတရားဘူး ဟုယူဆလ သိုးညည်းခံနိုင်သူမဟုတ်ပါ၊ ယခုလည်းသူ့မဖုန်းကွယ်ထားခြင်း သူသိနေသည်။

သူမ .. တင်ထွန်းအောင်ကိုတောင်းပန်၍လည်းရတော့မည် မဟုတ်ပါ၊ တင်ထွန်းအောင်ကဘာကိုမျှဂရုစိုက်နေလိမ့်မည်မဟုတ်

“ နင်မသိဘူးလို့ မငြင်းစမ်းပါနဲ့ ပုလဲ ၊ ကိုညီဇော်မင်း နဲ့ တို့ ရင်းနှီးနေတာကြာပြီ၊ ဘာ့ကြောင့်ငါ့ကိုအသိမပေးတာလဲ၊ နင်သူ့ ယုံကြည်သွားလို့လား၊ ဒါမှမဟုတ်သူ့ကိုကြောက်နေလို့လား ”

ပုလဲဖြူအနေဖြင့် ခေါင်းငုံ့၍ငြိမ်ခံနေရုံမှတပါး အခြား တော့ပြီ၊ သူမမယုံကြည်ပါဘူးဟု ပြော၍မဖြစ်တော့၊ ပထမစကား အဖြစ်သူမ မသိဘူးဟုငြင်းထားပြီးပြီမဟုတ်ပါလား။

ပုလဲဖြူ ၏ အပြုအမူကြောင့် တင်ထွန်းအောင် ပို၍ပြီးသံသ ဝင်လာဟန် တူသည်။

“ ငါ့ကိုအမှန်အတိုင်းဖွင့်ပြောစမ်းပါ၊ နင့်ကို ဒီလူကဘာ ခြိမ်းခြောက်ထားလို့လဲ၊ ဘာတွေများအယုံသွင်းထားလို့လဲ ”

“ ငါတကယ်မသိတာပါ တင်ထွန်းအောင် ရယ် ”

တင်ထွန်းအောင် သည်ဒေါသတကြီးနှင့်ထရပ်လိုက်ပြီး

“ ညီဇော်မင်းဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ နင်သိပါတ





နင့်ရဲ့အနားမှာငါအမြဲတမ်းရှိနေရက်သားနဲ့ ဖွင့်မပြောတာကို ငါလုံးဝ မကျေနပ်ဘူး၊ ဒီလူနောက်တစ်ခါလာတွေ့ရင် ငါအပြတ်ရှင်းမယ်၊ ဒီလူနဲ့ တွေ့တော့တွေ့အုံးမှာပါ ”

စားသောက်ဆိုင်သို့သူလာနိုင်သည်မှာအမှန်ပင်ဖြစ်ပါသည်။

ဤပြဿနာကို သူမ မည်သို့ဖြေရှင်းရမည်မသိချေ။

ဒေါ်လေးကတော့ဇာတ်ကြောင်းပြန်လှန်ကာ သူမအား ကြိမ်းမောင်း သည်။ နားတစ်ခုလုံးပူထူနေသည်။ သို့ရာတွင် ရင်ထဲ၌ တည်ရှိပြီးသား အမုန်းထက် ပိုလွန်ပြီးဖြစ်တည်ခြင်းမရှိပါ။

*********

(၂၇)

နောက်တစ်နေ့တွင်ထုံးစံအတိုင်း ကော်ဖီဆိုင်က ညီဇော်မင်း ထိုင်စောင့်နေခဲ့သည်။ ကျူရှင်အချိန်ပြီးသွားသော်လည်း ပုလဲဖြူ ရောက်မလာခဲ့ပါ။

ပုလဲဖြူ နေထိုင်မကောင်းဖြစ်၍လား၊ သို့မဟုတ်တခြားကိစ္စ တစ်ခုခုကြောင့်မလာဖြစ်တာလား ဟုတွေးပူမိသည်။

*********



www.burmeseclassic.com

www.burmeseclassic.com



(၂၈)

နောက်တစ်ရက်၌ ပုလဲဖြူသည် အလုပ်ဖုန်းနံပါတ်နှင့် လှမ်း ဆက်သည်။

သူနှင့် စကားများပြောစရာရှိသည်ဟုဆိုသည်။ စက်နှ… ပတ်သက်၍ အဆင်ပြေရဲ့လားဟု မေးလိုက်ခြင်းကိုပင် ပုလဲဖြူ မပြေ… "နောက် မှပြောမယ်" ဟု ပြောကာဖုန်းချသွားသည်။

ပုလဲဖြူ တွင်အခက်အခဲတစ်ခုတော့ရှိနေပြီဟုနားလည်လို… သည်။

ယခင်တွေ့နေကျကော်ဖီဆိုင်ကို သူမငြင်းပယ်ခဲ့၏။ တစ်ခြ… နေရာတစ်ခုကိုရွေးချယ်ရန်ပြောခဲ့သည်။

မည်သည့်အခက်အခဲဖြစ်စေ သူကူညီရန်အသင့်ဖြစ်သည်။

* * * * * * * * *

(၂၉)

ကျနေ၏အလင်းတန်းက ပုလဲဖြူ၏ ပုခုံးပေါ် ကျရောက်…





သည်။ သို့သော် ပုလဲဖြူသည် သစ်ပင်ရိပ်၏အောက်ကိုဝင်ရန် ငြင်းဆန်သည်။

ပုလဲဖြူ၏မျက်နှာသည် စိုးရိမ်သောကရိပ်များဖွန်းထင်းနေသည်။ မျက်နှာလည်းလန်းဆန်းခြင်းမရှိချေ။ ဤသို့သောအနေအထားမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဘူးသဖြင့် သူ့ရင်ထဲကပင် အကြောင်းမဲ့ ပူပန်လာသည်။

" တို့က ပုလဲဖုန်းဆက်ပြီး ချိန်းတာကြောင့် စိုးရိမ်သွားမိတယ် ဘာကိစ္စပြောစရာရှိလို့လဲ "

" ကျွန်မချိန်းတာက ကိုညီဇော်မင်းနဲ့ပတ်သက်ပြီး ပြောစရာရှိလို့ပါ။ တင်ထွန်းအောင်ကြောင့် ကျွန်မနဲ့ ကိုညီဇော်မင်းတို့ သိကြတယ်ဆိုတဲ့အကြောင်း ဒေါ်လေးတို့ သိသွားကြတယ်၊ ဒါနဲ့ ကျွန်မကို ခိုင်းပြီး ဆူကြတယ်၊ ကျွန်မကလည်း ကိုညီဇော်မင်းဆိုတာ မမသန္တာဖြူ ရဲ့ ချစ်သူလို့မသိတဲ့အကြောင်း ငြင်းပါသေးတယ်၊ ဒါပေမယ့် ဒေါ်လေးတို့က လုံးဝမယုံကြဘူး "

သူကဘာမျှတုန့်ပြန်မပြောပဲ ခေါင်းညိတ်လိုက်သည်။

ပုလဲဖြူ သည် သူ့ကိုယ်သူ ကာကွယ်သည့်အနေဖြင့် ငြင်းဆန်ခြင်းဖြစ်ပေလိမ့်မည်။ အဖြစ်အပျက်အချို့ကို အိမ်တွင်ဖွင့်ပြောပြီး အတူတူမပူးပေါင်းခြင်းက သူ့အတွက် ကံကောင်းသည်ထင်၏။ သို့မဟုတ်ပါက ဤသို့ပင်လာရောက်ပြီး ရှင်းပြနေစရာအကြောင်း ရှိပါ။ သူမနှင့်ဆုံတွေ့ခွင့် သည် များစွာခက်ခဲသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကိုဖုံးကွယ်ထားတယ်လို့ ထင်ကြတယ်၊ ဒီလိုဖုံးကွယ်နေတာဟာ ကိုညီဇော်မင်းကို ကြောက်နေလို့ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် ကိုညီဇော်မင်းကို ယုံကြည်သွားလို့ဖြစ်ရမယ်လို့ ယူဆကြတယ်၊ အထူးသဖြင့် ကျွန်မ ခြိမ်းခြောက်ခံရမှာကို ပိုပြီး စိုးရိမ် ပူပန်ကြတယ်"

" တို့ရဲ့အကြောင်းတွေကို တင်ထွန်းအောင်လည်းသိတာပဲ သူက ပုလဲဘက်က ဝင်ကူပြီး မရှင်းပေးဘူးလား"

" ရှင်းပြဖို့နေနေသာသာ သူက ပိုဆိုးနေပါသေးတယ်၊ သူက ကိုညီဇော်မင်းနဲ့ တွေ့ရင် အကြမ်းနည်းသုံးပြီး ဖြေရှင်းလိမ့်မယ်၊ သူက ကိုညီဇော်မင်းကို တစ်ကယ် လူဆိုးတစ်ယောက်လို့ ထင်နေတယ် ဒေါ်လေးတို့ ပြောတဲ့ စကားကို အကြွင်းမဲ့ ယုံကြည်ထားတယ်.."

" တို့သူ့ကို ရှင်းပြချင်ပါတယ် .."

" လောလောဆယ် မတွေ့ချင်ပါနဲ့၊ အခိုက ကတော့ သူနဲ့မတွေ့ အောင်ရှောင်နေဖို့ လာပြောတာပါ၊ တော်ကြာ ရန်ဖြစ်ပြီး ထိုး ကြိတ်ကြဖြစ်ရင်ကျွန်မအတွက် ပိုပြီးခက်ခဲသွားနိုင်ပါတယ်၊ ကျွန်မ ဒေါ်လေးတို့အိမ်မှာ နေရတဲ့လူပါ.. "

" တို့ကလည်း ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ပါဘူး၊ အထူးသဖြင့် ပုလဲနဲ့ ပတ်သက်တဲ့လူတွေနဲ့ ရန်မဖြစ်ချင်ပါဘူး .."

" ကိုညီဇော်မင်း ခဏရှောင်နေပေးပါနော်၊ ကျွန်မ တောင်းပန် တယ်"

" ပုလဲတောင်းပန်စရာ မလိုပါဘူး၊ တို့ သူနဲ့မတွေ့အော





နေပေးမှာပါ၊ ဘာမှမဖြစ်စေရဘူး "

သူ၏ကတိစကားကြားရတော့မှ သူမသက်ပြင်းချလိုက်နိုင် ခန့်တူသည်။

" ကိုညီဇော်မင်းဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ၊ ကျွန်မ ကောင်းကောင်းသိပါတယ်၊ တင်ထွန်းအောင်ကို တွေ့ရဲတယ်ဆိုတာ လည်း ယုံပါတယ်၊ ရုပ်ပါမားကတ် အောက်မှာတုံးက ကျွန်မ မျက်စိနဲ့ မြင်ခဲ့ တာပဲ၊ ကျွန်မကြောင့် ကို ညီဇော်မင်းရဲ့ ယောကျ်ားမာနကို ထိခိုက် သွားတယ် ဆိုရင်လည်းတောင်းပန်ပါတယ်.."

သူစိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်ပြီး၊

" တို့ အရင်ကလို မမိုက်တော့ပါဘူး ..ပုလဲ၊ အတတ်နိုင်ဆုံး ရှောင်ပါတယ် "

" ဘာပဲဖြစ်ဖြစ် ကျွန်မအတွက် ကိုညီဇော်မင်း လိုက်လျော ပေးလိုက်တာလို့ထင်ပါတယ်၊ ဒါကြောင့် ကျွန်မကကျေးဇူးတင်ရမှာပေါ့.."

ကျနေ၏ အလင်းရောင်တန်းက ပုလဲဖြူ၏ မျက်နှာပေါ်သို့ ရောက် လာ၏။ အလင်းရောင်သည် တစ်ရွေ့ရွေ့ဆုတ်ခွာနေပေပြီ။

ပုလဲဖြူ၏ မျက်နှာသည် ကျနေ၏ အနီရောင်အလင်းကြောင့် ...ချိ ရေးဆွဲထားသကဲ့သို့ လှ၍နေသည်။ မေ့လျော့နေသည့် ရင်အစုံ ... အသက်ဝင်ပြီး ရင်ခုန်မိသည်။ တမေ့တမော ငေးမောကြည့်နေချင် ...သည်။

သူက စကားလမ်းကြောင်းလွှဲသည့် အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com

" တို့ ပေးလိုက်တဲ့ဘောက်ချာ၊ ပုလဲအတွက် အဆင်ပြေ ရဲ့လား"

" အားလုံးအဆင်ပြေပါတယ်၊ ဘာမှ ပြဿနာမရှိပါဘူး ဒေါ်လေးတို့ကတောင်၊ စက်ပြင်တဲ့စရိတ် ဒီလောက်ကုန်ကြတာ ဆိုတာ သိလို့ ကျွန်မကိုတောင် အားနာနေကြတယ် .."

ဟု ပြောရင်း ပုလဲဖြူသည် သဘောကျစွာရယ်၏။

ထိုကဲ့သို့ ရယ်မောပျော်ရွှင်စရာ ဖြစ်လိမ့်မည်ဟု မထင်ပါ ရောက်လာတုန်းက ညှိုးနွမ်းနေသည့် မျက်နှာနှင့်ဖြစ်သည်။

" ပုလဲ ဘာကို သဘောကျပြီး ရယ်တာလဲ "

" အော် .. ဒီဘောက်ချာက အတုကြီးဆိုတာ ကျွန်မ တော ယောက် တည်းသိတယ်လေ၊ ဒေါ်လေးတို့ကတော့ ဘယ်သိ နည်းနည်းမှ သံသယမဝင်ကြဘူး "

သူ ခေါင်းကို ခါယမ်း၍ ပြုံးမိသည်။

" ဒီကြားထဲမှာ ကျွန်မတို့ မတွေ့ကြတာအကောင်းဆုံးပါ ကိုညီဇော်မင်း ဖက်ကကျွန်မဆီကို အဆက်အသွယ် မလုပ်ပါ၊ တွေ လည်း မကြိုးစားစေချင်ဘူး၊ ဒီလိုပြောလို့ ဒီကောင်မလေး အငြ မဆပ် ချင်လို့ရှောင်ပြေးသွားတယ် မထင်နဲ့နော်၊ စိတ်ချပါ၊ ကျွန်မ မပျက်ပါဘူး "

" ပုလဲ လက်ဝတ်လက်စားတွေ မရောင်းနဲ့နော်၊ ပုလဲအငြ ကိစ္စကို ခေါင်းထဲ ထည့်မထားပါနဲ့နော် .."





" ဘာဖြစ်လို့ ခေါင်းထဲထည့်မထားရမှာလဲ..ကိုညီဇော်မင်း"

" အဲ့ဒီဘောက်ချာက ပုလဲ ထင်သလို အတုမဟုတ်ဘူး "

" ရှင် .."

" အဲဒါ အစစ်ပါ .. ပုလဲ .."

ပုလဲဖြူအနေနှင့် အကြွေးကိစ္စ ခေါင်းခြောက်မခံစေချင်သည့် စေတနာနှင့် သူပြောလိုက်ခြင်းဖြစ်ပါသည်။

သို့ရာတွင် စေတနာသည် ဝေဒနာဖြစ်သွား ခဲ့၏။

ခုတ်ရာတစ်ခြား ရှရာတစ်ခြား ဟူသော စကားရပ် အတိုင်း ပုလဲဖြူ အဓိပ္ပါယ်ကောက်၍ နားလည်သည်က တစ်မျိုး ဖြစ်နေလေ သည်။

* * * * * * * * * *

(၁၀)

" ကျွန်မ ရှင့်ဆီက အကူအညီတောင်းခဲ့တာနော်၊ ရှင့်ဆီက ငွေကို တောင်းခံခဲ့တာမဟုတ်ဘူး၊ ဒီငွေတွေ စိုက်ထုတ်ပေးတာက ဘာ


www.burmeseclassic.com

www.burmeseclassic.com

သဘော လဲ၊ ကျွန်မကို ငွေလာပြီး ချူတဲ့မိန်းမလို့ ထင်နေလို့လား ”

“ ပုလဲအထင်မှားနေပြီ၊ တို့ရှင်းပြပါမယ် .. ”

“ မှားရည်နဲ့ ဝမ်းမချစမ်းပါနဲ့၊ ကျွန်မဟာ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒါပေမယ့် ဝမ်းရေးအတွက် ရိုးရိုးသားသား သီချင်းဆိုတာပါ။ စားသောက်နေသူတွေဆီက ပန်းကုံးနဲ့ ငွေကြေးဆုလဒ်ကို ချူယူနေတာ မဟုတ်ဘူး၊ ကျွန်မ မြူဆွယ်နေတာ မဟုတ်ဘူး .. ”

“ တော်ပါတော့၊ တို့ရှင်းပြတာကို နားထောင်ဖါအုံး ..ပုလဲ .. ”

ပုလဲဖြူ၏ စကားလုံးများက နားထဲသို့ သံရည်ပူအလား စီးဆင်းဝင်လာသကဲ့သို့ လောင်မြိုက်ခံစားရသဖြင့်၊ အသည်းအသန် ငြင်းဆန်ဖို့ ကြိုးစားလိုက်သည်။

“ ဘာမှ ရှင်းပြမနေပါနဲ့၊ ကျွန်မ လုံးဝနားလည်ပါတယ်၊ ရှင်ဟာ ဒေါ်လေးတို့ ထင်သလို လူဆိုးတစ်ယောက်ပဲ၊ ဒီထက်ဆိုးတဲ့ လူလိမ်လူညာတစ်ယောက်ဆိုတာ ကျွန်မယုံကြည်သွားပြီ၊ မမသန္တာဖြူတုံးက လည်း ဒီလိုအချိုးမျိုး၊ ဒီလိုလှည့်ကွက်မျိုးနဲ့ .. လှည့်စားခဲ့မှာပါ .. ကိုညီဇော်မင်း .. ”

“ မင်း တစ်ဖက်သတ် မစွပ်စွဲပါနဲ့၊ တို့မှာ ဒီလိုရည်ရွယ်ချက်မျိုး ဘယ်တုံးကမှ မရှိခဲ့ဘူး .. ”

ဟု ဒေါသတစ်ကြီးနှင့် အော်ဟစ်၍ ပြောလိုက်သည်။

“ မမကတော့ ရှင့်ရဲ့လှည့်ကွက်တွေထဲမှာ ကျဆုံးခဲ့ပေမယ့်





ကျွန်မကတော့ ရုန်းထွက်နိုင်ပါတယ်။ ဒီငွေကို တစ်ခြားနည်းနဲ့တော့ ကျွန်မ မပေးဆပ်နိုင်ပါဘူး၊ ပိုက်ဆံကို ပိုက်ဆံနဲ့ပဲ ပေးဆပ်ပါမယ် .. ”

ပုလဲဖြူသည် ဆွဲကြိုးနှင့် လက်စွပ်ကို ဖြုတ်ယူနေသဖြင့်

“ မလုပ်ပါနဲ့ ”ဟု သူတားမြစ်လိုက်၏။ သို့သော် ပုလဲဖြူသည် သူ၏စကားကို လုံးဝဂရုမစိုက်ဘဲ၊

“ အခုတော့ ဒါတွေယူထားလိုက်၊ ကျန်တဲ့ငွေကို ကျွန်မ အမြန်ဆုံးပြန်ပေးမယ် ”

“ ပုလဲ ကိုဒီတစ်နည်းနဲ့ပဲ ကူညီနိုင်လို့ ကူညီတာပါ၊ တို့ ဆိုင်မှာ အကြွေးထားလို့လည်းမရဘူး၊ ငွေကို အရစ်ကျပေးချေလို့လည်း မရဘူး၊ ဒီအကြွေးကို ပုလဲတစ်နေ့ကျရင် ပေးဆပ်ချင်ပေးဆပ်ပါ၊ ဒါပေမယ့် ဒီပစ္စည်းတွေကိုတော့ တို့ မယူချင်ဘူး ”

“ ရှင်ဘာဏ်များမယ် မကြံနဲ့၊ ကျွန်မပေးတာကို ယူစမ်းပါ .. ”

သူ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းပြီး၊

“ တို့ မယူနိုင်ဘူး ”

“ အော် .. ဒီလိုလား .. ”

ဟု ပြောကာ ပုလဲဖြူသည် သူ့ရင်ဘတ်သို့ ပစ်ပေါက်လိုက်သည်။ လုံးဝ မထင်ထားသည့် အပြုအမူကြောင့် ထိုပစ္စည်းများကို ဖမ်းဆီးရန် ကြိုးစားလိုက်သော်လည်း မရလိုက်တော့ပဲ မြက်ခင်းပေါ်သို့ ပြုတ်ကျသွားသည်။

ကုန်းကောက်ရန်ကြိုးစားလိုက်စဉ်၊


www.burmeseclassic.com

www.burmeseclassic.com

" ရှင့်ကို ကျွန်မမုန်းတယ် .. "

ဟု သူမကျိုးအော်သည်။ ဤအသံသည် ကောင်းကင်ကို ရိုက်ခတ်၍ လွင့်ပျံ့သွားသကဲ့သို့ ထင်မှတ်မိသည်။

" ရှင့်ကို ဒီတစ်သက် ကျွန်မ မတွေ့ချင်တော့ဘူး၊ လုံးဝမေ့ပစ်လိုက်ပြီ၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် .. "

ပုလဲဖြူ၏ မျက်ဝန်းများမှ မျက်ရည်စတစ်ချို့ကို သူမြင်တွေ့လိုက်ရသည်။ သူမသည် သူ၏အနီးမှ လျင်မြန်စွာ ပြေးထွက်သွားတော့သည်။

သူ အပြေးလိုက်ပြီး တားဆီးရန် စိတ်ကူးလိုက်သေးသည်။

သို့ရာတွင် အခြေအနေ ပိုဆိုးသွားနိုင်သည်ထင်၏။ သူမ သိပ်ပြီးကြောက်လန့်သွားမည်ကို သူမလိုချင်ပါ။ ယခုအချိန်၌ သူမကို လွှတ်ပေးလိုက်ခြင်းသာ အကောင်းဆုံးဖြစ်မည်။

မည်သည့်အကြောင်းကြောင့် မျက်ရည်စများ ရစ်ဝဲခဲ့သနည်း။

ဒေါသအမျက်ကြောင့် မျက်ဝန်းသို့ လျှံတက်လာခဲ့သည့် မျက်ရည်ဟု မထင်ပါ။

ဤမျက်ရည်သည် ဝမ်းနည်းကြေကွဲမှုကြောင့် ရစ်ဝိုင်းလာသည့် မျက်ရည်ဖြစ်ပါသည်။

လက်ထဲတွင် ရှိနေသည့် ဆွဲကြိုးနှင့် လက်စွပ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိပါသည်။

**********





(၃၁)

ကျိန်စာသင့်နေသည့် လူတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

မည်မျှပင် စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်စေကာမူ အကောင်းမမြင်ကြတော့၊ ပြောင်းပြန်အကျိုးတွေချည်းဖြစ်နေသည်။ ထို့ကြောင့် သူစိတ်ပျက်အားလျော့လာသည်။ ဤနေရာ ၊ဤအရပ်တွင် သူရှိနေပါက တစ်နေ့မဟုတ်တစ်နေ့၊ တစ်ကွေ့မဟုတ်တစ်ကွေ့ ပုလဲဖြူတို့ နှင့် တွေ့ဆုံနိုင်သည်။

ထိုအခါ ပုလဲဖြူတို့က ပို၍ မုန်းသွားကြလိမ့်မည်။ ကိုယ်မရှာပေမယ့် ပြဿနာက တက်လာပေလိမ့်မည်။ ဤတစ်ကြိမ် ပြဿနာတက်လျှင် ပုလဲဖြူအတွက် ခိုကိုးစရာ အိမ်မရှိဘဲ နယ်သို့ ပြန်ရလိမ့်မည်။

သူမဘာသာ ကြိုးစားတည်ဆောက်ထားရသည့် ဘဝကလေး ပျက်သွားလိမ့်မည်။ သူမ၏ ရည်ရွယ်ချက်များ ပြိုပျက်သွားလိမ့်မည်။

အမှန်က ပုလဲဖြူ၏ ဘဝကို သူကူညီ ဖြည့်ဆည်းပေးဖို့ ရည်ရွယ် ချက်ရှိခဲ့၏။ ဘာပဲဖြစ်ဖြစ် သူ့အကူအညီမပါဘဲနှင့် ပုလဲဖြူ ရပ်တည် နေနိုင်ပါသည်။ သူကူညီတော့ မှထိုဘဝလေး ပျက်ယွင်းမှာ သေချာ၏။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူမနှင့်ဝေးသောနေရာ တစ်ခုဆီသို့ထွက်သွားခြင်းသည်ပင် သူမကို ကူညီရာရောက်တော့မည် ထင်ပါသည်။ အချစ်နှင့်ပတ်သတ်၍ စွန့်လွှတ်လိုက်ခြင်းက အကောင်းဆုံးဖြစ်ပါလိမ့်မည်။ သူမကို ပိုင်ဆိုင်ဖို့ မကြိုးစားတော့ပါ။ ဤသို့ ဆုံးဖြတ်ချက်ချလိုက်ပြီးသည့်နောက်

" အန်ကယ် .. ကျွန်တော် မလေးရှားကို သွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ မစ္စတာဝမ်တို့ ဆီမှာ အလုပ်လုပ်ရင်း ပညာထပ်ပြီးရှာချင်တယ်၊ ကျွန်တော့် ကို အမြန်ဆုံးပို့ ပေးဖို့သာ စီစဉ်ပါတော့ "

ဟု ပြောလိုက်သည်။ ဦးဖေခင် အတော့ကို အံ့အားသင့်သွားဟန်တူ၏။ မကြာခဏ တိုက်တွန်းခဲ့ပေမယ့် သူ အကြောင်းအမျိုးမျိုးပြပြီး ခေါင်းရှောင်နေခဲ့သည် မဟုတ်လား။

" မင်း တစ်ကယ်ပြောတာဆိုရင် အန်ကယ် အကြောင်းကြားလိုက်တော့မယ် "

" ကျွန်တော့်ဆုံးဖြတ်ချက်ကိုကျွန်တော်မပြင်ပါဘူး .. အန်ကယ်"

ဦးဖေခင်သည် သူ၏ပုခုံးကို အသာအယာပုတ်လိုက်သည်။ ဤသည်မှာ သူ့အဖြေကို နားလည်သဘောပေါက်၍လား။ သို့တည်းမဟုတ် နှစ်သိမ့်အားပေးသည့်သဘောလား။ သူ မဝေခွဲတတ်ပါ။

* * * * * * * * * *





(၃၂)

ဤနေ့သည် တင်ထွန်းအောင်၏ မွေးနေ့ဖြစ်သည်။ မနက်က ဘုန်းကြီးကျောင်းတွင် ဆွမ်းကျွေးသဖြင့် ပုလဲဖြူသည် ဒေါ်လေးတို့ မိသားစုနှင့် အတူသွားခဲ့ကြသည်။ ထိုကတည်းက ညနေကျလျှင် သူမကို ဝင်ခေါ်မည်ဟု တင်ထွန်းအောင် ကြိုတင်ပြောခဲ့ပါသည်။

" ညနေ လေးနာရီလောက် နှင် အဆင်သင့်ပြင်ဆင်ထားပါ .. ပုလဲ၊ ငါဝင်ခေါ်မယ်၊ တို့တွေ ရွှေတိဂုံဘုရားတက်မယ်၊ ပြီးတော့ နင့်ကို တစ်ယောက်တည်း သီးသီးသန့်သန့် ကျွေးမွေးမယ်၊ ပြီးတော့ နင့်ကို အမှတ်တရ ပစ္စည်းတစ်ခုခု ဝယ်ပေးမယ် .. "

" ငါမလိုက်ချင်ပါဘူး၊ မွေးနေ့လက်ဆောင်ဆိုတာ မွေးနေ့ရှင်ကို တစ်ခြားလူတွေက ပေးရတာပါ၊ နင်က ငါ့ကို ပြန်ဝယ်ပေးမယ်ဆိုတော့ ပြောင်းပြန်ကြီးဖြစ်နေတယ်၊ ငါဘာမှ မလိုချင်ပါဘူး .. တင်ထွန်းအောင်"

" နင်ဘုရားသွားရင် ငါ အမြဲတမ်းလိုက်နေကျပဲ၊ ငါ့အလှည့်ကျတော့ နင်ကငြင်းတယ် .."

တင်ထွန်းအောင်၏ စကားမှန်သဖြင့် ငြင်းရခက်သွားသည်။ သူမ၏ ကိစ္စဆိုပါက မည်သည့်အခါမှ တင်ထွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်ခဲ့ခြင်းမရှိဘဲ မညည်းမညူ လိုက်ပို့ပေးခဲ့သည်ချည်း ဖြစ်သည်။

"ကဲ .. ရစ်မနေနဲ့တော့၊ လေးနာရီထိုးရင် ငါ့ကို ခင်ခေါ်တော့၊ လိုက်ခဲ့မယ်တင်ထွန်းအောင် "

ဟုပြောလိုက်သည့် အခါ တင်ထွန်းအောင် ကျေနပ်ဝမ်းသာသွားသည်။

* * * * * * * * *

(၃၃)

ဘုရားပေါ် ရောက်တော့မှ မမသန္တာဖြူအတွက် ရည်မှန်းပြီး ပန်း၊ ဆီမီးနှင့် ရေချမ်းကပ်လှူမိသည်။ ထိုအခိုက်အတန့်၌ အမှန်းများနှင့် မေ့ဖျောက်ပစ်ရန် ကြိုးစားထားသည့်ကြားမှ ညီဇော်မင်း၏ ပုံရိပ်များကိုတစ်ဆက်တည်းမြင်ယောင်လာသည်။

ထိုနေ့သည် မှတ်မှတ်ရရ မမသန္တာဖြူ၏ မွေးနေ့ဖြစ်သည်။ ထိုနေ့ ထိုနေရာသို့ ညီဇော်မင်း ရောက်လာခြင်းဖြစ်သည်။သူမနှင့် ပထမဦးဆုံး တွေ့ဆုံခဲ့ကြသည့်နေ့ဖြစ်သလို သူမထွန်းညှိထားသည့် ဆီမီးတိုင်မှ မီးကူး ညှိရန် ပြင်ဆင်ခြင်းကို ပြန်မြင်မိသည်။

သူ့ပုံစံက အချိန်မီ အရေးကြီးသုတ်ပျာနှင့် ရောက်လာသကဲ့





ရှိသည်။

သူမက သူမ၏ ဆီမီးတိုင်မှ မီးကူးခွင့်မပေးဘဲ၊ ငြင်းပယ်လိုက်တော့ သူနားမလည်သလို ဖြစ်သွားသည်။ ထိုအခါ သူမ၏ အတွေးကို ရှင်းလင်း ပြောပြခဲ့၏။

"သူများထွန်းညှိထားတဲ့မီးတိုင်ကမီးကူးယူရင်သူများရဲ့သောကအပူကိုကိုယ်ကကူးစက်ယူလိုက်သလိုဖြစ်တတ်တယ်လို့ကျမကြားဖူးတယ်၊အဲဒါကြောင့်တခြားကမီးကိုပဲယူပါနော် "

သူမ၏ ထင်မြင်ယူဆချက်ကို သူနားလည်လက်ခံခဲ့ဖူးပါသည်။ မည်သို့မျှ ပြန်မပြောခဲ့ပါ။

ယခု သူမ သေချာစွာ စဉ်းစားကြည့်သည့်အခါ မမသန္တာဖြူ၏ မွေးနေ့နှင့် နေ့နံထောင့်သို့ သူရောက်လာခြင်းမှာ တိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်ပါ။ သူလည်း မမအတွက် ဆီမီး၊ရေချမ်းကပ်လှူရန် ရောက်လာခြင်း ဖြစ်နိုင်ပါသည်။

သို့ဆိုလျှင် သူသည် မမကို အမှန်တစ်ကယ် မြတ်နိုး၍ ချစ်ခဲ့သည်ပဲ။ သူသည် မမကို အမှတ်တရ ရှိနေခဲ့သည်ပဲ။

ထိုကဲ့သို့ တွေးလိုက်မိသည်နှင့် သူမ၏ရင်ထဲတွင် နင့်ကနဲ နာကျင်မှုကို ခံစားလိုက်ပြီး၊ တစ်ပြိုင်တည်း သူမ၏ ထင်မြင်ယူဆချက်များ မှားယွင်းသွားခဲ့ပြီဟု သိရှိလိုက်တော့သည်။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၃၄)

ပုလဲဖြူ မျက်နှာ မသာမယာ ဖြစ်နေခြင်းကို ကြည့်ပြီး

" နေမကောင်းလို့လား "ဟု တင်ထွန်းအောင်မေးလိုက်သည်။

ဘုရားပေါ်မှဆင်းလာခဲ့ပြီးနောက် ဤဆိုင်သို့ သူတို့ဝင်ခဲ့ကြ ခြင်း ဖြစ်သည်။ သူမ စားချင်တာမှာပါဟု တင်ထွန်းအောင်က ပြောသည်။ သူမ ဘာမှစားချင်စိတ်မရှိချေ။

တင်ထွန်းအောင် မှာပေးသည့် အစားအသောက်များကိုပုလဲဖြူ ဟန်ဆောင်ပြီး အနည်းအကျဉ်း စားနေမိသည်။ ပုလဲဖြူ၏ စိတ်အစဉ် သည် ညီဇော်မင်းနှင့် တွေ့ကြုံဖြစ်ပျက် ခဲ့ခြင်းများဆီသို့ လွင့်ပါး၍ ရောက် ရှိနေလေသည်။

" မနက်ကတည်းက နင့်မှာ ဆွဲကြိုးနဲ့လက်စွပ်၊ ဝတ်မထား တာကို ငါ သတိထားမိတယ်၊ လူတွေကြားထဲမှာဖြစ်လို့ မမေးကြည့် ခဲ့တာ။ အဲ့ဒါတွေ ဘယ်မှာလဲ .."

"အိမ်မှာရှိပါတယ်၊ငါမဝတ်ချင်လို့သိမ်းထားတယ်"

" ငါ့ကို မညာစမ်းပါနဲ့ ပုလဲရယ်၊ ဒီဆွဲကြိုးနဲ့လက်စွပ်ကို နှ မြတ်မြတ်နိုးနိုး နဲ့ အမြဲဝတ်ခဲ့တာပါ၊ ဒီပစ္စည်းတွေကို နင့် အ သန္တာဖြူ ဝယ်ပေးခဲ့တာ မဟုတ်လား၊ နင်အကြောင်းမဲ့ မဝတ်





နေမှာမဟုတ်ဘူး၊ ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ၊ နင်ငွေလိုလို့ ရောင်း ပစ်တာ မဖြစ်နိုင်ဘူး၊ ဒေါ်လေးတို့က ငွေလိုအပ်နေလို့ နင့်ဆီက ခဏယူထားသလား "

" နင် ပြောတာ တစ်ခုမှ မဟုတ်ဘူး၊ ငါ တစ်ကယ် မဝတ် ချင်တော့ လို့ သိမ်းထားလိုက်တာပါ .. "

" နင်ပြောတာ မှန်တယ်၊ မမှန်ဘူးဆိုတာ ငါလိုက်ကြည့်မှာ နော်"

" နင်က ငါ့ကို စစ်ဆေးရအောင် နင့်မိန်းမ မဟုတ်ဘူး "

ပုလဲဖြူသည် စိတ်တိုကာ ပြောချလိုက်သည်။ တင်ထွန်း အောင် က သဘောကျစွာ တစ်ဟဲဟဲ .. ရယ်သည်။

" ငါ့စိတ်ထဲမှာတော့ တစ်နေ့ကျရင် နင်ဟာ ငါ့ဇနီး ဖြစ်လာလိမ့် ယ်လို့ အောက်မေ့ထားတယ် .. "

" ဒီတစ်သက် စိတ်မကူးသေးဘူး "

" တစ်ကယ်ပျို့ ဒီနေ့ဟာ ငါ့ရဲ့မွေးနေ့ဖြစ်တယ်၊ ဒီနေ့မှာ င်ဆီက အမှတ်တရ လက်ဆောင်တောင်းချင်တယ် .."

" ငါတစ်ခုခု ဝယ်ပေးမှာပါ .. တင်ထွန်းအောင် "

" ငါက ဒီလို အကောင်အထည်ရှိတဲ့ ပစ္စည်းကို မလိုချင်ဘူး၊ ငါ ချင်တာက နင့်ရဲ့အချစ်ပါ၊ ဒီနေ့ မှတ်မှတ်သားသား သတိရနေအောင် င်အဖြေပေးပါ .. ပုလဲ၊ နင့်ပါးစပ်က ဖွင့်မပြောချင်ရင် ခေါင်းညိတ် က်ပါ .. "



www.burmeseclassic.com

www.burmeseclassic.com



ပုလဲဖြူ၏ နှလုံးသားထဲတွင် အချစ်တော့ရှိပါသည်။ သို့သော်
ထိုအချစ်သည် တင်ထွန်းအောင်အတွက် မဟုတ်သည်က သေချာ
သည်။ ပြီးတော့ ထိုအချစ်သည် ဒဏ်ရာများနှင့် ဖြစ်၏။

" နင်က လိမ်ညာတာကို မကြိုက်တဲ့လူ မဟုတ်လား၊ ဒီတော့
ငါ့ရင်ထဲရှိတဲ့အတိုင်း ပြောရရင် နင့်ကို သူငယ်ချင်းတစ်ယောက်လိုပဲ ချစ်
တယ်။"

တင်ထွန်းအောင်သည် အကြီးအကျယ် စိတ်ဓါတ်ကျသွား
သည်။

" ငါ့စကားနဲ့ ငါ့ကို ပြန်ပြီး အချည်ခံရတာပဲ .."

" ဒီဟာ အမှန်ပဲ .. တင်ထွန်းအောင် "

" ဒီတစ်ခါတော့ နင်ညာပြီးပြောချင်ပြောနိုင်တယ်၊ ညာတာ
လေးပဲ ယုံချင်တယ် ဆိုတဲ့စကားလိုပေါ့၊ ငါ တစ်ကယ်ကြားချင်တာပါ"

ပုလဲဖြူသည် ဘာမှ ပြန်မပြောပဲ ပြုံး၍ ကြည့်နေလိုက်သည်။

ထို့နောက် စကားလမ်းကြောင်းလွှဲချင်သူဖြင့်

" နင်ဆိုင်ကို သေသေချာချာ ဖုန်းဆက်ထားရဲ့လား၊ တော်ကြာ
ငါတို့ အိမ်တွေကို ဝင်ကြိုနေဦးမယ် "

" ငါ ဆရာကိုဝင်းသိန်းဦးဆီ တိုက်ရိုက်ဖုန်းဆက်ပြီးပြောထား
တာပါ၊ ဒီနေ့ ငါ့မွေးနေ့ဖြစ်လို့ ပုလဲနဲ့အတူ ဘုရားသွားကြမယ့်
အကြောင်း ကျွန်တော်တို့ကို ကားနဲ့ဝင်ကြိုမနေပါနဲ့တော့၊ ကျွန်တော်
ကားနဲ့ ကျွန်တော် တို့ လာခဲ့ပါမယ်လို့ သေသေချာချာပြောထားတာ





ဘာမှစိတ်မပူနဲ့ "

စားသောက်ဆိုင်သို့ တစ်ဆက်တည်းသွားမည့် အစီအစဉ်
ကြောင့် အထုပ်အပိုးများပါ ယူလာခဲ့ကြသည်။

နာရီကိုကြည့်လိုက်တော့ အချိန်က များစွာလိုနေပါသေးသည်။

* * * * * * * * *

(၃၅)

ဆိုင်သို့ အချိန်မီပင် သူမတို့ ရောက်သွားခဲ့ကြသည်။ ဆိုင်ထဲ
တွင် စားသောက်နေကြသူများနှင့် စည်ကားနေလေပြီ။

ညီဇော်မင်းကို တွေ့မည်လားဟု သူမ အမှတ်မထင် ရှာကြည့်မိ
သည်။

သူမ ပြောခဲ့သည့်စကားကြောင့် သူ လာချင်မှ လာပေလိမ့်
မည်။ သူ့ကို မတွေ့သည့်အခါ ဘာကြောင့်မှန်းမသိ ရင်မောသွားမိ
သည်။ သူမ အပေါ်၌ အထင်အမြင်များ မှားသွားခဲ့ပြီထင်သည်။

စင်မြင့်ပေါ်သို့ တက်ရောက်ရမည့် အလှည့်ကို စောင့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

* * * * * * * * * * *

(၃၆)

ဤအကြိမ်သည် ပုလဲဖြူ နောက်ဆုံးဖျော် ဖြေရခြင်းဖြစ်သည်။ သီချင်းဆိုနေစဉ် ပန်းကုံးဆုချသူများ တစ်ယောက်ပြီးတစ်ယောက် တက်လာကြသည်။ သီချင်းကို အာရုံမပျက်စေဘဲ သီဆိုနေစဉ် သူမ၏ ရှေ့တွင် ပန်းကုံးစွပ်သူတစ်ယောက် လာရပ်၏။ ထို့ကြောင့် အလိုက်သင့် ခေါင်းငုံ့ပေးလိုက်ပြီး၊ အမှတ်မထင် တစ်ချက်ကြည့်လိုက်သည်။

နှလုံးသွေး ရပ်တန့်သွားလောက်အောင် အံ့သြသွားမိသည်။

ကိုညီဇော်မင်း ဖြစ်နေ၏။ ရောင်စုံမီးရောင်များ ပြေးလွှားနေသည့် ကြားမှ သူ့မျက်နှာသည် အရယ်အပြုံး မရှိချေ။ သူမကို ခပ်ရူးရူးကြည့်နေ၏။

သူမ၏လက်ကို ဆွဲကိုင်နှုတ်ဆက်ရင်း အတန်ငယ်လေးလံသည့် ပစ္စည်းတစ်ခုကို ထည့်ပေးသွားသည်။ ထို့နောက် ချက်ချင်းပင် ကျောခိုင်း၍ စင်မြင့်ပေါ်မှ ဆင်းသွားသည်။





သူမသည် ထိုပစ္စည်းကို ဘာမှန်းမသိဘဲ ဆုပ်ကိုင်ထားမိသည်။

ကီးဘုတ်တီးခတ်နေသည့် တင်ထွန်းအောင်က ထိုအပြုအမူကို အစအဆုံး မြင်တွေ့သွားဟန်တူသည်။ မျက်နှာတင်းတင်းနှင့် လှမ်းကြည့်နေသည်။

သူမသည် ယောင်ယောင်မှားမှားနှင့် သီချင်းကို ရပ်ပစ်လိုက်ပြီး၊ ခေါင်းညိတ်နှုတ်ဆက်မိသည်။ လက်ခုပ်သံများ ထွက်ပေါ်လာ၏။ ထို့နောက် စင်မြင့်ပေါ်မှ အလျင်အမြန် ဆင်းခဲ့ပြီး၊ လက်ထဲမှအရာဝတ္ထုကိုဖွင့်ကြည့်မိသည်။

ညီဇော်မင်းအား သူမပစ်ပေါက်ထားခဲ့သည့်ဆွဲကြိုးနှင့် လက်စွပ်တို့ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။ အနက်ရောင်စက္ကူဖြင့်ထုပ်ထား၏။ ဤသည်ကို တမင်ပြန်လာပြီး ပေးခြင်းဖြစ်သည်။

ထို့နောက် ညီဇော်မင်းသည် ဆက်လက်၍ ထိုင်ကြည့်နေလိမ့်မည်မထင်ပါ။ ချက်ချင်း ထပြန်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူပေးသွားသည့် ပစ္စည်းများကို သူမ သိရှိသည်နှင့် မဆိုင်းမတွ ပြန်ပေးဖို့ ကြိုးစားလိမ့်မည်ဟု သူ တွေးနိုင်ပါသည်။

အချိန်ဆိုင်းမနေတော့ဘဲ သူမသည် အပြင်ဘက်သို့ ထွက်ကြည့်လိုက်သည်။

ထင်မှတ်သည့်အတိုင်းပင် သူသည် ဆိုင်အဝင်လမ်းကို ဖြတ်ကျော်၍ ကားရပ်သည့်နေရာဘက်သို့ လျှောက်သွားခြင်းကို မာကျူရီမီးရောင်များအောက်တွင် အထင်းသား မြင်တွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိ ရိုင်းပြစွာ ဆက်ဆံခဲ့ခြင်းအတွက် တောင်းပန်ချင်ပါသည်။ သူ စေတနာနှင့် ကူညီခဲ့ခြင်းအပေါ် သူမ နားလည်နိုင်ခဲ့ပါပြီ။ ဘုရားပေါ်မှာ သူနှင့် စတင်တွေ့ဆုံခဲ့ခြင်းကို ပြန်လည်အမှတ်ရပြီး ဤသို့ နားလည်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူမ၏ လက်ထဲတွင် ရှိနေသည့် ဆွဲကြိုးနှင့် လက်စွပ် တို့ကို ပြန်ပေးရန် စိတ်မကူးတော့ပါ။ သူမ ယူထားလိုက်တော့မည်။ သို့ရာတွင် တင်ရှိနေသည့် အကြွေးကိုတော့ တစ်နေ့နေ့တွင် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ပြောပြချင်သည်။

သူမသည် ကားများ ရပ်ထားသည့် နေရာသို့ အပြေးသွားမိသည်။

သူ ကားတံခါးဖွင့်မလို့ ဟန်ပြင်နေစဉ်

"ကိုညီဇော်မင်း " ဟု သူမ လှမ်းအော်လိုက်မိသည်။

*********

(၃၇)

ပုလဲဖြူအော်ခေါ်သံကြောင့် ညီဇော်မင်းသည် ချာကနဲ လှည့်ကြည့်သည်။ အပြေးလိုက်လာသည့် သူမကိုကြည့်ရင်း သံသယဝင်သွားဟန်တူသည်။ လက်ဝတ်လက်စားများကို ပြန်လာပေးသည်ဟု





ထင်မှတ်ပြီး ကားတံခါးကို ဖြတ်ကနဲ ဖွင့်လိုက်သည်။

ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားရန် ကြိုးစားခြင်းဖြစ်ပါသည်။

"ကျွမ ပြန်လာပေးတာ မဟုတ်ပါဘူး၊ စကားနည်းနည်းပြောစရာရှိလို့ပါ၊ ခဏလေးစောင့်ပါအုံး"

သူ စိတ်ချယုံကြည်ဟန်တော့ မရှိပါ။ သို့ရာတွင် သူမ၏ စကားကို လိုက်နာပြီး ကားတံခါးနားတွင် ရပ်စောင့်နေသည်။

မျက်နှာချင်းဆိုင်မိသည့်အခါတွင် သူမ မောပန်းစွာဖြင့် အသက်လုရှူရင်း

"ကျွမ ကိုညီဇော်မင်းကို တောင်းပန်ချင်လို့ပါ"

" ပုလဲ ဘာကို ပြောတာလဲ၊ တို့နားမလည်ဘူး"

"မနေ့ က ကိုညီဇော်မင်းအပေါ်မှာ ကျွမ ပြုမူဆက်ဆံမိတာ ရိုင်းပြသွားတယ်၊ တကယ်တော့ ကျွမ ဒီလိုမလုပ်သင့်ပါဘူး၊ ကျွမက အကူအညီတောင်းခဲ့သူပါ၊ ကိုညီဇော်မင်းက ကျွမကို ကူညီရတဲ့လူပါ"

"တို့ ကူညီခဲ့ရတာ အကြီးအကျယ်ကိစ္စမဟုတ်ပါဘူး၊ အသေးအဖွဲလေးတစ်ခုပါ၊ ပုလဲအနေနဲ့ ကျေးဇူးတင်နေစရာ အကြောင်းမရှိပါဘူး၊ ဒီအတွက် တောင်းပန်မနေပါနဲ့၊ တို့ က လူတကာရဲ့ အမုန်းကို ခံနိုင်ရည်ရှိတဲ့လူပါ . . . "

"ဒါပေမယ့် ကျွမရဲ့ အပြုအမူက သိပ်လွန်သွားတယ် "

သူ ခပ်ယဲ့ယဲ့အပြုံးနှင့် ခေါင်းခါလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့၊ ပုလဲဘက်က မမှားပါဘူး"

"ကိုညီဇော်မင်းကလည်း မဟုတ်တာပြောရော့မယ်"

" ပုလဲဘက်က ဒီတစ်သက်မတွေ့ချင်ပါဘူးလို့ ပြောစကားကို တို့ မလိုက်နာနိုင်ခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလက်စွပ်နှင့် ဒီဆွဲကြိုးကို တို့ ယူမထားချင်လို့ပါ၊ ဒါကြောင့် အခု လာပေးမိတာပါ၊ တို့ကို နားလည်ခွင့်လွှတ်မနေပါနဲ့၊ တို့က အမှားထဲကလူပဲ၊ ထပ်မှားရင်လည်း မထူးခြားတော့ပါဘူး၊ နဂိုကတည်းက မဲနက်နေတဲ့ အဝတ်စ [illegible] နောက်ထပ် အမဲစက် စွန်းထင်သလိုပဲ သဘောထားလိုက်ပါ . . ."

"ကျွမ အဲဒီလို သဘောမထားပါဘူး"

"သေချာပါတယ် ပုလဲ ဒီတကြိမ် ဟာ နောက်ဆုံးအမှားပါ၊ နောက် ဘယ်တော့မှ တွေ့ ဖို့ မကြိုးစားတော့ပါဘူး၊ ပုလဲနဲ့ ဝေးတဲ့ နေရာတစ်ခုကို တို့ ထွက်သွားတော့မှာပါ၊ တို့ နှုတ်ဆက်ခဲ့ပါတယ်"

ဟု ပြောကာ သူ ကျောခိုင်းလိုက်သည်။

သူ့ ဘက်က ပြောစရာစကားကုန်သွားပေမယ့် သူမမှာ ပြောစရာကျန်နေသေးသည်။ ထို့ကြောင့် ကားထဲဝင်တော့မည့် သူ့ လက်မောင်းကို လှမ်းဆွဲလိုက်သည်။ " ကျွမ ပြောစရာစကားတွေ ရှိသေးတယ်" ဟု လည်း ပြောလိုက်သည်။

ထိုအချိန်၌ "ပုလဲ " ဟု အော်သံနှင့်အတူ တင်ထွန်းအောင် ရောက်လာပြီး သူမ၏လက်ကို ဆွဲဖယ်လိုက်သည်။

တင်ထွန်းအောင်၏ မျက်နှာသည် ဒေါသသွေးတို့ကြောင့်





နီမြန်းနေ၏။ တင်ထွန်းအောင်သည် နောက်လူများသိဆိုရန် တားခတ်ပေးနေရမည့် အချိန်ဖြစ်သော်လည်း ယခုတော့ စင်မြင့်အား ချန်ထားရစ်ပြီး သူမ၏နောက်သို့ ဆင်းလိုက်လာခြင်းဖြစ်သည်။

"ကိုညီဇော်မင်း . . ခင်ဗျား သိပ်တရားလွန်သွားပြီ၊ ပုလဲဖြူဟာ မိန်းခလေးတစ်ယောက်ပါ၊ ခင်ဗျား သတ္တိရှိရင် ယောကျ်ားချင်း စာရင်းရှင်းစမ်းပါ"

သူမသည် စိုးရိမ်တကြီးနှင့် "မလုပ်နဲ့ " ဟု အော်လိုက်သည်။

သူက တင်ထွန်းအောင်ကို နားမလည်နိုင်သည့် အကြည့်နှင့် လှည့်ကြည့်သည်။

"ခင်ဗျား ပုလဲဖြူကို ဟိုပစ္စည်းပေး ဒီပစ္စည်းပေးနဲ့ စည်းရုံးနေတာကို ကျုပ် မျက်စိနဲ့ တပ်အပ်မြင်တယ်၊ ခင်ဗျား ပုလဲဖြူကို ဘာတွေခြိမ်းခြောက်ပြီး အကျပ်ကိုင်နေတယ်ဆိုတာ ကျုပ် မသိဘူး၊ ဒါပေမယ့် ပုလဲဖြူက ခင်ဗျားကို သိပ်ကြောက်နေတယ်၊ ခင်ဗျားနဲ့ ပတ်သက်ပြီး ဘာမှ မပြောဘဲ ရေငုံနှုတ်ပိတ်နေတာ ကျုပ်သိတယ် . . ."

"မင်းပြောတာ တစ်ခုမှမဟုတ်ဘူး၊ မင်း မှားနေပြီ ထင်တယ် ညီလေး"

"လာချွဲပြမနေစမ်းပါနဲ့၊ ကျုပ် သူငယ်နှပ်စားမဟုတ်ဘူး"

တင်ထွန်းအောင်သည် ပြောပြောဆိုဆိုနှင့် ညီဇော်မင်း ရင်ဘတ်မှ အကျႌစကို ကြမ်းတမ်းစွာ ဆုပ်ကိုင်လိုက်သည်။ ညီဇော်မင်း၏မျက်လုံးများသည် ကိုယ်ထိလက်ရောက် စော်ကားမှုကို သည်းမခံ



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည့်အသွင်ဖြင့် အေးစက်မာကျောသွားသည်။

တစ်ချိန်က စူပါမားကတ်အောက်တွင် ဤမျက်လုံးမျိုးကို ပုလဲဖြူ မြင်တွေ့ဖူးပါသည်။ ထိုစဉ်က သူရင်ဆိုင်ခဲ့သည့်လူများမှာ ထွားကြိုင်းသန်မာလှသည်။ တင်ထွန်းအောင်လို သေးသေးသွယ်သွယ် မဟုတ်ပါ။ ပြီးတော့ တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်ဖြစ်ပါသည်။

သူ၏အမျက်ဒေါသသည် အနည်းငယ်မျှ တွန့်ဆုတ်တွေဝေခြင်းမရှိပါ။ ဤသည်ကို ပုလဲဖြူ ကောင်းစွာ သဘောပေါက်ပါသည်။

ယခုယှဉ်ထိုးကြလျှင်တင်ထွန်းအောင်အရေးနိမ့်မှာ သေချာ၏။ ထိုအပြင်ပြဿနာကတင်ထွန်းအောင်နားလည်မှုလွဲမှားခြင်း သာဖြစ်သည်။ အမှန်တကယ်ထိုးကြိတ်၍ဖြေရှင်းရမည်ပြဿနာမဟုတ်ပါ။

" ဒါကမင်းဘာလုပ်တာလဲ "

ဟုဆိုကာတင်ထွန်းအောင်လက်ကိုသူဆွဲဖယ်လိုက်သည်။

" ကျုပ်လုပ်ချင်တာကဒါပဲ… "

တင်ထွန်းအောင်သည်သူ့မျက်နှာကိုအားကုန်ထိုး ထည့်လိုက်သည်။ သူမအော်ဟစ်တားဆီးရန်ကြိုးစားပေမယ့်နောက်ကျသွားသည်။

ညီဇော်မင်းသည်ယိမ်းယိုင်သွားပြီး၊ ကားစက်ဖုံးကိုလက်နှင့်ထောက်ထားလိုက်သည်။ ထို့နောက်ခပ်အေးအေးပင် ထရပ်လိုက်သည်။ ညီဇော်မင်းဘာလုပ်တော့မည်ကို သူမ ရိပ်စားမိကာ၊ အချိန်မှီ





သတိပေးလိုက်မိသည်။

" မလုပ်ပါနဲ့ …ကိုညီဇော်မင်း၊ ကျမတောင်းပန်ပါတယ် "

ညီဇော်မင်းသည်သူမဖက်သို့တစ်ချက်လှမ်းကြည့်လိုက်သည်။ ဝမ်းနည်းစွာငိုချင်နေသည့်သူမမျက်နှာကိုမြင်တွေ့သွားပြီး၊ နားလည်လက်ခံသည့်သဘောဖြင့် ခေါင်းဆတ်ပြသည်။

တင်ထွန်းအောင်ကအလစ်အငိုက်ယူပြီးနောက်တစ်ချက်ထိုးလိုက်သည်။

ပုလဲဖြူသည်တင်ထွန်းအောင်အားဝင်၍ဆွဲကာ၊ " နင်လွန်နေပြီ၊ တော်တော့ " ဟုတားဆီးလိုက်သည်။ တင်ထွန်းအောင်သည် သူမဆွဲခေါ်ရာနောက်သို့ရုန်းကန်ရင်းပါလာသည်။

" ခင်ဗျားနောက်ထပ်နှောက်ယှက်အုံးမယ်ဆိုရင်ဒီထက်နာမယ်၊ ပုလဲဖြူအနီးမှာကျုပ်အမြဲရှိနေတယ်ဆိုတာခင်ဗျားမှတ်ထား၊ "

တင်ထွန်းအောင်သည်ကျူး၍အော်ဟစ်သည်။

ညီဇော်မင်းကတော့ဘာကိုမှမကြည့်ဘဲခေါင်းငုံ့ထားကာဒဏ်ရာများကိုပွတ်သတ်နေသည်။

* * * * * * * * * *


www.burmeseclassic.com

www.burmeseclassic.com



(၃၈)

ယခုပြန်လည်စဉ်းစားကြည့်သည့်အခါထိုနေ့ကအဖြစ်အပျက်များသည်အိပ်မက်များကဲ့သို့တကယ်မဖြစ်ခဲ့သလို ထင်ယောင်မိသည်။

တင်ထွန်းအောင်သည်ကားတံခါးကိုဖွင့်ပြီး ပုလဲဖြူကိုအတင်းတက်ခိုင်းသည်။

"အိမ်ပြန်လို့မဖြစ်သေးဘူး၊ အစီအစဉ်ကပြီးသေးတာမဟုတ်ဘူး"

"ဘာမှဂရုစိုက်စရာမလိုဘူး... ပုလဲဖြစ်ချင်တာဖြစ်ပါစေ၊ အခုချက်ချင်းနှင့်ကိုအိမ်ပြန်ပို့မယ်..."

"အိတ်ဖွေးကျန်နေသေးတယ် ...တင်ထွန်းအောင် "

"နောက်နေ့မှယူတော့၊အဲဒီအိတ်တွေပျောက်ချင်ပျောက်သွားပါစေ၊ကားပေါ်ကိုသာတက်စမ်းပါ၊ နှင်ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲ..."

ပုလဲဖြူသည်ရှန်းထွက်ရန်ကြိုးစားသည်။ တင်ထွန်းအောင်ကလက်ကိုတင်းကျပ်စွာဆုပ်ကိုင်ထားသည်။





"ငါစိတ်ဆိုးလာပြီနော် ...ပုလဲ၊နှင်ကဒီကောင့်ကိုသံယောဇဉ်မကုန်သေးဘူးလား၊အကြောင်းအမျိုးမျိုးပြပြီး ဘာကြောင့်ငြင်းနေရတာလဲ၊ ဒေါ်လေးတို့ ဒီကိစ္စသိသွားရင်နှင်မလွယ်ဘူး "

" ဒီလောကပြန် ချင်ရင်လဲပြန်ကြတာပေါ့ " ဟုဆိုကာကားပေါ်သို့တက်လိုက်သည်။ ဤပြဿနာကိုဒေါ်လေးတို့နှင့်မည်သို့ဖြေရှင်းရမည်မသိတော့။

တင်ထွန်းအောင်သည် " တောက် " တစ်ချက်ခေါက်လိုက်ပြီးကားကိုကြမ်းတမ်းစွာမောင်းထွက်လိုက်သည်။ ကုန်းဆင်း အတိုင်း အရှိန်နှင့်ဆင်းလာပြီးမှလမ်းပေါ်သို့ချိုးကွေ့လိုက်သည်။

ကားတာယာနှင့် လမ်းမျက်နှာပြင်ပွတ်တိုက်သည့်အသံကျိကနဲ ပေါ်ထွက်လာ၏။

ပုလဲဖြူသည် ကား တစုံတခုဖြစ်မှာကိုစိုးရိမ်သွားမိသည်။

" တင်ထွန်းအောင်...နှင် ဘယ်လိုဖြစ်နေတာလဲ၊ ကားကိုအရှိန်မမောင်းစမ်းပါနဲ့ "

သတိပေးမှုကိုတင်ထွန်းအောင်ဂရုမစိုက်နိုင်ဘဲ သူသိချင်နေသည့် အကြောင်းအရာများကိုသာပြန်၍မေးသည်။

"ဒီလူနှင့်လက်ထဲကိုဘာပေးသွားတာလဲ၊ငါ့ကိုပြစမ်းပါပုလဲ"

" ဘာမှမဟုတ်ပါဘူး "

" နှင်ဖုံးကွယ်နေတာ၊လက်စသတ်တော့နှင်ကအဲ့လိုလူ့ အချိုးပါ ဖြစ်နေတာကိုး၊နှင်ဒီလူတို့ကြိုက်နေတာမဟုတ်လား၊ငါ့ကိုမှန်



www.burmeseclassic.com

www.burmeseclassic.com

ပြောစမ်းပါပိုလဲ၊"

ပုလဲဖြူသည်မည်သို့မျှစိတ်မရှည်နိုင်တော့ဘဲ၊ " ဟုတ်တယ် ငါ သူ့ကိုကြိုက်နေတယ် " ဟုတည့်တည့်ပင်ဖြေလိုက်သည်။

" ဒါနင့်ရင်ထဲကစကားမဟုတ်လား "

" ဟုတ်တယ် ..." ဟုတိုတိုပြတ်ပြတ်ပြောပစ်လိုက်သည်။

တင်ထွန်းအောင်သည်ရူးသွတ်သွားသည့် လူတစ်ယောက် သဖွယ် တဟားဟားနှင့်အော်ဟစ်ရယ်သည်။

" ငါကနင့်ကိုရိုးသားပြီးလိမ္မာတဲ့မိန်းမတစ်ယောက်လို့ ထင် မှတ်ထားခဲ့တယ်၊တကယ်တော့နင်ဟာမလိမ္မာဘူး၊နင်ဟာမိုက်မဲတဲ့ မိန်းမပဲ၊ကိုယ့်အမကိုသတ်ပစ်ခဲ့တဲ့လူတစ်ယောက်ကိုနင်ချစ်နေတယ်"

"တင်ထွန်းအောင်...နင်မရိုင်းနဲ့နော်"

" အမှန်တရားတွေပြောနေတာ၊မမသန္တာဖြူလိုဘဝပျက်မှာစိုး လို့ ငါပြောနေတာ၊အိမ်ပြန်ရောက်ရင်ဒေါ်လေးတို့လက်ကိုအပ်လိုက် တော့မယ်၊ နင့်ကိုငါတာဝန်မယူတော့ဘူး ...ပုလဲ "

ဒေါ်လေးတို့သိရှိသွားလျှင်မိုးမီးလောင်တော့မည်။ဆွေမျိုးအ သိုက်အဝန်းတွေဆီသို့လည်းသတင်းရောက်သွားပြီး၊သူမခိုကိုးစရာ နေ ရာရှိတော့မည်မဟုတ်ပါ။မည်သူကမှကြည်ဖြူစွာလက်ခံကြတော့မည် မဟုတ်ပါ။

ဒေါ်လေးတို့ကလည်းသူတို့အိမ်မှာထားတော့မည်မဟုတ်ပါ။

" နင်ဒီလိုပြောတဲ့အတိုင်းလုပ်မယ်ဆိုရင် ငါအိမ်ကိုမပြန်





တော့ဘူး၊အခုဒီမှာပဲဆင်းနေခဲ့တော့မယ်၊ ငါ့ကိုကားရပ်ပေးပါ..."

"လုံးဝရပ်မပေးနိုင်ဘူး..ပုလဲ၊ နင်တကယ်သတ္တိရှိရင် ဆင်း ကြည့်စမ်းပါ"

ဟုပြောပြောဆိုဆိုနှင့်ကားအရှိန်ကိုမြှင့်လိုက်သည်။ ကားရှေ့ မြင်ကွင်းများသည် လျှင်မြန်စွာဖြင့်ရိပ်ကနဲရိပ်ကနဲပြေးဝင်လာကြ သည်ထင်ရ၏။ တံခါးပေါက်မှတိုးဝင်လာသည့်လေကအရေပြားကိုပင် နာရလာသည်ထင်ရ၏။

" ဒီလိုကြေးလား ...တင်ထွန်းအောင်၊ ငါ့ဘဝက မထူးတော့ ပါဘူး၊ ဒေါ်လေးတို့ဆီရောက်သွားရင်လည်း ရှင်နေရက်နဲ့ သေသလို ဖြစ်မှာပဲ"

ပုလဲဖြူသည် ကားတံခါးကို ဖွင့်ဖို့ ကြိုးစားလိုက်သည်၊ သူမ အနေနှင့် တင်ထွန်းအောင့် အလျော့ပေး၍ သူမ၏စကားကို နားထောင် သက်ခံလာရုံသက်သက် ရည်ရွယ်ပြီး ကားတံခါးကို ဟန်ဆောင်၍ ဖွင့်နေခြင်းဖြစ်သည်။

ကိုယ့်ကိုကိုယ် သတ်သေရဲလောက်အောင် မမိုက်မဲပါ။ သူမ၏ ရည်ရွယ်ချက်အတိုင်းအောင်မြင်ပါသည်။ တင်ထွန်း အောင်သည် သူမ ၏ချမည်ကို စိုးရိမ်ပြီးလှမ်း၍တားသည်။ " ပုလဲ " ဟုအော်ဟစ်ပြီး ကားတံခါးကိုင်ထားသည့် လက်ကိုအတင်းဆွဲဖြုတ်သည်။

တင်ထွန်းအောင်သည်သူမဆီသို့အာရုံရောက်နေ သည့်အချိန် တွင်ကားမောင်းနေခြင်းကိုတခဏသတိလွတ်သွားဟန် တူသည်။ကား


www.burmeseclassic.com

www.burmeseclassic.com



က နေ့းကွေးစွာမောင်းနှင်နေခြင်းမဟုတ်ပါ။ အလွန်အရှိန်ပြင်းစွာမောင်း နေသဖြင့်မျက်စိတစ်မှိတ်၊လျှပ်တစ်ပြတ် ဂရုမစိုက်သည်နှင့် ချက်ချင်းလမ်းဘေးသို့ဆင်းသွားတော့သည်။

သူမမြင်လိုက်သည်ကမြင့်မားစွာကာရံထားသည့်ခြံစည်းရိုးအုတ်နံရံဖြစ်၏။ " ဒုန်း " ကနဲမြည်သံနှင့်အတူ ဘာဖြစ်သွားမှန်းမသိ

ကားသည်အုတ်နံရံနှင့်တိုက်မိပြီး၊ကွန်ကရစ်မြောင်းထဲသို့ ထိုးကျသွားသည်။ ဖွေးကနဲလွင့်စင်သွားသည့်အရာများသည် မှန်စများဖြစ်မည်ထင်ပါသည်။ အမြင်အာရုံသည်မှောင်အတိကျသွားပြီး၊ သူမေ့သွားသည်။

**********

(၃၉)

ပုလဲဖြူသတိတစ်ချက်ဝင်လာသည့်အချိန်မှာ ကားတံခါးဖွင့်ပြီး၊ လူတစ်ယောက်က သူမကို ဆွဲထုတ်နေသည့်အချိန်ဖြစ်သည်

သူမကိုဆွဲထုတ်နေသည့်လူသည်ကိုညီဇော်မင်းဖြစ် နေသည်

" ပုလဲသတိရတယ်မဟုတ်လား၊ပုလဲဘာ မှမဖြစ်ဘူး၊ အားတင်း ထားနော်၊ စိတ်ကိုတင်းထား "





ပုလဲဖြူသည်သူ့ကိုမော့ကြည့်ပြီး " တင်ထွန်းအောင် " ဟု ပြောလိုက်သည်။

" တင်ထွန်းအောင်ကိုလည်းတို့သယ်ထုတ်ပြီးပြီ၊ စိတ်ချပါ "

ခေါင်းတစ်ခေါင်းလုံးမူးနောက်ရီဝေနေ၏။

နောက်ကျမှ ဤအဖြစ်အပျက်များကိုတစ်ဆင့်ကြားသိရသည်မှာ ထိုအချိန်တွင်ညီဇော်မင်းတို့ ကားတစ်စီးသာရောက်လာခြင်းဖြစ်ပါသည်။ ညအချိန်လည်းဖြစ်၊လူနေကျဲပါးသည့်ဆိတ်ငြိမ်ရပ်ကွက်လည်း ဖြစ်သည့် ဤလမ်းပေါ်တွင် ချက်ချင်းအကူအညီရရန်မလွယ်ကူပါ။

ညီဇော်မင်းကကြမ်းတမ်းစွာမောင်းထွက်သွားသည့်သူမတို့ကားကို မြင်လိုက်သဖြင့်တစုံတခုဖြစ်မည်ကိုစိုးရိမ်ပူပန်စွာနောက်ကလိုက်လာခဲ့ခြင်းဖြစ်သည်။

သူမနှင့်တင်ထွန်းအောင်တို့နှစ်ယောက်ကို သယ်ဆောင်ပြီး၊ ဆေးရုံသို့ပြန်လှည့်မောင်းသည်။ထိုလမ်းကသူမတို့၏စားသောက်ဆိုင်အနီးမှဖြတ်ရခြင်းဖြစ် သည်။ညီဇော်မင်းကကားကိုခဏရပ်ခိုင်းပြီး၊

"မင်းဒီကနေဆင်းပြီး၊ သူတို့ဆိုင်ကမန်နေဂျာဝင်းသိန်းဦးကို သွားပြောစမ်းပါ၊ ဝင်းသိန်းဦးဘာလုပ်ရမယ်ဆိုတာသိပါတယ်၊ သူတို့အိမ်နှင့်သက်ဆိုင်ရာကိုအကြောင်းကြားအသိပေးပြီးတာနဲ့ဆေးရုံကိုလိုက်ခဲ့ကြ၊ ငါပြောတာနားလည်တယ်မဟုတ်လား။"

"ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ဒီကားကိုဘယ်သူမောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ ဆရာမောင်းမလို့လား ”

“အေး … ဟုတ်တယ် ”

ကားမောင်းသူသည်အံ့အားတသင့်ဖြစ်သွားပြီး၊

“ဆရာပဲ ဒီတစ်သက်ကားမမောင်းချင်တော့ဘူးဆိုလို့ ကျွန်တော် အမြဲတမ်းလိုက်မောင်းပို့နေရတာမဟုတ်လား ”

“ငါ့ကိုပြန်မေးမနေစမ်းပါနဲ့၊ ငါပြောတဲ့အတိုင်းမြန်မြန်လုပ်စမ်းပါ၊ ဒါဟာ သေရေးရှင်ရေးကိစ္စကွ၊ ခံစားမှုတွေကို ဦးစားပေးနေလို့မဖြစ်ဘူး၊ငါချစ်သူအတွက်ငါခံစားခဲ့ရတာကို ငါပဲသိတယ်။ ”

ကားမောင်းသူနေရာသို့ပြောင်းထိုင်လိုက်ပြီး၊လက်ကိုင်ခွေကို ဆုပ်ကိုင်လိုက်သည်။ အမြဲတစေခြောက်လှန့်ခဲ့သည့်အိမ်မက်ဆိုးများကပြန်၍ပေါ်လာသည်။

သုံ့နှံဘေးနားတွင်ထိုင်နေသည့်သန္တာဖြူကကြောက်လန့်တကြားနှင့်သူ့ကိုလှမ်းဖက်လိုက်သည်၊ သန္တာဖြူ၏ရှည်လျားလှသည့် ဆံပင်များကမျက်နှာပေါ်သို့ကျရောက်လာပြီး၊ရှေ့ကိုမမြင်လိုက်ရတော့၊ ကားချင်းမတိုက်မိအောင်ကြိုးစား၍ရှောင်တိမ်းရန်သူကြိုးစားလိုက်သေးသည်။ မအောင်မြင်ခဲ့ပါ။

ဤသည်တို့ကိုပြန်မြင်ယောင်ပြီး ချွေးစေး များပြန်လာ၏။

သူ အသက်ပြင်းပြင်းရှူကာအံတင်းတင်းကြိတ်ပြီး၊ ကားကိုမောင်းထွက်လိုက်သည်။

ဤအကြောင်းများကို တစ်ဆင့်စကားဖြင့် ပုလဲဖြူကြားသိရ





သည့်အခါ ကိုညီဇော်မင်းသည်သူမ၏အမနှင့်ပါတ်သက်၍ စိတ်ထိခိုက်ခံစားခဲ့ရကြောင်းကိုနားလည်မိသည်။

ဤသည်မှာအမှန်တကယ်ချစ်ခဲ့၍ဖြစ်ပါသည်။

သူမထင်မြင်ယူဆထားသမျှတို့သည်တစ်ခုပြီးတစ်ခုမှားယွင်းနေပြီဟုသိလိုက်သည်။

* * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

### (၁)

ဤနေ့သည်တင်ထွန်းအောင်ကွယ်လွန်သည့်ရက်လည်နေ့ဖြစ်သည်။ ဆိုင်မန်နေဂျာကိုဝင်းသိန်းဦးနှင့်အပေါင်း အသင်းများကအစစကူညီပေးကြသည်။ ထိုထဲတွင်ညီဇော်မင်းမပါဝင်ချေ။ ဆေးရုံတွင် တင်ထွန်းအောင်သေဆုံးပြီဆို သည်နှင့်သူရောက်မလာတော့။ ဆေးရုံမှာတုန်းကတော့ လိုအပ်သမျှကူညီခဲ့ပါသေးသည်။ သို့ရာတွင် ပုလဲဖြူ မသိခဲ့ပါ။

ပုလဲဖြူပွန်းပဲဒဏ်ရာမှလွဲ၍ပြင်းထန် ခြင်းမရှိခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သေချာအောင်ခါတ်မှန်ရိုက်ယူ၍စစ်ဆေးကြသည်။ ထို့နောက်ဆေး မှဆင်းခွင့်ရသည်။ အခြားတဖက်က ဆေးကုသမှု ခံယူနေသည့် တင့်ထွန်းအောင်ကို မမြင်တွေ့လိုက်ရပါ။ သေဆုံးသွားပြီဟု သိရသည့် အချိန်တွင် ပုလဲဖြူ ရိုက်ကြီးတငင်ငိုမိပါသည်။

မည်သူမှမသိရှိကြပေမဲ့တင့်ထွန်းအောင်သေဆုံးရခြင်းတွင် သူမ အပြစ်ရှိသည်ဟုခံစားရသည်။ ကားမောင်းသူမှာ တင့်ထွန်းအောင် မဟုတ်ဘဲ သူမဖြစ်နေလျှင် သူမသည်လည်း ညီဇော်မင်းကဲ့သို့ အထင် များခံရဖွယ်ရှိသည်။

ယခုတော့မည်သူကမှသူမကိုအပြစ်မတင်ကြပါ။ သို့ ရာတွင် ဖွင့်မပြောနိုင်သည့်ဝေဒနာတို့က ရင်ကိုလောင်ကျွမ်းနေပါသည်။ ညအိပ်တိုင်းခြောက်လှန့်နေကြ၏။ ဤနေ့ရက်များသည် အိပ်မက် ရှည်တစ်ခုကဲ့သို့ဖြစ်နေ၏။ ထိုအဖြစ်အပျက်များကို မောင်းထုတ်ပစ်၍ မရတော့ပါ။

ထို့ကြောင့် အိပ်မက်ဆိုး၏ဝန်းကျင် ဖြစ်သည့် ဤနေရာမှ ထွက်ပြေးရန်ဆုံးဖြတ်မိသည်။ သူမနယ်သို့ပြန်တော့မည်။ ဘကြီး တို့၏ဥယျာဉ်ခြံမြေတွင်ဒီတစ်သက်နေလိုက်တော့မည်။ တင့်ထွန်း အောင်ကို အစဉ်သဖြင့်ပြောပြခဲ့ဖူးသည့်အတိုင်း ဆရာမ တစ်ယောက် လုပ်ဖြစ်လိမ့်မည်ထင်ပါသည်။

ဤတိုက်ခန်း၏ခြောက်သွေ့တိတ်ဆိတ်မှုကိုသူမ မခံစားနိုင်ပါ။ တင့်ထွန်းအောင်၏ပုံရိပ်များထင်ဟပ်နေသည့်တိုက်ခန်းကိုလည်းမကြည့်ချင်

**အင်ပါယာစာပေ**



အရာခပ်သိမ်းသည်စိတ်နှလုံးကိုနှိပ်စက်ဖိစီးနေကြသည်ချည်းဖြစ်သည်။

" ပုလဲဘကြီးတို့ဆီပြန်တော့မယ်..." ဟုဒေါ်လေးကိုဖွင့် ပြောမိသည်။ " ဘာဖြစ်လို့ပြန်မှာလဲ ပုလဲရယ်၊ ဒီမှာ ကျူရှင်တက်ရ အုံးမယ်၊ပြီးတော့ဆိုင်ကအလုပ်လည်းရှိသေးတယ်မဟုတ်လား"

" အဲဒီအလုပ်ကို ပုလဲ မလုပ်ချင်တော့ပါဘူး၊ တင့်ထွန်းအောင် ရှိနေတုန်းကသူတိုက်တွန်းလို့သီချင်းဆိုဖြစ်တာ၊ သူမရှိတော့ ပုလဲ သီချင်းမဆိုချင်တော့ပါဘူး "

"ဒါဖြင့်ရင်လဲ ပုလဲ စိတ်ပြေလက်ပျောက်ခဏ သွားနေကြည့် ပေါ့ "

" ပုလဲခဏသွားမှာမဟုတ်ဘူး၊ တစ်သက်လုံးအဲဒီမှာနေဖို့ဆုံး ဖြတ်လိုက်ပါပြီ၊ ပုလဲကိုမတားပါနဲ့ဒေါ်လေးရယ် "

"အင်းဒီမှာတစ်ရက်နှစ်ရက်နေပြီးစဉ်းစားပါအုံး "

ဟုပြောကာဒေါ်လေးထထွက်သွားတော့သည်။ ယခုချက်ချင်း သွားချင်တယ်ဟုမပြောချင်ပါ။ လူကြီးစကားကိုနားထောင်သင့်သည် ထင်၏။

ပုလဲဖြူသည်အိပ်ခန်းထဲဝင်၍လဲလျောင်းလိုက်သည်။

ထိုအခါမှတစ်စုံတစ်ခုပြုလုပ်ရန် ကျန်နေသေးသည်ကို တွေးမိ ၏။ယင်းမှာ ကိုညီဇော်မင်းအပေါ် ထင်မြင်ယူဆခဲ့သမျှကို ဖွင့်ပြော ပြပြီး၊ ခွင့်လွှတ်ဖို့တောင်းပန်ချင်ခြင်းဖြစ်ပါသည်။

* * * * * * * * * * *

**အင်ပါယာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



(၂)

ပုလဲဖြူသည် ညီဇော်မင်း၏အလုပ်ခန်းသို့ ဖုန်းဆက်လိုက်သည်။

" ဟဲလို ဘယ်သူနဲ့တွေ့ချင်လို့ပါလဲခင်ဗျာ.. "

" ကျမ ကိုညီဇော်မင်းနဲ့ စကားပြောချင်လို့ပါ "

" သူမရှိဘူးကွယ့်၊ အပြင်ကိုသွားနေတယ်၊ ခဏနေရင်တော့ ပြန်ရောက်မယ်ထင်တာပဲ၊ ဘယ်သူလို့ ပြောလိုက်ရမလဲ "

" ပုလဲဖြူ ဖုန်းဆက်တာလို့ပြောလိုက်ပါ "

ထိုအခါတွင်တဖက်လူက၊ "သမီးက ပုလဲဖြူလား " ပြန်မေးသည်၊၊ အသက်ကြီးကြီးအမျိုးသားတစ်ယောက်ဖြစ်သည်။ ဤသည်မှာ ဆိုင်ရှင်ဖြစ်သည့် ဦးဖေခင်ပဲဖြစ်လိမ့်မည်ထင်ပါသည်၊၊ သူမ၏အမည်ကိုလည်းသိနေ၏၊၊

" သူအပြင်သွားတဲ့ကိစ္စက ထွက်ခွာခွင့်စာနဲ့လေယာဉ်လက်မှတ်သွားလုပ်နေတာပါ၊ သူရောက်လာရင်အန်ကယ်ပြောလိုက်ပါ့မယ်"

ညီဇော်မင်း မလေးရှားနိုင်ငံသို့ သွားလိမ့်မည်ဟု တင်ထွန်းအောင် တစ်ခါကပြောခဲ့ဖူးသည်၊၊ ပြီးတော့သူမကိုလက်ဝတ်လက်စားများ ပြန်ပေးသည့်နေကလည်း၊ သူမနှင့်ဝေးသည့်နေရာသို့ သွားမည်





အကြောင်းပြောပြီးကြိုတင်နှုတ်ဆက်ခဲ့ပါသည်။

"သူဘယ်နေ့လောက်သွားဖြစ်မှာလဲအန်ကယ် " ဟုစိုးရိမ်စွာမေးလိုက်သည်၊၊

"သွားရမဲ့ရက်အတိအကျတော့ မသိရသေးပါဘူး၊ ဒါပေမယ့် အားလုံးအဆင်ပြေမယ်ဆိုရင် ဒီသုံးလေးရက်ထဲဖြစ်နိုင်ပါတယ် "

" ကျမ သူနဲ့အမြန်ဆုံးတွေ့ချင်ပါတယ် " ညနေလေးနာရီလောက် ဖုန်းထပ်ဆက်မယ်လို့ပြောပေးပါအန်ကယ် "

" စိတ်ချပါ၊ အန်ကယ်ပြောထားလိုက်ပါ့မယ် "

သူ ထွက်သွားတော့မည်ဟူသော အသိကြောင့် ရင်ထဲတွင် ပူကနဲခံစားလိုက်ရသည်၊၊

●

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဤနေရာသည် တစ်ချိန်ကညီဇော်မင်းအားပုလဲဖြူဆွဲကြိုးနှင့် ပစ်ပေါက်ခဲ့သည့်နေရာဖြစ်သည်။ နေ့လည်ခင်း အပူပြင်းဆုံးအချိန် ဖြစ်သည်။ ရူးရဲလင်းလက်သည့်နေရောင်များသည် သစ်ရွက်များကို ဖြတ်ကျော်ပြီးမြေပြင်ပေါ်သို့ကွက်တိကွဲကွက် ကျားကျရောက်နေ၏။

စီးကြို့ရှုစောင့်နေသည့်ညီဇော်မင်းက ပုလဲဖြူ၏မျက်နှာကို သတိမူကြည့်ရင်း၊

"တို့ကိုဘာတွေများပြောစရာရှိလို့လဲ "

ဟု မေးသည့်အခါသူမဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်များ ရစ်ဝိုင်းလာသည်။ ထို့နောက် ညီဇော်မင်းအား မျက်နှာချင်းဆိုင် ကြည့်ကာ၊

"တင်ထွန်းအောင်ကိုပုလဲ သတ်လိုက်တာပါကိုညီဇော်မင်း" ဟု ပြောပြီးမျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာသည်။

"မဟုတ်တာမပြောစမ်းပါနဲ့ပုလဲရယ်၊တင်ထွန်းအောင်ဟာ ပုလဲရဲ့ အခင်မင်ဆုံးသူငယ်ချင်းဆိုတာတို့သိပါတယ်။ "

"တကယ်ပါကိုညီဇော်မင်း၊ ပုလဲကြောင့် သူသေရတာ "

ညီဇော်မင်းသည်လက်မခံချင်သည့်သဘောဖြင့် ခေါင်းခါယမ်း





သည်။

"ပုလဲက ဘာကိုပြောချင်တာလဲ၊ပုလဲရှင်းပြမှတို့နားလည်တော့ မှာပေါ့ "

ပုလဲဖြူသည်စကားပြန်ပြောနိုင်ခြင်းမရှိဘဲ သစ်ပင်တွင် မျက်နှာအပ်ပြီးငိုပစ်လိုက်သည်။ နှုတ်ခမ်းကိုတင်းတင်း ပိတ်ထား သော်လည်း ငိုရှိုက်သံကတော့သဲ့သဲ့ထွက်ပေါ်နေ၏။

"စိတ်ထဲမှာတင်းခံမထားပါနဲ့ ပုလဲ၊ အားရအောင် ငိုပစ်လိုက် စမ်းပါ၊ပြီးမှတို့ကိုအကြောင်းစုံပြောပြပါ။ "

ညီဇော်မင်းက ရင်ပေါ့သွားအောင်ငိုပစ်ရန်တိုက်တွန်းသည်။

ဤမျက်ရည်များသည်တင်ထွန်းအောင်အတွက် ကျသည့် မျက်ရည် ဖြစ်သလိုမိမိအတွက်ကျသည့်မျက်ရည်လည်းဖြစ်ပါသည်။ ထို့အပြင် မမသန္တာဖြူအား အောက်မေ့သတိရခြင်းကြောင့် ကျသည့် မျက်ရည်လည်းဖြစ်ပါသည်။ တကယ်တော့ ရင်ထဲခံစားရသမျှ အားလုံး ပေါင်း၍ကျလာခြင်းဖြစ်ပါသည်။

ညီဇော်မင်း၏ ရှေ့တွင် ငိုပစ်လိုက်ဖို့ ရည်ရွယ်ချက်မရှိသော် လည်း ဘာကြောင့်မှန်းမသိတင်းခံနေသည့်အားအင်များ ကွယ်ပျောက် သွားပြီး၊ကြေကွဲဝမ်းနည်းမှုကရင်ထဲမှ ပွင့်ထွက်သွားသည်။

ပုလဲဖြူသည်အားရအောင်ငိုလိုက်ပြီးမှ

"ပုလဲတော့ ဒီအဖြစ်ဆိုးကို တစ်သက်လုံး မေ့တော့မယ် မထင် ဘူး "



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရတဲ့လူတိုင်းပုလဲလိုပဲ ထင်မှတ်ကြတာချည်းပါပဲ၊ ဒီအချိန်မှာတော့ဝေနာကပြင်းထန်နေတယ် မဟုတ်လား၊ တဖြည်းဖြည်းတော့ခံစားရတဲ့ဝေဒနာတွေ သက်သာလာပါလိမ့်မယ်"

ညီဇော်မင်းသည်အသင့်ထုတ်ထားသည့် တစ်ရှူးစက္ကူ တစ်ချို့ကိုလှမ်းပေးပြီး၊ "မျက်ရည်တွေသုတ်လိုက်အုံး" ဟု ပြောသည်။

ပုလဲဖြူသည် မျက်နှာကိုစက္ကူနှင့်ပွတ်ခြေဖယ်သုတ်လိုက်၏။ ညီဇော်မင်းက သူမအား ကူညီသည့်အနေနှင့် ကွက်ကျန်နေသဲ့ည်နေရာများကိုဟိုတစ်ချက်ဒီတချက်တို့ထိ၍သုတ်ဖယ်ပေးသည်။

ပုလဲဖြူမငြင်းမိပါ။ သူမ၏ရင်ထဲတွင် ကျေနပ်ခြင်းနှင့်အတူ အေးမြသွားသည်ထင်၏။

ညီဇော်မင်းသည်သူမအပေါ်မှာ တမင် ကြင်နာပြနေခြင်း မဟုတ်ကြောင်းသိနားလည်ပါသည်၊ ပကတိသန့်စင်သည့် အချစ် ဟုထင်သည်။

"ဘယ်သူကမှ ပုလဲကိုအပြစ်မတင်ကြပါဘူး၊ဒီကိစ္စ သူတို့မသိကြပါဘူး၊ပုလဲမှာအပြစ်ရှိတယ်ဆိုတာပုလဲပဲသိတယ်၊ ဒီအဖြစ်တွေကို ပုလဲ ဘယ်သူ့ကိုမှ ဖွင့်မပြောရဲပါဘူး ဒါပေမယ့် ဖွင့်မပြောဖြစ်လေ ရင်ထဲမှာ ပိုပြီးခံစားရလေ ဖြစ်နေတယ်၊ ပုလဲ တစ်ယောက်ယောက်ကိုဖွင့်ပြောလိုက်ရမှဒီဝေဒနာတွေသက်သာသွားမယ် ထင်တယ်"





"ပုလဲရဲ့အတွေးကမှန်တော့မှန်ပါတယ်၊ကိုယ်ယုံကြည်ရတဲ့လူ တစ်ယောက်ဆီမှာဖွင့်ပြောလိုက်ရင်အနည်းနဲ့ အများရင်ထဲ ပေါ့သွားကြပါတယ်၊ ဒါပေမဲ့ပုလဲအတွက်တစုံတခုအကျိုးရှိဖို့ လိုအပ်တယ်၊ နို့မဟုတ်ရင် ပေါ့စေလို့လို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးသလိုမျိုး ဖြစ်နေရင်ခက်လိမ့်မယ်"

"ကိုညီဇော်မင်းစေတနာနဲ့ရှင်းပြတာကိုပုလဲနားလည်ပါတယ်၊ ဒါပေမယ့် ကိုညီဇော်မင်းကိုပြောပြဖို့ပုလဲဆုံးဖြတ်ပြီးပါပြီ။ အခုလာခဲ့တာပုလဲရင်ထဲကခံစားနေရတာတွေပြောပြချင်လို့ပါ။"

"တို့ကိုပုလဲတကယ်ယုံကြည်လို့လား"

"ဟုတ်တယ်...ပုလဲ ကိုညီဇော်မင်းကို ယုံကြည်တယ်။"

သူ့အံ့အားသင့်သွားဟန်ဖြင့်မျက်ခုံးပင့်လိုက်သည်။

"ကဲ ပုလဲ ရင်ထဲရှိတာ ပြောတော့၊ တို့ ဂရုတစိုက် နားထောင်ပေးမယ်"

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

ညီဇော်မင်းသည် ပုလဲဖြူရင်ဖွင့်သမျှကို စိတ်ဝင်တစား နားထောင်နေခဲ့သည်။ ခေါင်းညိတ်ယုံကလွဲပြီး မည်သို့မျှဝင်ပြော ခြင်းမရှိပါ။ ပုလဲဖြူအားလုံးပြောဆိုပြီးသည့်နောက် တခဏ စောင့် ကြည့်နေပြီးမှ၊

"ပုလဲ တင်ထွန်းအောင်ကိုတကယ်မုန်းခဲ့လား"

"အိုး... ပုလဲဘယ်မုန်းပါ့မလဲ၊ ရန်ကုန်ကို စရောက်တော့မှ တင်ထွန်းအောင်နဲ့တွေ့ရတာဖြစ်ပေမယ့် ငယ်ပေါင်းသူငယ်ချင်းတွေ လိုခင်မင်ခဲ့ကြတာပါ၊တစ်ယောက်ကိုတစ်ယောက်နင်နဲ့ငါနဲ့ပြောဆိုမိ ကြတဲ့အထိပါပဲ၊ပြီးတော့ပုလဲအတွက် သူက အစစအရာရာကူ ညီပေး ခဲ့တယ်။ကျောင်းတက်တာရော၊ ကျူရှင်လိုက်ပို့တာရော၊ နောက်ပြီး ပုလဲ သီချင်းဆိုဖြစ်တာကလည်း တင်ထွန်းအောင်ကြောင့်ပါပဲ၊ ဘာအကြောင်းနဲ့မှပုလဲမမုန်းခဲ့ပါဘူး၊မုန်တာပြောရရင် ကိုညီဇော်မင်း နဲ့ ဘုမသိဘမသိရန်ဖြစ်ပြီး ထိုးကြိတ်ကြတာကို ပုလဲစိတ်ဆိုးတာပဲ ရှိပါတယ်"

"အဲဒီစိတ်ဆိုးနေတုံးမှာပုလဲကသူ့ကိုသေစေချင်လား၊ သေစေ ချင်တဲ့စိတ်ကောဖြစ်ဘူးလား၊"





ပုလဲဖြူသည်အသည်းအသန်လက်ကာ၍တားဆီးပြီး၊

"ပုလဲကျိန်တွယ်ပြောရဲပါတယ်၊ ဒီကမ္ဘာပေါ်မှာ ပုလဲ ဘယ်သူ့ ကိုမှ သေစေချင်တဲ့ စိတ်မထားခဲ့ပါဘူး၊ တင်ထွန်းအောင်ကို စိတ်ဆိုး တာပဲရှိပါတယ်၊ ဒါကလည်းစကားများကြရုံ၊ စိတ်ကောက်ကြရုံပဲ၊ ခဏ်အတန့်ခဏလေးစိတ်ဆိုးမိတာပါ၊ ဘယ့်လိုလုပ်ပြီးသေချင်စိတ် ဖြစ်မှာလဲ ကိုညီဇော်မင်း"

"ပုလဲက တင်ထွန်းအောင်ကားကို အရှိန်နဲ့မောင်းနေတာကို ...မိတယ်၊အဲဒါကြောင့်ကားရပ်ပေးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တံခါး ...ပြီး ဆင်းနေရစ်မယ်လို့ဟန်ဆောင်ပြီးခြိမ်းခြောက်ကြည့်တယ်။ ...ါလေးတို့ကိုတိုင်ပြောမှာကိုပုလဲကြောက်တယ်၊ သူ့ အရှုံးပေးပြီး ...က်လျှောလာအောင်ကြိုးစားကြည့်တာမဟုတ်လား"

"ဟုတ်တယ်ကိုညီဇော်မင်းခုနကပုလဲပြောပြခဲ့တယ်လေ၊"

"စိတ်ဆိုးနေကြသူအချစ်ချင်းအနိုင်ယူချင်တဲ့သဘောပေါ့၊"

"ဟုတ်ပါတယ်။"

"ဒီလိုလုပ်လိုက်ရင် နှစ်ယောက်စလုံးသေသွားနိုင်တယ်ဆိုတာ ...ာ ပုလဲတွေးမိခဲ့သလား "

"ဟင့်အင်း ...ပုလဲ လုံးဝမတွေးမိပါဘူး"

ညီဇော်မင်းကတစ်ခွန်းချင်းမေးခွန်းထုတ်မေးတော့မှ ပုလဲဖြူ ...ယောက်တည်းအဖြေရှာမရဘဲ လုံးချာလည်နေသည့် အတွေးများ ...လင်းသွားတော့သည်၊ ဤသို့ရှင်းလင်းစွာ မတွေးနိုင်ခဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com



သောကအပူမီးကရင်ကိုလောင်မြိုက်နေသဖြင့် အတွေးမျ
ရှုပ်ထွေးပြီး၊ အဖြေရှာမရအောင်ဖြစ်နေခဲ့ပါသည်။ ယခုတော့ အ
အပျက်၏အကြောင်းတရားများကိုပီပြင်စွာနားလည်မိခဲ့ပြီ။

သို့သော်ပုလဲဖြူ၏ရင်ထဲကမီးတောက်ကား ငြိမ်းမသွားသေ
ချေ။

"ငါဒီလိုလုပ်ရင်သူဒီလိုဖြစ်သွားမှာမဟုတ်ဘူး၊ သူဒီ
လုပ်လိုက်ရင်လည်း ငါ ဒီလိုဒုက္ခရောက်မှာမဟုတ်ဘူး၊ ဆိုတဲ့အ
မျိုးကို လူတိုင်းတွေးတတ်ကြပါတယ်။ ဒါဟာလူ့သဘာဝပဲ၊ ကိုယ်
ကိုယ်အပြစ်တင်ချင်တင်မယ်၊ ဒါမှမဟုတ် သူတပါးကို အပြစ်
ကြမယ်၊ ဘာပဲဖြစ်ဖြစ်နောင်တတရားနဲ့ စိတ်ဆင်းရဲကြတာချည်းပ
ဒီလိုအချိန်မှာ စိတ်ဆင်းရဲတာက ဘယ်သူကမှ ပြေပျောက်အော
မလုပ်နိုင်ပါဘူး"

"ဟုတ်တယ်နော် ...ပုလဲ အခုလိုပြောဖြစ်လိုက်ပေမဲ့ရင်ထဲ
ခံစားနေရတုန်းပဲ၊ ဒါပေမဲ့ကိုယ့်ကိုယ်နည်းနည်းတော့နားလည်
တယ်။"

နေ့လည်နေရောင်များကိုမပူပြင်းတော့သဲ့လိုပုလဲဖြူ
သည်။

"ဒါနဲ့ ပုလဲတစ်ခုမေးရအုံးမယ်၊ တင်ထွန်းအောင်နဲ့ရန်
ကြတဲ့နေ့က ကိုညီဇော်မင်းစိတ်မဆိုးခဲ့ဘူးလား။"

သူသည်မေးခွန်းကိုသဘောကျသည့်အသွင်ဖြင့်တစ်ချက်





လိုက်ပြီး၊

"ကိုယ့်အသားနာတုန်းကတော့ စိတ်ထဲက ထောင်းကနဲ ဒေါသ
ဖြစ်ခဲ့တာပေါ့၊ ဒါပေမယ့် အခုပြန်တွေးကြည့်တော့ တင်ထွန်းအောင်
ကို တို့စိတ်မဆိုးတော့ပါဘူး၊ တို့ကပုလဲကိုအန္တရာယ်ပြုနေတယ်
တင်မှတ်ပြီးပုလဲဘက်ကသူရပ်တည်ခဲ့တာပါ၊သူပုလဲအပေါ်မှာတကယ်
ချစ်တယ်ဆိုတာတို့နားလည်နိုင်ပါတယ်"

ပုလဲဖြူသည်အဝေးတစ်နေရာဆီသို့ငေးမောကြည့်ရင်း

"သူပုလဲကိုတကယ်ချစ်ခဲ့တာပါ၊ ဒါပေမယ့် ပုလဲကတော့
သူငယ်ချင်းတစ်ယောက်ထက်ပိုပြီးမချစ်နိုင်ခဲ့ဘူး"

ဟု အက်ကွဲတုန်ရီသည့်အသံနှင့်ပြောသည်။

ပုလဲဖြူ မည့်သူ့ကိုချစ်နေသလဲ ဟုမေးလိုက်ချင်ပါသည်။

ယခုအချိန်သည် ဤသို့မေးနေရမည့်အချိန်မဟုတ်ဟု ထင်သ
ဖြင့် မမေးမိတော့။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



(၇)

ညီဇော်မင်းနှင့် မကြာမီခွဲရတော့မည်ဟူသည့်အသိက နှလုံးသားကို ဆူးမြှက်လာ၏။

ချစ်ရသူနှင့်ဝေးကွာခြင်းဒုက္ခကိုလည်းထပ်ဆင့်ခံစားရတော့မည် ထင်သည်။

"ကိုညီဇော်မင်း နိုင်ငံခြားသွားတော့မလို့ဆို"

"ဟုတ်တယ်၊ပုလဲကို အန်ကယ်ဦးဖေခင်ပြောလိုက်ပြီ ထင်တယ်"

"ပုလဲအတွက်လည်း ဒီနေရာဟာကန္တာရတစ်ခုလိုခြောက်သွေ့သွားပါပြီ၊ ပူပြင်းတဲဒဏ်ကိုမခံစားနိုင်တော့ဘူး၊ ဘယ်နေရာကြည့်ကြည့် ခိုနားစရာမတွေ့ရသလိုပါပဲ၊ ပုလဲလည်းကိုညီဇော်မင်းနဲ့ ထပ်တူခံစားခဲ့ရပါပြီ၊ အဲဒါကြောင့်ကိုညီဇော်မင်းအပေါ်မှာပုလဲအပြစ်မတင်တော့ပါဘူး"

"ပုလဲခွင့်လွှတ်တယ်လို့ပြောနေတာလား"

"ဟုတ်ပါတယ်၊ မမနဲ့ဖြစ်ခဲ့တဲ့ကိစ္စကို ပုလဲ ကိုယ်ချင်းစာတတ်ခဲ့ပါပြီ "

"ပုလဲဆီကဒီစကားကြားရဖို့အတွက်တို့ အသည်းအသန်ကြိုး





စားခဲ့ပါတယ်၊ ဒါပေမယ့် ပိုပြီး အထင်မြင်လွဲမှားမှုတွေပဲ ဖြစ်ခဲ့တယ်၊ ဒါကြောင့် ဒီတစ်သက် ခွင့်လွှတ်တော့မှာမဟုတ်ဘူးလို့ စိတ်ဒုံးဒုံးချလိုက်တဲ့အချိန်မှ အခုလို မမျှော်လင့်ဘဲ ကြားလိုက်တော့ တို့ အရမ်းဝမ်းသာမိတယ်၊ တို့အရမ်း ပျော်သွားပါပြီ"

ပုလဲဖြူသည်ကြိုးစား၍ရယ်ပြုံးပြချင်ပါသည်၊ သို့ရာတွင် မည်သို့မျှမအောင်မြင်ပါ။ကြေကွဲဆို့နင့်ခြင်းများသာ ရင်ထဲတွင်ပြည့်လာ၏ ။

"ဒီစကားကိုကိုညီဇော်မင်းအတွက် နှုတ်ဆက်လက်ဆောင်စကားအဖြစ်လက်ခံပါ၊နောက်ကျရင်ပုလဲတို့တွေ့ချင်မှတွေ့ရတော့မယ်ထင်တယ် "

"ဘာဖြစ်လို့မတွေ့ရမှာလဲ.. ပုလဲ၊ ဒီကမ္ဘာပေါ်မှာအသက်ရှင်တည်ရှိနေသရွေ့တို့ပြန်ဆုံကြအုံးမှာပါ၊တို့ပုလဲနဲ့အဆက်အသွယ်မပြတ်ချင် ဘူး၊ ပုလဲတို့ဆိုင်ကိုတို့ဖုန်းလှမ်းဆက်ချင်တယ် "

"ပုလဲအားလုံးစိတ်ကုန်သွားပြီ၊ ပုလဲသီချင်းမဆို ချင် တော့ဘူး၊ ပုလဲ ဒီမှာနေရတာလည်း မပျော်တော့ဘူး"

"ဒီအချိန်မှာပုလဲဘယ်လိုခံစားနေရတယ်ဆိုတာတို့သဘောပေါက်ပါတယ်၊ ပုလဲ သီချင်းမဆိုချင်ဘူးဆိုရင်လည်း မဆိုပါနဲ့၊ တို့အတင်းမတိုက်တွန်းဘူး၊ ဒါပေမယ့် တို့တစ်ခုတော့ သတိပေးချင်တယ်၊ ပုလဲ နောက်ထပ်အမှားအယွင်းတစ်ခုခုကိုတော့မလုပ်ပါနဲ့၊ ဘာကြောင့်လဲဆိုတော့ဒီအချိန်မျိုးမှာအမှားအယွင်းတွေ လျှောက်လုပ်တတ်လို့ပါ"



www.burmeseclassic.com

"ပုလဲဘာမှမလုပ်ပါဘူ ကိုညီဇော်မင်း"

ဟုပြောပြီးနောက်မေ့ထ ၁းခဲ့သည့်အချိန်ကို သတိရလိုက်သည်။

"ပုလဲအိမ်က ထွက်လာတာ သိပ်ကြာသွားပြီ၊ တော်ကြာ ဒေါ်လေးတို့ စိတ်ပူနေကြလိမ့်မယ်၊ ပုလဲ ပြောစရာစကားတွေလည်း ပြောပြီးပြီထင်ပါတယ် ပုလဲပြန်တော့မယ် "

ညီဇော်မင်းသည်လက်ခံသည့်အနေနှင့်ခေါင်းညိတ်သည်။

"ကားမှတ်တိုင်ကိုတို့လိုက်ပို့ပေးမယ်..."

သူမ မငြင်းချင်တော့။

ဤနေ့သည်သူမတို့တွေ့ဆုံခွင့်နောက်ဆုံးဖြစ်သည်ဟု သူမပဲ သိပါသည်။

* * * * * * * * * * * * * * * * * * *



www.burmeseclassic.com



(၆)

နံနက်လေးနာရီ အိပ်ရာမှထနိုင်ရန် နိုးစက်ကို သံပတ်ပေးထားခဲ့သည်။

လေးနာရီအိပ်ရာကထပါမှ ခြောက်နာရီ ထွက်မည့် အဝေးပြေးကားကိုမှီပေလိမ့်မည်။ ကားလက်မှတ်ကို တစ်ရက်ကြိုတင်၍ ယူထားပြီးဖြစ်သည်။

သို့ရာတွင် အိပ်မပျော်ခဲ့သည့်ပုလဲဖြူအတွက် နိုးစက်က အသုံးမဝင်တော့ပါ။ ညကတည်းကပစ္စည်းအားလုံးကိုသိမ်းဆည်း ထားခဲ့သည်။ ဘာမှကျန်နေရစ်ခြင်းမရှိပါ။ တကယ်ကျန်နေရစ်ခဲ့သည် မှာက ပုလဲဖြူ၏နှလုံးသားပဲဖြစ်သည်။

ဦးလေးနှင့်ဒေါ်လေးတို့လည်း အိပ်ရာမှထလာပြီး၊ ဆွေမျိုးသားချင်းများအတွက် မှာစရာရှိသည်ကိုမှာကြ၏၊ စိတ်မကောင်း သည့်မျက်နှာများနှင့်ရှိ၏။

ပုလဲဖြူသည် ဦးလေးနှင့်ဒေါ်လေးတို့ကို ရှိသေစွာကန် တော့သည်၊ ဦးလေးတို့ကလည်း သွားလမ်းလာလမ်းဖြောင့်ဖြူး၍ ကိုယ်စိတ်ချမ်းသာခြင်းပြည့်စုံပါစေဟု ဆုတောင်းပေးကြသည်။

ထိုနောက် သူမကို ဝိုင်းကူ၍အထုပ်အပိုးများဆွဲကာ ဆောက်သို့



www.burmeseclassic.com

www.burmeseclassic.com


ချပေးသည်။ ကားဂိတ်သို့ ဒေါ်လေးတို့ လိုက်မပို့ကြနှင့်။ အလကား အလုပ်များပါတယ်ဟုစကတည်းက ပြောထားခဲ့သည်မို့ဒေါ်လေးတို့က လမ်းမပေါ်ထိ လိုက်လာကြ သည်။

ဦးလေးတားပေးသည့် တက္ကစီကားကိုဈေးမေးကြည့်ပြီး သင့်တော်သည့်နှုန်းထားဖြစ်သဖြင့်လက်ခံလိုက်သည်။

ထို့နောက် ကားအထွက်တွင်ဒေါ်လေးတို့ကိုလက်ပြနှုတ်ဆက် လိုက်၏။

ဒေါ်လေးတို့ကလည်းပြန်ပြီးလက်ပြကြသည်။

ညအမှောင်လည်းမဟုတ်၊ နံနက်ခင်းလည်းမပီသသေး ညဟူ၍ ပိုင်းဖြတ်ထားသည့် စည်းကို နေ့က ကျော်ဖြတ်၍ဝင်လာ သည့်အခိုက် ဖြစ်သည်။

***********

(၇)

ပုလဲဖြူစီးနင်းလိုက်ပါရမည့်အဝေးပြေးကားသည် ဂိတ်ထိုးထားပြီးဖြစ်သော်လည်း၊ အချိန်အနည်းငယ်လိုနေသေးသဖြင့် ခရီးသည်များကို တက်ခွင့်မပေးသေးပါ။

ပုလဲဖြူသည် အထုပ်အပိုးများချထားပြီးဟိုဟိုဒီဒီကြည့်မိသည်။

နေ့အလင်းရောင်ကညအမှောင်၏စည်းကိုလုံးဝချေဖျက်လိုက်ပြီဖြစ်သဖြင့်ဂိတ်တွင်ထွန်းညှိထားခဲ့သည့်မီးများပင် ပိတ်သွားကြပါပြီ။ ထို့အတူသူမ၏နှလုံးသားတွင်ခြားထားသည့် အမုန်းစည်းသည်လည်းပျက်သုန်းပျောက်ကွယ်သွားပြီး၊ အချစ်ဟူသည့်အရာကဝင်ရောက်လာခဲ့သည်။

မမသန္တာဖြူ၏ချစ်သူဖြစ်ခဲ့ခြင်းကြောင့် သူမ လက်မခံနိုင်ဘဲငြင်းပယ်ခဲ့သည်။ တကယ်တော့ထိုသို့မသိခင်ကတည်းကသူ့ကို ချစ်မိခဲ့ခြင်းဖြစ်သည်။ ယခုအခါမမသန္တာဖြူနှင့်ပါတ်သတ်၍ သူ့တွင် အပြစ်မရှိကြောင်းနားလည်နိုင်ခဲ့ပြီ။

ကြေကွဲဖွယ်ဖြစ်ရပ်များကနှလုံးသားများကို လွဲချော်စေခဲ့သည်ထင်၏။ သူအချစ်စကားပြောသည့်အချိန်တုန်းက သူမ၏နှလုံးသားတွင်အမုန်းများသာရှိခဲ့၏။ ယခုသူမ၏နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com

အချစ်ကိုလက်ခံနိုင်သည့်အချိန်တွင် သူ့နောက်ထပ်ကြိုးစားတော့မည် မထင်ပါ။

ဟိုတနေ့ကသူတို့နှစ်ယောက်တွေ့ဆုံစဉ်

"တို့ပုလဲနဲ့ အဆက် အသွယ်မပြတ်ချင်ဘူး၊ ပုလဲတို့ဆိုင်ကို တို့ဖုန်းလှမ်းဆက်ချင်တယ် "ဟုညီဇော်မင်းကတောင်းဆိုခဲ့သည်။

"ပုလဲအားလုံးကိုစိတ်ကုန်သွားပြီ၊ ပုလဲသိချင်းမဆိုတော့ဘူး၊" ဟု သူမငြင်းပယ်စကားပြောခဲ့သည်။ အဖြေပေးဖို့ နေနေသာသာ အဆက်အသွယ်ပင်မလုပ်တော့ဟု သူ နားလည်သွားပါလိမ့်မည်။ လုံးဝ မျှော်လင့်ချက်မရှိသည့်စကားဖြစ်ပါသည်။

သူမသည်ဆက်ပြီးတွေးရန်ခွန်အားမရှိတော့။ ရင်သည် ဟင်းလင်းပြင်တစ်ခုကဲ့သို့လစ်ဟာသွားသည်။ မျှော်လင့်ချက်ဟူ၍ မြူမှုန်တစ်စမှမရှိတော့။

သူသတိပေးစကားပြောခဲ့သည့်အတိုင်း၌ အချိန်သည် အမှားအယွင်းများ လုပ်ကိုင်မိတတ်သည့်အချိန်ဖြစ်သည်။ တကယ်ပင် သူမ မှားခဲ့ပြီ၊ သူ၏သတိပေးစကားပင် နောက်ကျနေသေးသည်။

မျက်ဝန်း၌မျက်ရည်စများ ရစ်ဝဲလာသည်၊ သူမမျက်လုံးကို ပွတ်ပြီး မျက်ရည်များကိုသိမ်းဆည်းရန်ကြိုးစားလိုက်သည်။

ထိုအခိုက်အဝေးပြေးကားကြီးသည်ကားတံခါးဖွင့်ပေးပြီး၊ ခရီးသည်များကိုတက်ခွင့်ပြုလိုက်သည်။

ခရီးသည်များက အထုပ်အပိုးကိုယ်စီဆွဲ၍ တံခါးပေါက်တွင်





စုပြုံနေသည်။ သူမသည်တခြားလူများနှင့်တိုးဝှေ့တက်ရန် မစဉ်းစားပါ။ ထို့ကြောင့်နောက်ဆုံးမှတန်းစီ၍ရပ်လိုက်သည်။

ရှေ့မှခရီးသည်ကကားပေါ်လှမ်းတက်သွားသည်။ ထိုသူတို့၏နောက်မှသူမတက်လိုက်ရန်ပြင်ဆင်စဉ်... နောက်မှအိတ်ကို လှမ်းဆွဲထားသည်။ ဘာကြောင့်လှမ်းဆွဲတာလဲဟုအတွေးနှင့်သူမလှည့်ကြည့်လိုက်သည့်အခါညီဇော်မင်းဖြစ်နေသည်။ သူမလွန်စွာအံ့အားသင့်သွားမိသည်။

"ဒါကဘာသဘောလဲ ပုလဲ..."

သူမသည်အပြစ်ကျူးလွန်ထား သူကဲ့သို့တုန်လှုပ်သွားပြီး၊

"ပုလဲပြန်တော့မယ်ဆိုတာကိုညီဇော်မင်းဘယ်လိုလုပ်သိတာလဲ"

"တို့ကိုပြန်မေးမနေနဲ့ပုလဲ၊ တို့မေးတာကိုပဲအရင်ဆုံးဖြေပါအုံး"

"ပုလဲ ဒီမှာနေမှုမနေချင်တော့တာ၊ "

"တို့မယုံဘူး ..ပုလဲ၊ "

"ဘာဖြစ်လို့ကိုညီဇော်မင်းမယုံတာလဲ "

"တို့အတွက်အေးမြစေတဲ့အရိပ်ဟာ ပုလဲပဲဖြစ်တယ်၊ဒီလိုပဲ ပုလဲအတွက်အေးမြမှုကိုပေးနိုင်မဲ့အရိပ်ဟာလည်း တို့ပဲ ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်၊ ဘာဖြစ်လို့ နှစ်ယောက်စလုံး အပူဒဏ်ခံစားရမယ့်အဖြစ်ကို ရွေးချယ်ချင်ရတာလဲ"

"ပုလဲမဖြေချင်ဘူး၊ ပုလဲပြန်ပါရစေ "



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"တို့ခွင့်မပြုနိုင်ဘူး၊ဒါကလည်းပုလဲကို အသက်နဲ့ထပ်တူချစ်လို့ပါ"

ပုလဲဖြူသည်နောက်ဆုံးတင်းခံကြည့်သည်သဘောဖြင့်

"ပုလဲ ပြန်ပါရစေ ကိုညီဇော်မင်း"

ဟုအက်ကွဲစပြုသည့်အသံနှင့်ပြောလိုက်သည်။ သူသည် ပုလဲဖြူ၏ မျက်နှာကိုဆို့နင့်ကြေကွဲစွာဖြင့်ငေးကြည့်ရင်း၊

"ပုလဲတကယ်ပဲရက်စက်တော့မှာလား"

"ပုလဲဘာမှမပြောတတ်တော့ဘူး "

ပုလဲဖြူသည်မည်သို့မျှ တင်းမခံနိုင်တော့ဘဲ မျက်ရည်စများဝေ့ဝဲလာသည်။ သူသည်ပုလဲဖြူ၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လာသည်။ သူမ ရုန်းဖယ်ရန်မကြိုးစားမိတော့။

" ပုလဲဘာမှပြောစရာမလိုတော့ပါဘူး၊ တို့နားလည်ပါတယ်"

ကြင်နာခြင်း၊ ချစ်ခြင်းတို့သည် ထိုလက်များမှတဆင့် နှလုံးသွေးကြောများထဲသို့တရိပ်ရိပ် စီးဝင်လာကြသည်ထင်၏။

"သူသည်အခြားလက်တစ်ဖက်ဖြင့်အထုပ်အပိုးများကို ဆွဲမပြီး သွားကြမယ်" ဟုပြောကာဆွဲခေါ်သွားသည်။ ပုလဲဖြူသည် တွန့်ဆုတ်တွန့်ဆုတ်နှင့်သူ့နောက်မှလိုက်ပါမိသည်။

ကားရပ်ထားသည့်နေရာကိုမရောက်မီ၊

"ပုလဲကိုဒေါ်လေးတို့ဆီပြန်ပို့ပေးမလို့လား "

ဟု စိုးရိမ်စိတ်နှင့်မေးမိသည်။ သူက ပုလဲဖြူဘက်သို့ လှည့်





ကြည့်ပြီး၊

"မဟုတ်ဘူး၊ တို့ရဲ့အိမ်ကို တစ်ခါတည်းခေါ်သွားမှာ၊ ပြီးတော့ ပုလဲဘယ်တော့မှထွက်မပြေးနိုင်အောင်ဒီနေ့ပဲလက်ထပ်မယ်"

"အိုး..." ဟုရေရွတ်ရင်းပုလဲဖြူ၏မျက်နှာသည်ရှက်သွေးများဖြင့်နီရဲသွား၏။

* * * * * * * * * *

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



(၈)

ကွယ်လွန်သွားသူများအတွက်ဘုရားတွင်ပန်းဆီမီး၊ရေချမ်းတို့ကို ကပ်လှူပူဇော်ကြသည်။ တခဏတာငြိမ်းအေးခြင်းကိုခံစားရသည်။ မီးအလင်းရောင်များက အရိပ်မကျနိုင်သည်အထိ ထိန်ညီးစွာထွန်းညှိ ပူဇော်ထားပါသည်။

တို့နောက်သူတို့သည်ရင်ပြင်ကိုတစ်ပါတ်ပါတ်၍ စောင်းတန်းအတိုင်းဆင်းခဲ့ကြသည်။ ကားရပ်ထားသည့်နေရာသို့ လျှောက် လာခဲ့ကြစဉ်၊

"မောင်" ဟုပုလဲဖြူခေါ်လိုက်သံကြောင့်သူငဲ့ကြည့်မိသည်

" ဘာပြောမလို့လဲ ပုလဲ"

"အော်.မုလဲကြောင့်မောင်နိုင်ငံခြားမသွားဖြစ်တော့ အန်ကယ်ဦးဖေခင် စိတ်ဆိုးနေမယ်ထင်တယ်"

"ဟုတ်တယ်ပုလဲဒါပေမဲ့အန်ကယ်ကနားလည်မှာပါ၊ မောင်အစား နောက်တစ်ယောက်သွားဖြစ်လိမ့်မယ်"

"ပုလဲကြောင့် မောင်စိတ်ဆိုးခံရတာမို့ ပုလဲ စိတ်မကောင်းဖြစ်မိတယ်"

"မောင်ကလဲ ပုလဲအတွက်စိတ်မကောင်းဖြစ်နေတာပဲ..."





"ဘာဖြစ်လို့"

"ပုလဲရဲ့ဒေါ်လေးတို့ကပုလဲကိုစိတ်ဆိုးနေကြလို့ပေါ့၊ မောင်တို့က တစ်ယောက်ကိုတစ်ယောက် တောင်းပန်နေစရာမလိုပါဘူး။ နှစ်ယောက်စလုံးခံစားရတာချင်းအတူတူပါပဲ"

"ဟုတ်တယ်နော်၊ တကယ်အံ့သြစရာကောင်းတာပဲ၊ တိုက်တိုက်ဆိုင်ဆိုင်တူနေကြတယ်"

" ကံတူအကျိုးပေးလို့ခေါ်မလားမသိဘူး။ အဓိကတူတဲ့တစ်ချက်လည်းရှိသေးတယ်.. ပုလဲ..."

"ဘာများလဲ..မောင်၊ ပြောစမ်းပါအုံး..." ဟု စဉ်းစားမရသည့်ဟန်ဖြင့်မေးသည်။

"အချစ်လေ..ပုလဲ၊တို့တွေချစ်ကြတာချင်းလည်းတူပါတယ်"

"မောင်ကလည်း..." ဟုဆိုကာ ပုလဲဖြူသည် သူ့ပခုံးစွန်းကိုလက် သီးဆုပ်ဖြင့်ခပ်ဖွဖွထိုးလိုက်သည်။ သူကပုလဲဖြူ၏လက်ကိုဖမ်းဆုပ်လိုက်၏။

ယခုအချိန်တွင် သူတို့နှစ်ယောက်သည် ချစ်ခြင်း၏ အေးမြသည့်အရိပ်ကို အတူတူခံစားနိုင်ပြီဖြစ်သည်။

ကိုစစ



www.burmeseclassic.com